၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynews.com




အတွဲ(၉)၊ အမှတ်(၂၄) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ကြာသပတေး၊ (စက်တင်ဘာ ၂ ၊ ၂၀၁၀)

# ဆန်နှင့် ကောက်ပဲသီးနှံ ပြည်ပတင်ပို့သူများကို စတင်ငွေထုတ်ချေးရန် မြန်မာနိုင်ငံသားများဘဏ် စီစဉ်

**အားမာန်၊ သိမ့်သိမ့်စိုး**

ရန်ကုန်၊ ဩဂုတ် - ၃၀

**ဆန်၊ ပဲမျိုးစုံနှင့်နှမ်း ပြည်ပတင်ပို့သောလုပ်ငန်းရှင်များသို့ မြန်မာနိုင်ငံသားများဘဏ်က ယခုနှစ်ကုန်ပိုင်းမှစ၍ ငွေထုတ်ချေးရန် စီစဉ်နေကြောင်း အဆိုပါဘဏ်မှ တာဝန်ရှိသူကပြောသည်။**

မြန်မာနိုင်ငံသားများဘဏ်အပြင် အခြားဘဏ်များကပါ ပြည်ပသို့ ကောက်ပဲသီးနှံတင်ပို့သောကုန်သည်လုပ်ငန်းရှင်များအတွက် ငွေကြေးလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်၊ ငွေကြေးလည်ပတ်သုံးစွဲမှု ပိုများလာရန်နှင့် ပြည်ပသို့ ပို့ကုန်များပိုမိုတင်ပို့နိုင်ရန်အတွက် ပြည်ပသို့ တင်ပို့မည့် ကောက်ပဲသီးနှံများအား လက်ရောက်အပေါင်(Pledge)ရယူ၍ဘဏ်များမှ ချေးငွေထုတ်ချေးနိုင်ကြောင်းကို သက်ဆိုင်ရာက ဘဏ်များအားလုံးသို့ အကြောင်းကြားထားကြောင်း ဩဂုတ်လ၃၀ရက်ထုတ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် The Commerce ဂျာနယ်၏ ရက်သတ္တပတ်သတင်းလွှာတွင်ဖော်ပြထားသည်။

ကောက်ပဲသီးနှံများအား လက်ရောက်အပေါင်ရယူ၍ ချေးငွေထုတ်ပေးခြင်းဆိုသည်မှာ သက်ဆိုင်ရာဘဏ်၏ ကုန်လှောင်ရုံတွင် ဆန်နှင့် ကောက်ပဲသီးနှံများအား အပေါင်ခံပစ္စည်းအဖြစ်ထား၍ ချေးငွေရယူခြင်းဖြစ်သည်။ မြန်မာနိုင်ငံသားများဘဏ်မှ ထိုစနစ်ဖြင့်ငွေချေးခြင်းကို လာမည့်ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်နိုင်ရန်စီစဉ်နေပြီး ဘဏ်တိုးနှုန်းမှာ တစ်ကျပ်ခွဲဖြစ်ကာ၊ ချေးငွေသက်တမ်းကာလကို ခြောက်လသတ်မှတ်ထားကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

စာ(၁၂)သို့

## ပဲကုန်သည် ပွဲစားများ ပဲသိုလှောင်နိုင်မည့် ကုန်လှောင်ရုံများ တည်ဆောက်မည်

**သိမ့်သိမ့်စိုး**

ရန်ကုန်၊ ဩဂုတ်-၂၇

နိုင်ငံတကာပဲဈေးကွက်ပြည်တွင်းတွင် ဖြစ်ပေါ်စေရန် နိုင်ငံတကာအဆင့်မီကုန်စည်ဒိုင်နှင့် ပဲမျိုးစုံအားလုံလောက်စွာ သိုလှောင်ထားနိုင်သည့် ကုန်လှောင်ရုံများကို အမြန်ဆုံး တည်ဆောက်သွားရန်ရှိကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်က ပြောသည်။

စာ(၁၂)သို့

## ကျန်းမာရေး ခြင်ဆေး

## တရားမဝင် ခြင်ဆေးခွေမှထွက်သည့် ကာဗွန်ဒိုင်အောက်ဆိုက် အငွေ့သည် ဆေးလိပ် ၁၆၂လိပ် သောက်ခြင်းနှင့် ညီမျှ

**ထူးသန့်**

နေပြည်တော်၊ ဩဂုတ်- ၂၅

ပြည်တွင်းဈေးကွက်ရောက် တရားမဝင်နိုင်ငံခြားဖြစ် ခြင်ဆေးခွေများမှ ထွက်သည့် ကာဗွန်ဒိုင်အောက်ဆိုက်အငွေ့များသည် ဆေးလိပ် ၁၆၂ လိပ်သောက်ခြင်းနှင့်ညီမျှပြီး တီဘီရောဂါအပြင် အရေပြားယားယံခြင်း၊ နှာခေါင်းသွေးထွက်ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်နိုင်ကြောင်း သက်ဆိုင်ရာဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ ခြင်ဆေးခွေများတွင် မြန်မာနိုင်ငံ၌ ပိုးသတ်ဆေးမှတ်ပုံတင်မထားသည့် ဓာတုပစ္စည်း Meperfluthirm ထည့်သွင်းအသုံးပြုထားကြောင်း ဓာတ်ခွဲစစ်ဆေးတွေ့ရှိရပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ သတ်မှတ်ခွင့်ပြုချက် ပမာဏ ၀ ဒသမ ၀၄ ရာခိုင်နှုန်းထက်လည်း ပိုမိုထည့်သွင်းအသုံးပြုထားသည်ကို တွေ့ရှိရကြောင်း၊

စာ(၁၂)သို့





## ချောက်ထဲကျလုဆဲဆဲ ကန့်လန့်တင်နေခြင်းကြောင့် ခရီးသည်များ အသက်ရှင်ခွင့်ရခဲ့သည့် ဘုရားဖူးယာဉ် တိမ်းမှောက်မှုဖြစ်ပွား

သတင်း-စာ(၁၂)သို့

# တောင်တရုတ်ပင်လယ်မှ မုန်တိုင်းများကြောင့် မြန်မာနိုင်ငံတွင် မိုးကောင်းနေ



**အားမာန်**


ရန်ကုန်၊ ဩဂုတ် - ၃၀

မြန်မာနိုင်ငံအလယ်ပိုင်း အပါအဝင် ဒေသအနှံ့အပြားတွင် ဩဂုတ်လနောက်ဆုံးပတ်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးခဲ့ခြင်းမှာ တောင်တရုတ်ပင်လယ်ပြင်မှ မုန်တိုင်းများကြောင့် ဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့် မိုးဇလမှ တာဝန်ရှိသူတို့က ပြောကြားသည်။

မြန်မာနိုင်ငံ၏ အရှေ့ဘက်တွင်ရှိသော တောင်တရုတ်ပင်လယ်ပြင်မှ မုန်တိုင်းအကြွင်းအကျန်များ ဖြတ်သန်းသွားခြင်းကြောင့် ဩဂုတ် ၂၄၊ ၂၅ရက်တို့၌ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ဝမ်းတွင်း၊ မလှိုင်နှင့် နွားထိုးကြီးမြို့နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ကြောင်း မိုးလေဝသပညာရှင်ကရှင်းပြသည်။ ထို့အပြင် ကမ်းရိုးတန်းဒေသများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဒေသအချို့တွင် မိုးသည်းထန်စွာ ရွာသွန်းနေခြင်း၊ ဩဂုတ် ၂၉ရက်တွင် ပဲခူးမြစ် စိုးရိမ်ရေမှတ် စတင်ကျော်ခြင်းစသည်တို့မှာ တောင်တရုတ်ပင်လယ်မှ မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းဖြစ်သလို လာနီညာရာသီဥတုဖြစ်ပေါ်နေခြင်းကြောင့်လည်း ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

စာ(၁၂)သို့



7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ပိုးသတ်ဆေးပါဝင်မှုမြင့်နေသည့်အတွက် ဂျပန်သို့ပို့သောနှမ်းနက် ကွန်တိန်နာနှစ်လုံးပြန်ပို့ခံရ

ပြည့်သိမ်း

ရန်ကုန်၊ ဩဂုတ် - ၂၅

မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ တင်ပို့သောနှမ်းနက်ကွန်တိန်နာနှစ်လုံးကို ဂျပန်နိုင်ငံက လက်မခံဘဲ ပြန်လည်တင်ပို့လိုက်ကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ နှမ်းနက်ကွန်တိန်နာနှစ်လုံးကို ပြန်လည်တင်ပို့ရခြင်းသည် ဂျပန်နိုင်ငံကသတ်မှတ်ထားသောပိုးသတ်ဆေးဓာတ်ကြွင်းပမာဏထက် ပိုမိုပါဝင်နေခြင်းကြောင့်ဖြစ်ကြောင်းလည်း သိရသည်။



ဂျပန်နိုင်ငံသည် သီးနှံများတွင် ပိုးသတ်ဆေးအမြင့်ဆုံးပါဝင်မှုနှုန်းကို ဥပဒေများဖြင့် သတ်မှတ်ထားသည့်အတွက် ၎င်းနိုင်ငံ၌မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးဆိုပါက 0.5 ppm (ppm=သန်းခိုင်နှုန်း)သာသတ်မှတ်ထားပြီး၊ မှတ်ပုံမတင်ထားသည့် ဆေးဆိုပါက 0.001 ppm ဟုသတ်မှတ်ထားသည်။

"ဂျပန်ဈေးကွက်ကိုတင်မယ်ဆိုရင် ပိုးသတ်ဆေးပါဝင်မှုကို စနစ်တကျဂရုစိုက်ဖို့လိုတယ်။ ဒီလိုမှမဟုတ်ရင် ဈေးကွက်ပျက်သွားနိုင်တယ်"ဟု ပိုးသတ်ဆေးနှင့်ဓာတ်မြေဩဇာရောင်းချနေသည့် မြန်မာ့ဩဘာကုမ္ပဏီအုပ်စုမှ မန်နေးဂျင်းဒါရိုက်တာဦးသတိုးဟိန်းကရှင်းပြသည်။

ဂျပန်က နှမ်းနက်များကို ယခင်က ထိုင်းနှင့်ဗီယက်နမ်တို့မှ အဓိကဝယ်ယူသည်။ ၎င်းနိုင်ငံမှ နှမ်းနက်များတွင် ပိုးသတ်ဆေး၊ ဓာတ်ကြွင်းများပါဝင်မှုများသဖြင့် နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ နှမ်းနက်ကို ပြောင်းလဲဝယ်ယူလာသည်။

နှမ်းနက်သည် ပြည်ပဈေးကွက်တွင် ဝယ်လို အားကောင်းပြီး အခြားနှမ်းများထက် ဈေးနှုန်း နှစ်ဆကျော် သုံးဆနီးပါး ရရှိသည်။ မြန်မာ့နှမ်းနက်ကို နယ်စပ် ကုန်သွယ်ရေးဖြင့် တရုတ် နိုင်ငံသို့တင် ပို့မှုရှိသော်လည်း ဂျပန်နိုင်ငံသည် ဈေးကောင်းပေး၍ ဝယ်သည့်နိုင်ငံဖြစ်သည်။

ထို့ကြောင့် မြန်မာ့နှမ်းနက်အား ဂျပန်ဈေးကွက်တွင် မပျောက်ပျက်ရန် ဂျပန်နိုင်ငံ၏ စံချိန်စံညွှန်းများကို တောင်သူ လယ်သမားများ နားလည်သိရှိထားရန်လိုအပ်ကြောင်း၊သီးနှံရိတ်သိမ်းချိန်မတိုင်မီနောက်ဆုံးဆေး ဖျန်းရမည့်ရက် (PHI) ကို ပိုးသတ်ဆေးဘူးများတွင် ဖော်ပြထားသည့်အတွက် တောင်သူရောသိုလှောင်သူများပါစနစ်တကျလိုက်နာဆောင်ရွက်သင့်ကြောင်း ဦးသတိုးဟိန်းက အကြံပြုပြောကြားသည်။

"နှမ်းနက်က ပြည်တွင်းမှာလည်း ဈေးကောင်းတယ်။ လက်ရှိ တရုတ်ဈေးကွက်ကို နယ်စပ်ကုန်သွယ်ရေးနဲ့ သွားတယ်။ နေ့စဉ်တော့ မဟုတ်ဘူး"ဟု မန္တလေးကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်း ဈေးကွက်တွင် နှမ်းနက်သုံးတင်းဝင်တစ်အိတ်လျှင် အကောင်းစား ၉၆,၀၀၀ ကျပ်ကျော်ရှိပြီး၊ အညံ့စား ၈၅,၀၀၀ ကျပ်ဝန်းကျင်ရှိသည်။

## ပုစွန်ထုတ်လုပ်မှု၏ ရှစ်ဆယ်ရာခိုင်နှုန်းကို ပြည်တွင်းစားသုံးပြီး နှစ်ဆယ်ရာခိုင်နှုန်းသာ ပြည်ပပို့

သန်းဌေး

ရန်ကုန်၊ ဩဂုတ်-၂၄

လွန်ခဲ့သော လေးလအတွင်း စာရင်းဇယားများအရ ပြည်တွင်းပုစွန်ထုတ်လုပ်မှု ၈၀ ရာခိုင်နှုန်းမှာ ပြည်တွင်း၌စားသုံးပြီး ပြည်ပတင်ပို့မှုမှာ ၂၀ ရာခိုင်နှုန်းသာရှိကြောင်း မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးလှမောင်ရွှေက ပြောသည်။

ပြည်ပတင်ပို့သော ပုစွန်ဈေးနှုန်းတက်မလာသော်လည်း ပြည်တွင်းပေါက်ဈေးမှာ မြင့်တက်လာခြင်းကြောင့် တင်ပို့ရောင်းချသူများ တွက်ခြေမကိုက်ကြောင်း မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"အခု တရုတ်ဈေးကွက်ကိုပဲ အားကိုးနေရတယ်။ ဥရောပကို တင်ပို့ရတာ မကိုက်ဘူး။ အရင်ထက် ရောင်းအားလျော့ပြီး မားကက်ကကျနေတယ်"ဟု ၎င်းက ပြောသည်။

ပြည်ပတင်ပို့ရာတွင် တရုတ်၊ အမေရိကန်နှင့် ဥရောပဈေးကွက်သုံးခုရှိရာ ဥရောပသို့ တင်ပို့ပါက အခွန်အခ စုစုပေါင်း ၁၄ ရာ ခိုင် နှုန်းပေးဆောင်ရသောကြောင့် တရုတ်နိုင်ငံသို့ တင်ပို့နေရခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း မတိုက်ခတ်မီက ရှိခဲ့သောရေချိုပုစွန်သားဖောက်စခန်း စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းသာ ပြန်လည်ထူထောင်နိုင်ခဲ့ပြီးအချို့မှာရေချိုပုစွန်ကို ပြောင်းလဲလုပ်ကိုင်လာကြကြောင်း ဦးလှမောင်ရွှေက ပြောကြားသည်။

၂၀၀၈ နောက်ပိုင်းကာလများ၌ ရေချိုပုစွန်မွေးမြူရေး ပြန်လည်ထူထောင်ရာ ငွေဆောင်ရှိ ကုမ္ပဏီလေးခုတွင် တစ်ခုသာ ပြန်လည်လုပ်ကိုင်နိုင်ခဲ့သည်။

တနင်္သာရီတိုင်း၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နယ်စပ်ကုန်သွယ်ရေးကို အားပြုကာ ဆက်လက်လုပ်ကိုင်မှုများသာရှိတော့၍ ယုဇနရေနက်ကွင်းတွင် လုပ်ကိုင်သော လုပ်ငန်းရှင်ခြောက်ဦးမှာလည်း နှစ်နှစ်အတွင်း အမြတ်ရရှိမှု လျော့နည်းလာသောကြောင့် လုပ်ငန်းများရပ်ဆိုင်းခဲ့ကြရကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မြန်မာနိုင်ငံသည်အရှေ့တောင်အာရှတွင်ငှက်ဖျားရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံဖြစ်

ဝတ်ရည်

ရန်ကုန်၊ ဩဂုတ် - ၁၉

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထုတ်ပြန်သော စာရင်းများအရ အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံသည် ငှက်ဖျား ရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ် အစီရင်ခံစာတွင်ဖော်ပြထားခြင်းဖြစ်ပြီး ယခင်က အဖြစ်အများဆုံးဖြစ်သည့် အရှေ့တီမောနိုင်ငံကိုပါကျော်လွန်၍ တွေ့ရှိနှုန်းတဖြည်းဖြည်းမြင့်တက်လာခြင်းဖြစ်ကြောင်း ရန်ကုန်ဆေးရုံကြီးမှ ပါမောက္ခတစ်ဦးကပြောသည်။

"အရင်တုန်းက ငှက်ဖျားဆိုရင် ကိုယ့်ဘာသာကိုယ် အပြင်မှာကုသကြတာများတယ်။ အခုတော့ ကျန်းမာရေးဌာနတွေသာမက အဖွဲ့အစည်းတွေကပါ ကုသပေးနေတော့ လာကုသတဲ့သူတွေများလာတဲ့အတွက် အဲဒီစာရင်းတွေကြည့်ပြီး ထုတ်ပြန်တဲ့အခါ မြန်မာနိုင်ငံက အဖြစ်အများဆုံးဖြစ်လာတာထင်ပါတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

ယခုနှစ်အတွက် WHO က ထုတ်ပြန်သောစာရင်းများတွင် ဘူတန်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်မှစ၍ ငှက်ဖျားဖြစ်ပွားနှုန်းတဖြည်းဖြည်းကျဆင်းလာပြီး၊ ၂၀၀၈ ခုနှစ်တွင် မဖြစ်သလောက်အခြေအနေ၊ ထိုင်းနိုင်ငံ၌ ၂၀၀၄ ခုနှစ်တွင် လူတစ်သိန်းလျှင် တစ်ရာဖြစ်ပွားရာမှ ၂၀၀၈ ခုနှစ်တွင် ခြောက်ဆယ်ဦးအထိကျဆင်းခဲ့ကြောင်းနှင့် မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်တွင် လူတစ်သိန်းလျှင် ၁၀၀ ဦး ဖြစ်ပွားရာမှ ၂၀၀၈ ခုနှစ်တွင် ၃၅၀ အထိ မြင့်တက်လာကြောင်း ထိုထုတ်ပြန်ချက်ကိုကိုးကား၍ အဆိုပါ ပါမောက္ခက 7Day News သို့ပြောသည်။



ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံ၏ ဦးစားပေးစောင့်ကြည့်သည့် ရောဂါများစာရင်းတွင် နံပါတ်တစ် ရောဂါဖြစ်ပြီး ယခင်က ရန်ကုန်၊ မန္တလေးနေရာများသည် ငှက်ဖျားရောဂါဖြစ်ပွားမှုမရှိသည့် နေရာများအဖြစ် ကြေညာထားရာမှ ယခုတစ်နှစ်၊ နှစ်နှစ်အတွင်း ပြောင်းလဲလာသော လူနေမှုပုံစံများကြောင့် ထိုနေရာများတွင်ပါ ငှက်ဖျားရောဂါဖြစ်ပွားလာကြောင်း သိရသည်။

နိုင်ငံတကာမှပံ့ပိုးသော ရန်ပုံငွေများကလည်း ငှက်ဖျားရောဂါကုသရာတွင် အထောက်အကူများစွာရကြောင်း အဆိုပါ ဆရာဝန်က ပြောသည်။

"အရင်က ငှက်ဖျားကို ရောဂါဖြစ်တဲ့ပုံစံနဲ့ စမ်းသပ်ချက်တွေအရ မှန်းပြီးကုသခဲ့ရတာ။ အခုတော့ ၁၅ မိနစ်နဲ့ အဖြေသိနိုင်မယ့် စက်တွေရှိနေပါပြီ။ အရင် မှန်းပြီးကုခဲ့ရတုန်းကဆိုရင် လေးယောက်မှာ တစ်ယောက်လောက်ပဲ မှန်ခဲ့တာဖြစ်တဲ့အတွက် မလိုလားအပ်တဲ့ ဆေးယဉ်ခြင်းတွေလည်း ဖြစ်ပွားကြတယ်"ဟု အဆိုပါ ဆရာဝန်က ပြောသည်။

ယခင်က ရက်ရှည်ကုသခဲ့ရာမှ ယခုအခါ ဆေးပေါင်းကုထုံးဖြင့် ကုသချိန်သုံးရက်သာကြာမြင့်ပြီး ကျန်းမာရေးဦးစီးဌာနရှိ ကျန်းမာရေးမှူးများအထိနှင့် အင်န်ဂျီအိုအဖွဲ့အစည်းများတွင်ပါ ငှက်ဖျားရောဂါကို အခမဲ့ကုသနိုင်ကြောင်းသိရသည်။

ငှက်ဖျားရောဂါအားသတိပြုရန်နေ့စဉ် နိုင်ငံပိုင်ရုပ်သံမီဒီယာများတွင် နှိုးဆော်လျက်ရှိပြီး ထိရောက်သောကုသမှုမရှိပါက အသက်ပါ သေစေနိုင်သော ရောဂါဖြစ်သည်။

ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်သော ငှက်ဖျားရောဂါဖြစ်ပွားမှုစာရင်းမှာ ဆေးရုံ ဆေးခန်းသို့တက်ရောက်ကုသသော လူနာအရေအတွက်ဖြစ်ပြီး WHO မှထုတ်ပြန်သောစာရင်းမှာ ဆေးရုံဆေးခန်းသို့လာရောက်ကုသသော လူနာများသာမက လူမှုရေးအဖွဲ့အစည်းများ၊ NGO များမှ ကုသပေးသော စာရင်းများပါဖြစ်၍ လူနာအရေအတွက်ကွာခြားကြောင်း အဆိုပါ ဆရာဝန်က ဆက်လက်ပြောသည်။



7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

Crime Corner

## ယာဉ်ကြောမှားမောင်းမှုကြောင့် ဘီအမ်ကား တိမ်းမှောက်ပြီး လူတစ်ဦးသေဆုံး လေးဦးဒဏ်ရာရ

**သားကျော်**

ရန်ကုန်၊ ဩဂုတ်-၂၅

ဩဂုတ်၁၀ရက် ညစနာရီအချိန်ခန့်က ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ် ၂လမ်းမကြီးပေါ်တွင် ဘီအမ်ယာဉ်တစ်စီး တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ တိမ်းမှောက်သွား သောကြောင့် ယာဉ်ပေါ်ပါသူအမျိုးသားတစ်ဦးသေဆုံးပြီး အမျိုးသမီးလေးဦး ထိခိုက်ဒဏ်ရာများရရှိသွားကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ အဆိုပါလမ်းမကြီးအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာသော အရှေ့ပိုင်းခရိုင် အမှတ်၂၃၅ လိုင်းမှ ဘီအမ်ခရီးသည်တင် အငှားယာဉ်သည် ဆည်မြောင်းမှတ်တိုင်အလွန်တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး လမ်း၏ဝဲဘက်အစပ်၌ တိမ်းမှောက်သွားခြင်းဖြစ်သည်။

တိမ်းမှောက်မှုကြောင့် ယာဉ်ပျက်စီးသွားခဲ့သည့်အပြင် ယာဉ်ပေါ်ပါသူ အမျိုးသားတစ်ဦးမှာ အခင်းဖြစ်နေရာတွင်ပင် ဦးခေါင်း၌ ဒဏ်ရာများစွာရရှိကာ သေဆုံးသွားပြီး၊ ယာဉ်ပေါ်ပါအမျိုးသမီးလေးဦးမှာလည်း ထိခိုက်ပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိသွားကြ၍ သင်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် အတွင်းလူနာများအဖြစ် တင်ပို့ကုသနေရကြောင်း သတင်းရရှိသည်။

အဆိုပါ ယာဉ်တိမ်းမှောက် မှုကြောင့် ယာဉ်မှုစစ်ရဲစခန်းက ယာဉ်မောင်းမျိုးမြင့်နိုင်ကို (ပ)၄၆၃ /၁၀၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က/၃၃၈/၂၇၉အရ အရေးယူဆောင်ရွက်နေကြောင်း သိရှိရသည်။

## ခရီးသည်တင်ဒိုင်နာယာဉ်တိမ်းမှောက်ကာ အိမ်စီးကားသုံးစီး ပိမိပျက်စီး

**သန်းဌေး**

ရန်ကုန်၊ ဩဂုတ်-၂၅

ရန်ကုန်တိုင်း ဒေသကြီး တာမွေမြို့နယ် ဗညားဒလလမ်းမကြီးပေါ် ဘုရင့်နောင်ရုပ်ရှင်ရုံရှေ့တွင် ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်သောကြောင့် ကိုယ်ပိုင်ယာဉ်သုံး စီးထိခိုက်ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ ဩဂုတ်လ ၂၂ရက် (တနင်္ဂနွေနေ့) နံနက်၅ နာရီအချိန်က အဆိုပါလမ်းမကြီးအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသော ဒိုင်နာအစိမ်းရောင်အမှတ် ၁၀၅လိုင်းကားသည် ဘုရင့်နောင်ရုပ်ရှင်ရုံရှေ့အရောက်တွင် အရှိန်လွန်ကာ လက်ယာဘက်သို့ တိမ်းမှောက်သွားသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် လမ်း၏ ယာဘက်အခြမ်းတွင် ကပ်လျက်ရပ်ထားသော ဆလွန်းကားအဖြူရောင်တစ်စီး၊ ပါပလေကာအဖြူရောင်တစ်စီးနှင့် ဆူဇူကီးဝက်ဂွန်အဖြူရောင်ကားများပေါ်သို့ ပိမိခဲ့၍ ဒိုင်နာယာဉ်အပါအဝင် ယာဉ်လေးစီးလုံးပျက်စီးခဲ့ကြသည်။

အဆိုပါ ယာဉ်တိုက်မှု ကြောင့် ၁၀၅ခရီးသည်တင်ယာဉ်မောင်းအား ယာဉ်မှုစစ်ရဲစခန်းက ပ/၄၈၀/၂၀၁၀ ပုဒ်မ ၂၇၉ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

## မီနီဘတ်စ်တစ်စီးက လမ်းကူးသူအား ဝင်တိုက်မှုဖြစ်

**သန်းဌေး**

ရန်ကုန်၊ ဩဂုတ်-၂၅

ရန်ကုန်တိုင်း ကျောက်တံတားမြို့မဟာဗန္ဓုလလမ်းပေါ်မြို့တော်ခန်းမရှေ့အနီးတွင် ခရီးသည်တင်ယာဉ်တစ်စီးက မိန်းကလေးတစ်ဦးအား တိုက်မိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ ဩဂုတ် ၂၁ရက်(စနေနေ့)ညနေ၅ နာရီခွဲတွင် မဟာဗန္ဓုလလမ်းမကြီးအတိုင်း အနောက်မှ အရှေ့သို့ ဆူးလေစေတီတော်မှအဝိုင်းကိုပတ်၍မောင်းနှင်လာသော အ မှတ် ၁၀၅ ယာဉ်လိုင်းမှ မီနီဘတ်စ်တစ်စီးသည် မဟာဗန္ဓုလပန်းခြံလမ်းအရောက်အနောက်မြောက်မှ မြောက်ဘက်သို့ လမ်းကူးသူအသက် ၂၀ အရွယ် မိန်းကလေးတစ်ဦးအား တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဦးခေါင်းချိုစောင်းတွင် ဒဏ်ရာများရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်အတွင်းလူနာအဖြစ် ၂ရက်ကြာ ဆေးဝါးကုသမှုခံယူခဲ့ရသည်။ယင်းဖြစ်စဉ်ကြောင့်၁၀၅ မီနီဘတ်စ်ယာဉ်မောင်းအား ယာဉ်မှုစစ်ရဲစခန်းက ပ/၄၇၇/ ၂၀၁၀ပုဒ်မ၃၃၈ဖြင့်အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

# ဝင်ငွေခွန်ပေးဆောင်သည့်နှုန်းထား သုံးဆနီးပါးမြင့်တက်

**အောင်သူရ၊ သိမ့်သိမ့်စိုး**

ရန်ကုန်၊ ဩဂုတ် - ၂၅

စီးပွားရေးလုပ်ငန်းရှင်များအား ကောက်ခံနေသော ဝင်ငွေခွန်နှုန်းထားများအပေါ်တွင် အခွန်စည်းကြပ်ပုံစံ ပြောင်းလဲလိုက်သောကြောင့် ဝင်ငွေခွန်ပေးဆောင်သည့်နှုန်းထားများမှာ သုံးဆနီးပါးမြင့်တက်လာခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုကဲ့သို့ ဝင်ငွေခွန်စည်းလကြပ်သည့်နှုန်းများမြင့်တက်လာရခြင်းမှာ အခွန်စည်းကြပ်သူများက ယခင်ထက် သေချာစွာမေးမြန်း၍ စည်းကြပ်လာခဲ့ခြင်းများကြောင့်ဖြစ်သည်ဟု အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

"အရင်က လုပ်ငန်းရှင်တွေကို သေချာမေးတာမရှိဘူး။ အခုသေချာမေးပြီး စည်းကြပ်တဲ့ အခါ အခြေအနေ ကွာသွားတာကြောင့် အရင်ထက် ဝင်ငွေသုံးဆလောက်ပိုပြရတော့ သုံးဆတိုးကောက်တယ်ထင်တဲ့သဘောပဲ"ဟု ယင်းက ပြောသည်။

လက်ရှိလုပ်ဆောင်လျက်ရှိသော ပုံစံမှာဝင်ငွေများကို သေချာစွာ စိစစ်၍ ဖော်ထုတ်နိုင်သည့်သဘော ဖြစ်ကြောင်းသိရသည်။

"အခွန်နှုန်းတွေကလည်း အရင်နှုန်းအတိုင်းပဲ၊ တိုးမကောက်ဘူး။ ဝင်ငွေခွန်ကို ၅၀ ရာခိုင်နှုန်းပဲ ကောက်တယ်။ အခွန်ဝန်ထမ်းတွေကို သေချာစိစစ်ဖို့ မှာထားတော့ အခုလိုတိုးလာတာ။ ဦးတို့ရုံးအနေနဲ့ ပိုပြီးတိတိကျကျအလုပ်လုပ်လာတဲ့သဘောပဲ"ဟု ယင်းက ပြောသည်။

လက်ရှိကောက်ခံသည့်ပုံစံမှာ အခွန်ဥပဒေအတိုင်း လုပ်ဆောင်လာနိုင်ခြင်းဖြစ်ပြီး၊ လုပ်ငန်းသဘာဝနှင့် ညီအောင်ကောက် ခံလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က အခွန်နှုန်း ထားနည်းရခြင်းမှာ စည်းကြပ်သည့်နေ ရာတွင် ပေါ့ဆခဲ့ခြင်းကြောင့် အခွန်နှုန်းများ များစွာလျော့ကျခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အခွန်ကို စိစစ်မှုအားနည်းခြင်းမရှိတော့၍ တိုးမြှင့်လာခြင်းသာဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြား သည်။

အဆိုပါအခွန်နှုန်းထားများကို ဇူလိုင်လမှ စတင်၍စည်းကြပ်သည့်ပုံစံ ပြောင်းလဲရန်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

# သဘာဝဓာတ်ငွေ့အရောင်းဆိုင် လေးဆယ်ခန့်ရှိကာ မီးစက်သုံးသော ဆိုင်ငါးဆိုင်သာရှိ

**ကျော်သီဟ**

ရန်ကုန်၊ ဩဂုတ်-၂၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင်များတွင်မီးစက်ဖြင့်မောင်းနှင်အသုံးပြုနိုင်သော ဆိုင်ငါးဆိုင်သာရှိကြောင်း သက်ဆိုင်ရာက ထုတ်ပြန်သောစာရင်းများအရ သိရသည်။



ရန်ကုန်တိုင်းဒေသကြီး အတွင်း သဘာဝဓာတ်ငွေ့အရောင်းဆိုင်စုစုပေါင်းဆိုင်၄၈ဆိုင်ရှိပြီး လျှပ်စစ်မီးပြတ်တောက်ပါက မီးစက်ဖြင့် ဓာတ်ငွေ့ဖြည့်တင်းနိုင်သောဆိုင်မှာ နှစ်ဆိုင်တွဲဆိုင် ငါးနေရာသာရှိသဖြင့် အရေအတွက်အလွန်နည်းနေသည်။ မီးစက်ဖြင့်ဓာတ်ငွေ့ဖြည့်တင်းပေးနိုင်သောနှစ်ဆိုင်တွဲဆိုင်များမှာ ကြည့်မြင်တိုင် (သရက်တောမြောက်)၊ မင်္ဂလာဒုံ (ကျိုက္ကလို့စေတီအနီး)၊ လှော်ကား (ပြည်လမ်းဘေး)၊ စော်ဘွားကြီးကုန်း၊ အင်းစိန်(ရွာမအနောက်)တို့ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် သဘာဝဓာတ်ငွေ့အရောင်းဆိုင်နေရာပေါင်း ၄၀ရှိကာ နှစ်ဆိုင်တွဲနေရာရှစ်ဆိုင်ရှိသည်။ သဘာဝဓာတ်ငွေ့သုံးစွဲမှုစရိတ်သည် ဒီဇယ်၊ ဓာတ်ဆီတို့ထက် ဈေးသက်သာခြင်းကြောင့် ယာဉ်ပိုင်ရှင်များအနေဖြင့် လိုလိုလားလားပြောင်းလဲသုံးစွဲလာကြရာ ယနေ့ထိယာဉ်အစီးရေ ၂၅,၀၀၀ ကျော်သုံးစွဲနေကြပြီဖြစ်သည်။

ရန်ကုန်တိုင်း ဒေသကြီးရှိ ဓာတ်ငွေ့သို လှောင်ဖြန့်ဖြူးမှုမှာ ပင်မပိုက်လိုင်းများမှ တစ်ဆင့် ကွန်ရက်စနစ်ဖြင့် သွယ်တန်းဖြန့်ဖြူးခြင်း၊ ဆလင်ဒါအိုးကြီးများဖြင့် သယ်ယူဖြန့်ဖြူးရောင်းချခြင်း စသည့်နည်းလမ်းများကို အသုံးပြုလျက်ရှိသည်။

၂၀၀၄ ခုနှစ်မှစတင်၍ ရန်ကုန်မြို့၌ သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ စတင်ဖွင့်လှစ်ကာ မော်တော်ယာဉ်အတော်များများကို သဘာဝဓာတ်ငွေ့ပြောင်းလဲသုံးစွဲစေခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ သဘာဝဓာတ်ငွေ့သုံးယာဉ်များမှာ ရန်ကုန်မြို့တော်အတွင်း၌ မြို့တွင်းသယ်ယူပို့ဆောင်ရေးယာဉ်များနှင့် အငှားယာဉ်များအဖြစ် အသုံးပြုလျက်ရှိသည်။

# ယာဉ်ကြောမှားမောင်းသော ဘီအမ်ကြောင့် ယာဉ်သုံးစီးဆင့်တိုက်

**သားကျော်**

ရန်ကုန်၊ ဩဂုတ်-၂၅

သာကေတမြို့နယ်၊ ရှုခင်းသာလမ်းပေါ်တွင် ဩဂုတ် ၂၂ ရက် ည ၁၂ နာရီ ၂၀ မိနစ်အချိန်ခန့်က ဘီအမ်ယာဉ်တစ်စီးတစ်ဖက်ယာဉ်ကြောကို ရောက်ရှိသွားကာ ကားသုံးစီးဆင့်တိုက်မှုဖြစ်ပွားခြင်းကြောင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။



ရှုခင်းသာလမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာသော ၈ျ/၄၉၈၈ အနောက်ပိုင်းခရိုင်ကြို/ပို့ ဘီအမ်ယာဉ်သည် ရှုခင်းသာ ဟိုတယ်ရှေ့အရောက်တွင် တစ်ဖက်ယာဉ်ကြောသို့ ရောက်သွားကာ၊ မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ဟိုက်အေ့စ်အမျိုးအစား မိုက်ခရိုဘတ်စ်ကိုယ်ပိုင်ယာဉ်အား ဝင်တိုက်မိသည်။ ထိုမိုက်ခရိုဘတ်စ်ယာဉ်မှာ အတိုက်ခံရသော အရှိန်ဖြင့် ၎င်းနောက်မှ မောင်းနှင်လာသော ခရီးသည်တင် ဒိုင်နာယာဉ်အား ထပ်မံတိုက်မိသွားကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်များ ပျက်စီးသွားခဲ့သည့်အပြင် ကိုယ်ပိုင်ယာဉ်ပေါ်ပါသူ အမျိုးသားတစ်ဦးမှာ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ ရရှိသွား၍ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသလျက်ရှိကြောင်း သိရှိရသည်။ ဘီအမ်ယာဉ်အား မောင်းနှင်လာသူ ဖြိုးကိုကိုဇော်မှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထား၍ ထွက်ပြေးတိမ်းရှောင်သွားသည်။

ဩဂုတ် ၂၂ ရက် နံနက် ၁ နာရီခွဲခန့်အချိန်တွင် အဆိုပါယာဉ်မောင်းအား ဖမ်းဆီးရမိခဲ့သည်။

ယာဉ်တိုက်မှုကို ယာဉ်မှုစစ်ရဲစခန်းက (ပ)၄၇၉/၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ -၃၃၈/၂၇၉/၂၀၂ အရ ယာဉ်မောင်း ဖြိုးကိုကိုဇော်ကို အမှုဖွင့်၍ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးလျက် ရှိကြောင်း သိရှိရသည်။


TRI
LIVES BRILLIANTLY
CLIMACOOL


i-MAX
COLLECTION
Men's & Ladies' Wears
my style // my dream

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ပါရမီတက္ကစီများကို ဂိတ်ငါးခု သတ်မှတ်ပြေးဆွဲမည်

**သားကျော်**

**ရန်ကုန်၊ ဩဂုတ် - ၂၈**

အငှားယာဉ်စီးခရီးသည်များ အလွယ်တကူ ငှားရမ်းစီးနင်းနိုင်ရန် ရည်ရွယ်၍ ဇန္နုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ပါရမီအငှားယာဉ်များကို ရန်ကုန်မြို့တွင်း၌ ဂိတ်ငါးခုသတ်မှတ်၍ ပြေးဆွဲပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ဒီ ပါရမီတက္ကစီတွေက အခုဆိုရင် အစီးရေ ၆၀၀ ကျော် ရှိသွားပါပြီ။ ၂၀၀၆ ခုနှစ် ဇွန်လအတွင်းမှာ ကိုရီးယားနိုင်ငံကကားအစီး ၅၀ နဲ့ စတင်ပြေးဆွဲပေးခဲ့ပါတယ်။ ပါရမီတက္ကစီတွေကို ငှားရမ်းစီးနင်းနေကြတဲ့ ခရီးသည်တွေ အလွယ်တကူငှားရမ်းစီးနင်းနိုင်ဖို့အတွက်ကို ရည်ရွယ်ပြီး မြို့တွင်းမှာ ဂိတ်ငါးခု သတ်မှတ်ပြေးဆွဲသွားဖို့ စီစဉ်တာပါ" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

စက်တင်ဘာလလယ်ခန့်တွင် သတ်မှတ်ထားသည့် ဂိတ်ငါးခုမှ စတင်ပြေးဆွဲသွားမည်ဖြစ်ပြီး တာမွေမြို့နယ်ရှိ ယဉ်ကျေးမှုပြတိုက်ဂိတ်တွင် အစီးရေ ၂၀၀၊ ရွှေမန်းသူကားဝင်းတွင် အစီးရေ ၁၀၀၊ ဂန္ဓမာကားဝင်းတွင် အစီးရေ ၁၀၀၊ အောင်မင်္ဂလာကားဝင်းတွင် အစီးရေ ၅၀ နှင့် ကမ်းနားလမ်း ၆ ထပ်ရုံးအနီးတွင် အစီးရေ ၅၀ သတ်မှတ်ကာ ပြေးဆွဲ သွားမည်ဖြစ်ကြောင်းသိရသည်။

ခရီးသည်များအနေဖြင့်လည်း မိမိငှားရမ်းစီးနင်းခဲ့သော ပါရမီအငှားယာဉ်ကို တစ်စုံတစ်ရာစိတ်ကျေနပ်မှုမရှိပါကဇန္နုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်သို့တိုင်ကြားနိုင်ကြောင်းသိရသည်။

ပါရမီ အငှားယာဉ်မောင်းများကို စည်းကမ်းချက်များ ထုတ်ပြန်ထားရှိပြီး ထုတ်ပြန်ထားသော စည်းကမ်းချက်များ လိုက်နာခြင်းရှိ၊ မရှိကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်၍ စည်းကမ်းဖောက်ဖျက်ပါက ထိရောက်သောအရေးယူမှုများ ပြုလုပ်ကြောင်းလည်းသိရသည်။

ပါရမီ အငှားယာဉ်စီးခရီးသည်များမှ တိုင်ကြားမှုများ ပြုလုပ်လာပါကလည်း စစ်ဆေးစုံစမ်းမှုများ ပြုလုပ်၍ တိုင်ကြားချက်များနှင့် ကိုက်ညီပါက ထိုက်သင့်သော အရေးယူမှုများ ပြုလုပ်ကာ ပြစ်ဒဏ်ချမှတ်လေ့ရှိကြောင်း သိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

# မန္တလေးတိုင်းဒေသကြီးမှ မြို့နယ်အချို့တွင် မိုးသည်းထန်၍ ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှု များပြား

**ရန်ကုန်၊ ဩဂုတ် - ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဝမ်းတွင်း၊ မလှိုင်နှင့် နွားထိုးကြီးမြို့နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျွဲနွား အပါအဝင်တိရစ္ဆာန်အချို့ ဆုံးရှုံးမှုများအပြင် နွားထိုးကြီးမြို့နယ် ဒေါင်ဘိုကျေးရွာအုပ်စုမှ ငါးနှစ်အရွယ်ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း မန္တလေးတိုင်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရေကြီးမှုတွင် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အိမ်ခြေ ၁၄ လုံး၊ နွား ၄၃ ကောင်၊ သိုး ၅၃ ကောင်၊ ဆိတ် ၃၂ ကောင်နှင့် ဝက်အကောင် ၂၀ သေဆုံးခဲ့ကြောင်း၊ ထို့အပြင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင်လည်း ရပ်ကွက် ၂၃ ခုနှင့် ကျေးရွာ ၇ ရွာတွင် ရေများ ဝင်ရောက်ခဲ့ကြောင်း အဆိုပါဌာနမှ သိရသည်။

"ဝမ်းတွင်းဈေးနဲ့ သဲတောဈေးမှာဆိုရင် အခုအချိန်ထိ ရေကဒူးလောက်ရှိသေးတယ်။ ဧရာဝတီမြစ်ရေက ထောက်မနေတဲ့အတွက်ကြောင့်သာ ခံသာတာ" ဟုဝမ်းတွင်းမြို့နယ်မှ ဒေသခံတစ်ဦးက ဩဂုတ်လ၂၇ရက်နေ့လယ်ပိုင်းတွင် 7Day News ၏ တွေ့ဆုံမေးမြန်းမှုကို ရှင်းပြသည်။

ယခုရက်ပိုင်းတွင် မြန်မာပြည်အလယ်ပိုင်း ဒေသအချို့၌ မိုးများပြီး ယခင်နှစ်ကလည်း ဤအချိန်တွင် မန္တလေးတိုင်းဒေသကြီး၌ ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ မီးရထား၊ မော်တော်ကားဆက်သွယ်ရေးလမ်းကြောင်းများ ခေတ္တမျှပြတ်တောက်ခဲ့ရကြောင်း သိရသည်။

# ပဲစင်းငုံဈေး သုံးလအတွင်း အနိမ့်ဆုံးအထိ ဈေးထိုးကျ

**ချင်းတွင်းသူ**

**ရန်ကုန်၊ ဩဂုတ် - ၂၈**

ပဲမျိုးစုံဈေးကွက်တွင် ပြည်ပပို့ကုန်တန်းဝင် ပဲတစ်မျိုးဖြစ်သည့် ပဲစင်းငုံဈေးသည် ယခုလ ၂၁ရက်က သုံးလအတွင်း အနိမ့်ဆုံးဈေးသို့ရောက်ရှိခဲ့ကြောင်း မုံရွာဒေသမှကုန်သည်ပွဲစားများကပြောသည်။

လွန်ခဲ့သော ၃လက အမြင့်ဆုံးဈေးအနေဖြင့် တစ်တင်းလျှင် ၃,၃၀၀ ကျပ်အထိပင်ရောက်ရှိခဲ့ပြီးနောက်ပိုင်း ဈေးများ တအိအိကျဆင်းလာကာ ဩဂုတ်လ တတိယပတ်တွင် တစ်တင်းလျှင် ၁၉,၈၀၀ ကျပ်အထိ ဈေးကျဆင်းသွားသဖြင့် ဝယ်ယူသိုလှောင်ထား သူများ အရှုံးပေါ်ခဲ့ကြောင်း ကိုယ်တိုင်သိုလှောင်ထားသူများ ထံမှ သိရသည်။

"အခုဆို လှောင်ထားတဲ့သူတွေရှုံးပိုင်းပိုင်းပြီး ထုတ်ရောင်းနေကြတယ်။ ဒီလောက်ဈေး အနိမ့်ပိုင်းထိရောက်လာတော့ ပဲစင်းငုံကို ကုန်ကြမ်းအဖြစ် သုံးဖို့ကြာဆံ စက်ပိုင်ရှင်တွေက စိတ်ဝင်စားလာကြတယ်။ ဒီနေ့ဒိုင်(မုံရွာကုန်စည်ဒိုင်)မှာ ကြာဆံကုန်ကြမ်းသုံးဖို့ ပဲစင်းငုံအဖြူလုံးကြီး အိတ် ၃၀၀ ကျော် လောက်အရောင်းအဝယ်ဖြစ်သွားတယ်" ဟု မုံရွာမြို့မှ ကုန် သည်ပွဲစားတစ်ဦးကပြောသည်။

ပဲစင်းငုံအသစ်များမှာ နောက်နှစ် ဇန်နဝါရီလရောက်သောအခါကျမှ ရိတ်သိမ်းရမည်ဖြစ်ပြီး ဈေးကွက်တွင် လှောင်ထားသော ပဲလက်ကျန်ရှိသေးကြောင်းသိရသည်။

"အခုရောက်နေတဲ့ ဈေးက ပေါ်ဦးပေါ်ဖျား ဈေးလိုဖြစ်နေတယ်။ ဒီဈေးထိရောက်လိမ့်မယ်လို့ဘယ်သူမှ ထင်မှတ်မထားဘူး"ဟု ပဲစင်းငုံသိုလှောင်ထားသူတစ်ဦးကပြောသည်။

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆောက်အအုံဟောင်းနှင့် မြေနေရာ ရွှေတောင်ကုမ္ပဏီရ

**အားမာန်**

ရန်ကုန်၊ ဩဂုတ် - ၃၀

ရန်ကုန်မြို့ ပြည်လမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား-၃ (MRTV 3) New Complex အဆောက်အအုံဟောင်းအပါအဝင် မြေကွက်တစ်စိတ်တစ်ပိုင်းကို လေလံပစ်ခဲ့ရာရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီကရရှိခဲ့ကြောင်းသတင်းရရှိသည်။

၂၀၀၈ ခုနှစ်အတွင်းက ပြုလုပ်ခဲ့သော နိုင်ငံပိုင်အဆောက်အအုံများ ရောင်းချရေးကော်မတီ၏လေလံပွဲတွင် အထက်ပါအဆောက်အအုံဟောင်းနှင့် မြေနေရာပါဝင်ခဲ့ပြီး ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီက လေလံအောင်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်အဆောက်အအုံများလေလံကို စိတ်ဝင်တစားစောင့်ကြည့်နေသော စီးပွားလုပ်ငန်းရှင်ကြီးအချို့က ပြောသည်။

ဂျန်းရှင်းအမည်ဖြင့် ဖွင့်လှစ်သောဈေးဝယ်စင်တာလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လမ်းတံတားများကို ဘီအိုတီစနစ်ဖြင့်လုပ်ကိုင်သော လုပ်ငန်းများ၊ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်လုပ်ငန်းများ စသောလုပ်ငန်းများစွာကိုလုပ်ကိုင်နေသော ရွှေတောင်ကုမ္ပဏီအနေဖြင့် အဆိုပါလေလံအောင်ခဲ့သောမြေနေရာနှင့် အဆောက်အအုံတွင် မည်သည့်စီမံကိန်းပြုလုပ်မည်ကိုမူ မသိရှိရသေးပေ။

နိုင်ငံပိုင်အဆောက်အအုံများရောင်းချရေးကော်မတီက ယခင်လေလံပွဲများတွင်ကျန်ရှိခဲ့သော အဆောက်အအုံနှင့်တိုက်ခန်းများအားစုစည်း၍ လေလံပွဲတစ်ခုကို မကြာမီကျင်းပသွားရန်ရှိကြောင်းလည်း သတင်းရရှိသည်။

# မိန်းကလေးငါးဦးကို တရုတ်နိုင်ငံသို့ တရားမဝင်ပို့ရန် ကြိုးစားသူများအား ဖမ်းမိ

**အိဖြူလွင်**

**ရန်ကုန်၊ ဩဂုတ် - ၂၇**

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်တွင်နေထိုင်သူ မိန်းကလေးငါးဦးအား တရုတ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ရန် ကြိုးစားသူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါ မိန်းကလေးများအား ယခုလ ၂၀ ရက်က လွယ်ဂျယ်စခန်းတွင် ဗန်းမော်မှ လွယ်ဂျယ်သို့ ထွက်ခွာလာသော ဗင်ကားပေါ်၌ လိုက်ပါပို့ဆောင်ပေးသူ ရှောဖုဆိုသူနှင့်အတူ တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

အမျိုးသမီးငယ်များအား မေးမြန်းချက်များအရ ၎င်းတို့အား တစ်ရွာတည်းနေ လောပန်ဆိုသူက တရုတ်နိုင်ငံရှိ ထမင်းဆိုင်တစ်ဆိုင်တွင် တစ်လလျှင် ယွမ် ၃၅၀ ဖြင့် အလုပ်ရရှိမည်ဟု စည်းရုံးကာ နေထိုင်ရာရွာမှ ဆိုင်ကယ်များဖြင့် ကုန်းလောကျေးရွာသို့ပို့ဆောင်ပြီး အဆိုပါရွာမှ အသင့်စောင့်ဆိုင်းနေသည့် ရှောဖုက ဗင်ကားဖြင့် ဆက်လက်ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

ရှောဖုအား စစ်ဆေးချက်အရ မိန်းကလေးများအား တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ လုံချွမ်ခရိုင် ချိန်စီမြို့ရှိ ရှန်ချင်လီထံပို့ဆောင်ပေးရန်ဖြစ်ပြီး ရှန်ချင်လီမှ လွယ်ဂျယ်မြို့ ရွှေကြယ်ထမင်းဆိုင်တွင် လာရောက်ခေါ်ဆောင်မည်ဖြစ်ကြောင်းသိရ၍ ရှန်ချင်လီအား စောင့်ဆိုင်း ဖမ်းဆီးမိခဲ့သည်ဟုသိရသည်။ အဆိုပါအမှုတွင် မိန်းကလေးငါးဦးအား တရုတ်နိုင်ငံတွင် အလုပ်ရမည်ဟုဆိုကာ စည်းရုံးခေါ်ဆောင်သည့် ရှောဖုအပါအဝင် လေးဦးနှင့် လာရောက်ခေါ်ဆောင်သူ တရုတ်နိုင်ငံသား ရှန်ချင်လီတို့အား လွယ်ဂျယ်ရဲစခန်းမှ (ပ)၅၇/၂၀၁၀ ပြစ်မှုပုဒ်မ ၃၆၃ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

# ပဲခူးအရှေ့ခြမ်း မြို့နယ်အချို့ရှိ စပါးစိုက်ခင်းများတွင် ရွက်စားပိုးကျနေ

**အောင်သူရ**

ရန်ကုန်၊ ဩဂုတ်-၂၈

ရန်ကုန်မြို့မှ မိုင် ၅၀ ခန့်ကွာဝေးသော ပဲခူးတိုင်းအရှေ့ဘက်ခြမ်းရှိ မြို့နယ်အချို့တွင် စိုက်ပျိုးထားသော မိုးစပါးခင်းများ၌ ရွက်စားပိုးများကျရောက်နေကြောင်း သတင်းရရှိသည်။

"ဒီလလယ်လောက်ကစတွေ့တာပါ"ဟု ပဲခူးတိုင်းအရှေ့ဘက် ကဝမြို့တွင် ရုံးစိုက်သော ရွှေကဝမြေ အထူးပြုကုမ္ပဏီမှတာဝန်ရှိသူကပြောသည်။ ယခုနှစ် မိုးတွင်းကာလသည် ယခင်မိုးတွင်းကာလများထက် မိုးရွာသွန်းမှုလျော့နည်းခြင်းကြောင့် မျိုးစပါးများအား ရွက်စားပိုးများကျရခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများက သုံးသပ်ပြောကြားသည်။

အဆိုပါ ရွက်စားပိုးများသည် စပါးသီးနှံအား အနှောင့်အယှက်မဖြစ်သော်လည်း အပင်ကြီးထွားခြင်းကို လျော့စေနိုင်ကြောင်း သိရသည်။

ယခုနှစ် ရာသီဥတုအခြေအနေကြောင့် အချို့သောဒေသများတွင် စပါးခင်းများ၌ ပိုးမွှားကျရောက်မှုများရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌက 7Day News နှင့် တွေ့ဆုံစဉ်ပြောကြားသည်။ ယခုနှစ် စပါးစတင်စိုက်ပျိုးသည့်အချိန်ကလည်း ပဲခူးတိုင်းအနောက်ဘက်ခြမ်းရှိ မြို့နယ်အချို့၌ လယ်ကွက်များအတွင်းသို့ ကြွက်ဝမ်းဖြူများကျရောက်ခဲ့သေးသည်။

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010



# ပုစွန်ကန်များတွင်သုံးသည့် ပိုင်းရပ်စ်ပျောက်ဆေးက စားသုံးသူများ ထိခိုက်နိုင်

**သန်းဌေး**

ရန်ကုန်၊ ဩဂုတ် - ၂၄



ပြည်ပတင်ပို့သော ရေငန်ပုစွန်များတွင် ဗိုင်းရပ်စ်ပျောက်ဆေး ခါတုခါတ်ကြွင်းများ ပါဝင်သောကြောင့် စားသုံးသူများကို ထိခိုက်နိုင်ကြောင်း ငါးလုပ်ငန်းသတင်းနှင့် ဝန်ဆောင်မှု Fisမှ ဦးတင်လှုက ပြောသည်။

"ဗိုက်စပေါ့ဗိုင်းရပ်စ်ပျောက်ဆေးမှာပါတဲ့ ရက်စီကျူ(ခါတုခါတ်ကြွင်း)ပါတဲ့ အသားကိုစားသုံးမိတဲ့ ကလေးတွေဆိုရင် ဆေးထိုးလိုက်ရင် ပဋိဇီဝဆေးဝါးတွေ မတိုးတော့ဘူး"ဟု ဒေါက်တာခင်လှိုင်က ပြောသည်။

လွန်ခဲ့သော လေးနှစ်က အင်္ဂလန်နိုင်ငံသို့ တင်ပို့ခဲ့သော မြန်မာ့ရေငန်ပုစွန်များတွင် နိုက်ထရိုဖြူရမ်ဇုန်းပါဝင်ခဲ့ပြီး ဥရောပသမဂ္ဂနိုင်ငံများ (အီးယူ) သို့ တင်ပို့ခဲ့သော ရေငန်ငါးနှင့် ပုစွန်များတွင်လည်း ကလိုရိုဖီနီကောလ် ခါတုခါတ်ကြွင်းများ တွေ့ရှိခဲ့၍ နောက်ထပ်တင်ပို့မှုများကို ဆိုင်းငံ့ခြင်းခံခဲ့ရကြောင်း ဦးတင်လှုက ပြောသည်။

အဆိုပါ ခါတုခါတ်ကြွင်း အပြင်းစားများသည် ကလေးငယ်များအား မွေးရာပါ ကိုယ်အင်္ဂါ မသန်စွမ်းမှုဖြစ်စေပြီး၊ ကင်ဆာရောဂါများလည်း ဖြစ်နိုင်သောကြောင့် ဥရောပသမဂ္ဂနိုင်ငံများက လုံးဝလက်မခံကြောင်း ငါး၊ ပုစွန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါ ဗိုက်စပေါ့ ဗိုင်းရပ်စ်ပျောက်ဆေးများအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တင်သွင်းခွင့် ပိတ်ပင်ထားကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တွဲဘက်အထွေထွေအတွင်းရေးမှူး(၁) ဒေါက်တာခင်လှိုင်က ပြောကြားသည်။

# မလေးရှားသို့လုပ်သားပို့သည့်အေဂျင်စီအချို့အကျိုးဆောင်ခများလျှော့ချမည်ဟုဆို

**အောင်သူရ**

ရန်ကုန်၊ ဩဂုတ် - ၂၆

**မလေးရှားနိုင်ငံသို့ လုပ်သားများ စေလွှတ်ရန် သက်ဆိုင်ရာမှ တရားဝင်လိုင်စင်ရယူထားသော အေဂျင်စီအချို့သည် ရှေ့လဆန်း မှစ၍ အကျိုးဆောင်ခအား စတင်လျှော့ချတော့မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။**

"အရင်ကျပ်ဆယ်သိန်းယူတာကနေ ရှေ့လကစပြီး ကျပ်ခုနစ်သိန်းပဲယူတော့မယ်" ဟု မေမြတ်နိုးပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ ကိုကျော်မျိုးလွင်က ပြောသည်။

ထိုကဲ့သို့ အကျိုးဆောင်ခ လျှော့ယူရခြင်းမှာ လေယာဉ်လက်မှတ်ခကျပ်တစ်သိန်းခန့် လျော့သွားခြင်း၊ ဒေါ်လာနှင့် မြန်မာငွေလဲလှယ်သည့်နှုန်းပြောင်းသွားခြင်းနှင့် မလေးရှားဘက်မှ ကိုယ်စားလှယ်အား ပေးရသည့် အကျိုးဆောင်ခ လျော့သွားခြင်းတို့ကြောင့် လျှော့ယူရခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က အကျိုးဆောင် ကုမ္ပဏီများသည် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ချင်သူများအား အကျိုးဆောင်ခအဖြစ် ကျပ်၁၀သိန်းယူကြသည်။

ယခုကဲ့သို့ အကျိုးဆောင်ခလျှော့ယူခြင်းအား မေမြတ်နိုးကုမ္ပဏီအပြင် Global Manpower ကုမ္ပဏီနှင့် အခြားသော လုပ်ဖော်ကိုင်ဖက် ကုမ္ပဏီများပါ လျှော့ယူမည်ဖြစ်ကြောင်း ကိုကျော်မျိုးလွင်ကပြောသည်။

ထိုကဲ့သို့ ဈေးလျှော့ယူခြင်းအား မေမြတ်နိုးကုမ္ပဏီရုံးစိုက်ရာ လမ်း ၄၀(အောက်ဘလောက်)ရှိရုံးခန်းရှေ့တွင် ဗိနိုင်းဖြင့်ကြော်ငြာထားမည်ဖြစ်ကြောင်း သိရှိရသည်။

# ခန္ဓာကိုယ်အဆီကျစေရန်ဟုပြောကာ အမျိုးသမီးတစ်ဦးကို မူးယစ်ဆေးရည်နှင့် ဆေးပြားများ တိုက်ကျွေးမှုဖြစ်

**အိဖြူလွင်**

ရန်ကုန်၊ဩဂုတ် - ၂၅

ခန္ဓာကိုယ် အဆီကျရန်ဟု ပြော၍ အမျိုးသမီးတစ်ဦးအား မူးယစ်စေသော ဆေးရည်နှင့် ဆေးပြားများ တိုက်ကျွေးခဲ့သူ လင်မယားနှစ်ဦးကို လှိုင်သာယာရဲစခန်း၌ အမှုဖွင့်၍ မူးယစ်ဆေးတိုက်ကျွေးခဲ့သည့် ရည်ရွယ်ချက်နှင့် မူးယစ်ကွင်းဆက်များအား ဆက်လက်စစ်ဆေးနေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်ပွားပုံမှာ ယခုလ ၁၆ ရက်က ဗိုလ်တထောင်မြို့နယ်နေ အမျိုးသမီးတစ်ဦးသည် ၎င်း၏ညီမဖြစ်သူကို မြင်းခြံမြို့ရှိ ဆေးလိပ်ခုံတွင်မန်နေဂျာအဖြစ်လုပ်ကိုင်စေရန်အတွက် လှိုင်သာယာ အက်ဖ်အမ်အိုင်ဝင်းအတွင်းနေသော မိတ်ဆွေဖြစ်သူ မြင်းခြံမှ ဆေးလိပ်ခုံပိုင်ရှင် အမျိုးသားတစ်ဦး၏ အိမ်သို့ခေါ်စာပို့ထားခဲ့သည်ဟု သိရသည်။

၂၀ ရက်တွင် ထိုအမျိုးသမီးက ညီမဖြစ်သူ၏ အခြေအနေအား သွားရောက်ကြည့်ရှုရာ ညီမဖြစ်သူမှာ ခန္ဓာကိုယ်ပိန်ချုံး၊ မျက်ကွင်းညိုမဲနေသည်ကို တွေ့ရှိရ၍ မေးမြန်းရာမှ ထားခဲ့သည့်အိမ်က လင်မယားနှစ်ဦးက မူးယစ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် သူမက ၎င်း၏ညီမအား မြောက်ဥက္ကလာပဆေးရုံကြီးသို့ပို့ဆောင်စစ်ဆေးပြီး အိမ်ရှင်ဇနီးမောင်နှံအား လှိုင်သာယာရဲစခန်း၌ ပ-၁၂၃၆/၁၀၊ ပြစ်မှုပုဒ်မ၃၂၈(အဆိပ်ဖြင့် နာကျင်စေမှု)ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

၂၁ ရက်တွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့နှင့် ရန်ကုန်အရှေ့ပိုင်း မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အက်ဖ်အမ်အိုင်ဝင်းအတွင်းရှိ ထိုဇနီးမောင်နှံနေအိမ်အား ရှာဖွေရာမှ မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် ပစ္စည်းအား သိမ်းဆည်းရမိခဲ့သည်ဟု သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အိမ်ရှင်အမျိုးသားအား လှိုင်သာယာရဲစခန်းမှ မယ(ပ)၆/၂၀၁၀၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)ဖြင့် ထပ်မံအမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# လိုင်စင်မဲ့ကားများအတွက် အခွန်ရာခိုင်နှုန်းသတ်မှတ်ချက်ကို လျှော့ချရန်မရှိဟုဆို

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဩဂုတ် - ၂၅

လိုင်စင်မဲ့ကားများကို တရားဝင်လိုင်စင်ပြုလုပ်ရာတွင် ပေးဆောင်ရသော အခွန် ၈၅ ရာခိုင်နှုန်းကို လျှော့ချမည်ဟု သတင်းများထွက်ပေါ်နေသော်လည်း ၎င်းနှုန်းထားကိုလျှော့ချရန်မရှိကြောင်း ရန်ကုန်တိုင်း အခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့သော် ပြင်ပတွင် လိုင်စင်မဲ့ကားများ လိုင်စင်ဝင်ရာ တွင် ပေးဆောင်ရသော အခွန် ၈၅ ရာခိုင်နှုန်းကို ၆၅ ရာခိုင်နှုန်းအထိလျှော့ချမည်ဟု သတင်းများ ထွက်ပေါ်နေကြောင်းသိရသည်။

ထို့အပြင် လိုင်စင်ဝင်သောကားများကို ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားသော နှုန်းထားများကိုလည်း ပြောင်းလဲမည်ဟု ထွက်ပေါ်နေသော်လည်း ၎င်းနှုန်းထားများကိုလည်း ပြောင်းလဲရန် အစီအစဉ်မရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လိုင်စင်မဲ့ယာဉ်များကို တရားဝင်လိုင်စင်ပြုလုပ်ရေးနှင့် ပတ်သက်၍ သတ်မှတ်ထားသော နှုန်းထားများတွင် မည်သည့်အချက်မှပြောင်းလဲရန်မရှိဘဲ ယခင်ပုံစံများအတိုင်းသာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

လိုင်စင်မဲ့ကားများ လိုင်စင်ပြုလုပ်ရာတွင် ကားပိုင်ရှင်မှ သက်ဆိုင်ရာအခွန်ဌာနသို့ ကိုယ်တိုင်လာရောက်၍ လိုင်စင်ဝင်ရန် အခွန်ပေးဆောင်သည့်ယာဉ်နှင့် ယာဉ်ထိန်းရုံးမှ ဖမ်းဆီးသဖြင့် အခွန်ပေးဆောင်သည့်ယာဉ်ဟူ၍ ပုံစံနှစ်မျိုးရှိကြောင်း သိရသည်။

ယခုလလယ်ပိုင်းအထိ လိုင်စင်မဲ့ကားများကို လိုင်စင်ပြုလုပ်ရန် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က စိစစ်ပြီးသောကားအရေအတွက် ၂၀၀ ကျော်ရှိပြီဖြစ်ကြောင်းသိရသည်။

ယင်းကားများတွင် ကိုယ်တိုင်လာရောက် အခွန်စည်းကြပ်သည့် ကားများထက် ယာဉ်ထိန်းရုံးက ဖမ်းဆီး၍ တန်ဖိုးသတ်မှတ်ပေးဆောင်ရသောကားများမှာ ပိုများနေကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

"လိုင်စင်လုပ်ဖို့ ကားအမျိုးအစားအလိုက် သတ်မှတ်ထားတဲ့ နှုန်းထားအလိုက် နှုန်းထားတွေများနေတယ်လို့ပြောတာက ကားဈေးတွေ ကျသွားတာကြောင့်လည်းပါတယ်"ဟု ယင်းကပြောကြားသည်။

## သစ်လုံးတင်ယာဉ်များကို ပြုပြင်တည်ဆောက်ရန် ညွှန်ကြား

မေဝင်းမွန်

ရန်ကုန်

ဩဂုတ် - ၂၄

ယာဉ်ကြံ့ခိုင်မှုအားနည်းခြင်းကြောင့် မဟာဗန္ဓုလတံတားအဆင်း သစ်လုံးတင်ယာဉ်တိမ်းမှောက်မှုနှင့် ဗိုလ်တထောင်ဘုရားလမ်း၊ လမ်း ၅၀ မီးပွိုင့်တွင်သစ်လုံးတင်ယာဉ်ဘေးတိုင်များ ပြတ်ထွက်ကာ သစ်လုံးပြုတ်ကျမှု ဖြစ်ပွားခဲ့ပြီး နောက်လာမည့် စက်တင်ဘာအတွင်း သတ်မှတ်ချက်အတိုင်း ယာဉ် ပြုပြင်တည်ဆောက်ရန် သစ်လုံးတင်ယာဉ်ပိုင်ရှင်များအား ညွှန်ကြားချက် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

သစ်လုံးတင်ယာဉ်များကို မူလက(ယာဉ်၊ ကုန်)တန်၆၀ ထက်မကျော်ရသတ်မှတ်ချက်အစား ယာဉ်အရှည် ၃၂ ပေရှိ ၁၀ ဘီး၊ ၁၂ ဘီး သစ်လုံးတင်ယာဉ်များသည် သစ်တန် ၁၆ တန်ထက် ပိုမတင်ဆောင်ရန်၊ သံကြိုးအနည်းဆုံး ၃ ကြိုး၊ သစ်လုံးတိုနှစ်ကန့်တင်ဆောင်လျှင် သံကြိုး ၄ ချောင်းဖြင့် ချည်နှောင်ရမည်ဖြစ်သည်။ ပေ ၄၀ တွဲယာဉ်များသည် သစ်တန် ၂၂ တန်ထက်မပိုဘဲ သံကြိုး ၄ ချောင်း ဖြင့်ချည်နှောင်တင်ဆောင်ရန် ယခု လ ၂၀ ရက်က သတ်မှတ်ဆောင်ရွက်စေခဲ့ကြောင်း ကုန်တင်မော်တော်ယာဉ်ကြီးကြပ်မှု ကော်မတီမှ သိရသည်။


လက်ရှိလုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် သစ်လုံးတင်ယာဉ်များတွင် မူလသစ်လုံးတင်ယာဉ်များမှာ ခိုင်ခံ့သည့် တည်ဆောက်မှုအတိုင်း ရှိသော်လည်း အချို့မှာ သစ်လုံးတင်ယာဉ်မဟုတ်ဘဲ ပြန်လည်ပြုပြင်ကာတင်ဆောင်ကြသဖြင့် အလေးချိန်ဒဏ်မခံနိုင်ဘဲ မတော်တဆမှုများဖြစ်လာသည့်အတွက် သစ်ဆိပ်များတွင်သာမက ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှလည်း စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့တွင် သစ်လုံးတင်ဆိပ်ကမ်းများမှာ အစိုးရပိုင် ၁၅ ခုနှင့် ပုဂ္ဂလိကပိုင် ၁၈ခုရှိကာ လုပ်ငန်းလုပ်ကိုင်နေသည့် သစ်လုံးတင်ယာဉ် ၅၅၇စီးရှိသည်။

## မန်းမှ ဆိုင်ကယ်လူစွမ်းကောင်းများကို နေ့ညမပြတ်ဖမ်းဆီးမှုများ ရှိလာ

ဝေယံ

ရန်ကုန်၊ ဩဂုတ် - ၂၅



မန္တလေးမြို့ရှိ ဆိုင်ကယ်လူစွမ်းကောင်းများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးမှ နေ့ညမပျက် အရေးယူဖမ်းဆီးမှုများပြုလုပ်နေသဖြင့် ဆိုင်ကယ်လူစွမ်းကောင်းများနေရာပျောက်နေကြကြောင်း သိရသည်။

"အရင်ကလည်းဖမ်းတော့ဖမ်းတယ်။ အခုနောက်ပိုင်း တော်တော်ဖမ်းတယ်။ ဖမ်းမိတာတော့ နည်းပါတယ်။ ဒါပေမဲ့ကစားဖို့နေရာနည်းသွားတယ် ဖမ်းမိရင်တော့တစ်လလို့ပြောတယ်"ဟု ဆိုင် ကယ်အလှပြစီးနင်းသူတစ်ဦးကဆိုသည်။ ဆိုင်ကယ် အလှပြစီးနင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးနှင့် မြို့တော်စည်ပင်မှ ပူးပေါင်းဖမ်းဆီးလျက်ရှိပြီး ဖမ်းဆီးရမိပါကအမှု ၃မှုတပ်ကာ ထောင်ဒဏ်တစ်လအရေးယူကြောင်းသိရသည်။

## ဆားငန်ရေလွှမ်းမှုကြောင့် သီးနှံထွက်နှုန်းကျဆင်းလျက်ရှိသောလယ်မြေ နမူနာများကို ဓာတ်ခွဲခန်းပို့စစ်ဆေးနိုင်

မြတ်စုမွန်

ရန်ကုန်၊ ဩဂုတ် - ၂၇

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပင်လယ်ဒီရေ ဖုံးလွှမ်းကာ ဆားငန်ရေဖုံးလွှမ်းခံခဲ့ရသဖြင့် ယခုချိန်ထိသီးနှံအထွက်နှုန်းကျလျက်ရှိသော လယ်မြေများကို မြန်မာစိုက်ပျိုးရေးဌာန၊ မြေအသုံးချရေးဌာနခွဲ(ပုသိမ်)ရှိ ဓာတ်ခွဲခန်းသို့ မြေနမူနာပို့ပြီး စစ်ဆေးနိုင်ကြောင်း မြေအသုံးချရေးဌာန၊ ရန်ကုန်ရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"များသောအားဖြင့်တော့ ဆားငန်ရေလွှမ်းခံရတဲ့ ဧရာဝတီဒေသကမိုးရေချိန်များတဲ့အတွက် ဒီသုံးနှစ်အတွင်း ရွာချခဲ့တဲ့ မိုးရေတွေက ဆားငန်ရေတွေကို ဆေးချသလိုဖြစ်ခဲ့တယ်။ မိုးကြောင့် ဆားငန်ရေတွေက ပြန်သန့်သွားတယ်။ လိုအပ်မယ်ထင်ရင် မြေနမူနာပို့ပြီး စစ်ဆေးနိုင်ပါတယ်။ ပုသိမ်ရုံးခွဲမှာ မြေဆီလွှာအရည်အသွေးကို တိုင်းတဲ့မီတာရှိတယ်။ ရွာတွေမှာ မြေနဲ့ပတ်သက်ပြီး ပြဿနာတစ်ခုခုရှိမယ်ဆိုရင် ရွာလူကြီးနဲ့ပြောဆိုပြီးလာမယ်ဆိုရင် အခမဲ့စစ်ဆေးပေးပါတယ်။ တချို့ ဧက၁၀၀၊၂၀၀ပိုင်တဲ့သူတွေက ဝန်ထမ်းကိုခေါ်သွားပြီး ပုဂ္ဂလိကအနေနဲ့ သိချင်လို့ခေါ်ပြီး စမ်းသပ်တာမျိုးရှိကြတယ်"ဟု မြေအသုံးချရေးဌာနမှ မြေဆီလွှာပညာရှင် ဒေါက်တာကြည်မြင့်ကပြောသည်။

ဟိုင်းကြီးကျွန်းဒေသရှိ ကျေးရွာအချို့တွင် ပင်လယ်ဒီရေဖုံးလွှမ်းခံရသဖြင့် စပါးနှင့်မြေပဲကို တလှည့်စီ စိုက်ပျိုးလျက်ရှိသော လယ်မြေအချို့မှာ အထွက်နှုန်းကျဆင်းနေဆဲဖြစ်ကြောင်း ပြင်ခရိုင်တိုက်နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယခုချိန်ထိ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မြေပဲဆိုရင် အရင်ထွက်တာနဲ့ ခေါက်ချိုးတောင် မရဘူးလို့ပြောကြတယ်။ မြေပဲတင်မကဘူး။ စပါးကလည်း ထွက်နှုန်းကျတယ်။ သူတို့သိချင်နေတာက လက်ရှိမြေကို ဘယ်လိုပြုပြင်ရမလဲ။ ဒါမှမဟုတ်ရင် ဆားငန်ရေဒေသနဲ့ သင့်တော်တဲ့ ဘယ်လိုမြေပဲမျိုးကို ပြောင်းစိုက်ရမလဲဆိုတာပါ။ သူတို့အတွက် လက်ရှိမြေနဲ့ သင့်တော်မယ့်မျိုးကို ရနိုင်မယ်ဆိုရင် အဆင်ပြေမယ်လို့ ပြောတယ်"ဟု ဟိုင်းကြီးကျွန်းဒေသရှိ ပြင်ခရိုင်တိုက်နယ်၊ ဒီးဒူးကုန်းကျေးရွာ၊ သက္ကယ်သောင်ကျေးရွာများတွင် ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းများသွားရောက်လုပ်ကိုင်လျက်ရှိသည့် ရတနာ့မေတ္တာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အကြံပြုချင်တာကတော့ ဒေသမျိုးကို ထပ်တလဲလဲ ပြန်မစိုက်ဘဲ သုံးနှစ်တစ်ကြိမ်လောက် မျိုးကောင်းမျိုးသန့်မြေပဲကို ပြောင်းစိုက်ကြည့်သင့်တယ်။ တချို့မျိုးတွေက ပြန်သုံးလို့မရတာရှိတယ်။ မြေပဲနေရာမှာ ပဲတီစိမ်းပြောင်းလိုက်ကြည့်သင့်တယ်။ နာဂစ်ဒေသကို ကျွန်တော်တို့ ခဏခဏဆင်းတော့ တောင်သူတွေက သဘာဝဓာတ်မြေဩဇာကို လုံးဝမသုံးတာတွေ့ရတယ်" ဟု မြန်မာ့စိုက်ပျိုးရေးဌာန၊ မြေအသုံးချရေးဌာနခွဲမှ ဦးသန်းဌေးကပြောသည်။

ထို့ပြင် သီးနှံအထွက်နှုန်းလျော့ကျသည့် တောင်သူများသည် လယ်မြေတစ်ဧကတွင် စက်ဖွဲပြာဆွေး တစ်တန်နှင့် နွားချေးထည့်သင့်ကြောင်း၊ မြေပြင်ချိန်တွင် တစ်ဧကလျှင် ထုံးပိဿာ ၃၀၀နှင့် မြေပဲ ၄၅ရက်သားအချိန်တွင် လဂျေးမှုန့်ကီလို ၅၀အိတ် နှစ်အိတ်ထည့်ရန်လိုအပ်ကြောင်း၊ ထွန်ရေးပြင်ချိန်တွင် တီဆူပါဓာတ်မြေဩဇာ ၅၀ကီလို အိတ်ဝက်ကိုလည်းကောင်း၊Rhizobium မြေဩဇာ၅၀၀ ဂရမ်တစ်ထုပ်ကို မြေပဲစေ့နှင့်လူးနယ်ပြီး စိုက်သင့်ကြောင်း မြေဆီလွှာပညာရှင် ဒေါက်တာကြည်မြင့်က အကြံပြုပြောကြားသည်။

## လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် တစ်နှစ်အတွင်း ကန်ဒေါ်လာငါးသန်းကျော်သုံးစွဲ

သဇင်ထွေး

ရန်ကုန်၊

ဩဂုတ် - ၂၆

လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရေး၂၀၀၉ ခုနှစ်အတွက် အမေရိကန်ဒေါ်လာငါးသန်းကျော် သုံးစွဲအကောင် အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်းလူကုန်ကူးမှုတိုက်ဖျက်ရေး နှစ်ပတ်လည်အစီရင်ခံစာတွင်ဖော်ပြထားသည်။

လူကုန်ကူးမှုတိုက်ဖျက် ရေးအတွက် အစိုးရဌာနနှင့်ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များမှ သုံးစွဲငွေ အမေရိကန်ဒေါ်လာလေးသန်းကျော်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များမှ အမေရိကန်ဒေါ်လာတစ်သန်းကျော် ပူးပေါင်း အကောင်အထည်ဖော်ခဲ့ကြောင်းသိရသည်။

"၂၀၀၉ နဲ့ ၂၀၀၈ ခုနှစ်ကို ပြန်လေ့လာကြည့်တာ မတူဘဲ သိသိသာသာအောင်မြင်မှုတွေရှိလာတာတွေ့ရတယ်။ ပြည်တွင်းက အဖွဲ့အစည်းနဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုတွေကြောင့်ပါ"ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး(ဗဟို)မှ အဆင့်မြင့်အရာရှိတစ်ဦးက 7Day News သို့ပြောကြားသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး စီမံချက်တွင် မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်တားဆီးကာကွယ်ရေး၊ တရားစွဲဆိုရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ စွမ်းရည်မြှင့်တင်ရေး စသည့်လုပ်ငန်းစဉ်များ ပါဝင်သည်။

၂၀၀၉ ခုနှစ်အတွင်း လူကုန်ကူးမှု ၁၅၅ မှုဖြစ်ပွားခဲ့ပြီး လူကုန်ကူးခံရသူ ၃၀၂ ဦးရှိကာ၊ ကလေးသူငယ်ဦးရေ ၆၂ ဦးပါဝင်ခဲ့သဖြင့် လူကုန်ကူးမှုတွင် ကလေးသူငယ်လူ ကုန်ကူးမှုသည်လည်း သိသာထင်ရှားလာကြောင်း သတင်းရရှိသည်။

ချွေးသံတရွှဲရွှဲကျနေသော လူအုပ်ကြီးသည်မောရပန်းရမှန်း မသိဘဲ အဆောင်ငယ်လေးပေါ်သို့ သူ့ထက်ငါ အလုအယက်တက်နေကြသည်။ သူတို့၏လက်ထဲတွင်လည်း ပန်း ပေါင်းစုံအစည်းလေးများ ကိုင်ကာ မြှောက်ကာ ကစားကာဖြင့်တိုးဝှေ့နေကြသည်။

သူတို့တိုးဝှေ့နေသည့် ဦးတည်ရာသည် အားလုံးအတူတူပင်ဖြစ်သည်။ ထို့အပြင်သူတို့၏ပါးစပ်က တလှုပ်လှုပ်ဖြင့် တစ်ခုခုကို ရွတ်ဖတ်သရဇ္ဈာယ်နေဟန်၊ ဆုတောင်းဟန်တို့ဖြင့် ပွစိပွစိလှုပ် ရှား နေကြသည်။

ခြေချစရာနေရာတစ်နေရာရရှိပြီးသူအချို့ကလည်း လက်ထဲက ပန်းစည်းကို မြှောက်ကာမြှောက်ကာဖြင့် မြူးကြွကြွဆိုင်းသံ နှင့် အတူကခုန်နေကြသည်။

အချို့ကလည်း အဆောင် အတွင်း၌စံပယ်နေသည့် ရုပ်တုလေးနှစ်ခုဆီသို့ သူတို့ယူလာသည့် ပန်းနှင့်အခြားပစ္စည်းများ ဆက်သရန် ကြိုးပမ်းအားထုတ်နေကြသည်။ တစ်ချက်တစ်ချက်တွင်လည်း မြူးမြူးကြွကြွဆိုင်းသံကို ကြားနေရသည်။

# ကိုးကွယ်ယုံကြည်မှုလား၊ ရိုးရာလား တောင်ပြုံး



တောင်ပြုံးမင်းနှစ်ပါးချိုးရေတော်သုံးရန် ကြွချီလာစဉ်မြင်ကွင်း။
ဓာတ်ပုံ - ဝေယံ

သီဟ၊ဝေယံ

အားလုံး၏မျက်နှာပေါ်တွင် မျှော်လင့်ခြင်းများ ယုံကြည်ခြင်းများသည်သူတို့ထံမှချွေးစက်များနှင့်အတူ တလက်လက် တောက်ပနေကြသည်။

အထက်ပါမြင်ကွင်းမှာ ဝါခေါင်လဆန်း ၁၀ရက်နေ့ မွန်းလွဲပိုင်းတွင်ကျင်းပသည့် တောင်ပြုံးမင်းညီနောင်နှစ်ပါး၏ ညီလာခံအခမ်းအနားမြင်ကွင်းပင် ဖြစ်သည်

နှစ်စဉ်ဝါခေါင်လဆန်း၁၀ ရက်နေ့မှ ၁၅ ရက်နေ့ညတိုင်အောင်ခြိမ့်ခြိမ့်သည်း ပွဲဖော်ပွဲ ကျင်းပ၍ တောင်ပြုံးရွှေဖျဉ်းညီနောင်နတ်အား မြန်မာနိုင်ငံအရပ်ရပ်မှ ကျား၊မ မရွေးအလွှာစုံသော လူများက လာရောက်ပူဇော်ကြသည်။ အဆိုပါပွဲမှာ မြန်မာနိုင်ငံရှိနတ်ပွဲများတွင် အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံး ပွဲတစ်ပွဲလည်း ဖြစ်သည်။

ပူဇော်ကြသူတို့၏စိတ်ထဲတွင် ရွှေဖျဉ်းညီနောင်နှစ်ပါးတို့သည် သူတို့၏ လူမှုရေး၊ စီးပွားရေး သာရေးနာရေး၊ ကျန်းမာရေးက အစ အစစအရာရာ မစနိုင်သည်ဟုအလေးအနက်ယုံကြည်ထားကြသည်။

ရွှေဖျဉ်းညီနောင် နှစ်ပါးသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက်က ဘုရားတည်ရာတွင် အမှုတော်ထမ်းရန် ပျက်ကွက်သဖြင့် မင်းပြစ်ဒဏ်သင့်ခဲ့သော လူစွမ်းကောင်း ညီနောင်နှစ်ပါးအား ပူဇော်ပသရာမှ ဆင်းသက်လာသည့် ရိုးရာပွဲတော်တစ်ရပ်ဖြစ်ကြောင်း ပါးစပ်ရာဇဝင်များ အရ သိရသည်။

တိုးရင်းဝှေ့ရင်းဆက်သရင်းနှင့်ပင် "တနင်္လာသားကြီးပါဘုရား၊ မစပါဘုရား၊ ဗုဒ္ဓဟူးသမီးကြီးကိုလည်း ကျန်းမာရေး ကောင်းအောင် စောင့်ရှောက်ပါဘုရား" စသည့် ဆုတောင်းသံများကိုလည်း ဟိုမှသည်မှ တီးတိုးကြားနေရသည်။

သံဘာဂျာတံခါး အပြင်ဘက်တွင်တော့ ပြည့်သိပ်ညပ်နေသော လူအုပ်ကြီးသည် ဆိုင်းသံနှင့်အတူ နတ်ကဟန်ဖြင့် စိတ်ကြိုက်ကနေကြသည်။ ထိုသို့ကနေခြင်းကို ပွဲတော်အခေါ်အရ တံခါးခုန်သည်ဟုခေါ်ကြောင်း သိရသည်။

နတ်ကိုးယုံကြည်ကိုးကွယ်ခြင်းသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအရပ်ရပ်ရှိ လူမျိုးအသီးသီးတိုင်းတွင်လည်း ဆိုင်ရာဆိုင်ရာ ယုံကြည်မှုနှင့်အတူနတ်များအား ကိုးကွယ် ယုံကြည်ကြသည်။

ကမ္ဘာဦးအစပိုင်းက မြေ၊ရေ၊ လေ၊မီးနှင့်တော၊ တောင်အစရှိသည့် အင်အားကြီးသည့် သဘာဝတရားများအား လူအများကိုးကွယ်ယုံကြည်ကြရာမှ နတ်ကိုးကွယ်မှုအစပြုခဲ့သည်ဟု မှတ်သားသိရသည်။

မြန်မာနိုင်ငံတွင်လည်း နတ်ကိုးကွယ်မှုအား မည်သည့်အချိန်ကအစပြုကိုးကွယ်ခဲ့သည်ကို အသေအချာမသိရသော်လည်း ပုဂံခေတ်မှအစပြု၍ နတ်ကိုးကွယ်မှုဖွံ့ဖြိုးထွန်းကားခဲ့သည်ဟုသိရသည်။

အနော်ရထာမင်း လက်ထက်တွင် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်မှအပ နတ်ကိုးကွယ်မှုနှင့် အခြားယုံကြည်ကိုးကွယ်မှုများအား ချေမှုန်းနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင်ပြန်လည်အခြေတည်လာခဲ့သည်။

သို့သော်ယခုကျင်းပနေသည့်တောင်ပြုံးမင်းညီနောင် နတ်ပွဲသဘင်သည် ပုဂံခေတ် အနော်ရထာမင်း လက်ထက်မှအစပြုခဲ့သည်ဟု တစ်ဆင့်စကား တစ်ဆင့်နားဖြင့် မှတ်သားသိရသည်။

ထို့ကြောင့်မြန်မာနိုင်ငံတွင် နတ်ကိုးကွယ်ယုံကြည်မှုသည် ခေတ္တသာ ပပျောက်ခဲ့သည်ဟုယူဆဖွယ်ရာရှိသည်။

တဒိန်းဒိန်း ဆိုင်းသံနှင့်အတူ မင်းညီနောင်နှစ်ပါး၏ ရုပ်ထုရှေ့၌ သိုးဆောင်းမိဖုရားကြီးများ၊ ဗောင်းဆောင်းနတ်ကတော်ကြီးများနှင့် နတ်အုပ်မင်းတို့သည် ဆိုင်းသံ နှင့်အတူ မင်းနှစ်ပါးအား ပူဇော်ပွဲစတင်နေကြပြီဖြစ်သည်။

ထိုအချိန်တွင် မင်းနှစ်ပါးနန်းခန်းနှင့် မျက်နှာချင်းဆိုင် ဆိုင်းဝိုင်းကလည်း အစွမ်းကုန်လက်စွမ်းပြ တီးခတ်လျက်ရှိသည်။ ဆိုင်းဝိုင်းကြီး၏ဘေးတွင်တော့ လက်တစ်ဖက်ခါးကို ထောက်ကာ လက်-တစ်ဖက်က ဆိုင်းဝိုင်းနောက်ရှိ နဂါးရုပ်ပေါ်သို့ လက်တင်ကာရပ်နေသည့် ရိုးရာနန်းထိန်းမိသားစုဝင် အသက်ခြောက်ဆယ်ခန့် လူကြီးတစ်ဦးကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုသူကြီး၏ မျက်နှာတွင် ဂုဏ်ယူမှုဖြင့် ပြည့်နှက်နေသည်လော၊ ပွဲတော်သို့ အနှောင့်အယှက် တစ်စုံတစ်ရာပေါ်မည်ကိုစိုးရိမ်နေသည်လောမသိရ။ မျက်နှာတွင် တင်းမာခက်ထန်မှု အရိပ်အရောင်များဖြင့် ပြည့်နှက်နေသည်ကို တွေ့ရသည်။

အတွင်းဘက်၌သာ ယခုကဲ့သို့ စည်ကား ပြည့်သိပ်နေသည် မဟုတ်၊ အပြင်ဘက်ရှိဈေး ဆိုင်တန်းတစ်လျှောက်ပွဲခင်းတန်းတစ်လျှောက်တွင်လည်း ပွဲလာသူများဖြင့်စည်ကားပြည့်သိပ်လျက်ရှိသည်။

ပွဲခင်းပတ်ပတ်လည်တွင်လည်း ရိုးရာယုံကြည်မှုဖြင့် နတ်ဟောပေးကြမည့် မြန်မာပြည်အနှံ့မှ နတ်ကတော် ကနားစီးများ၏ ယာယီနတ်နန်းများကိုလည်းတွေ့မြင်နေရသည်။ အချို့နန်းတွင်တော့ ဧည့်သည်များရှိသကဲ့သို့ အချို့နန်းများတွင်လည်း နတ်ကတော်နှင့်သူ၏ဆွေ မျိုးများ ဝိုင်းဖွဲ့စားသောက်နေကြသည်။

စာ(၁၁)သို့

## ဈေးဝယ်ထွက်မယ်

## လက်ဖက်ခြောက်ကောင်းကောင်းနဲ့ ရေနွေးကရား၊ ခွက်ယောက်လှလှတွေရှိတဲ့နေရာ

**အိဖြူလွင်**

မြန်မာလူမျိုးတွေရဲ့ ချစ်စရာယဉ်ကျေးမှုထဲမှာ အိမ်လာတဲ့ဧည့်သည်ကို လက်ဖက်ရည်ကြမ်း၊လက်ဖက်၊ မုန့် စတာတွေနဲ့ ဧည့်ဝတ်ပြုတဲ့အစဉ်အလာဟာ တစ်ခုအပါအဝင်ပါ။ လက်ဖက်ရည်ကြမ်းဆိုတာ ဧည့်ဝတ်ပြုရုံတင်မကဘဲ မိသားစုထမင်းဝိုင်းနဲ့ နေ့စဉ်လှုပ်ရှားမှုဘဝမှာပါ မပါမဖြစ် ပါဝင်ပါတယ်။

လက်ဖက်ရည်ကြမ်းရဲ့ ဆေးဖက်ဝင်မှုတွေ၊ဧည့်ဝတ်ကျေပွန်မှုတွေ၊ မိသားစုရဲ့အဆင့်အတန်း၊ ဧည့်သည့်အပေါ် တန်ဖိုးထားမှုစတာတွေကိုပါ တစ်စိတ်တစ်ပိုင်းဖော်ပြနေလို့ လက်ဖက်ရည်ကြမ်းထည့်တဲ့ အသုံးအဆောင် ကရား၊ခွက်တွေကလည်း အရေးပါလှပါတယ်။

ဒီတစ်ပတ်မှာတော့ တန့်ယန်းလက်ဖက်ခြောက် ကောင်းကောင်းနဲ့ ရေနွေးကရား၊ ရေနွေးခွက်လှလှလေးတွေပါတစ်ပါတည်း ဝယ်ယူနိုင်မယ့်နေရာကိုဈေးဝယ်ထွက်ဖို့ လမ်းညွှန်ပေးချင်ပါတယ်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



ရှမ်းပြည်နယ် တန့်ယန်းမြို့မှာကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တဲ့ အဆင့်မြင့်လက်ဖက်အချိုခြောက်၊ အကြမ်းခြောက်အမျိုးအစားစုံကို ရွေးချယ်ဝယ်ယူနိုင်မယ့်အပြင် တရုတ်နိုင်ငံထုတ် အမျိုးအစားကောင်းတဲ့ကြွေသားနဲ့ ပြုလုပ်ထားတဲ့ ရေနွေးကရားတွေကလည်းမြင်တာနဲ့နှစ်သက်စရာဖြစ်မှာသေချာပါတယ်။ ဝက်ရုပ်ပုံနှုတ်သီးလေးနဲ့အရောင်ကလည်း နှစ်ရောင်ရှိပြီး ဈေးနှုန်းကတော့ ကရားလေးနဲ့ ခွက်အစုံကို ကျပ်နှစ်သောင်းကျော်လောက်ရှိပါတယ်။

မြန်မာလူမျိုးတွေက အလှအပအတွက် ကြွေနဲ့ပြုလုပ်တဲ့ ရေနွေးကရားတွေကို နှစ်သက်ကြပေမယ့် တကယ်တမ်း လက်ဖက်ရည်ကြမ်းရဲ့ အရသာကို ပိုမိုကောင်းမွန်စေတဲ့ မြေနဲ့ပြုလုပ်တဲ့ တရုတ်နိုင်ငံလုပ် ရေနွေးကရားတွေလည်း ဒီဆိုင်မှာ ရနိုင်ပါတယ်။ ရေနွေးကရားပုံစံမျိုးစုံနဲ့ လက်ဖက်ရည်ကြမ်းသောက်ဖို့လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းမျိုးစုံကိုလည်း ရနိုင်ပါတယ်။ ဆိုင်ရဲ့လိပ်စာကတော့ ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်းပေါ်က Mother's Love လက်ဖက်ခြောက်ဆိုင်လေးဖြစ်ပါတယ်။

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ပတ္တမြားအက်ဖ်အမ်က ကဏ္ဍသစ် နှစ်ဆယ်ခန့် တိုးချဲ့မည်

နေလင်းအောင်

ရန်ကုန်၊ ဩဂုတ် - ၂၅

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်းရှိ ဒေသများအတွက် ကိုယ်စားပြုအက်ဖ်အမ် ရေဒီယိုတစ်ခုဖြစ်သည့် ပတ္တမြားအက်ဖ်အမ် ရေဒီယိုအစီအစဉ် တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အောက်တိုဘာလဆန်းမှစတင်၍ ကဏ္ဍအသစ်နှစ်ဆယ်အထိထပ်မံ တိုးချဲ့ ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

စတင်ထုတ်လွှင့်စဉ်က ယခုအချိန်အထိ အစီအစဉ်ကဏ္ဍပေါင်း ခြောက်ဆယ်ခန့်ဖြင့် ထုတ်လွှင့်လျက်ရှိသော ပတ္တမြားအက်ဖ်အမ်သည် လာမည့် အောက်တိုဘာ ၁ ရက်တွင် ထုတ်လွှင့်မှု တစ်နှစ်တိတိပြည့်မြောက်မည်ဖြစ်ရာ ယခုကဲ့သို့ တိုးချဲ့လိုက်ခြင်းဖြစ်ကြောင်း ပတ္တမြားအက်ဖ်အမ်မှ တာဝန်ရှိသူတစ်ဦးက 7 Day News သို့ပြောကြားသည်။



"ကျွန်မတို့ အက်ဖ်အမ်က ၂၀၀၉ဩဂုတ်မှာစဖွဲ့တယ်။ ၂၅ ရက်မှာ စမ်းသပ်ခဲ့ပြီးတော့ စက်တင်ဘာ ၁ရက်မှာမှ အတည်လွှင့်ဖြစ်တာဆိုတော့ အဲဒီရက်ကို နှစ်ပတ်လည်နေ့အနေနဲ့ သတ်မှတ်ပြီး အခုလုပ်တာပါ" ဟု ပတ္တမြားအက်ဖ်အမ်၏ ထုတ်လုပ်ရေးအစီအစဉ်မှူးဒေါ်သီသီဦးက ရှင်းပြသည်။

ထပ်မံထုတ်လွှင့်မည့် ကဏ္ဍသစ်နှစ်ဆယ်တွင်ပတ္တမြားအက်ဖ်အမ်၏ရုပ်တည်ဆောင်ရွက်မှု၊သမိုင်းကြောင်းများနှင့် ပတ်သက်သော ရင်ထဲအရောက် ထွင်းဖောက်မယ့်ပတ္တမြားဟူသောအစီအစဉ်၊ ဒီဂျေများ၏ဆွေးနွေးခန်းများ၊ ပတ္တမြားအငြိမ့်၊star friends ဟူသည့် နာမည်ရအနုပညာရှင်များ၏ စကားဝိုင်းစသည့် စိတ်ဝင်စားဖွယ်အစီအစဉ်များ ထည့်သွင်းသွားမည်ဖြစ်သည်ဟုသိရသည်။

ထို့အပြင် ပတ္တမြားအက်ဖ်အမ်၏ ကိုယ်စားပြုပြည်နယ်တိုင်းများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ဒေသခံများအတွက် ယင်းဒေသများမှ ထင်ရှားအောင်မြင်လျက်ရှိသည့် တိုင်းရင်းသားအနုပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခန်းများပါဝင်မည်ဖြစ်သည်။

"အခုလောလောဆယ် မုံရွာသား မိုးမိုးနဲ့မိုးကုတ်သူဝတ်မှုန်ရွှေရည်တို့ကို တွေ့ဖို့ စီစဉ်ထားတယ်။နောက်ပြီး ကချင်တိုင်းရင်းသား အနုပညာရှင်တွေရဲ့ အစီအစဉ်တွေလည်း ပါလာဦးမှာပါ" ဟု အစီအစဉ်မှူးက ဆိုသည်။

တစ်နှစ်ပြည့်မြောက်ပြီးဖြစ်သော ပတ္တမြားအက်ဖ်အမ်သည် လက်ရှိတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မိုင် ၇၀ ပတ်လည်နှင့်အနီး တစ်ဝိုက်၊ မုံရွာမြို့မိုင် ၅၀ ပတ်လည်ရှိ မြို့ရွာများ၊ မြစ်ကြီးနားမြို့တွင် မိုင် ၂၀ ပတ်လည်နှင့် ဗန်းမော်မြို့ဝန်းကျင်မိုင် ၂၀အထိ ဖမ်းယူရရှိနေသည်။

အလားတူ ကန့်ဘလူ၊ ကသာ၊ နမ္မား စသည့်မြို့များတွင်လည်း ဖမ်းယူရရှိနေပြီး ကိုယ်စားပြုထားသော ဒေသနှစ်ခုလုံး လွှမ်းခြုံနေနိုင်ပြီဖြစ်ကြောင်း သိရသည်။

## လူမှုဘဝနှင့်မော်တော်ယာဉ်ပြပွဲသို့ လူနှစ်သိန်းခွဲကျော်လာရောက်

ရန်ကုန်၊ ဩဂုတ် - ၂၄

ရန်ကုန်မြို့၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ လေးရက်ကြာ ကျင်းပခဲ့သော လူနေမှုဘဝနှင့် မော်တော်ယာဉ်ပြပွဲသို့ လူနှစ်သိန်းခွဲကျော် လာရောက်ခဲ့ကြောင်း ပြပွဲစီစဉ်သည့် Milky Way International ကုမ္ပဏီမှ ဈေးကွက်မန်နေဂျာ ကိုကျော်ထက်က ပြောသည်။

ယင်းပြပွဲတွင် ပြခန်း ၁၄၀ခန့်ပြသခဲ့ပြီး ကုမ္ပဏီပေါင်း ၆၀ ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။ ပြည်တွင်းထုတ်ကားများကို အဓိကထားပြသခဲ့ပြီး အခြားလူသုံးကုန်နှင့် အိမ်ရာကုမ္ပဏီများလည်း ပြသခဲ့သည်။


"ဒီပြပွဲက ကျွန်တော့်ကုမ္ပဏီရဲ့ ဒုတိယအကြိမ်ပြပွဲပါ။ ပထမပြပွဲမှာ ပရိသတ် သိပ်မလာဘူး။ ဒီပွဲတော့ လူလာတာ သိပ်များတယ်" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ပထမနေ့တွင် လာရောက်သူဦးရေမှာ ၄,၈၀၀၊ ဒုတိယနေ့တွင် ၈,၄၅၀ တတိယနေ့တွင် ၉,၀၀၀နှင့် စတုတ္ထနေ့တွင် ၃,၀၀၀ ကျော်ရှိကြောင်း သိရသလည်။









7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

## စာ-၉၊ ယုံကြည်မှုလား၊ ရိုးရာလား တောင်ပြုံး မှ

တောင်ပြုံးမင်းညီနောင်ပွဲသို့ လာရောက်ရန်အတွက် နတ်ကတော်များမှာ ငွေကြေးများစွာ အကုန်အကျခံ၍လာကြရသော်လည်းကြည်ညိုသူ ပေါများသည့် နတ်ကတော်များတွင်မူ ပွဲတော်ကုန်ကျစရိတ်များကြေသည့် အပြင် အိမ်သို့ ပိုက်ဆံထုပ်ပိုက်၍ ပြန်နိုင်သည်ဟုသိရသည်။

"ဘယ်လိုပြောမလဲဆိုတော့ နတ်ကပေးတယ်လို့ပဲ ဆိုမလား တစ်နှစ်နဲ့တစ်နှစ် မတူဘူးပေါ့ ကိုယ့်ရဲ့ မိတ်အပေါ်မှာလည်း မူ-တည်ပါတယ်။ များသောအားဖြင့် စရိတ်စကကျေပါတယ်၊ အိမ်ကိုလည်းပြန်ပါပါတယ်"ဟုကနားစီး မဟာမြိုင် အဘလေးက ပြောသည်။

နတ်နှင့်ပတ်သက်၍ မြန်မာအယူအဆတွင် အမျိုးမျိုးရှိကြသော်လည်း ကျမ်းအတတ်ဆရာတော်များ၏အမြင်တွင်မူ နတ်ဟူသည်မှာအားကိုးစရာကို နတ်ဟုခေါ်သည်ဟုသီတဂူ သာသနာပြုကျောင်းမှ ဒေါက်တာအရှင်ပညာသီဟလင်္ကာရက မိန့်ကြားသည်။

"ကိုယ့်ရဲ့ဆရာသမား၊ အဖေ၊ အမေ၊ အိမ်ဦးစီး စတာတွေကလည်း နတ်ပဲ၊ သက်ဆိုင်ရာအရာရှိတွေကလည်း နတ်ပဲလေ။ သူတို့ပြုပြင်ရင် ရပ်ကွက်ထဲမှာ နေလို့မရတော့ဘူး"ဟုအရှင်ပညာသီဟလင်္ကာရက မိန့်ကြားသည်။

သို့သော် လူအများ၏ စိတ်ထဲတွင် နတ်ဟူသည်မှာ တန်ခိုးသြဇာနှင့်ပြည့်စုံ၍ ဖန်ဆင်းမစနိုင်စွမ်းရှိကြသူများဟု ထင်မှတ်ကာ ကိုးကွယ်ဆည်းကပ်လျက်ရှိကြသည်။

ထို့ကြောင့် ယခုတောင်ပြုံးမင်းညီနောင်ပွဲသည် မြန်မာပြည်အရပ်ရပ်မှ နတ်ကတော်များ၏ အားထားရာ ပွဲတော်တစ်ခု ဖြစ်လာခဲ့သည်။

"ဒီပွဲက နတ်သမားတွေ အားလုံးအတွက်တော့ အားထားရာ ပွဲတစ်ပွဲပါပဲ၊ ဒါကြောင့်အားလုံးပြင်ဆင်ရတယ်၊ အဆောင်အယောင်နဲ့ နတ်ကိုလှူဖို့ကအစ သူ့ထက်ငါ အပြိုင်အဆိုင်ပြင်ဆင်ကြရတယ်" ဟု ပွဲတော်သို့လာသူ ကနားစီး မဟာမြိုင်အဘလေးက ပြောသည်။

ပွဲတော်သို့ မဟာမြိုင် အဘလေးတို့ကဲ့သို့ မိန်းမလျာ ကနားစီးများသာမက ဒေါ်စိန်စိန်တို့ကဲ့သို့သော သိုးဆောင်းမိဖုရားကြီးများဖြစ်သည့် မိန်းမစစ်စစ် နတ်ကတော်ကြီးများလည်း လာကြ-သည်ကို တွေ့ရသည်။

"အမေကယုံကြည်တဲ့ အတွက်တိုင်တည်တယ်။ ကျကျနန တိုင်တည်ရင် တိုင်တည်သလိုဖြစ်လာလို့ ယုံကြည်ပြီးကိုးကွယ်တာပါ"ဟု သိုးဆောင်းမိဖုရားကြီး ဒေါ်စိန်စိန်ကသူ၏ယုံကြည်မှုကိုပြောပြသည်။

"မယုံကြည်လို့ စော်ကားတဲ့သူတွေကိုလည်း မှတ်လောက်သားလောက်အောင်ကို ဆုံးမတာကိုတွေ့ ဖူးပါတယ်။ မှတ်လောက်သားလောက်အောင် မဆုံးမဘူး၊ တန်ခိုးမရှိဘူးဆိုရင် ဒီလူတွေက ဒီလိုနှစ်တိုင်းဘယ်လာပါ့မလဲ"ဟု ဒေါ်စိန်စိန်က သူ၏ယုံကြည်မှုအပေါ် အလေးအနက် ထပ်မံပြောပြသည်။

နတ်ကိုရှိခိုးခြင်းသည် ဘာသာရေးသမားများက သရဏဂုံပျက်သည်ဟုဆိုသော်လည်း နတ်သမားများက လောကုတ္တရာအကျိုးစီးပွားအတွက် မဟုတ်ဘဲ လောကီအကျိုးအလို့ငှာ အမိ၊ အဖ၊ ဆရာသမား ကျေးဇူးရှင်တို့ကိုရှိခိုးသကဲ့သို့ရှိခိုးပါက သရဏဂုံမပျက်ဟု ဆိုကြသည်။ မည်သည့်အရာက မှန်သည်ဆိုသည်ကိုတော့ အသေအချာ မသိပေ။

တောင်ပြုံးပွဲတော်အား ဝါခေါင်လဆန်း ၁၀ ရက် ညနေပိုင်းညီလာခံမှစ၍ ကျင်းပပြီး ၁၁ ရက်တွင် ချိုးရေတော်သုံး အခမ်းအနားကို ကျင်းပကြသည်။ ထိုချိုးရေတော်သုံး အခမ်းအနားကျင်းပပြီးမှသာ ပတ်ဝန်းကျင်ရှိ ဆိုင်းဝိုင်းများ စတင်တီးကြရသည်ဟု အယူအဆရှိကြသည်။ စည်းကမ်းဖောက်ပါက စည်းကမ်းဖောက်သည့် ဆိုင်းဝိုင်းမှာ မီးဘေးသင့်တတ်သည်ဟု အယူရှိကြသည်။

ကျန်ရှိသည့် ရက်များတွင် ယုံထိုးပွဲ၊ ထိန်ခုတ်ပွဲ စသည်ဖြင့် အစီအစဉ်အတိုင်း ကျင်းပကြပြီး ကျန်ရှိသည့်အချိန်များ အနယ်အနယ်အရပ်ရပ်မှ နတ်ကတော်များက တက်ပွဲများ၊ ချော့ပွဲများဖြင့် မိမိတို့ယုံကြည်ရာ နတ်များအား ဖျော်ဖြေကပြကြသည်။

ယုံကြည်အားကိုးတတ်သော စိတ်သည် လူတိုင်းတွင် ရှိတတ်သောကြောင့် နတ်ကိုးကွယ်မှုသည် ဆက်လက် တည်ရှိနေမည်ဖြစ်ပြီး နတ်ဟူသည်မှာလည်း မျက်စိနှင့်မမြင်ရသော်လည်း သက်သေပြနိုင်သည့်အထောက်အထားများရှိကြောင်း အရှင်ပညာသီဟလင်္ကာရမိန့်သည်။

သို့သော်နတ်များ၏ အကူအညီကိုတစ်နေကုန်တောင်းနေခြင်းသည် ဘုရားမကြိုက်သည့်အလုပ်ဖြစ်ကြောင်းဆရာတော်က ဆက်လက်မိန့်ကြားသည်။

ယခုကဲ့သို့နတ်ပွဲများ ကျင်းပနေခြင်းသည် ဘာသာရေး ယုံကြည်မှုနှင့်မသက်ဆိုင်ဘဲ အခြားနိုင်ငံများမှ ဆင်းသက်လာသည့် ယဉ်ကျေးမှုများသာ ဖြစ်သည်ဟု ဆရာတော်ပါမောက္ခ ဒေါက်တာအရှင်ကိတ္တိဇလက မိန့်သည်။

နတ်ကိုးကွယ်မှုသည် ကြောက်ရွံ့ခြင်းမှအခြေခံသည့် ကိုးကွယ်ယုံကြည်မှုသာဖြစ်ပြီး ဘုရားလက်ထက်ကပင် ကြောက်ရွံ့မှုကြောင့် ပူဇော်ပသမှုများ ရှိကြောင်း သိရသည်။

အချို့သော နတ်များသည် လူအများ ကံနိမ့်နေချိန်တွင် ဒုက္ခအနည်းငယ် ပေးတတ်ကြသည့် စိတ်စွမ်းရည်ရှိ တတ်ကြသည်ဟု အရှင် ကိတ္တိဇလက မိန့်သည်။

ထို့ကြောင့် နတ်များအား မစော်ကားသင့်သလို အားကိုးယုံကြည်စွာနှင့်ကိုးကွယ်နေခြင်းသည်လည်း မှန်ကန်သည့် နည်းလမ်းမဟုတ်ကြောင်းသိရသည်။

နတ်များအားမေတ္တာပို့ပေးခြင်းသည်သာလျှင် မှန်ကန်သည့်နည်းလမ်းဖြစ်ကြောင်း ဆရာတော်များက မိန့်ကြားသည်။

သို့သော်ရိုးရာယုံကြည်မှုများအရအရိုးစွဲယုံကြည်မှုသည် ဖျောက်ဖျက်မရနိုင်သဖြင့် တောင်ပြုံးပွဲကဲ့သို့သော ရိုးရာ နတ်ပွဲများသည် မြန်မာတို့၏ အစဉ်အလာပွဲလမ်းသဘင်များအဖြစ် ဆက်လက်တည်ရှိနေဦးမည်သာ ဖြစ်သည်။



အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ဖြောင့်မတ်မှန်ကန်သောဘဝ . . .

လူတစ်ယောက်ဟာ ဘာသာရေးလမ်းပေါ်မှာ စိတ်ဓာတ်တိုးတက်လာတာနဲ့အမျှ သူ့စိတ် ဟာလည်း ကြင်နာမှုတွေ၊ အန္တရာယ်ကင်း ဘေးရှင်းစေလိုမှုတွေ၊ ကိုယ်ကျိုးစွန့်မှုတွေ၊ မေတ္တာကရုဏာတွေနဲ့ ပြည့်ဝလာပါတော့တယ်။

မှန်သောအမြင်၊ မှန်သောအတွေးအကြံတွေကလည်း သီလ၏စင်ကြယ်မှုကိုကျေးဇူးပြုကြတယ်။ သီလခန်းအချက်(၃)ချက်က သမ္မာဝါစာ၊ သမ္မာကမ္မန္တနဲ့ သမ္မာအာဇီဝတို့ဖြစ်ကြတယ်။ မှန်သောစကား၊ မှန်သောအလုပ်၊ မှန်သောအသက်မွေးဝမ်းကျောင်းမှုသဘောများဖြစ်ပါတယ်။ 'သမ္မာဝါစာ'မှန်သောစကားဆိုတဲ့အထဲမှာ မှန်ကန်မှုသစ္စာစောင့်စည်းခြင်းသဘော၊ သူတစ်ပါးတို့ကောင်းစားရေးကို လိုလားမှုတွေလည်းပါတယ်။ ဆိုလိုတာက လိမ်ညာခြင်း၊ ကုန်းချော၊ စိတ်ဝမ်းကွဲအောင်ပြောဆိုခြင်း၊ ကြမ်းတမ်းခက်ထန်သောစကားကိုပြောဆိုခြင်း၊ အနှစ်သာရမရှိ သိမ်ဖျင်းသောစကားကိုဆိုခြင်းမှ ရှောင်ရှားခြင်းတို့ဖြစ်တယ်။ ကျွန်ုပ်တို့က မှန်သောစကားကိုဆိုခြင်းအားဖြင့် ညီညွတ်မှု၊ ကြင်နာမှုအဓိပ္ပာယ်ရှိမှုတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။ မြတ်စွာဘုရားက 'ချိုသောစကား၏အရသာသည် ပျားရည်ထက်ချိုသည်။ မှန်ကန်သောစကားသည် ပန်းလိုလှ၏။ မဟုတ်မမှန်ပြောဆိုသောအလဇ္ဇီစကား သည်ကား မစင်ဘင်ပုပ်နှင့်တူ၏'ဟု ဟောတော်မူခဲ့ဖူးပါတယ်။

ရည်ညွှန်း-ဆန်းလွင်(ရှင်အာဒိစ္စရံသီ) 'ဗုဒ္ဓဘာသာဝင်တွေယုံကြည်ကြတာက'

## ဖေ့စ်ဘွတ်ဂိမ်းများသည် သုံးစွဲသူအများဆုံး ဂိမ်းများဖြစ်နေဆဲ

ယုဇနကိုကို

ရန်ကုန်၊ ဩဂုတ်-၂၅

လူမှုကွန်ရက်ဝက်ဘ်ဆိုက် ဖြစ်သည့် ဖေ့စ်ဘွတ်(Facebook) ၏ ဂိမ်း များသည် နေ့စဉ်အသုံးပြုသူအများဆုံးဖြစ်နေဆဲဖြစ်ကြောင်း ရန်ကုန်မြို့တွင်းရှိဂိမ်းကစားသူများနှင့် ကွန်ပျူတာကျွမ်းကျင်ပညာရှင်အချို့ထံမှသိရသည်။



လူနေမှုဘဝပုံစံများနှင့် အနီးစပ်ဆုံးတူညီသည့် ဖေ့စ်ဘွတ်၏ ဂိမ်းများအားလုံးသည် အင်တာနက်မှဂိမ်းများအားလုံးတွင် ကလစ် (Click) ပြုလုပ်ရမှုအကြိမ်အများဆုံးဖြင့် ယခုချိန်ထိတည်ရှိနေကြောင်း သိရသည်။

အင်တာနက်အသုံးပြု လုပ်ငန်းခွင်ဝင် ဝန်ထမ်းအများစု အသုံးပြုသော ဖေ့စ်ဘွတ်၏ဂိမ်းများသည် နေ့စဉ်အချိန်ပြည့်နီးပါး ကလစ်လုပ်ရသည့် ဂိမ်းအမျိုးအစားများဖြစ်ခြင်းက ယင်း၏ဂိမ်းများအား အသုံးပြုသူအများဆုံး ဖြစ်စေနိုင်သည့်အချက်ဟု ပြည်တွင်းရှိ ကွန်ပျူတာပညာရှင်တစ်ဦးကဆိုသည်။

"ကျွန်တော်ဆိုနေ့တိုင်းဖေ့စ်ဘွတ်ဂိမ်းတွေကိုကစားတယ်။ သူက လူတွေနဲ့ အနီးစပ်ဆုံးတူအောင်လုပ်ထားတာကိုး။ ရုံးပိတ်ရက်ဆို ဆိုင်မှာ သွားဆော့တယ်။ အဲလို ဆော့ဖြစ်အောင်လည်းသူတို့က ဖမ်းစားထားတယ် ထင်တယ်"ဟု အသက် ၂၃ နှစ်အရွယ်ရှိ ဖေ့စ်ဘွတ်ဂိမ်းကစားသူ ကုမ္ပဏီဝန်ထမ်းအမျိုးသားတစ်ဦးက ဆိုသည်။

အချိန်ပြည့်နီးပါးကစားရသည့်အဆိုပါဂိမ်းများအား ပုံမှန်ထက် ပိုမိုအသုံးပြုမည်ဆိုပါက လုပ်ငန်းခွင်အတွင်းလုပ်ငန်းနှောင့်နှေးကြန့်ကြာမှုများ၊ ကျန်းမာရေးဆိုင်ရာ ချို့ယွင်းမှုများနှင့် ကြုံတွေ့လာနိုင်ကြောင်းအခြားကွန်ပျူတာ ပညာရှင်တစ်ဦးကသုံးသပ်သည်။

ပြီးခဲ့သည့်၂၀၀၉ နှစ်ဆန်းပိုင်းမှစတင်ရေပန်းစားခဲ့သောအဆိုပါဂိမ်းများကို အသုံးပြုနိုင်သည့် ဖေ့စ်ဘွတ်ဝက်ဘ်ဆိုက်အား လုပ်ငန်းခွင်နှောင့်နှေးကြန့်ကြာမှု ဖြင့် အမေရိကန်နိုင်ငံရှိ ကုမ္ပဏီ လုပ်ငန်းကြီးအချို့တွင်ပိတ်ပင်ခဲ့သည်အထိဖြစ်ခဲ့ကြောင်း အင်တာနက်သတင်းများတွင်ဖော် ပြထားသည်။

လက်ရှိဖေ့စ်ဘွတ်၏ရေပန်းစားနေသောဂိမ်းအချို့မှာ မကြာသေးမီကမှအသစ်ပေါ်ထွက်ခဲ့သည့် လယ်ယာနှင့်အိမ်မြေတည်ဆောက်ရသည့် Frontieer Villy ဂိမ်းနှင့် ယခုနောက်ဆုံးထွက်ပေါ်ထားသည့် ကိတ်မုန့်ဆိုင်ဖွင့်ရသည့် Baking Life ဂိမ်းတို့ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဖေ့စ်ဘွတ်အသုံးပြုသူအရေအတွက်မှာ လူသန်းငါးရာကျော် ရှိပြီဖြစ်သည်။

## နာဂစ်ပြန်လည်ထူထောင်ရေးမှရရှိခဲ့သောအတွေ့အကြုံများ ပြန်လည်သုံးသပ်ရေးကွန်ဖရင့် ဘန်ကောက်၌ကျင်းပ

သီဟ

ရန်ကုန်၊ဩဂုတ် – ၂၈

အာရှပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(UN ESCAP)၏ အကူအညီဖြင့်နာဂစ်အလွန်ရရှိခဲ့သည့် သင်ခန်းစာများပြန်လည်သုံးသပ်ရေး ကွန်ဖရင့်တစ်ခုအား ယခုလ ၃၀ရက်က ထိုင်းနိုင်ငံဘန်ကောက်မြို့၌ကျင်းပခဲ့ကြောင်း အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှလာသော သတင်းအရသိရသည်။

အဆိုပါကွန်ဖရင့်တွင် အာဆီယံဒေသတွင်းရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများတွင် နာဂစ်ဆိုင်ကလုံးမုန်တိုင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှရရှိသော သင်ခန်းစာများအား ထည့်သွင်းအသုံးပြုသွားရန်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

"နာဂစ်ဆိုင်ကလုံးမုန်းတိုင်းဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေကြားမှာ သဘာဝဘေးအန္တရာယ်ကြီးများကို ပူးပေါင်းဖြေရှင်းဖို့အတွက် အခွင့်အရေးရခဲ့ကြပါတယ်"ဟုအာဆီယံအထွေထွေအတွင်းရေးမှူးချုပ် ဒေါက်တာဆူရစ်ပစ်ဆူဝမ်ကပြောကြားခဲ့သည်။

"နာဂစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား မြန်မာအစိုးရကိုပြန်လည်လွှဲပြောင်းပေးအပ်လိုက်လို့ TCG ရဲ့လုပ်ငန်းဆောင်တာတွေဟာ တရားဝင်အဆုံးသတ်သွားပေမယ့်လည်း ကုလသမဂ္ဂ၊ အာဆီယံနဲ့ မြန်မာအစိုးရတို့ရဲ့ပူးပေါင်းဆောင်ရွက်မှုတွေကတော့ ဆက်လက်ကျန်ရှိနေခဲ့ဦးမှာပါ"ဟု UN ESCAP ၏အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာကပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါကွန်ဖရင့်အား ဘန်ကောက်မြို့ရှိ ကုလသမဂ္ဂအဆောက်အအုံတွင်ကျင်းပခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထိပ်တန်းအရာရှိများ၊အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြောင်းသိရသည်။

# Health

7DAY NEWS JOURNAL

Vol.9, No.24 · SEPTEMBER 2, 2010





## မိုးရာသီတွင်ဖြစ်ပွားတတ်သော အရေပြားမှိုရောဂါများ

သီဟ

ယခုကဲ့သို့သောမိုးရာသီတွင် မိုးတစ်ပြိုက်နှစ်ပြိုက်ခန့် ရွာချပြီးပါက လမ်းမထက်တွင် ရေများအိုင်ထွန်းကာ ကျန်ရစ်ခဲ့လေသည်။ ဆင်ခြေဖုံးဒေသများတွင်လည်း ရွှံ့ဗွက်အိုင်များ ရေဆိုးအိုင်များဖြင့် လွှမ်းခြုံသွားတတ်သည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါ လမ်းမထက်တွင်တင်ကျန်ရစ်သည့်ရေများနှင့် ရေဆိုးအိုင်များမှရေဆိုးရေညစ်များသည် လူတို့၏အရေပြားအား ကောင်းစွာဒုက္ခပေးနိုင်သည့် အရေပြားဆိုင်ရာ ပြဿနာများကိုသယ်ဆောင်လာနိုင်ကြောင်း သိရသည်။

ထို့အပြင် ရာသီဥတုပူပြင်းရာမှ ရုတ်တရက်မိုးရွာချတတ်သည့် ယခုကဲ့သို့ မိုးတွင်းရာသီတွင်ရာသီဥတုပူပြင်းသဖြင့်ထွက်လာသည့် ချွေးများနှင့် မိုးရွာသဖြင့်ခန္ဓာကိုယ်တွင် စိုစွတ်လာသည့် မိုးရေများက ခန္ဓာကိုယ်အပေါ်ယံအရေပြားအား နှူးသကဲ့သို့ဖြစ်ကာ အရေပြားတွင် မှိုစွဲနိုင်သည့် အခွင့်အရေး ပိုများလာနိုင်ကြောင်းသိရသည်။

ထို့ကြောင့် ယခုကဲ့သို့သော မိုးရာသီတွင် အဓိကအားဖြင့် မှိုကြောင့်ဖြစ်ပွားတတ်သည့် အရေပြားရောဂါများဖြစ်သော ပွေး၊ဝဲ၊ ညှင်း၊နှင်းခူ အစရှိသည့် အရေပြားမှိုစွဲရောဂါများ ဖြစ်လေ့ရှိကြောင်း အရေပြားအထူးကုဆရာဝန် ဒေါက်တာလင်းထက်ကပြောသည်။

ထိုအထဲတွင် အချို့သော အရေပြားမှိုစွဲနာများဖြစ်သည့် နှင်းခူ၊ ဝဲအစရှိသည့် အရေပြားမှိုစွဲနာများသည် ရာသီမရွေးဖြစ်ပွားတတ်သော်လည်း မိုးရာသီတွင်ပိုမိုဖြစ်ပွားနိုင်ခြေများပြားကြောင်းသိရသည်။

ယခုကဲ့သို့သောမိုးရာသီတွင် ဝဲ၊နှင်းခူ စသည်တို့ဖြစ်ပွားပါက ယခင်ရောဂါအခံရှိသူများသည် ဖြစ်ပွားခဲ့ဖူးသည်များပါ ပြန်လည်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေ ရှိကြောင်း သိရသည်။ သို့သော်ယခုကဲ့သို့သောအချိန်တွင် ဝဲရောဂါဖြစ်ပွားပါကလည်း ဝဲအစိုဖြစ်ပွားနိုင်ပြီး၊နှင်းခူဖြစ်ပွားပါ ကလည်းနှင်းခူအစိုဖြစ်ပွားနိုင်ကြောင်း သိရသည်။

မိုးရာသီတွင် အရေပြားမှိုစွဲခံရတတ်သူများသည် ရောဂါအခံရှိသူများ(ဥပမာ-ဆီးချိုရောဂါရှိသူများ)ခုခံအားကျဆင်းနေသူများ ဖြစ်ပွားနိုင်ပြီး တစ်ကိုယ်ရေသန့်ရှင်းရေးအားနည်းသူများလည်း မှိုရောဂါဖြစ်ပွားနိုင်ခြေရှိကြောင်း သိရသည်။

အလားတူမိုးရာသီတွင်ဖြစ်တတ်သည့်မှိုရောဂါနောက်တစ်မျိုးမှာ ခြေချောင်းများနှင့် လက်ချောင်းများအတွင်းတွင် ခိုအောင်းနေတတ်သည့်ရေများကြောင့်အရေပြားနူးအိပြီး ခြေချောင်း၊လက်ချောင်းများကြားတွင် အဖြူရောင်အဖတ်များသဖွယ်စွဲကပ်နေတတ်သည့်မှိုရောဂါတစ်မျိုးလည်းဖြစ်ပွားနိုင်သေးကြောင်းသိရသည်။

"မှိုက မစိုမခြောက်အခြေအနေကိုသဘောကျတယ်။ မိုးတွင်းကျတော့မိုးရွာတဲ့အချိန်မှာ မိုးရေစိုမယ်မရွာတဲ့အချိန်တွေကျတော့ ချွေးတွေနဲ့ဆိုတော့ အရေပြားကိုနှူးသလိုဖြစ်ပြီး ဒီလိုမိုးတွင်းအချိန်မှာ အဖြစ်များတတ်ပါတယ်"ဟု ဒေါက်တာလင်းထက်ကဆိုသည်။

အလားတူ မိုးရာသီတွင်ဖြစ်ပွားတတ်သည့် တုပ်ကွေးရောဂါဗိုင်းရပ်စ်များကြောင့် အရေပြားတွင်လည်း အနီကွက်များဖြစ်ပေါ်လာတတ်သည်။ ထိုသို့ ဖြစ်ပေါ်လာသည့် အနီကွက်များအား သေချာခွဲခြားသိနိုင်ရန်အတွက် တတ်ကျွမ်းနားလည်သည့် ဆရာဝန်နှင့် ပြသရန် လိုအပ်သည်ဟု သိရသည်။


စာ(၁၄)သို့


## လူတုပ်ကွေးကို ကပ်ရောဂါအဖြစ် ကူးစက်ပျံ့နှံ့မှုကာလပြီးဆုံးဟုဆို

သီဟ

ရန်ကုန်၊ဩဂုတ် - ၁၈

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်က မက္ကဆီကိုနိုင်ငံမှစ၍ တစ်ကမ္ဘာလုံးသို့ ကူးစက်ပြန့်ပွားခဲ့သည့် ကမ္ဘာ့လူတုပ်ကွေးကူးစက်ရောဂါA(H1N1)ရောဂါမှာ ကပ်ရောဂါအဖြစ် ကူးစက်ပျံ့နှံ့မှုမှာပြီးဆုံးသွားပြီဟု ယခုလ၁၀ရက်နေ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့WHO ကကြေညာခဲ့ပြီးနောက် မြန်မာနိုင်ငံအနေဖြင့်လည်း လုပ်ဆောင်ဖွယ်ရှိသည်များအား ဆက်လက်လုပ်ဆောင်လျက် ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ A(H1N1) ကူးစက်သူ ၁၈၁ယောက်ရှိပြီး နောက်ပိုင်းတွင် ကူးစက်မှုရပ်တန့်သွားခဲ့သည်။ ကူးစက်မှုကြောင့် သေဆုံးသူမရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၊ ရောဂါထိန်းချုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစောလွင်က ပြောသည်။

လက်ရှိတွင် လူတုပ်ကွေးတုပ်ရောဂါပြီးဆုံးသွားသော်လည်း ကျန်းမာရေးဝန်ကြီးဌာနသည် ပြင်းထန်နမိုးနီးယားရောဂါဖြစ်ပွားမှုနှင့် အစုလိုက်အပြုံလိုက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများအား ဆက်လက်စောင့်ကြည့်၍ ကွင်းဆင်းကြပ်မတ်ကုသပေးလျက်ရှိကြောင်းသိရသည်။

"ဟိုတစ်လောလေးကပဲ နေပြည်တော်ပျဉ်းမနားအရှေ့ဘက်မှာ အစုလိုက်အပြုံလိုက်တုပ်ကွေးဖြစ်လို့ ကွင်းဆင်းကြည့်တော့ Seasonal Flu ဖြစ်နေတာကိုပဲ တွေ့ရပါတယ်"ဟု ဒေါက်တာစောလွင်ကပြောသည်။

လူတုပ်ကွေးရောဂါသည် ၂၀၁၀မေ၃၀အထိ တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်း ၂၁၄နိုင်ငံတွင် ဖြစ်ပွားခဲ့ပြီး လူဦးရေ ၁၈၁၃၈ဦး သေဆုံးခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ စစ်တမ်းများအရ သိရသည်။

## သုံးစွဲရန်မသင့် ဆေးဝါးများကို ဆိုင်အချို့တွင် ရောင်းချနေကြဆဲဖြစ်

ဝတ်ရည်

ရန်ကုန်၊ဩဂုတ် - ၂၆

ကျန်းမာရေးဦးစီးဌာနမှ စျေးကွက်အတွင်း တရားမဝင်တင်သွင်းပြီး စစ်ဆေးထားခြင်းမရှိသည့် ဆေးဝါးများကို အခါအားလျော်စွာ အများပြည်သူသုံးစွဲရန် မသင့်ကြောင်းနှင့် ရောင်းချခြင်းမပြုရန် တားမြစ်နေသော်လည်း အချို့ဆေးဆိုင်များတွင် ထိုတားမြစ်ထားသော ဆေးများကို ရောင်းချနေကြဆဲဖြစ်ကြောင်း သတင်းရရှိသည်။




ထိုတရားမဝင်ဆေးဝါးများမှာ နယ်စပ်နိုင်ငံများဖြစ်သည့် ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နိုင်ငံတို့မှ ဝင်ရောက်ခြင်းဖြစ်ပြီး ဆေးဝါးအာနိသင် စစ်ဆေးထားခြင်းမရှိသည့်အတွက် သုံးစွဲသူများတွင် အန္တရာယ်ဖြစ်စေနိုင်သဖြင့် ဝယ်ယူရောင်းချခွင့် ပိတ်ပင်ထားခြင်းဖြစ်သည်။

"ပစ္စည်းမရှိဘူး မဖြစ်ရအောင် ဆိုင်တွေကတော့ ရောင်းကြပါတယ်။ အဲဒီမှောင်ခိုဝင်လာတဲ့ ဆေးတွေက အိမ်နီးချင်းနိုင်ငံတွေမှာ အိမ်တွင်းစီးပွားရေးအနေနဲ့ လုပ်ပြီး ဒီဘက်ကိုသွင်းနေတာတွေ ရှိတယ်။ တချို့ဆေးတွေဆို အမှန်တကယ်ဆေးရဲ့ တန်ဖိုးထက်ကို ပြည်တွင်းမှာ ပိုဈေးချိုနေသေးတယ်။ အဲလို ဆေးတွေက နည်းပညာနဲ့ စနစ်တကျလုပ်ထားတာမရှိတဲ့အပြင် အာနိသင်လည်း မသေချာဘူး။ အဲဒီအတွက် တရားဝင်သွင်းတဲ့သူတွေက အရမ်းနစ်နာပါတယ်" ဟု ဆေးကုမ္ပဏီတစ်ခုက ပြောသည်။

"ဆေးဆိုင်တွေမှာ ရောင်းနေတုန်းပါပဲ။ တရားမဝင်လာတဲ့ ဆေးအပြင် တချို့ဆိုင်တွေဆို တရားဝင်တင်သွင်းတဲ့ ကုမ္ပဏီတွေက သက်တမ်းလွန်တဲ့ ဆေးဝါးတွေကို ဈေးနည်းနည်းနဲ့ ပြန်ဝယ်ပြီး တစ်လုံးချင်စီ ပြန်ခွဲရောင်းတဲ့အတွက် ဘယ်သူမှလည်း မသိတော့ဘူး။ ထိုးဆေး၊ စားဆေးအစုံဖြစ်တဲ့အပြင် တစ်ခါတလေ တရုတ်က ဝင်လာတဲ့ ထိုးဆေးတွေမှာဆို အထဲမှာ ခြင်အသေတောင်ပါလာတာ ကြုံဖူးတယ်" ဟု အထွေထွေရောဂါကုဆရာဝန်တစ်ဦးကပြောသည်။

မှတ်ပုံတင်ထားခြင်းမရှိသည့် အများပြည်သူသုံးစွဲရန် မသင့်သည့်ဆေးဝါးများကို တိုင်းအဆင့်မှ မြို့နယ်အသီးသီး၏ မြို့နယ်အစားအစာနှင့် ဆေးဝါးကြီးကြပ်မှုကော်မတီအဖွဲ့သို့ အကြောင်းကြားစာပို့ပြီး ထိုကော်မတီမှ မြို့နယ်တွင်းရှိ ဆေးဆိုင်များသို့ ထပ်မံအကြောင်းကြား၍ ကွင်းဆင်းစစ်ဆေးခြင်း ထိုဆေးများတွေ့ရှိပါက သိမ်းဆည်းပြီး ရောင်းချသူအား သတိပေးမှုများ ပြုလုပ်ကြောင်း သိရသည်။

တရားဝင်တင်သွင်းသည့် ဆေးကုမ္ပဏီများသည် နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခွန်နှင့် တံခွန်သုံးစွဲခွင့်အခွန်များ ပေးဆောင်ရပြီး အစားအသောက်နှင့် ဆေးဝါးကွက်ကဲမှု ဗဟိုဌာန (FDA)တွင် နမူနာဆေးဘူးများကို ထိုဆေးဝါးများအား ဓာတ်ခွဲစစ်ဆေးထားသည့် အချက်အလက်များစသည်တို့ဖြင့် ပေးပို့စစ်ဆေးရကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

*စာ-၁၃၊ မိုးရာသီတွင်ဖြစ်ပွားတတ်သော အရေပြားမှိုရောဂါများ မှ*

မိုးရာသီတွင် အရေပြားမှိုစွဲခံရခြင်းမှ ကင်းဝေးစေရန်အတွက် အဝတ်အစားများအား ခြောက်သွေ့စေရန်၊ သေချာစွာလျှော်ဖွတ် ဝတ်ဆင်ကြရန်လိုအပ်ပြီး တစ်ကိုယ်ရေ သန့်ရှင်းရေးကိုလည်း အထူးဂရုစိုက်ရန်လိုအပ်သည်။ အဆောင်နေသူများ၊ မိုးထဲရေထဲတွင် အလုပ်လုပ်ရသူများသည်အရေပြားမှိုစွဲခံရရန် အခွင့်အရေးများပြားသဖြင့် တစ်ကိုယ် ရေသန့်ရှင်းရေးကို အထူးဂရုစိုက်ရန်လိုအပ်ကြောင်း သိရသည်။အကယ်၍အရေပြားမှိုစွဲခံရပါကလည်း စွဲကပ်ခံရသည့်မှို အပေါ်မူတည်၍ သောက်ဆေးလိမ်းဆေးများအား မှန်မှန်ကန်ကန်နှင့် စနစ်တကျ သောက်လိမ်းကြရန်လိုအပ်သည်ဟု ဒေါက်တာလင်းထက်ကပြောသည်။

ထိုသို့ဆေးလိမ်း ဆေးသောက်ကြရာတွင်လည်း မှိုသတ်ဆေးသီးသန့်သာပါသည့် ဆေးများ လိမ်းရ၊သောက်ရသည့် မှိုနှင့် စတီးရွိုက်ပါသည့်ဆေးများလိမ်းရ၊သောက်ရသည့် မှိုအမျိုးအစားများကွဲပြားသည့်အတွက် ဆရာဝန်နှင့်တိုင်ပင်ရန် လိုအပ်ကြောင်း သိရသည်။

"မှိုစွဲပြီဆိုရင်တော့ မှိုသတ်ဆေးသီးသန့်ပါတာကိုပဲသီးသန့်လိမ်းရတဲ့ဟာရှိတယ်။ တချို့ကျတော့လည်း စတီးရွိုက်ပါတာလိမ်းရတာတွေရှိတယ်။ ဥပမာ-နှင်းခူလိုဟာမျိုးဆိုရင်တော့စတီးရွိုက်ပါတာလိမ်းရတယ်"ဟုဒေါက်တာလင်းထက်ကပြောသည်။

အခြားမှိုများဆိုလျှင်လည်း Clotrimazole,Miconazole အစရှိသည့်မှိုသတ်ဆေးသီးသန့်သာပါသည့် ဆေးများလိမ်းရန်သာလိုအပ်ကြောင်းသိရသည်။

သို့သော် အရေပြားမှိုစွဲခြင်းသည်ဖြစ်ပွားမှုကုသခြင်းထက် မဖြစ်ခင်ကပင် ကြိုတင်ကာကွယ်ထားကြရန်လိုသည့်အတွက်တစ်ကိုယ်ရေသန့်ရှင်းရေးကိုအထူးဂရုပြု ထိန်းသိမ်းကြရန်လိုအပ်သည်ဟု အရေပြားကျွမ်းကျင်ပညာရှင်များက ဆိုသည်။

# နေရောင်ခြည်ရရှိမှုနည်းပါးခြင်းက အဆစ်အမြစ်ရောင်ခြင်း ကြွက်သားမာခြင်းရောဂါများရနိုင်



**လန်ဒန်၊ဩဂုတ် – ၂၄**

နေရောင်ခြည်ရရှိမှုနည်းပါးပါက ဗီတာမင်ဒီဓာတ် လျော့နည်းလာသဖြင့် ကြွက်သားမာခြင်း၊ အဆစ်အမြစ်ရောင်ခြင်း၊ ဆီးချိုရောဂါ၊ အချို့သော ကင်ဆာရောဂါများနှင့် စိတ်မနှံ့ခြင်းမျိုးပင်ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗီတာမင်ဒီနှင့် မျိုးဗီဇကြားတွင် ဆက်စပ်တုံ့ပြန်မှုရှိကြောင်း ဗြိတိန်ဆေးသုတေသနကောင်စီ၏ လေ့လာချက်က တွေ့ရှိခဲ့သည်။ ထို့အပြင် ဗီတာမင်ဒီသည်အချို့သောရောဂါများနှင့် ဆက်စပ်နေသော မျိုးရိုးဗီဇများအပေါ်တွင်လည်း သက်ရောက်မှုရှိနိုင်ကြောင်း အောက်စဖို့ဒ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များကတွေ့ရှိခဲ့သည်။

ဗီတာမင်ဒီဓာတ် ချို့တဲ့ခြင်းသည် အရိုးများအပေါ် ထိခိုက်နိုင်ကြောင်း သုတေသီများတွေ့ရှိထားသည်မှာ ကြာပြီဖြစ်သည်။ ထို့အတွက် ဗီတာမင်ဒီဓာတ်ချို့တဲ့သော အမျိုးသမီးများသည် ညှပ်ရိုးများကျဉ်းလာ၍ ကလေးမွေးဖွားချိန်တွင် ကလေးရော၊ အမေပါ သေဆုံးမှုဖြစ်ပေါ်တတ်ကြောင်းသိရသည်။ သို့သော်ကျန်းမာရေးနှင့်ညီညွတ်သောအစားအသောက်များကိုစားသုံး၍ ကြက်ဥ၊ငါးနှင့်ငါးအဆီစားသုံးခြင်းအပြင် နေရောင်ခြည်အနည်းငယ်ရရှိအောင် နေထိုင်ခြင်းများက နေ့စဉ်လိုအပ်သောဗီတာမင်ဒီကိုလုံလောက်စွာရရှိနိုင်ကြောင်း ကျွမ်းကျင်သူများက အကြံပေးသည်။ အသက်ကြီးသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များမှာ ဗီတာမင်ဒီအားဖြည့်ဆေးအနည်းငယ်အားနေ့စဉ်သောက်သုံးသင့်သည်ဟု သုတေသီများကအကြံပေးထားသည်။

Ref; BBC

# အိန္ဒိယနှင့်မလေးရှားတွင် ကျန်းမာရေးစစ်ဆေးရန် ဝန်ဆောင်မှုတစ်ရပ်စတင်

သီဟ

**ရန်ကုန်၊ဩဂုတ် – ၂၈**

အိန္ဒိယနှင့် မလေးရှားနိုင်ငံများတွင် ကျန်းမာရေး ဆေးစစ်ရန်နှင့် ဆေးကုသရန် သွားရောက်လိုသူများအား Keen Cie Health Care Service မှ Medical Tourism Facitilitor ဝန်ဆောင်မှု စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Keen Cie မှ အိန္ဒိယရှိ ဆေးရုံအုပ်စုတစ်အုပ်စုနှင့် မလေးရှားရှိ နှလုံးရောဂါကုဆေးရုံတစ်ရုံတို့နှင့် ချိတ်ဆက်ထားပြီးဖြစ်ပြီး ဝန်ဆောင်မှုအား မကြာမီဆောင်ရွက်တော့မည်ဖြစ်ကြောင်း Keen Cieမှ မန်းနေးဂျင်းဒါရိုက်တာ ဒေါက်တာကျော်မင်းက ပြောအသည်။

အလားတူနောက်ထပ် ကျန်းမာရေး ဝန်ဆောင်မှုတစ်ခုဖြစ်သည့် အစားအသောက်နှင့် ပတ်သက်သည့် ကျန်းမာရေးဝန်ဆောင်မှုနှင့် ခန္ဓာကိုယ်အလေးချိန်ထိန်းသိမ်းလိုသူများအတွက် Dietary Adviser ဝန်ဆောင်မှုကိုအလည်း စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း သိရသည်။

Keen Cie Health Care Service သည်အခြားကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် မိသားစုသဖွယ်ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်း၊ သူနာပြုဝန်ဆောင်မှုလုပ်ငန်းအစရှိသည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။

# ပုလင်းများဖြင့် ရောင်းချသောလက်ဖက်ရည်မှာ ကျန်းမာရေးအတွက် အထောက်အကူမဖြစ်ဟုဆို

**ဘော်စတွန်၊ဩဂုတ် – ၂၄**

ဈေးကွက်တွင် ဝယ်ယူနိုင်သော ပုလင်းများဖြင့် ထည့်သွင်းရောင်းချသည့် လက်ဖက်ရည်များတွင် ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် ဓာတ်တိုးခြေဖျက်ပစ္စည်း တစ်မျိုးဖြစ်သည့် ပိုလီဖီနောဓာတ်များ လုံလောက်စွာမပါဝင်ကြောင်း အမေရိကန် သုတေသီများကပြောကြားသည်။

လက်ဖက်ရည်သောက်ခြင်းသည်ကင်ဆာရောဂါမှ ကာကွယ်ပေးနိုင်သည်။ ဆီးချိုရောဂါမှ ကာကွယ်ပေးနိုင်သည်ဆိုသော သုတေသနစာတမ်းများကြောင့် အမေရိကန်နိုင်ငံတွင် လက်ဖက်ရည်သောက်သုံးမှု မြင့်တက်လာကြောင်းနယူးဂျာဆီပြည်နယ်ဇီဝ နည်းပညာကုမ္ပဏီ ဝဲလ်ဂျင်းမှ ဓာတုဗေဒပညာရှင် ရှင်မင်လီက ပြော ကြားသည်။

၎င်းပညာရှင်နှင့် အဖွဲ့က စူပါမတ်ကက်များတွင် ရောင်းချသောလက်ဖက်ရည် ပုလင်း၊ ဘူးများမှ တံဆိပ်ခြောက်မျိုးတွင် ပါဝင်သည့် ပိုလီဖီနောပါဝင်မှုကို တိုင်းတာခဲ့ကြသည်။ သာမန်အိမ်တွင်ဖျော်သောက်သော လက်ဖက်စိမ်း၊ လက်ဖက်မည်း (Green Tea, Black Tea)၊ လက်ဖက်ရည်များတွင် ပိုလီဖီနောဓာတ် ၅၀ မှ ၁၅၀ မီလီဂရမ်အထိ ပါဝင်သော်လည်းဈေးကွက်တွင်း လက်ဖက်ရည်များတွင်မူ ၎င်းပမာဏ၏ ထက်ဝက်ခန့်သာ ရှိကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။

၎င်းတို့၏ တွေ့ရှိချက်များကိုဘော်စတွန်မြို့တွင် ပြုလုပ်သည့်အမေရိကန် ဓာတုဗေဒပညာရှင်အဖွဲ့၏ အကြိမ် ၂၄၀ မြောက်အစည်းအဝေးတွင် တင်ပြခဲ့ခြင်းဖြစ်သည်။ —Ref: UPI

နီလာ

ဝန်ထမ်းအလိုရှိသည်
၁- B.E (Civil), B.com,M.B.A,M.P.A
၂- B.E (Civil), A.G.T.I (Civil)
၅- B.E (Civil), A.G.T.I (Civil)

# Regional

7DAY NEWS JOURNAL

Vol.9, No.24 • SEPTEMBER 2, 2010


## မြန်မာ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နာနိုနည်းပညာကို အသုံးချနိုင်ရန် ကြိုးပမ်းလျက်ရှိ

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ်-၂၀**

မြန်မာနိုင်ငံ၏ အခြေခံအကျဆုံး စီးပွားရေးကဏ္ဍများဖြစ်သော စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ အပါအဝင် အခြားကဏ္ဍများ၌ပါ နာနိုနည်းပညာကို အသုံးချပြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ကြဉ်းရန်အတွက် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြောင်း ယနေ့ကျင်းပခဲ့သော မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၏ အဌမအကြိမ်နှစ်ပတ်လည်အစည်းအဝေးမှ သိရှိရသည်။

ကမ္ဘာပေါ်တွင် ခေတ်အမီဆုံးနှင့် ရေပန်းအစားဆုံးဖြစ်လာသည့် နာနိုနည်းပညာသည် မျိုးဗီဇပြုပြင်ခြင်း၊ သီးနှံများအတွက် သွင်းအားစုနှင့် ဓာတ်မြေဩဇာကို တိကျစွာထည့်သွင်းနိုင်ခြင်း၊ ပိုးမွှားကျရောက်မှုကို စောစီးစွာ သိရှိနိုင်ခြင်း၊ မွေးမြူရေးနှင့် ကုသရေးပိုင်းတွင် အသုံးပြုနိုင်ခြင်း၊ တာရှည်ခံထုပ်ပိုးစနစ်များတွင်ပါ အသုံးချနိုင်ခြင်း စသည့် အရည်အချင်းများ ရှိသည့်အတွက် ထုတ်လုပ်မှု အဆင့်ဆင့်တွင် မျက်ခြည်မပြတ်လေ့လာသုံးသပ်ပြီး အကျိုးရှိစွာ အသုံးပြုနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးဖို့ မှာကြားလိုကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဌေးဦးက တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့၊ ဆေးပညာရှင်များအဖွဲ့၊ နည်းပညာရှင်များအဖွဲ့နှင့် စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဟူ၍ ပညာရှင်အဖွဲ့ကြီး လေးဖွဲ့ရှိပြီး ယင်းအဖွဲ့ကြီးလေးဖွဲ့၏ ဥက္ကဋ္ဌများ သုံးလတစ်ကြိမ်ခန့်တွေ့ဆုံသော ဆွေးနွေးပွဲတွင်လည်း နာနိုနည်းပညာအကြောင်း ဆွေးနွေးပြီး အသုံးချသွားရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း စိုက်၊ သစ်၊ မွေး၊ ရေပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်း၏ ပြောကြားချက်အရ သိရှိရသည်။

“ကမ္ဘာ့ခေတ်အမီဆုံးနာနိုနည်းပညာကို ပညာရှင်လေးဖွဲ့စလုံးကိုတိုးတက်ကျယ်ပြန့်အောင် ဆက်လက်ဆောင်ရွက်နေပါတယ်။ ဒီနည်းပညာကို အသုံးချဖို့ စရိတ်စကတွေလည်း ကြီးမားပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ နာနိုဓာတ်ခွဲခန်းတစ်ခုရှိနေပြီ။ အဲဒီမှာ လာပြီး အသုံးပြုဖို့ ဖိတ်ခေါ်ထားတာလည်းရှိပါတယ်” ဟု ဒေါက်တာမြင့်သိန်းက ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းအပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဌေးဦးကလည်း “ယနေ့ အံ့မခန်းတိုးတက်ပြောင်းလဲနေတဲ့ သိပ္ပံနဲ့ နည်းပညာရပ်များအား နယ်ပယ်အသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လွှမ်းမိုးထားနေပြီဖြစ်တဲ့အတွက် ဒီခေတ်မီသိပ္ပံနည်းပညာရပ်တွေကို မလွတ်တမ်းအသုံးချပြီး ရင်ဆိုင်တွေ့ကြုံရတဲ့ အခက်အခဲများကို ကျော်လွှားနိုင်ဖို့ ပြုပြင်ပြောင်းလဲမှုများနဲ့ စမ်းသပ်တီထွင်မှုများ ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်”ဟုပြောကြားခဲ့သည်။ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများမှ နိုင်ငံတော်၏ တစ်နိုင်ငံလုံးထုတ်ကုန်တန်ဖိုး ဂျီဒီပီ၏ ၄၂ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိကြောင်းသိရှိရသည်။

## နဂါးတွင်းကျေးရွာဆုတောင်းပြည့်ဘုရားရင်ပြင်တွင် အရွယ်အစားကြီးသောမှိုပွင့်များတွေ့

**ရန်နိုင်**

**မုံရွာ၊ ဩဂုတ်-၂၅**

မုံရွာမြို့နယ်၊ နဂါးတွင်းကျွန်းရွာသစ်ကျေးရွာ၊ ဆုတောင်းပြည့်မြတ်စွာဘုရားရင်ပြင်တော်ပရိဝုဏ်တွင် ဩဂုတ်လ ၂၃ ရက် ညပိုင်းက အစုလိုက်အပြုံလိုက် ဖူးပွင့်သော မှိုပဒေသာများကိုထူးခြားစွာ တွေ့မြင်ခဲ့ရကြောင်း အဆိုပါကျေးရွာဒေသခံများက ပြောသည်။

“မှိုအကြီးအသေးစုစုပေါင်း ၁၄ ပွင့်ရှိတဲ့မှိုပွင့်ကြီးကဆုတောင်းပြည့်ဘုရားအတွင်း ဆုပြည့်စုံ ရုပ်ပွားတော်အာရုဏ်ခံတန်ဆောင်းအောက်က ကွန်ကရစ်ပေါ်မှာ ပွင့်နေတာ။ ဆုပြည့်စုံ ရုပ်ပွားတော်အနီးကကွန်ကရစ်ပေါ်မှာ နှစ်နေရာညောင်ပင်အောက်မြေသဲမြေစပ်မှာ ငါးနေရာလောက်မှို အစုလိုက်အပြုံလိုက် ပေါက်နေတာ တွေ့ရတယ်။ အာရုဏ်ခံအောက်က မှိုပဒေသာက အပွင့်အကြီးဆုံးဖြစ်ပြီးအကြီးဆုံးမှိုပွင့် အရွယ်အစားက ၆ လက်မခန့်ရှိတယ်။ အသေးဆုံးက ၂ စင်တီမီတာလောက်ရှိတယ်။ မှိုအကြီးကဆယ်ပွင့်မှိုအသေးကလေးပွင့် တစ်နေရာတည်းစုံပြုံပေါက်နေတာတွေ့ရတယ်”ဟု နဂါးတွင်းကျေးရွာ ဝါဆိုကျောင်းသစ် နာယကဆရာတော်က မိန့်ကြားသည်။



“ဘုရားထဲမှာ ကစားရင်းနဲ့ မှိုအစုလိုက်ပေါက်နေကို တွေ့ရတာ။ စတွေ့တုန်းက မှိုအပွင့်လေးတွေ သိပ်မကြီးဘူး။ အခုနောက်ပိုင်း တဖြည်းဖြည်းနဲ့ ကြီးလာတယ်။ မနေ့ညကမှဘုရား လူကြီးတွေစတွေ့ပြီး လူတွေဝိုင်းအုံကြည့်ကြတာ” ဟု ဆုတောင်းပြည့်ဘုရားအတွင်း မှိုများစတင်တွေ့ရှိသော အသက် ၁၂ နှစ် အရွယ် မောင်ဝင်းထွန်းကပြောသည်။

“ဂေါပကအဖွဲ့မှာ လုပ်သက် ၃၀ နီးပါးလုပ်ခဲ့တာ။ လက်ရှိ ဂေါပက ဥက္ကဋ္ဌတာဝန် ငါးနှစ်ရှိပြီ။ ဆုတောင်းပြည့်ဘုရားမှာ ပြီးခဲ့တဲ့ မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် ဝါခေါင်လဆုတ် ၃ ရက်မှာ ဘုရားရင်ပြင်ပေါ်က အင်ကြင်းပင်ဓာတ်ပုံရိုက်ရာက နဂါးပုံပေါ်လို့ ဘုရားဖူးတွေစည်ကားခဲ့ဖူးတယ်။ အခုလည်း ထူးထူးခြားခြားမှိုတွေပေါက်လို့လူတွေဝိုင်းအုံကြည့်တဲ့သူတွေနဲ့ စည်ကားနေတယ်။ ဘုရားပွဲကနှစ်စဉ်ဝါခေါင်လပြည့်ကျော် ၈ ရက်မှာ ကျင်းပတာဖြစ်ပြီး ထူးခြားမှုတွေက နှစ်ကြိမ်စလုံးဝါခေါင်လအတွင်းမှာ ကြုံတွေ့ခဲ့ရတယ်”ဟု ဆုတောင်းပြည့်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌဦးပြည့်စုံကယင်း၏ ဂေါပကသက်တမ်းအတွင်း ထူးခြားမှုများအကြောင်းရှင်းပြသည်။

“ဆုပြည့်စုံဘုရားရင်ပြင်တော်ကို ကွန်ကရစ်အပြည့်ခင်းထားတာပါ။ ရင်ပြင်မှာ ဘာအပေါက်၊ဘာအက်ကြောင်းမှ မရှိပါဘူး။ ရင်ပြင်တော်ကွန်ကရစ်ခင်းတာ ငါးနှစ်ကျော်ပြီ။ နေ့တိုင်းသန့်ရှင်းရေးလုပ်ထားတော့ဘာအမှိုက်ဘာမြေဆွေးမှမရှိပါဘူး”ဟု ဆုပြည့်စုံရုပ်ပွားတော် ကုသိုလ်ရှင် ဦးစိန်သိန်း(စိုးမိုးထွန်း ထုံး၊ ဘိလပ်မြေရောင်းဝယ်ရေး)ကပြောသည်။

မုံရွာမြို့နယ်၊ နဂါးတွင်းကျွန်းရွာသစ်ကျေးရွာ ဆုတောင်းပြည့်မြတ်စွာဘုရားရင်ပြင်တော် ပရိဝုဏ်အတွင်း မှိုပဒေသာများပြီးနောက်ပိုင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ဒေသခံတောင်သူများစိုက်ပျိုးရေးလုပ်ငန်းအတွက် များစွာ အထောက်အကူပြုခဲ့ပြီး အပူဒဏ်လည်း သိသိသာသာ ကျဆင်းသွားကြောင်းကျွန်းရွာသစ်ကျေးရွာဒေသခံများ၏ပြောပြချက်အရသိရသည်။

## မန္တလေးမြို့တွင် ကြွပ်ကြွပ်အိတ်မှ ကုန်ချောပစ္စည်းထုတ်စက်ရုံလုပ်ငန်းလည်ပတ်

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်-၂၈**

မန္တလေးမြို့တော်အား ကြွပ်ကြွပ်အိတ်ကင်းစင်ပြီး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းသော မြို့တော်ဖြစ်ရေးအတွက် ၂၀၀၈ ခုနှစ် ဇွန်လ တတိယပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ကြွပ်ကြွပ်အိတ်ရောင်းသူ၊ သုံးစွဲသူ မရှိသလောက် နည်းပါးသွားပြီဖြစ်ကြောင်း မြို့တော်စည်ပင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့တော် စည်ပင်သန့်ရှင်းရေးဌာနမှ စွန့်ပစ်ပစ္စည်း ကုန်ချောပစ္စည်းထုတ်လုပ်ရေး စက်ရုံတစ်ရုံကို မန္တလေးစက်မှုဇုန် (၂) ၅၁ လမ်းရှိ ယူပီဗီစီပိုင် စက်ရုံအတွင်း တည်ဆောက်ပြီးစီးကြောင်း သိရသည်။

ထို့ပြင်စက်ရုံကို ဩဂုတ်လပထမပတ်မှစတင်၍လည်ပတ်ကာ စွန့်ပစ်ပစ္စည်း ကြွပ်ကြွပ်အိတ်မှထုတ်ယူရရှိသည့်ကော်စေ့များဖြင့် အမှိုက်ပုံးများ၊ အလှပန်းအိုးများ ထုတ်ယူသွားမည်ဖြစ်ကြောင်း အဆိုပါစက်ရုံတာဝန်ခံက 7 Day News သို့ရှင်းပြသည်။

မန္တလေးမြို့တော်စည်ပင်ငါးမြို့နယ်ရှိ သန့်ရှင်းရေးဌာနရုံးများမှ စွန့်ပစ်ပစ္စည်းများအား ဈေးနှုန်းသတ်မှတ်ဝယ်ယူ၍ စွန့်ပစ်ပစ္စည်း ကုန်ချောပစ္စည်းထုတ် စက်ရုံမှ လူသုံးပစ္စည်းများကို ဈေးနှုန်းသက်သက်သာသာဖြင့် ထုတ်လုပ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ ဌာနမှူးက ပြောကြားသည်။

## မြောက်ဦးခေတ် ဘုရင်မင်းရာဇာကြီး၏ ရှေးဒင်္ဂါးများတွေ့ရှိ

**ဖြူငြိမ်းအေး**

**စစ်တွေ၊ ဩဂုတ်- ၂၅**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၏ မြောက်ဘက်ပန်းချီမြောင်းချောင်းရှိ နတ်ချောင်းဒုံအထက် တောင်တန်းပေါ်၌ မြောက်ဦးမြို့ ရတနာပုံရပ်ကွက်တွင် သဘော် ဥတ္တမရာ ရှေးဟောင်းဒင်္ဂါးနှစ်ပြားကို တစ်ပေခန့်အနက်မှ တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဒင်္ဂါးနှစ်ပြားစလုံးမှာ အရွယ်အစားတူညီပြီး အချင်း ၂ ဒသမ ၅ စင်တီမီတာခန့်နှင့် အထူ ဝ ဒသမ ၂ စင်တီမီတာစီရှိကြသည်။ ဒင်္ဂါးပြားများမှာအလေးချိန်မှာအနည်းငယ်ကွာခြားမှုရှိပြီးတစ်ပြားလျှင် ရွှေအလေးဖြင့်ခုနစ်အာနာ(၇ပဲ)ရွှေစိပ်နှင့် ကျန်တစ်ပြားမှာ ခုနစ်အာနာ(၇ပဲ) သုံးရွေး တစ်စေ့တစ်ခုခန့်ရှိသည်။ ဒင်္ဂါးပြားများတွင်ရခိုင်အက္ခရာများ ရေးသားထားပြီး ဒင်္ဂါးသုတေသီပညာရှင်များကဒင်္ဂါးများမှာ မြောက်ဦးခေတ်ဘုရင် မင်းရာဇာကြီးလက်ထက်၌ခတ်နှိပ်ခဲ့သောဒင်္ဂါးများဟုဆိုကြပြီး နိုင်ငံခြားသားများနှင့် ကူးသန်းဆက်သွယ်ရာ၌ အသုံးပြုရန်အတွက်သာ ခတ်နှိပ်ခဲ့ကြောင်း သုံးသပ်ကြသည်။

ရှေးဟောင်းမြို့မြောက်ဦးပတ်ဝန်းကျင်တွင်ရှေးဟောင်းဒင်္ဂါးများကို မကြာခဏတွေ့ရတတ်ပြီးလွန်ခဲ့သည့် နှစ်များကမြောက်ဦးမြို့ အနောက်ဘက်ဘုရားပေါ်ရပ်ကွက်ရှိလယ်ကွင်းတွင် ကန်သင်းရိုးဆယ်ရာမှစဉ့်အိုးဖြင့် ထည့်ထားသည့် ဒင်္ဂါးပြား ၇၀ ကျော်ကို ရရှိခဲ့ဖူးကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# နေလှန်းဆားများဘင်္ဂလားဒေ့ရှ်သို့တင်ပို့ခွင့်ရှိသော်လည်း အရောင်းထိုင်းနေ

ရဲပန်ဇင်း

**စစ်တွေ၊ ဩဂုတ်- ၂၅**

မြန်မာနိုင်ငံ၊ ရခိုင်ကမ်းရိုးတန်းမှ နေလှန်းဆားများကိုဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေး စခန်းမှတရားဝင်တင်ပို့ခွင့်ရရှိထားသော်လည်း နေလှန်းဆားဈေးကွက်မှာ သွက်လက်မှုမရှိဘဲ အရောင်းထိုင်းနေကာ ဆားကြမ်းဈေးမှာ တစ်ပိဿာ ၅၀ ကျပ်အောက် ရောက်ရှိနေကြောင်း ရခိုင်ပြည်နယ်ကုန်သည်စက်မှုအသင်းဒုတိယဥက္ကဋ္ဌ (၁)ဦးရွှေထွန်းအောင်က ဩဂုတ်လ ၁၅ ရက်တွင် ကျင်းပခဲ့သည့် ရခိုင်ကုန်သည်စက်မှုအသင်း (၁၆) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။ ရခိုင်ကမ်းရိုးတန်းမှ ထုတ်လုပ်သည့်နေလှန်းဆားများ၏ အဓိကဈေးကွက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်ပြီး ၂၀၀၄ ခုနှစ်အထိအမြောက်အမြားတင်ပို့နိုင်ခဲ့ကြောင်း ရခိုင်ဒေသတွင် ဆားများ လုံလောက်ခြင်းမရှိ၍ ဧရာဝတီတိုင်းမှ ဆားများကို မှာယူတင်ပို့ခဲ့ရကြောင်းကုန်သည်တစ်ဦးကပြောသည်။ "၂၀၀၄အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆားတင်ပို့မှုက နယ်စပ်ကုန်သွယ်ရေးရဲ့ အဓိကဈေးကွက်ကြီးတစ်ခုဖြစ်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာ ဆားတင်ပို့ခွင့်ကို ခေတ္တရပ်ဆိုင်းခဲ့ပြီး ပြန်ဖွင့်ပေးတဲ့ အချိန်မှာ ဘင်္ဂလားဒေ့ရှ်ဆားဈေးကွက်ကို အိန္ဒိယဆားက ဝင်ရောက်သွားပြီးဆားဈေးကွက်ပျက်သွားခဲ့ရပါတယ်။ အိန္ဒိယဈေးကွက်ထိုးဖောက်မှုကိုယှဉ်ပြိုင်နိုင်ခြင်းမရှိတဲ့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ရတဲ့ နေလှန်းဆားဈေးကွက်ဟာ အခုတော့ ထိုင်းမှိုင်းနေတဲ့သဘောရှိနေပါတယ်"ဟု ဆားကုန်သည်တစ်ဦးကပြောသည်။

ရခိုင်ဆားများကို ရိုးမအရှေ့သို့သာ အားထားတင်ပို့နေရသော်လည်း ဆားဈေးကျနေသဖြင့်ဆားကုန်သည်များ အရှုံးပေါ်နေကြရကြောင်း သိရသည်။

# စစ်တွေတွင် ငါးသိန်းတန်ဖုန်း အလုံးတစ်ထောင်ချပေးမည်

ဌွန်ကိုလင်း

စစ်တွေ၊ ဩဂုတ်- ၂၅

စစ်တွေမြို့တွင် ကျပ်ငါးသိန်းတန်ဖုန်းအလုံးရေတစ်ထောင်အား မြန်မာ့ဆက်သွယ်ရေးမှ ချပေးမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ကျပ်ငါးသိန်းတန်ဖုန်းများအား ဒေသခံများမှာ အထူးစိတ်ဝင်စားလျက်ရှိကာ ဆက်သွယ်ရေးရုံးတွင် လျှောက်လွှာများရောင်းချပေးနေကြောင်း သိရသည်။ လျှောက်လွှာစတင်ရောင်းချသည့်နေ့တွင် လာရောက်သူများပြား၍ ပြင်ပမှတစ်စောင်လျှင် ငါးထောင်ကျပ်အထိပေး၍ဝယ်ယူခဲ့ရကြောင်း စစ်တွေမြို့ဒေသခံကိုစောဝင်းက ပြောသည်။

"ဖုန်းအလုံးရေချပေးမှာက တစ်ထောင်။ ဖုန်းလာလျှောက်သူက ထောင်ကျော်နေပြီ။ ဒ့ါအပြင် လျှောက်တဲ့လူအားလုံးရမှာမဟုတ်ဘဲတစ်စောင်ကို ငွေငါးထောင်နဲ့ဝယ်ခဲ့ရတယ်" ဟု ၎င်းအတွေ့အကြုံကိုရှင်းပြသည်။ ကျပ်ငါးသိန်းဖုန်းများအား ရခိုင်ပြည်နယ်တွင်အမ်း၊ ကျောက်တော်၊ မင်းပြား၊ မြေပုံမြို့များတွင်ချပေးထားပြီး ယခုစစ်တွေမြို့တွင် ပထမဆုံးအကြိမ်အလုံးရေတစ်ထောင်ချပေးမည်ဟု သိရသည်။ လတ်တလော စစ်တွေမြို့တွင် ငါးသိန်းတန်ဖုန်းတစ်လုံး၏ ပြင်ပပေါက်ဈေးမှာ ကျပ်ခြောက်သိန်းကျော်ခန့်ရှိကြောင်းလည်း ဒေသခံများကပြောသည်။

# မန္တလေးမြို့တွင် အယောင်ဆောင် ငွေတောင်းခံမှုများရှိသဖြင့်သတိထားရန်လို

စိုင်းသာအောင်

**မန္တလေး၊ ဩဂုတ်-၂၇**

မန္တလေးမြို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အယောင်ဆောင်၍ခြိမ်းခြောက် ငွေတောင်းခြင်း၊ ကျုံးဘေးတွင် အချိန်မတော်စုံတွဲများအား ငွေညှစ်ခြင်းများဖြစ်ပေါ်လျက်ရှိသဖြင့် ရဲတပ်ဖွဲ့အယောင်ဆောင် လိမ်လည်မှုများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှ တာဝန်ရှိရဲအရာရှိတစ်ဦးက ပြောသည်။

ဩဂုတ် ၂၃ ရက် ၁၂ နာရီခွဲခန့်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မေယဂီရီရပ်ကွက်အပိုင်တွင် ကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်နေသူ ဦးမောင်မြင့်(နာမည်လွှဲထားသည်) နေအိမ်သို့ နေပြည်တော် မူးယစ်တားဆီးရေးအဖွဲ့မှဆိုပြီး ငွေတောင်းခံခဲ့ရာ ရယကသို့ ဖုန်းဖြင့်တိုင်ကြားနေစဉ် အဆိုပါ ရဲတပ်ဖွဲ့အယောင်ဆောင်သူမှာ ထွက်ပြီးသွားသည်။ ၎င်းအယောင်ဆောင်သူသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦး၏ လိပ်စာကတ်ကိုပြသပြီး ငွေတောင်းခံခြင်းဖြစ်ကြောင်း၊ ၎င်းငွေညှစ်သောနေအိမ်မှာ ကျောက်စိမ်းလုပ်ငန်းကိုသာ တရားဝင်လုပ်ကိုင်ပြီး မူးယစ်မှုများနှင့် ပတ်သက်မှုမရှိကြောင်း၊ အယောင်ဆောင်ဝန်ထမ်းလူလိမ်များကို ရပ်ကွက်တာဝန်သိသူများ ပူးပေါင်းဖော်ထုတ်ရန်လိုကြောင်း အဆိုပါ ဝန်ထမ်းအယောင်ဆောင်အား ဖမ်းမမိသော်လည်း ၎င်းစီးနင်းသွားသော ဆိုင်ကယ်မှာ ၁၂ယ/××× ဖြစ်ကြောင်း ယင်း ရပ်ကွက်ဥက္ကဋ္ဌက 7 Day News သို့ပြောသည်။

၎င်းအပြင် မန္တလေးမြို့ နန်းမြို့ပတ်လည် ကျုံးဘေးတွင် ညအချိန်တွင် စုံတွဲများကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှဆိုကာ မှတ်ပုံတင်စစ်ဆေးခြင်း၊ ငွေညှစ်ခြင်းများရှိသဖြင့် မိကောင်းဖခင်သားသမီးများအနေဖြင့် နန်းမြို့ကျုံးဘေး ည ၉ နာရီထက် ကျော်၍မနေသင့်ကြောင်း မြို့ခံတစ်ဦးကပြောသည်။

# နွားထိုးကြီးတွင် မြေအောက်ရေဖြင့် သီးနှံစမ်းသပ်စိုက်ပျိုး

ခင်ဇာမွန်မြင့်(ဥပဒေ)

**နွားထိုးကြီး၊ ဩဂုတ်- ၂၅**

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေရှားပါးမှုနှင့် တစ်မိုးလိုမှုကြောင့် မိုးဦးသီးနှံများ ဆုံးရှုံးနေရမှုအား မြေအောက်ရေဖြင့် သီးနှံစိုက်ပျိုးရေး စမ်းသပ်စီမံကိန်းကို နွားထိုးကြီးမြို့နယ်မှ ကွဲရာကျေးရွာတွင် ဧက ၈၀ ကျော်ဖြင့် သီးနှံသုံးမျိုးအကောင်အထည်ဖော်နေပြီဖြစ်သည်။

မိုးစပါး ၃၇ ဧကကျော်၊ ငွေချည် ၆ ဝါ၊ ၂၇ ဧကကျော်နှင့် ပဲတီစိမ်း ၁၆ ဧကကျော်ကို မြေအောက်ရေအား စက်ရေတွင်း ၉ တွင်းဖြင့် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်သည်။

မြေအောက်ရေကို စက်ရေတွင်း ၁၀၀ ဖြင့် မြင်းခြံခရိုင်ရေ အရင်းအမြစ်ဦးစီးဌာနက ယင်းလုပ်ငန်းကိုအကောင်အထည်ဖော်မည်ဖြစ်ရာ ပထမတွင်း ၂၀ ကို ခေတ်မီစက်ယန္တရားများဖြင့် လယ်ယာတွင်းတွင် တူးဖော်ပေးနေသည်။ ဧက ၅၀ စက်ရေတွင်း တစ်တွင်းကျွန်းနှင့် ၄ လက်မပိုက်စက်ရေတွင်း တစ်တွင်းလျှင် ကျပ်ငါးသိန်းအကုန်ခံ၍ အခမဲ့တူးဖော်ပေးခြင်းဖြစ်သည်ဟုဆိုသည်။




# လုပ်သက်ရင့်ရေယာဉ်မောင်းများဖြင့် ချင်းတွင်းအမြန်ရေယာဉ် ပြေးဆွဲမည်


ဓာတ်ပုံ- အောင်အောင်

ရန်နိုင်

**မုံရွာ၊ ဩဂုတ်- ၂၃**

ချင်းတွင်းရေကြောင်းသွား ခရီးသည်တင်အမြန်ရေယာဉ်များတွင် ရေယာဉ်မောင်းသက်တမ်း အနည်းဆုံးလေးနှစ်ရှိလုပ်သက်ရင့်ရေယာဉ်မောင်းများဖြင့်ရေယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ပြေးဆွဲမည်ဖြစ်ကြောင်းသိရသည်။

"ရေယာဉ်မောင်းလုပ်သက် အနည်းဆုံး လေးနှစ်ရှိသူတွေကို ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးက ဖွင့်လှစ်သင်ကြားပေးတဲ့ ရေယာဉ်အုပ်သင်တန်း၊စက်ခန်းအုပ်သင်တန်းတွေတက်ရောက်ခွင့်ပြုပြီး ရေယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ကျွမ်းကျင်ရေယာဉ်ဝန်ထမ်းတွေနဲ့ ပြေးဆွဲဖို့စီစဉ်ထားတယ်။ ဒီနှစ်အတွင်း သတ်မှတ်အရည်အချင်းပြည့်မီတဲ့ဝန်ထမ်းတွေ ရေယာဉ်အုပ်သင်တန်းစတက်နေပြီ။ နောင်နှစ်တွေမှာ ရေယာဉ်အုပ်သင်တန်းဆင်းတွေနဲ့ရေကြောင်း အန္တရာယ်ကင်းရှင်းစွာဖြင့် ခရီးသည်တွေလိုရာခရီးကိုပို့ဆောင်ပေးမှာဖြစ်တယ်"ဟု ချင်းတွင်းရေကြောင်းခရီးသည်တင်အမြန်ရေယာဉ်ကြီးကြပ်မှုကော်မတီတာဝန်ရှိသူတစ်ဦးကပြောသည်။

ချင်းတွင်းရေကြောင်းသွား ခရီးသည်တင်အမြန်ရေယာဉ်များတွင် ရွှေနဒီ၊ ငွေဇင်ဦး MGRG စသည့် ရေယာဉ်အသင်း ၃ သင်းတွင်ရေယာဉ် ၄၅ စီးပြေးဆွဲလျက်ရှိသည်။ မုံရွာ-ကလေးဝခရီးစဉ် တစ်နေ့တစ်စီး၊ မုံရွာ-ဟုမ္မလင်းခရီးစဉ်တစ်နေ့နှစ်စီး၊ မုံရွာ-ကလေးဝ နေ့ချင်းပြန်ခရီးစဉ် တစ်နေ့တစ်စီး ပြေးဆွဲလျက်ရှိပြီးခရီးသည် အနည်းအများပေါ်မူတည်၍ ခရီးစဉ် တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

မုံရွာ - ဟုမ္မလင်း၊ မုံရွာ-ကလေးဝခရီးစဉ်များကို မုံရွာဆိပ်ကမ်းမှ ယခင်နံနက် ၄ နာရီထွက်ခွာရာမှ ယခုနှစ်အတွင်း နံနက် ၄ နာရီခွဲမှ စတင်ထွက်ခွာကြောင်းသိရှိရသည်။

"ရေကြောင်း ခရီးစဉ်မှာ သင်္ဘောတွေထက်လည်းပိုမြန်တဲ့အတွက်အမြန်ရေယာဉ်တွေပိုစီးကြတယ်။ ရက်တိုတိုနဲ့လိုရာခရီးရောက်တဲ့အတွက် ခရီးစားရိတ်လည်းသက်သာတယ်။ ကုန်းလမ်းပွင့်ချိန်မှာတော့ အချို့ကကုန်လမ်းနဲ့ သွားတယ်။ ကုန်တင်သယ်ယူရောင်းချသူတွေနဲ့ ခရီးစရိတ်သက်သာလိုသူတွေကသင်္ဘောကိုစီးကြတယ်။ သင်္ဘောကအချိန်ယူစီးရတာဆိုတော့ စားစရိတ်တော့ပိုတက်တာပေ့ါ။ ဒါကြောင့် အချိန်သက်သာပြီး စားစရိတ်သက်သာတဲ့အမြန်ရေယာဉ်တွေစီးကြတယ်။ ရေကြောင်းမကျွမ်းကျင် တဲ့သူတွေကတော့ အမြန်ရေယာဉ်တွေမှာအရှိန်ပြင်းပြင်းမောင်းတဲ့အတွက် ရေကြောင်းအန္တရာယ်ကြောက်ကြတယ်။ အခုနောက်ပိုင်း အမြန်ရေယာဉ်တွေမှာရေကြောင်း အန္တရာယ်ကင်းဝေးစေရေးအတွက် ကျွမ်းကျင်ဝန်ထမ်းတွေနဲ့ ဝန်ဆောင်မှုပေးမယ်ဆိုတော့ခရီးသည်တွေ စိတ်ချလက်ချလိုရာခရီးသွားနိုင်တာပေ့ါ"ဟု ချင်းတွင်းမြစ်အထက်ပိုင်း ဟုမ္မလင်းဒေသခံတစ်ဦးကပြောသည်။

# ရင်းနှီးမြှုပ်နှံသူတို့ အာရုံစိုက်လာသည့် နေပြည်တော် အိမ်ခြံမြေဈေးကွက်

ထူးသန့်

**နေပြည်တော်၊ ဩဂုတ် - ၂၅**

လာမည့် ရွေးကောက်ပွဲအပြီး တက်လာမည့် အစိုးရသစ်လက်ထက်တွင် နိုင်ငံတော် သမ္မတ၏ တိုက်ရိုက် အုပ်ချုပ်မှုအောက်ရှိနေမည့် ပြည်ထောင်စုနယ်မြေဖြစ်သောနေပြည်တော်တွင် ယခု မိုးရာသီကာလအတွင်းအိမ်ခြံမြေအရောင်းဈေးကွက် လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့ပြီး၊ ဖြစ်ပေါ်ခဲ့သည့်အရောင်းအဝယ်များတွင် ရေရှည်၊ရေတိုကာလဖြင့် ရင်းနှီးမြှုပ်နှံသူများ၏ဝယ်ယူမှုပိုများကြောင်း ဒေသခံပြည်သူများနှင့် အကျိုးဆောင်များထံမှ စုံစမ်းသိရှိရသည်။

၂၀၀၆ ခုနှစ်ခန့်မှစ၍ လူစိတ်ဝင်စားခြင်း ခံခဲ့ရသော နေပြည်တော် အိမ်ခြံမြေဈေးကွက်မှာ ၂၀၀၇ ခုနှစ်အထိ အနည်းငယ်လှုပ်ရှားခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် အနည်ပြန်ထိုင်သွားခဲ့သည်။ ယခု ၂၀၁၀ ပြည့်နှစ်တွင်မှ ထွက်ပေါ်လာသော သတင်းများအရ ပြန်လည်အသက်ဝင်လာပြီး ဈေးကွက်တွင်လည်း အခြားဒေသများမှ ရင်းနှီးမြှုပ်နှံသူများပါ ဝင်ရောက်လာခဲ့ကြောင်း ဒေသခံအိမ်ခြံမြေအကျိုးဆောင်အချို့က ပြောဆိုကြသည်။

"နေပြည်တော်မှာ အားကစားပွဲတော်တွေ ကျင်းပမယ့် သတင်းရယ်၊ ကျောက်မျက်ပွဲတော်ကြီး နှစ်စဉ်ကျင်းပမယ်ဆိုတာရယ်၊ ရန်ကုန်နဲ့ မြန်နှုန်းမြင့် ရထားလမ်းဖောက်တော့မယ်ဆိုတဲ့ သတင်းတွေ ထွက်လာကတည်းကအိမ်ခြံမြေဈေးကွက် ပြန်လှုပ်လာတယ်လို့ ဆိုနိုင်ပါတယ်" ဟု နေပြည်တော်၏ မြို့သစ်တစ်ခုဖြစ်သော ဇမ္ဗူသီရိမြို့နယ် ကြာပင်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

ယခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အရောင်းအဝယ်များတွင် ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းအတွက်လည်းကောင်း၊ အခြေချနေထိုင်ရန် အတွက်လည်းကောင်း၊ ဝယ်ယူမှုများ ရှိသကဲ့သို့ ကာလရှည် ရင်းနှီးမြှုပ်နှံမှုအဖြစ် လိုက်လံဝယ်ယူနေသူများလည်း ရှိသည်။ အိမ်ပါသည့် ခြံများတွင် အိမ်ရှင်ကိုလအနည်းငယ်ခန့် အခမဲ့ဆက်လက်နေထိုင်ခွင့်ပြုကြပြီး၊ အိမ်ငှားရရန်အတွက် ယုံကြည်ရသူကို အပ်နှံမှုများလည်း ရှိနေကြောင်း ၎င်းကပင် ဆက်လက်ပြောဆိုသည်။ နေပြည်တော် မြို့တော်၏ မြို့လယ်အချက်အချာ ဧရိယာနှင့် ဆက်စပ်နေသည့် အဆိုပါ ရပ်ကွက်သစ်တွင် ရန်ကုန်နှင့် အခြားဒေသများမှ ကျောက်မျက်ကုမ္ပဏီများမှလည်း လာရောက်စူးစမ်းဝယ်ယူမှု အချို့ရှိခဲ့ကြောင်း၊ လက်ရှိပေါက်ဈေးမှာ ကျပ်သိန်း ၂၀၀၊ ၃၀၀ ဝန်းကျင်ခန့်ရှိပြီး လမ်းနှင့် မြေကွက် မျက်နှာမူရာ အချက်အလက်များကို မူတည်၍ အနည်းငယ် ကွာခြားမှုရှိသည်။ ရောင်းချသူများမှာ ယခင်က လယ်ယာလုပ်ငန်း လုပ်ကိုင်ခဲ့ကြသူများဖြစ်ပြီး ၎င်းတို့အနေဖြင့် အခြားလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ နေရာပြောင်းပြီး လယ်ယာလုပ်ကိုင်ခြင်းများ ပြုလုပ်နေကြောင်းလည်း သိရှိရသည်။

ယခင်က မြို့တော်ခန်းမ၏ လက်ဝဲဘက်ကပ်လျက်ရှိ ကျောက်စောင်အိုင် ကျေးရွာတွင် နေထိုင်ခဲ့သည့်ကိုထွန်းဝင်းက "အဲဒီအချိန်တုန်းကတော့ စိတ်မကောင်းဖြစ်မိတာပေါ့ဗျာ။ အခုတော့ အေးဆေးပေါ့။ တချို့ဆိုရင် ထီပေါက်တယ်လို့တောင်ပြောနိုင်တယ်။ ရွာကိုရောက်လာတာ ဘယ်လောက်မှ မကြာသေးဘူး။ တစ်ချက်ကလေးနဲ့သိန်း ၂၀၀၊ ၃၀၀ လောက်ရသွားတယ်" ဟူ၍ ၎င်းတို့၏ အခြေအနေကို ပြောကြားခဲ့ခြင်း ဖြစ်သည်။နောက်ထပ် အရောင်းအဝယ်လှုပ်ရှားလျက်ရှိသည့် ဒေသမှာနေပြည်တော်၏ မူရင်းမြို့တစ်ခုဖြစ်သော ပျဉ်းမနားမြို့ပင်ဖြစ်သည်။ အရောင်းအဝယ် ဖြစ်ထွန်းမှုများပြားသည့် နေရာမှာ မြို့၏ မြောက်ဘက်ပိုင်းဟုဆိုသော ရာဇဌာနီလမ်းမကြီး၏ တစ်ဖက်တစ်ချက်စီတွင် ဖြစ်သည်။ ယင်းဧရိယာတွင် နာမည်ကျော် အထပ်မြင့်မိုတယ်တစ်ခု ဖွင့်လှစ်ထားပြီး အခြားအင်အားကြီး စီးပွားရေးလုပ်ငန်းများ၊ ဝန်ထမ်းအကြီးအကဲများသာ ဝယ်ယူပိုင်ဆိုင်နိုင်ကြောင်း အကျိုးဆောင်တစ်ဦးက ဆိုသည်။

အများပြည်သူ ကူးသန်းသွားလာရေးတွင်အခြေခံအကျဆုံးဖြစ်သော အဝေးပြေးမော်တော်ယာဉ်များ ရပ်နားရာ ဘောဂသီရိယာဉ်ရပ်နားစခန်းမှ နေပြည်တော်အစိုးရရုံးများ၊ ဝန်ထမ်းအိမ်ရာများသို့ထွက်ရပ်ပေါက် လမ်းမကြီးအဖြစ်တည်ရှိသည့် ယင်းရာဇဌာနီလမ်းမကြီးဘေးမှ မြေကွက်များနှင့်ပတ်သက်ပြီး "ခင်ဗျားမှာငါးရာလောက်မှ မထုတ်နိုင်ရင် ဒီလမ်းဘေးမှာ အဆင်မပြေနိုင်ဘူး" ဟု လပိုင်းအတွင်းကမှ အဆိုပါဝန်းကျင်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သူတစ်ဦးက ပြောကြားသည်။

နေပြည်တော် ပျဉ်းမနားမြို့လယ်တွင်လည်း ယခုနှစ်အတွင်း အရောင်းအဝယ်အချို့ ရှိခဲ့ပြီး ဗိုလ်တောက်ထိန်လမ်းမကြီးရှိ ခြံတစ်ခြံနှင့် နာမည်ကျော် ရှမ်းကန်ဘေးရှိခြံများဖြစ်ကာ ယင်းခြံများ၏အရောင်းအဝယ်ဖြစ်သည့်တန်ဖိုးမှာကျပ်သိန်းထောင်ဂဏန်းကျော်သွားခဲ့ကြောင်း၊ မြို့ဆင်ခြေဖုံးဒေသများ မှကျပ်သိန်း ၅၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သောမြေကွက်များမှာမူ သုံးလေးနှစ်သာကြာမြင့်လာခဲ့သော်လည်းပြောင်းလဲမှုမရှိသေးကြောင်းလည်း ဆက်လက်စုံစမ်းသိရှိရသည်။

နေပြည်တော် အိမ်ခြံမြေဈေးကွက်တွင် ရင်းနှီးမြှုပ်နှံသူများအတွက် ပုံမှန်အကျိုးအမြတ်ရရှိနိုင်သော ငွေပြန်ဖော်ရာတွင်လည်း အခြားနေရာများထက် ပို၍အဆင်ပြေနိုင်သော နေရာမှာ နာမည်ကျော်ပေါင်းလောင်း တိုးချဲ့ရပ်ကွက်များပင် ဖြစ်ကြောင်း ဒေသခံကိုဇော်လင်းကလည်း ဆိုသည်။ "စွန့်လည်းမစွန့်စားချင်ဘူး။ မတရားအကျိုးအမြတ်လည်း မလိုချင်ဘူး။ ကိုယ်ရောင်းချင်တဲ့ အချိန်မှာ အလွယ်တကူ ရောင်းတဲ့စေချင်တယ်ဆိုရင်တော့ ဒီမှာသာဝယ်" ဟူ၍ကိုယ်တိုင်လည်း နေရာလေးခုခန့် ရွှေ့ပြောင်းရောင်းချနေထိုင်သည့် ၎င်းက အကြံပြုပြောကြားသည်။

အဆိုပါ ရပ်ကွက်များ၏ တစ်ခုတည်းသော ဆွဲဆောင်မှုများမှာ စားသောက်ဆိုင်များ၊ ကေတီဗီများကဲ့သို့သော ဝန်ဆောင်မှုပေးသည့် ဖျော်ဖြေရေးလုပ်ငန်းများ အများစုရှိနေခြင်း ဖြစ်သည့် ငွေကြေးတတ်နိုင်သူများ မျက်စိကျရာ ရပ်ဝန်းတစ်ခုအဖြစ်တည်ရှိနေကာ ယင်းရပ်ဝန်းအတွင်းမှ မြေကွက်များသည်လည်း ငါးပွက်ရာငါးစာချလိုသည့် ရင်းနှီးမြှုပ်နှံသူများအတွက်စိတ်ဝင်စားဖွယ်ရာ ဖြစ်လာခဲ့ကြောင်း အကျိုးဆောင်အချို့ကဆိုသည်။

မျက်မှောက်ခေတ် နိုင်ငံရေး၊ စီးပွားရေး အခြေအနေအရ ငွေကြေးရင်းနှီးမြှုပ်နှံလိုသူများ အတွက် ရွှေပြီးလျှင် ဒုတိယစိတ်အဝင်စားဆုံးမှာ အိမ်ခြံမြေဘက်တွင်တိမ်းညွှတ်လျက်ရှိရာလာမည့် ကာလများတွင်လည်း ရန်ကုန်နှင့် မန္တလေးကဲ့သို့သော ဒေသများမှ ပါလာရောက်လိမ့်မည်ဟု ယူဆလျက်ရှိပြီး အကျိုးဆောင်လုပ်ငန်းကို အင်အားကြီးကြီးမားမားဖြင့် လုပ်ဆောင်သွားရန် စီစဉ်နေသူအချို့လည်းရှိနေကြောင်း သိရသည်။ "ကျွန်တော်ဒီမှာနောက်ထပ်ဘာလုပ်ငန်း ဆက်လက်တိုးချဲ့မလဲ စဉ်းစားကြည့်မိတယ်။ ကျွန်တော်မြင်တာကတော့ အိမ်ခြံမြေအကျိုးဆောင်ပဲ။တစ်ခုကိုလည်း အလုပ်ဖြစ်နေတဲ့ သူတွေရှိနေတယ်။ အဲဒါကြောင့် လာမယ့်ပွင့်လင်းရာသီအစမှ စလုပ်ဖို့စီစဉ်ထားတယ်" ဟု လက်ရှိတွင် ဓာတ်ပုံလုပ်ငန်းဖြင့် အထိုက်အလျောက် အောင်မြင်နေသော လူငယ် စီးပွားရေးသမားတစ်ဦးက သုံးသပ်ပြောကြားသည်။



*နေပြည်တော် သပြေကုန်းဈေးမြင်ကွင်း။*
*ဓာတ်ပုံ-အောင်အောင်*

နေပြည်တော်ကို ယခင်က မူရင်းမြို့နယ် သုံးခုနှင့် နေပြည်တော်မြို့နယ်ဟူ၍ ဖွဲ့စည်းခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်၊ မတ်လမှ စတင်၍ နေပြည်တော်မြို့နယ်အစား ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်ဟူ၍ မြို့နယ် ၅ ခုဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအချိန်တွင် မြို့နယ် ၈ ခုပါဝင်သည့် နေပြည်တော်ခရိုင်အဖြစ် ဖွဲ့စည်းထားခဲ့ပြီးဖြစ်သည်။

မြို့သစ်ငါးမြို့နယ် အနက် ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များတွင် လူနေရပ်ကွက်ကြီးများ ဖော်ထုတ်ကာအများပြည်သူနှင့် အစိုးရဝန်ထမ်းများသို့ မြေကွက်များ ရောင်းချပေးခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်တွင် ပါဝင်သော သာယာကုန်း၊ ကြာပင်ကဲ့သို့ ရပ်ကွက်ကြီးများတွင်မူ နေပြည်တော် ဖွံ့ဖြိုးရေး စီမံကိန်းဧရိယာများနှင့် မလွတ်ကင်းသည့် ဒေသခံများသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရှိရသည်။

နေပြည်တော် ပျဉ်းမနားမြို့၏တောင်ဘက်ပိုင်းတွင် ပါဝင်သောရပ်ကွက် တစ်ခုမှ ကားလမ်းဘေးမြေတစ်နေရာကို သိန်းရာဂဏန်း ကြီးကြီးဖြင့် ၂၀၀၆ ခုနှစ်ကဝယ်ယူထားသည့် မော်လမြိုင်မြို့မှ စီးပွားရေးသမားတစ်ဦးကမူ "ကံမကောင်းပါဘူးဗျာ။ တွက်ကိန်းလွဲသလို ဖြစ်သွားတယ်" ဟု ပြောဆိုခဲ့သည်။ နေပြည်တော် အိမ်ခြံမြေ ဈေးကွက်မှာ အလားအလာကောင်းသည့် အခြေအနေတွင်ရှိနေသော်လည်း တစ်နေရာနှင့်တစ်နေရာတွင် မတူညီသည့် အခြေအနေများ ရှိနေသည့်အတွက်ဈေးကွက်ကို ကောင်းခြင်း၊ မကောင်းခြင်းဟူ၍ ပြောနိုင်ရန် ခက်ခဲနေသေးကြောင်း အကျိုးဆောင်များနှင့် ကျွမ်းကျင်သူများ ကသုံးသပ်ပြောဆိုကြသည်။

**သဇင်**
Body Beauty အမျိုးသမီးများအတွက်
လိုအပ်သလို ခန္ဓာသားပြုပြင်ခြင်း၊ အမျိုးသား
အမျိုးသမီး အရပ်ရှည်စက်၊ အဆီချပေးခြင်း။
မျက်ဝန်းတစ်ဝိုက်အရေအကြောင်းများကို
သုံးရက်အတွင်း သိသာစေခြင်း။
၃၅-ဘီ၊ ... သာသလမ်းသစ်၊ ၄-ရွာ
ဖုန်း - ၀၉၅၁ ၅၁၀၄၅၊ ၀၁-၇၃၀ ၂၄၆၆၅

**ဝန်ထမ်းအမြန်အလိုရှိသည်**
**ဆောက်လုပ်ရေးကုမ္ပဏီတွင် ခန့်ထားရန်**
-Structural Engineer (B.E -civil) ၁ ဦး
-Q.C Engineer (B.E- civil) ၁ ဦး
လုပ်သက်အတွေ့အကြုံအနည်းဆုံး (၁၀) နှစ်ရှိရမည်။
ကိုယ်ရေးရာဇဝင်အပြည့်အစုံဖြင့် အမြန်ဆုံးဆက်သွယ်
လျှောက်ထားနိုင်ပါသည်။
ဖုန်း- ၀၉-၅၂၀၂၈၆၂ ၀၉-၅၅၁၁၁၀၀၀၊ ၀၉-၅၅၀၂၀၀၀

**Job Vacancy**
EZY Trading Company Limited. (Room No.703, 7th Floor, Excel Treasure Tower, Shwegonedine, Bahan Township, Yangon
1. Admin Manager Male (2) Posts
2. Site Engineer (စီမံကိန်းလုပ်ငန်း) Male (2) Posts
3. Site Supervisor (စီမံကိန်းလုပ်ငန်း) Male (3) Posts
4. Customer Service Officer Female (5) Posts

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# မန္တလေးမြို့တွင် သက်တမ်းလွန်ဆေးဝါးနှင့်စားသောက်ကုန်အမျိုးမျိုးမီးရှို့ဖျက်ဆီး

စိုင်းသာအောင်

**မန္တလေး၊ ဩဂုတ် - ၂၈**

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနယ်မြေအတွင်းရှိ ပြည်သူများ စားသုံးရန် မသင့်တော်သော ရက်လွန်စားသောက်ကုန်ပစ္စည်းများ၊ သက်တမ်းလွန် ဆေးဝါးပစ္စည်းများ၊ တားမြစ်ဆိုးဆေးများ ပါဝင်သည့် လက်ဖက် အပါအဝင် ကျပ်သိန်း ၆၂၀တန်ဖိုးရှိစုစုပေါင်းပစ္စည်း မျိုးစုံတို့ကို ဩဂုတ် ၂၅ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မြို့တော်စည်ပင်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက 7Day News သို့ ပြောသည်။

ယင်းနေ့က မီးရှို့ဖျက်ဆီးခဲ့သည့် သုံးစွဲရန် မသင့်ဟုသတ်မှတ်ထားသော သက်တမ်းလွန်ဆေးဝါး အမျိုးမျိုးမှာ တိုင်းဒေသကြီးကျန်းမာရေး ဦးစီးဌာနမှ ဆေးဝါးမျိုးစုံ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ ကြွပ်ကြွပ်အိတ်မျိုးစုံ ၆၄၇ ပိဿာ တားမြစ်ဆိုးဆေးပါ လက်ဖက်များ သက်တမ်းလွန်ပစ္စည်းများကို မြေမြှုပ်မီးရှို့ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း မန်းစည်ပင်သန့်ရှင်းရေးဌာန ဌာနမှူးဦးတင်ထွန်းကျော်ကအတည်ပြုပြောကြားသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (မြန်မာပြည်အထက်ပိုင်း) မှတာဝန်ခံဆရာဝန် ဒေါက်တာထွန်းဇော်က မန္တလေးမှာတားမြစ်ဆိုးဆေးများ ပါဝင်သည့် လက်ဖက်များ ဈေးကွက်တွင်ရှိနေသေးကြောင်း၊ မိမိတို့ ဌာနအနေဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် စားသောက်ကုန်ပစ္စည်းများကို ဈေးကွက်မှ ရယူပြီးတားမြစ်ဆိုးဆေးများ၊ ဓာတုပစ္စည်းများပါ၊ မပါ ဆက်လက် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ အလားတူ သက်တမ်းလွန်ဆေးဝါးများ၊ ဆေးဝါးအတုများကိုလည်း ဈေးကွက်တွင် ကွင်းဆင်းစစ်ဆေးပြီး အများပြည်သူ ကျန်းမာရေးနှင့် အများပြည်သူ အကျိုးအတွက်ဆေးဝါး အတုလုပ်သူများ၊ မိမိကိုယ်ကျိုး စီးပွားရေးအတွက် အစားအသောက်များတွင် တားမြစ်ဆေး သုံးစွဲသူ လုပ်ငန်းများအားလိုင်စင် ပိတ်သိမ်းအရေးယူမည့်အပြင် ဥပဒေအရပါ အရေးယူဆောင်ရွက်သွားနိုင်ရေး မြို့တော်စည်ပင် သန့်ရှင်းရေးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း တောင်တွင်းကြီးမြို့နယ်၌ဖွင့်

မင်းနဂါး (တောင်တွင်းကြီး)

**တောင်တွင်းကြီး၊ ဩဂုတ်-၂၄**

တောင်တွင်းကြီးမြို့နယ်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသောရွေးကောက်ပွဲဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ မဲရုံမှူး၊ ဒုမဲရုံမှူးများ လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၂၄ ရက် နံနက် ၈း၃၀ နာရီက မြို့နယ်ခန်းမ၌ကျင်းပခဲ့သည်။ ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်ဒုတိယရဲမှူးသောင်းခင်ကအဖွင့်အမှာစကားကို ပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သာက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူးများ စုံညီစွာတက်ရောက်ကြပြီး သင်တန်းကာလမှာ ၃ ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

# ငါးဖမ်းကွက်များမှ ငါး၊ ပုစွန်များကို လွတ်လပ်စွာ ရောင်းချနိုင်သော်လည်း ပြည်တွင်း ဈေးကွက်၌သာ ရောင်းချသင့်

မောင်ကံ

**မောင်တော၊ ဩဂုတ် - ၂၅**

ရေလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေသည့်ရခိုင်ကမ်းရိုးတန်းဒေသတွင် ငါး၊ ပုစွန်ဖမ်းဆီးခွင့်ကို သက်ဆိုင်ရာ ငါးဖမ်းကွက်များအလိုက် သတ်မှတ်ဖမ်းဆီးခွင့်ပြုထားရာငါးဖမ်းကွက်များမှ ဖမ်းဆီးရမိသည့်ငါးများကိုမိမိနှစ်သက်ရာဈေးကွက်တွင်လွတ်လပ်စွာရောင်းချနိုင်သော်လည်း ပြည်တွင်းဈေးကွက်၌သာ ရောင်းချသင့်ကြောင်း စီးပွားရေးသုံးသပ်သူများကပြောသည်။

အထူးသဖြင့်နယ်ခြားမြစ်များ အတွင်းငါး၊ပုစွန်ဖမ်းဆီးနေကြသည့် ငါးဖမ်းလှေများမှာပြည်တွင်း ဈေးကွက်တွင်တင်ပို့ရောင်းချခြင်းထက်တစ်ဖက်နိုင်ငံမှ မြစ်အတွင်း လာရောက်ဝယ်ယူသူများကို ရောင်းချမှုများရှိနေခြင်းကြောင့် ပြည်တွင်းဈေးကွက်၌ ငါး၊ ပုစွန်များရှားပါးကာဈေးနှုန်းမြင့်မားမှုဖြစ်ပေါ်နေကြောင်း သိရသည်။

“ပြည်တွင်း ငါးဖမ်းနေရာတွေက ဖမ်းဆီးရမိလာတဲ့ငါး၊ ပုစွန်တွေကိုတစ်ဖက်နိုင်ငံက လာရောက်ဝယ်ယူတဲ့ငါးကုန်သည်တွေကိုမရောင်းဘဲ ဒေသတွင်းကို သယ်လာပြီးနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအတိုင်း တင်ပို့မယ်ဆိုရင် မြစ်ထဲမှာ ရောင်းတဲ့ဈေးထက်လည်းဈေးကောင်းရနိုင်သလိုနိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေပိုမိုရမှာဖြစ်ပါတယ်” ဟု ဒေသတွင်း စီးပွားရေးသုံးသပ်သူတစ်ဦးက ပြောသည်။

# တောင်ပြုံးတွင် ယာဉ်များပေါ်မှပိုက်ဆံကြဲချခြင်း တားမြစ်ထားသော်လည်း လိုက်နာမှုအားနည်း



တောင်ပြုံးသို့သွားရာလမ်းတွင် ကားပေါ်မှပစ်ချခဲ့သောပိုက်ဆံများအား ကလေးငယ်များအလုအယက်ကောက်နေစဉ်။ **ဓာတ်ပုံ– ဝေယံ**

ဝေယံ

**ရန်ကုန်၊ ဩဂုတ်-၂၅**

တောင်ပြုံးမင်းနှစ်ပါး ပွဲတော်တွင် ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ပိုက်ဆံတောင်းခံသူများအားယာဉ်ပေါ်မှ ပိုက်ဆံစွန့်ကြဲခြင်းများကို တရားဝင်တားမြစ်ထားသော်လည်း လိုက်နာမှုမရှိကြကြောင်းသိရသည်။

“ကားပေါ်ကနေပိုက်ဆံမကြဲဖို့ ဆိုင်းဘုတ်နဲ့ အသိပေးတားထားတယ်။ ဒါပေမဲ့ ဓလေ့လိုလည်းဖြစ်နေ၊ တားပေမယ့်လည်း စနစ်တကျအရေးယူတာမရှိဆိုတော့ ကြဲနေကြတာပဲ ” ဟု တောင်ပြုံးမြို့ခံတစ်ဦးကဆိုသည်။

တောင်ပြုံးမင်းနှစ်ပါးပွဲတော်သွားရာလမ်းတစ်လျှောက်တွင်မန္တလေးမြို့အထွက်မှစတင်၍ ကလေးငယ်များမှာ ပိုက်ဆံကြဲချရန် တောင်းခံလျက်ရှိပြီး ကားများပေါ်မှ ပိုက်ဆံကြဲပါက လိုက်လံကောက်ယူကြသဖြင့် နောက်မှ မောင်းနှင်လာသော ကားသမားအတွက် ယာဉ်တိုက်မှု ဖြစ်စေနိုင်သည်။ ထိုသို့ ပိုက်ဆံကြဲချမှုတို့ကြောင့်ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းတွင် ကလေးငယ်တစ်ဦးအား ဆိုင်ကယ်ဖြင့် တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပိုက်ဆံကြဲချခြင်းအတွက် တားမြစ်ချက်များကို ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးနှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ ထုတ်ပြန်ထားခြင်းဖြစ်ကြောင်းသိရသည်။

HAPPY RAT KILLER




မွန်မြတ်ဆေးခန်း

(Urticaria) (Psoriasis) (Eczema)

ဆေးခန်းဖွင့်ချိန်- နံနက်(၉)နာရီမှ ညနေ (၆)နာရီအထိ

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊

LIANG SHI CO.,LTD
FUTURE NEW ENERGY DEVELOPMENT CO.,LTD



Solar Power

# Education

7DAY NEWS JOURNAL

Vol.9, No.24 · SEPTEMBER 2, 2010


## တက္ကသိုလ်ဝင်တန်းထူးချွန်အောင်မြင်သည့် မန္တလေးတိုင်းဒေသကြီးရှိ ကျောင်းသားများအတွက် အတိုးနှုန်းမဲ့ချေးငွေအစီအစဉ်ရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် – ၂၄**

၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ပြီး ငွေကြေးလိုအပ်ချက်ရှိသောမန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသားများအတွက် ချေးငွေအစီအစဉ် စတင်ဆောင်ရွက်မည်ဟု အဆိုပါအစီအစဉ်ဆောင်ရွက်သူ ကိုမင်းမင်းထွန်းကပြောသည်။

တက္ကသိုလ်ပညာသင်ထောက်ပံ့ချေးငွေအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မှတ် ၄၆၅ မှတ်နှင့်အထက်ရှိသော မန္တလေးတိုင်း ဒေသကြီးအတွင်းရှိကျောင်းသားများ စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်သည်။

"၂၀၀၈ တုန်းက စပေးတာပါ။ ညောင်ဦးမြို့ အထက်တန်းကျောင်းက ကျောင်းသားဆယ်ဦးကိုပေးတယ်။ နောက်နှစ်မှာ ညောင်ဦးမြို့နယ်က ကျောင်းသားနှစ်ဆယ်ကိုပေးတယ်။ ဒီနှစ်တော့ ထူးချွန်တဲ့ ကျောင်းသားတွေကိုပိုရွေးချင်လို့ မန္တလေးတိုင်းဒေသကြီးက ကျောင်းသားတွေကိုပဲ လျှောက်ဖို့ခေါ်တာပါ"ဟု ကိုမင်းမင်းထွန်းကပြောသည်။

ပညာသင်ချေးငွေအတွက် တစ်လလျှင်ကျပ်ငါးသောင်းမှ ခုနစ်သောင်းထုတ်ချေးလျက်ရှိပြီး၊ ကျောင်းပညာပြီးဆုံး၍ ခြောက်လကြာမြင့်ပါက မိမိလစဉ်ချေးငွေ ရယူခဲ့သော ပမာဏအတိုင်းလစဉ်ပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း ချေးငွေအတွက် အတိုးနှုန်းမရှိကြောင်း ကိုမင်းမင်းထွန်းက ပြောသည်။

အထက်ပါ ပညာသင်ချေးငွေအတွက် နိုဝင်ဘာလအတွင်း ကျောင်းသားအယောက် ၄၀ ကို အင်တာဗျူးခေါ်ယူ၍ ကျောင်းသားအယောက် ၂၀ ဦးရွေးချယ်မည်ဖြစ်ပြီး ဆက်သွယ်ရန် ညောင်ဦးမြို့နယ် ဖုန်း-၀၆၁ ၆၀၄၀၁၊ ၀၉၂၀၄၂၇၁၆ နှင့် အီးမေးလ် min.mmt7@gmail.com သို့ စုံစမ်းမေးမြန်းနိုင်သည်။

## နိုင်ငံတကာ ကျောင်းများ၏ ပညာရေးဟောပြောပွဲများ လျော့နည်းလာ

**နေလင်းထွန်း**

**ရန်ကုန်၊ သဂုတ် – ၂၅**



နိုင်ငံတကာ တက္ကသိုလ်၊ ကောလိပ်ကျောင်းများမှ တာဝန်ရှိသူများ လာရောက်ဟောပြောသည့်ပညာရေးဟောပြောပွဲများ လျော့နည်းလာလျက်ရှိကြောင်း ပညာရေးလေ့လာသူများကပြောသည်။

ယခင်က ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်နှင့် ပါ့ခ်ရွိုင်ရယ်ဟိုတယ်ကဲ့သို့သော နေရာများတွင် အပတ်စဉ် ပညာရေးဟောပြောပွဲများရှိနေတတ်သော်လည်း ယခု နည်းပါးသွားကြောင်း သိရသည်။

"ပညာရေးဟောပြောပွဲတွေ တော်တော် နည်းသွားတယ်။ အရင်က ဟိုတယ်မှာ စနေ၊ တနင်္ဂနွေနေ့တွေဆိုရင် အခန်းရဖို့မလွယ်ဘူး။ အခု ဟိုဘက်ကကျောင်းတွေလည်း သိပ်မလာဘူး"ဟု ပညာရေးကျောင်းတစ်ခုမှ တာဝန်ရှိသူက ပြောသည်။

လက်ရှိအချိန်တွင် ပြည်တွင်းရှိ ပညာရေးဝန်ဆောင်မှု ကုမ္ပဏီများသည် ပညာရေးဟောပြောပွဲများကို ဟိုတယ်များတွင် မပြုလုပ်တော့ဘဲ မိမိတို့၏ ရုံးခန်းများတွင်သာ ပြုလုပ်လာကြကြောင်း သိရသည်။

"ဟိုတယ်မှာလုပ်တာက ကုန်ကျစရိတ်ရှိတော့ ကျောင်းသားမရရင် မကိုက်ဘူး။ နောက်ပိုင်းပညာရေး ဟောပြောပွဲဆိုရင် ကျောင်းသား သိပ်မလာတော့တာလည်းရှိတယ်"ဟု ပညာရေးကျွမ်းကျင်သူတစ်ဦးက ပြောသည်။

ထို့အပြင် ဗြိတိသျှကောင်စီ(မြန်မာ)ကဦးစီး၍ နှစ်စဉ်ကျင်းပလေ့ရှိသော ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် ပြည်တွင်းပညာရေးဝန်ဆောင်မှုကုမ္ပဏီတို့ပါဝင်ပြသသည့် ပညာရေးပြပွဲကိုလည်း ယခုနှစ်ကျင်းပခြင်း မရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာရှိ ကျောင်းများမှ ပညာရေးဟောပြောပွဲများ လာရောက်ပြုလုပ်လျက်ရှိရာ စင်ကာပူနိုင်ငံမှ ပုဂ္ဂလိကကျောင်းများ၏ ဟောပြောပွဲများမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

## TOEFL အစမ်းစာမေးပွဲဖြေဆိုနိုင်

**ရန်ကုန်၊ ဩဂုတ် – ၂၇**

အင်္ဂလိပ်ဘာသာ စကားအရည်အသွေးစစ် စာမေးပွဲတစ်ခုဖြစ်သော TOEFL ဖြေဆိုမည့် ကျောင်းသားများအနေဖြင့် အမေရိကန်စင်တာတွင် အစမ်းစာမေးပွဲဖြေဆိုနိုင်ကြောင်း သိရသည်။ ကျောင်းသားများသည် စာမေးပွဲကြေးကျပ်တစ်ထောင်ပေးသွင်း၍ အပတ်စဉ်စနေနေ့၌ နေ့လယ် ၁နာရီမှ၃နာရီခွဲအချိန်တွင် ဖြေဆိုနိုင်ကြောင်း သိရသည်။

## ဘူမိအသင်း၏ ပညာရပ်ဆိုင်ရာ ဟောပြောပွဲ

**ရန်ကုန်၊ ဩဂုတ် – ၂၇**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို စက်တင်ဘာ ၄ရက်၊ နေ့လယ် ၁ နာရီမှစတင်၍ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အဦ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က Energy to 2035 and Beyond ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myanmar Geologists Society Singapore မှ Patron ဒေါက်တာဝင်းနိုင်က Seismotectonics of Myanmar and Geotechnical Foundation ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူများတက်ရောက်နိုင်ကြောင်း သိရသည်။

## ထိုင်းတက္ကသိုလ်သုံးခုသို့ လေ့လာရေးခရီးစဉ်

**ရန်ကုန်၊ ဩဂုတ် – ၂၈**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ တက္ကသိုလ်သုံးခုသို့ ပညာရေးခရီးစဉ်သွားရောက်မည်ဖြစ်ကြောင်း မြေနီကုန်း၊မနေလှိုင်တာဝါရှိ OESC ပညာရေးဝန်ဆောင်မှုမှ သိရသည်။ ၅ရက်ကြာမြင့်မည့် ခရီးစဉ်အတွက် ကျောင်းသားနှင့် မိဘများလိုက်ပါနိုင်ပြီး အောက်တိုဘာတွင် ထွက်ခွာမည်ဟုသိရသည်။

## လုပ်သက်အတွေ့အကြုံရှိ ဥပဒေဘွဲ့ရများ စီးပွားရေးဥပဒေမဟာဘွဲ့ လျှောက်နိုင်

သီဟ

**ရန်ကုန်၊ဩဂုတ် – ၂၅**

လုပ်သက်သုံးနှစ် အတွေ့အကြုံရှိ ဥပဒေဘွဲ့ရများအင်္ဂလန်နိုင်ငံရှိ Landon School of Business and Finance တွင် Bradford University မှချီးမြှင့်သည့်နိုင်ငံတ ကာစီးပွားရေး ဥပဒေမဟာဘွဲ့ LL.M(International Business Lawကို တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါမဟာဘွဲ့သင်တန်းသည် အချိန်ပြည့်တစ်နှစ်သင်တန်းဖြစ်ပြီး အပိုင်းလေးပိုင်းတက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ အပိုင်း ၁ Certificate in International Business law တွင် International Trade Law, International Competition Law,Cooperate Govermance တို့ကိုသင်ကြားရမည်ဖြစ်ပြီး အပိုင်း ၂ Diploma in International Business Law တွင် Researching International Business,Elective Module 1 & 2 တို့ပါဝင်သည်။


အပိုင်း ၃ နှင့် ၄ LL.M in International Business Law တွင် Management Research Methodology နှင့် Final Project တို့ကိုပြုလုပ်ရမည်ဖြစ်ကြောင်းသိရသည်။

ယင်းမဟာဘွဲ့သင်တန်း တက်ရောက်ရန်အတွက် တက္ကသိုလ်တစ်ခုခုမှ ဥပဒေဘွဲ့ရရှိထားရမည်ဖြစ်ပြီး ဘာသာစကားကျွမ်းကျင်မှုအနေဖြင့် IELTS 6.5 သို့မဟုတ် TOEFl 550 ရှိရမည်ဖြစ်ကြောင်း သိရသည်။

GMAT 550 ရရှိထားသူများနှင့်လုပ်ငန်းအတွေ့အကြုံသုံးနှစ် အထက်ရှိသူများသည် ဝင်ခွင့်ရရှိရန်ပိုမိုအထောက်အကူဖြစ်မည်ဟု သိရသည်။







7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

## ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ပညာသင်ဆု လျှောက်ထားနိုင်

**ရန်ကုန်၊ ဩဂုတ် - ၂၅**

ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသားများအတွက် ပြည်သူ့ကျန်းမာရေး ပညာမဟာဘွဲ့ (MPH)ပညာသင်ဆုအစီအစဉ်ကို စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ James & Grant School of Public Health (BRAC University) တွင် တစ်နှစ်တက်ရောက်ပညာသင်ယူရမည့် အဆိုပါ ပညာသင်ဆုအတွက် အင်တာဗျူးကို အောက်တိုဘာ ၁၅ရက်၌ ပြုလုပ်မည်ဖြစ်ပြီး နိုဝင်ဘာ၁၅ ရက်တွင် ပညာသင်ဆုရရှိသူကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ပညာသင်ဆုရရှိသောကျောင်းသားများသည် ၂၀၁၁ဇန်နဝါရီတွင် ကျောင်းစတင်တက်ရောက်ရမည်ဖြစ်ပြီး ၂၀၁၂ဇန်နဝါရီလတွင် သင်တန်းပြီးဆုံးမည်ဟု သိရသည်။

ပညာသင်ဆုလျှောက်ထားလိုသော ကျောင်းသားများအနေဖြင့် အသေးစိတ် အချက်အလက်များကို အထက်ပါ တက္ကသိုလ်ကျောင်းဝက်ဘ်ဆိုက်ဖြစ်သော www.bracu.ac.bd တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

## James Cook တွင် ကွန်ပျူတာနည်းပညာဆိုင်ရာဘာသာရပ်သစ်တစ်ခုတိုး

သီဟ

**ရန်ကုန်၊ဩဂုတ် - ၂၅**

ဩစတြေးလျအစိုးရအထောက်အပံ့ ရရှိထားသော James Cook University,Australia ၏ Singapore Campus တွင် ကွန်ပျူတာနည်းပညာဆိုင်ရာ Interactive Technologies and Game Design ဘာသာရပ် အသစ်အား ယခုနှစ်အောက်တိုဘာလမှ စတင်တက်ရောက်နိုင်ပြီ ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဘာသာရပ်ကိုသင်ကြားမည့်ကျောင်းသားကျောင်းသူများသည် Animation and Simulation Technologies ဘာသာရပ်များ၊ Technological and Software Engineering ဘာသာရပ်များနှင့် Interactive နည်းပညာများကို သင်ယူကြရမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းပြီးဆုံးပါက စင်ကာပူ၊ ဩစတြေးလျ စသည့်နိုင်ငံများတွင် ကွန်ပျူတာပညာရှင်များအဖြစ်အသက်မွေးလုပ်ကိုင်နိုင်ကြောင်း သိရသည်။

**Certificate Course for Mass Communication (E-401/5)**

[illegible]

Myanmar Egress Office

[illegible]

## နိုဝင်ဘာတွင် လာစစ်မည့် ပိုလီကျောင်းအချို့၏ ကျောင်းဝင်ခွင့်စာမေးပွဲ ကျင်းပချိန် အပြောင်းအလဲရှိနိုင်



**နေလင်းထွန်း**

ရန်ကုန်၊ သဂုတ်-၂၅

နှစ်စဉ် နိုဝင်ဘာလအတွင်း လာရောက်စစ်ဆေးသော စင်ကာပူနိုင်ငံမှ ပိုလီကျောင်းအချို့၏ ကျောင်းဝင်ခွင့်စာမေးပွဲ ကျင်းပမည့် အချိန်အပြောင်းအလဲရှိနိုင်ကြောင်း စင်ကာပူပညာရေးကျွမ်းကျင်သူအချို့က သုံးသပ်သည်။

၂၀၁၁ ဧပြီလ ကျောင်းဝင်ခွင့်အတွက် စင်ကာပူအစိုးရပိုင်ကျောင်းများဖြစ်သော ရီပက်ဘလစ်ပိုလီ၊ စင်ကာပူပိုလီ၊ တီမားဆက်ပိုလီနှင့် နန်ယန်းပိုလီကျောင်းများသည် စက်တင်ဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာများ၌ ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများတွင် စာမေးပွဲ လာရောက်စစ်ဆေးလေ့ရှိကြောင်း သိရသည်။

"ပုံမှန် နိုဝင်ဘာလဆန်းနဲ့ လလယ်မှာ စစ်နေတာရှိတယ်။ ဒါပေမဲ့ ဒီနှစ်က နည်းနည်း နောက်ဆုတ်သွားနိုင်တယ်။ ဒီဇင်ဘာလလောက်ဖြစ်မယ်မှန်းတယ်။ သက်ဆိုင်ရာကျောင်းတွေရဲ့ ဝက်ဘ်ဆိုက်တွေမှာတော့ ပုံမှန်အတိုင်းပဲ တင်ထားပါတယ်"ဟု စင်ကာပူပညာရေးဝန်ဆောင်မှုဆောင်ရွက်နေသူတစ်ဦးကဆိုသည်။

ပုံမှန်အားဖြင့် ရီပက်ဘလစ်ပိုလီကျောင်းသည် စက်တင်ဘာလ၌လည်းကောင်း၊ စင်ကာပူပိုလီနှင့် တီမားဆက်ပိုလီသည် နိုဝင်ဘာလ၌ လည်းကောင်း၊ နန်ယန်းပိုလီသည် ဒီဇင်ဘာလ၌လည်းကောင်း ကျောင်းဝင်ခွင့်စာမေးပွဲလာရောက်စစ်ဆေးလေ့ရှိပြီး ယခုနှစ်၌ စာမေးပွဲကြေးအချို့မှာလည်း မြင့်တက်သွားကြောင်း သိရသည်။

Myanmar DCR Co., Ltd

[illegible]

Technology

7DAY NEWS JOURNAL

Vol.9, No.24 · SEPTEMBER 2, 2010

## မြန်မာ-ကိုရီးယား အိုင်စီတီထုတ်ကုန်ပြပွဲကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊ဩဂုတ် - ၂၆**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း(MCIA)မှကြီးမှူးမည့် ပြည်တွင်း၏ပထမဆုံးသော မြန်မာ-ကိုရီးယားအိုင်စီတီထုတ်ကုန်ပြပွဲကို လာမည့်စက်တင်ဘာလ ၉ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကိုရီးယားနိုင်ငံမှ အိုင်စီတီကုမ္ပဏီခုနှစ်ခုဝင်ရောက်ပြသမည့် အဆိုပါပြပွဲ၏အမည်မှာ 1st Myanmar-Korea ICT Porduct & Solution Exhibition 2010 ဖြစ်ပြီး ယင်းပြပွဲတွင်ကိုရီးယားနိုင်ငံ၏ နည်းပညာများကိုလေ့လာခွင့်များရရှိမည်ဖြစ်ကြောင်း MCIA မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နည်းပညာများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများနှင့် ကွန်ပျူတာအသုံးချဆော့ဖ်ဝဲနည်းပညာများကို အတူတကွ လေ့လာစေလိုသောရည်ရွယ်ချက်ဖြင့် ပြပွဲကိုပြုလုပ်ရခြင်းဖြစ်ကြောင်းသိရသည်။

**စာ(၂၂)သို့**

## မော်တော်ယာဉ်လှုပ်ရှားမှုများကို မှတ်တမ်းတင်ပေးနိုင်သည့်ဆော့ဖ်ဝဲတစ်မျိုး ယာဉ်လိုင်းအချို့စမ်းသပ်သုံး

**ယုဇနကိုကို**

**ရန်ကုန်၊ဩဂုတ် - ၂၅**

မြို့တွင်းပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများတွင် ယာဉ်မတော်တဆမှုဖြစ်ပေါ်လာခြင်းများကိုဖြစ်စေ၊ ယာဉ်မောင်းနေစဉ်ဖြစ်ပေါ်လာတတ်သောအငြင်းပွားဖွယ်ရာ ကိစ္စရပ်များကို ဖြေရှင်းရာတွင်ဖြစ်စေ တိကျနိုင်ရေးအတွက် ယာဉ်၏လှုပ်ရှားပုံများအား အစအဆုံးမှတ်တမ်းတင်ထားပေးမည့် ဆော့ဖ်ဝဲတစ်မျိုးကို ပြည်တွင်းရှိ ယာဉ်လိုင်းအချို့တွင် စတင်စမ်းသပ်အသုံး ပြုနေပြီဖြစ်ကြောင်း ယင်းဆော့ဖ်ဝဲကို ရောင်းချပေးနေသော True Value Solution မှ သတင်းရရှိသည်။

ပြည်ပနိုင်ငံများတွင်အသုံးပြုမှုတွင်ကျယ်နေပြီဖြစ်သော Car Blackboard System ဟူသည့် အဆိုပါစနစ်သည် မော်တော်ကားမောင်းနှင်နေစဉ်အချိန်အတွင်း ယာဉ်၏လှုပ်ရှားပုံများကို အသေးစိတ်မှတ်တင်တင်ထားမည်ဖြစ်သဖြင့် ယာဉ်နှင့်ပတ်သတ်သောမတော်တဆမှုနှင့် အငြင်းပွားဖွယ်ရာကိစ္စရပ်များဖြစ်ပေါ်လာခဲ့ပါက အဆိုပါဆော့ဖ်ဝဲကိုအသုံးပြုပြီး အငြင်းပွားဖွယ်ကိစ္စများကိုဖြေရှင်းနိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဆော့ဖ်ဝဲ အသုံးပြုပုံနှင့်ပတ်သတ်ပြီး ရောင်းချပေးသည့်ကုမ္ပဏီဖြစ်သော Ture Value Solution မှတာဝန်ရှိသူတစ်ဦးက "ဒီစနစ်ကနိုင်ငံတကာမှာ အသုံးပြုနေကြတာတော့ ကြာပါပြီ။ ပြည်တွင်းမှာတော့ အခုမှ စသုံးမှာပါ။ စမ်းသပ်ကာလအနေနဲ့စတင်ရောင်းပေးနေပါပြီ။ ဒီစနစ်က ကားမောင်းနေတဲ့တစ်လျှောက်လုံးမှာယာဉ်ရဲ့လှုပ်ရှားပုံတွေကိုအသေးစိတ် မှတ်တမ်းတင်ထားမှာဖြစ်တဲ့အတွက် တစ်စုံတရာဖြစ်ခဲ့မယ်ဆိုရင် ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်ဆိုတာကိုသိနိုင်မယ့် စနစ်မျိုးပါ" ဟု ဆိုသည်။

ပြီးခဲ့သည့် ဇူလိုင်လက စတင်စမ်းသပ်ရောင်းချ၊ အသုံးပြုနေသည့် ယင်းဆော့ဖ်ဝဲသည် ပြည်တွင်း၏ ယာဉ်မောင်းနှင်မှုကဏ္ဍတွင် ပထမဆုံးအသုံးပြုမည့်ဆော့ဖ်ဝဲတစ်ခုဖြစ်ကြောင်း သိရသည်။ ပြည်တွင်းပြေးဆွဲနေသော ယာဉ်လိုင်းများတွင်သာမက ကိုယ်ပိုင်မော်တော်ယာဉ်များတွင်ပါ အသုံးပြုမည့် အဆိုပါဆော့ဖ်ဝဲ၏ ဈေးနှုန်းမှာ ကျပ်နှစ်သိန်းခွဲဖြစ်ပြီးလက်ရှိတွင် ယာဉ်လိုင်းအချို့၌စတင်စမ်းသပ်အသုံးပြုနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

## ဝိုင်ဖိုင်ရသည့် မော်ဒယ်မြင့် ဟန်းဆက်များ ပိုမိုသုံးစွဲလာကြ

**ယုဇနကိုကို**

**ရန်ကုန်၊ဩဂုတ် - ၂၅**

ဝိုင်ဖိုင်(ကြိုးမဲ့အင်တာနက်ဆက်သွယ်မှုစနစ်) ရရှိမှုနေရာများပေါ်ထွက်လာသည်နှင့်အမျှပြည်တွင်းမိုဘိုင်းဖုန်းဈေးကွက်တွင် မော်ဒယ်မြင့်ဟန်းဆက်များကို ပိုမိုသုံးစွဲလာကြကြောင်းရန်ကုန်မြို့တွင်း မိုဘိုင်းဖုန်းဈေးကွက်မှစုံစမ်းသိရှိရသည်။

၂၀၁၀နှစ်ဆန်းပိုင်းမှစတင်ပြီး ဈေးကွက်ဝယ်လိုမှုတက်လာခဲ့သောမော်ဒယ်မြင့်ဖုန်းများတွင် မကြာသေးမီကမှ ပြည်တွင်းဈေးကွက်သို့ထိုးဖောက်လာသော Apple iPhone နှင့် Google OS version ကိုအသုံးပြုထားသော HTC Andorid ဖုန်းများဖြစ်ကြောင်းသိရသည်။

ဝိုင်ဖိုင်ဆက်သွယ်မှုစနစ်များပါရှိသည့်အချက်အပြင်ပိုမိုဆန်းသစ်သည့်ဖန်ရှင်များ၊ ဆော့ဖ်ဝဲများအခမဲ့ရရှိခြင်း စသည့်အချက်များသည်လည်းမော်ဒယ်မြင့်မိုဘိုင်းဖုန်းဈေးကွက်ကို ယခင်ထက်တက်လာစေခြင်းဖြစ်သည်ဟု လူကြီးမင်းမိုဘိုင်းစင်တာမှ လက်ထောက်မန်နေဂျာ ကိုလင်းလင်းကပြောသည်။

"အခုနောက်ပိုင်း မိုဘိုင်းဖုန်းဟန်းဆက်ဈေးကွက်မှာ မော်ဒယ်မြင့်ဖုန်းတွေကိုတော်တော်သုံးလာကြတယ်။ ဝိုင်ဖိုင်ပါတာ၊ ဖန်ရှင် (Function) တွေစုံတာ၊ ဆော့ဖ်ဝဲတွေ အခမဲ့ရတာတွေကြောင့် မော်ဒယ်မြင့်ဖုန်းတွေကိုပိုပြီးသုံးလာကြတာပါ။ လက်ရှိမှာ ရိုးရိုးနိုကီရာဖုန်းတွေထက်ပိုပြီး အိုင်ဖုန်းတို့၊ အိတ်ချ်တီစီတို့ကပို ဈေးကွက်ရနေတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆက်လက်ပြောသည်။

မော်ဒယ်မြင့်ဖုန်းများ၏ ဈေးကွက်ဝယ်လိုအားတက်လာ သောပြည်တွင်းမိုဘိုင်းဖုန်းဈေးကွက်တစ်ခုလုံး၏ရောင်းအားသည်လည်း ပြီးခဲ့သည့်နှစ်ကထက် သုံးဆနီးပါတက်လာကြောင်းသိရသည်။

မော်ဒယ်မြင့် ဖုန်းများအားသုံးစွဲသူများပြားလာခြင်းနှင့် ပတ်သတ်ပြီး မိုဘိုင်းကင်းမိုဘိုင်းအရောင်းစင်တာမှ တာဝန်ရှိသူတစ်ဦးက "မော်ဒယ်မြင့်ဖုန်း တွေကိုသုံးတာပိုများလာတဲ့အထဲမှာ လူငယ်တွေကပိုများပါတယ်။ အသုံးများဆုံးမော်ဒယ်မြင့်ဖုန်းတွေက အိုင်ဖုန်းရှိမယ်။ အိတ်ချ်တီစီဖုန်းတွေရှိမယ်။ ပြီးတော့ဈေးနှုန်းတွေကလည်း ဈေးကွက်ထဲကိုဝင်ခါစနဲ့မတူဘဲ ဈေးကျလာတော့ပိုပြီးသုံးလာကြတာလည်းပါတယ်" ဟု ပြောသည်။

ယခုနှစ်နှစ်ဆန်းပိုင်းမှ စတင်ပြီးအသုံးပြုမှုများပြားလာသော မော်ဒယ်မြင့်ဖုန်းများအား လာမည့် ၂၀၁၁ တွင်အသုံးပြုမှုပိုမိုတွင်ကျယ်လာနိုင်သည်ဟု အထက်ပါပုဂ္ဂိုလ်နှစ်ဦးနှင့် အခြားလုပ်ငန်းရှင်များကသုံးသပ်ပြောကြားသည်။

အသုံးပြုသူများပြားလာသောအထက်ပါမော်ဒယ်မြင့်ဖုန်းများ၏လက်ရှိဈေးနှုန်းများမှာ ကျပ်ခုနှစ်သိန်းဝန်းကျင်နှင့် အထက်ရှိကြောင်းသိရသည်။

ယခုလက်ရှိပြည်တွင်း မိုဘိုင်းဖုန်းဈေးကွက်တွင် မော်ဒယ်မြင့်ဖုန်းမဟုတ်သည့် ကျပ်ငါးသိန်းတန် CDMA 800 MHz မိုဘိုင်းဖုန်းအိမ်များသည်လည်း ဈေးကွက်ဝယ်လိုအားမြင့် တက်နေကြောင်းသိရှိရသည်။














7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ပြည်တွင်းဈေးကွက်တွင် လက်ပ်တော့ ဝယ်လိုအားမြင့်တက်




ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

**ယုဇနကိုကို**

**ရန်ကုန်၊ဩဂုတ် - ၂၅**

ပြည်တွင်းကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် လက်ပ်တော့များ၏ ရောင်းအားအခြေအနေမှာယခုနှစ်အတွင်းမြင့်တက်လျက်ရှိပြီး ၂၀၁၀ နှစ်လယ်ပိုင်းဖြစ်သော ဇွန်လဝန်းကျင်မှစတင်ပြီး ယခုအချိန်ထိသိသိသာသာမြင့်တက်လျက်ရှိနေကြောင်း ရန်ကုန်မြို့တွင်းရှိ ကွန်ပျူတာလက်ပ်တော့ဈေးကွက်မှ စုံစမ်းသိရှိရသည်။

ကွန်ပျူတာနှင့်မဖြစ်မနေ ထိတွေ့လုပ်ကိုင်နေရသောလုပ်ငန်းများ၊ ကွန်ပျူတာမရှိမဖြစ်လိုအပ်သော နည်းပညာကုမ္ပဏီများပိုမိုများပြားလာသည်နှင့်အမျှ ပြည်တွင်း ကွန်ပျူတာလိုအပ်ချက်သည်လည်း တဖြည်းဖြည်းများပြားလာကာ လက်ပ်တော့များ၏ရောင်းအားများ ယခုနှစ်အတွင်း သိသိသာသာတက်လာခဲ့ခြင်းဖြစ်သည်။ ရောင်းအားအများစုမှာ လုပ်ငန်းသုံးများအတွက် အသုံးပြုကြခြင်းဖြစ်ကြောင်း ပြည်တွင်းကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်မှ သိရသည်။

ပြီးခဲ့သည့် ၂ နှစ်တာကာလအတွင်းက ရန်ကုန်မြို့တွင်းရှိကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းဈေးကွက်တွင်တစ်ပတ်ရစ်လက်ပ်တော့များသုံးစွဲမှုအနည်းငယ်တွင်ကျယ်ခဲ့ပြီး ယခုအချိန်တွင်မူအသုံးမပြုရသေးသော စက်အသစ်များကိုသာ ပိုမိုသုံးစွဲလာကြကာ ယင်းမှာသုံးစွဲသူကို အာမခံချက်ခိုင်မာစွာပေးနိုင်ခြင်း၊ မော်ဒယ်မြင့်စက်သစ်များ အချိန်နှင့်အမျှ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာနေခြင်းကြောင့်ဟု ဈေးကွက်ကျွမ်းကျင်သူ လုပ်ငန်းရှင်များကပြောသည်။

ယခုကဲ့သို့ပြည်တွင်းကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းဈေးကွက်တွင် လက်ပ်တော့များ၏ တိုးတက်လျက်ရှိသောရောင်းအားအခြေအနေသည် ဒက်စ်တော့များ၏ ဈေးကွက်ဝေစု ခြောက်ဆယ်ရာခိုင်နှုန်းခန့်ကိုရရှိထားကြောင်း အထက်ပါဈေးကွက် ကျွမ်းကျင်သူများက ဆိုသည်။

သယ်ဆောင်ရလွယ်ကူခြင်း အင်တာနက်အသုံးပြုနိုင်သောဝိုင်ဖိုင် (ကြိုးမဲ့အင်တာနက်ဆက်သွယ်နိုင်သောစနစ်)ပါရှိခြင်းစသည့်အချက်များသည်လည်း ပြည်တွင်း လက်ပ်တော့ဈေးကွက်ကို ပိုမိုကျယ်ပြန့်လာစေသည့်အချက်များဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းက လက်ပ်တော့ရောင်းအားတွေတော်တော်တက်လာပါတယ်။ လူတွေ အိုင်တီကိုပိုပြီး အသုံးချမှုများလာတဲ့သဘောပါ။ ပြီးတော့ ပြည်တွင်းကကွန်ပျူတာကို မဖြစ်မနေအသုံးချရမယ့်လုပ်ငန်းကြီးတွေခဲ့ထွင်လာမှုများလာတာကြောင့်လည်းဖြစ်ပါတယ်။ ရောင်းအားစပြီးတက်လာတဲ့အချိန်က ပြီးခဲ့တဲ့နှစ်ကစတာပါ။ သိသိသာသာတက်လာတာကတော့ ဒီနှစ်ထဲမှာပဲ။ လက်ရှိကတော့ ရောင်းအားအခြေအနေကောင်းနေပါတယ်" ဟု Acer နှင့် MSI တံဆိပ်လက်ပ်တော့နှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ် အဖြစ်ဖြန့်ဖြူးရောင်းချပေးနေသည့် Royal Smart Computer Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာကိုအောင်ကပြောသည်။

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် လက်ပ်တော့များရောင်းအားတက်နေခြင်းမှာ အထက်ပါအကြောင်းအရာများကြောင့်သာမကဘဲ အစိုးရဝန်ကြီးဌာနများတွင် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းလိုအပ်ချက်မြင့်မားနေခြင်းကြောင့်ဟုလည်း ရန်ကုန်မြို့တွင်းရှိ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းရောင်းချသောလုပ်ငန်းရှင်များထံမှသိရသည်။

"အခုလက်ရှိလက်ပ်တော့ရောင်းအားတွေတက်နေပါတယ်။ လက်ပ်တော့က ဒက်စ်တော့ရဲ့ဈေးကွက်ဝေစုထက်ဝက်ကျော်ကိုရထားနေပြီ။ ပြီးခဲ့တဲ့နှစ်ကစပြီး တက်လာနေတာမှာ ဒီနှစ်ထဲမှာ သိသိသာသာတက်လာတယ်။ ဘာလို့လဲဆို လက်ရှိကာလမှာ နည်းပညာကပစ်ပယ်လို့မရတဲ့အခြေအနေဖြစ်နေတယ်။ အဲဒီတော့ မိုဘိုင်း(အလွယ်တကူရွှေ့ပြောင်းနိုင်သော)ဖြစ်တဲ့ လက်ပ်တော့တွေ လိုအပ်လာတာပါ" ဟု Toshiba အမှတ်တံဆိပ်လက်ပ်တော့များကို မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနေသည့် Lucky Bird Computer Co.,Ltd မှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်ကပြောသည်။

ယခုလက်ရှိပြည်တွင်းတွင် အသုံးပြုမှုအများဆုံးလက်ပ်တော့အမှတ်တံဆိပ်များမှာ Acer, MSI, Toshiba အမှတ်တံဆိပ်များဖြစ်ပြီး ဈေးနှုန်း ကျပ်ငါးသိန်းမှခြောက်သိန်းဝန်းကျင်ရှိမော်ဒယ်များအား ပိုမိုအသုံးပြုကြနေကြကြောင်းသိရသည်။

ပြီးခဲ့သည့်ဇူလိုင်လကမြန်မာထိုင်းနယ်စပ်မှတင်သွင်းသောပစ္စည်းများ ပြည်တွင်းသို့ ဝင်ရောက်မှု ပြတ်လပ်ခဲ့ချိန်မှစတင်ပြီး ယင်းနယ်စပ်ဘက်မှဝင်ရောက်နေကြသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများသည် ပင်လယ်ရေကြောင်းနှင့် လေကြောင်းလိုင်းများမှတစ်ဆင့် ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

## ဂူးဂဲလ်က ဂျီမေးလ်မှတစ်ဆင့် ဖုန်းခေါ်ဆိုနိုင်မယ့်ဝန်ဆောင်မှုသစ်စတင်

**ယုဇနကိုကို**




ဂူးဂဲလ်ကုမ္ပဏီသည် ယင်း၏ လူသုံးအများဆုံး အီးမေးလ်ဝန်ဆောင်မှုဖြစ်သော ဂျီမေးလ်မှတစ်ဆင့် တယ်လီဖုန်းလိုင်းများသို့ ဖုန်းဆက်သွယ်ခေါ်ဆိုနိုင်မည့် ဝန်ဆောင်-တစ်ခုကို ယခုလ နောက်ဆုံးပတ်မှစတင်ပြီး ထည့်သွင်းပေးလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြထားသည်။

ဂူးဂဲလ်အနေဖြင့် ယင်း၏ ဝန်ဆောင်မှုအသစ-သော ဂျီမေးလ်မှတစ်ဆင့် တယ်လီဖုန်းနံပါတ်များသို့ ဖုန်းဆက်သွယ်ခေါ်ဆိုခြင်းပြုလုပ်နိုင်မည့် ယင်းဝန်ဆောင်မှုကို အမေရိကန်နှင့် ကနေဒါနိုင်ငံများတွင် ယခုနှစ-အချိန်အထိ အခမဲ့သုံးစွဲခွင့်ပြုထားသည်။ အမေရိကန်နှင့်ကနေဒါနိုင်ငံ မဟုတ်သည့် အခြားသောနိုင်ငံများအတွက်မူ အဆိုပါဝန်ဆောင်မှုအသုံးပြုခအား တစ်မိနစ်လျှ-အနိမ့်ဆုံး နှစ်ဆင့်ကုန်ကျမည်ဖြစ်ပြီး ယင်းမှာ နိုင်ငံခြားခေါ်ဆိုမှုအတွက်ဖြစ်ကြောင်းသိရသည်။

Google Voice မှထောက်ပံ့မှုပေးထားသော အဆိုပါဝန်ဆောင်မှုအား ဂျီမေးလ်အဖွင့် စာ မျက်နှာတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး လက်ရှိ ပြည်တွင်း၌လည်း အဆိုပါဝန်ဆောင်မှုအား စမ်းသပ် အသုံးပြုနေသူများရှိကြောင်းသိရသည်။ ယင်းဝန်ဆောင်မှုအား ပြည်တွင်း၌ပင် (ပြည်တွင်းမှပြည် တွင်းသို့) အသုံးပြုခြင်းနှင့် ပြည်ပမှပြည်တွင်းသို့ ခေါ်ယူအသုံးပြုခြင်းတို့အတွက် အမေရိကန်ဒေါ် လာ ၀ ဒသမ ၃၅ ကုန်ကျမည်ဖြစ-သည်။

## FTTH စနစ်ကို ကွန်ဒိုနှင့် ဈေးဝယ်စင်တာအချို့တွင် စတင်တပ်ဆင်တော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊ဩဂုတ် - ၂၅**

ဖိုက်ဘာဆက်ကြောင်း အင်တာနက်ဆက်သွယ်ရေးစနစ်ဖြစ်သည့် FTTH(Fiber to the Home) စနစ်အား ရန်ကုန်မြို့တွင်းရှိကွန်ဒိုများနှင့် ဈေးဝယ်စင်တာအချို့တွင် စတင်တပ်ဆင်ပေးတော့မည် ဖြစ်ကြောင်း ယင်းစနစ်အား ဝန်ဆောင်မှုပေးနေသည့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် စတင်ဝန်ဆောင်မှုပေးခဲ့သော အဆိုပါစနစ်အား မန္တလေးတိုင်းဒေသကြီးအတွင်း ဒုတိယအဆင့် ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ယခုအခါ ရန်ကုန်မြို့အတွင်း တတိယအဆင့်အဖြစ် ဝန်ဆောင်မှုပေးခြင်းဖြစ်သည်။

ရတနာပုံတယ်လီပို့အနေဖြင့် ၄င်း၏ဝန်ဆောင်မှုဖြစ်သော အဆိုပါ FTTH စနစ်အားရန်ကုန်မြို့အတွင်းရှိဈေးဝယ်စင်တာများတွင်ဝန်ဆောင်မှုပေးမည်ဆိုရာ၌ ရန်ကုန်မြို့ ပြည်လမ်းမပေါ်တွင် လက်ရှိဆောက်လုပ်နေသော အိုင်တီကုမ္ပဏီများပါဝင်မည့် တော်ဝင်ပလာဇာတွင် ပထမဆုံး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့အတွင်းမကြာမီ တပ်ဆင်ပေးတော့မည့် FTTH စနစ်အား ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ ပြည်တွင်းရှိ ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းတပ်ဆင်ပေးသွားမည်ဖြစ်သည်။ အဆိုပါစနစ်အား ပြင်ဦးလွင်မြို့နယ်သို့ ပထမဆုံးချပေးထားခဲ့ပြီး မန္တလေးမြို့တွင် လိုင်းပေါင်းခြောက်ထောင့်ခန့် ချထားပေးမည်ဖြစ်ကြောင်း သိရသည်။


### စာ(၂၁) မြန်မာ-ကိုရီးယား အိုင်စီတီထုတ်ကုန်ပြပွဲကျင်းပမည် မှ

မြန်မာနှင့် ကိုရီးယားနိုင်ငံတို့မှ နည်းပညာကုမ္ပဏီများပူးတွဲပြသမည့် အဆိုပါနည်းပညာပြပွဲအား ၂၀၁၀ စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေရှိမြန်မာအင်ဖိုတက်ခ် ဝင်းအတွင်းကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင်ပါဝင်ပြသလိုသည့်MCIA အသင်းဝင်ကုမ္ပဏီများအတွက် အလျား ၁၅ ပေ၊ အနံ ၁၅ ပေရှိပြခန်းတစ်ခန်းလျှင် ကျပ်တစ်သိန်းခွဲဖြင့်ဝင်ရောက်ပြသနိုင်ရန်စီစဉ်ပေးထားကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010





# သူ့ကိစ္စ ကိုယ့်ကိစ္စ ခင်ဗျားကိစ္စ ကျွန်တော့်ကိစ္စ

မောင်သာချို

**(တစ်)**

အခုနောက်ပိုင်း စာမျက်နှာများ ပေါ်၌ အတွေ့ရ အမြင်ရများ လာသော စကားလုံး တစ်လုံး မှာ Responsibility ဆိုသော စကားလုံးကလေးပဲ ဖြစ်ပါသည်။ မြန်မာအသံထွက်ကို အနီးစပ်ဆုံး ဖော်ပြရသော် ရက်စပွန်ဇဘယ်လ တီဟု ဖော်ပြရမည်ထင်ပါသည်။ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန် ခံမှု စသည်ဖြင့် အနက်ထွက် သည့် စကားလုံးကလေး။ သည် Responsibility အကြောင်းကို စာရေးဆရာ တော်တော်များများ ရေးသားလာကြရာ ဆရာဒေါက် တာအောင်ထွန်းသက်ကတော့ အရေးဆုံးဟု ကျွန်တော်ထင်ပါ သည်။ လူ့အဖွဲ့အစည်းဘက်က တစ်နည်းအားဖြင့် စားသုံးသူဘက် က ရပ်ပြီးရေးသော စာများအဖြစ် ကျွန်တော်သဘောကျမိပါသည်။ Responsibility ရှိမှုသည် စိတ်ချ လုံခြုံမှုရှိခြင်းပဲ မဟုတ်ပါလား။

**(နှစ်)**

တစ်ခါက ရန်ကုန်ရောက် မိတ်ဆွေစာရေးဆရာတစ်ယောက် နှင့် မြို့လယ်တစ်နေရာမှ ဆုံပါ သည်။ သူက အလယ်အလတ်အ ဆင့်အတန်းရှိသော တည်းခိုခန်း တစ်ခုကနေ လမ်းပေါ်သို့ ဆင်း လာခြင်းဖြစ်ပါသည်။ လက်ဖက် ရည်ဆိုင်ထဲသို့ ရောက်သောအခါ သူ့တည်းခိုခန်း၏ အဆင်မပြေပုံ တစ်ချက်ကို ညည်းပါသည်။ သူ့ ခုတင်အပေါ်ဘက် မျက်နှာကြက် ဆီ၌ ရေပိုက်တစ်ခု သွယ်တန်း ထားပါသည်။ ခုတင်ပေါ်၌ လှဲ အိပ်နေစဉ် ရေပိုက်တစ်နေရာမှ နေ၍ ရေက တစ်ပေါက်ချင်း တစ်ပေါက်ချင်း ကျနေခဲ့ပါသည်။ သို့ဖြင့် သူကတည်းခိုခန်း ကောင် တာရှိရာဆီသို့ ထွက်သွားပြီး တာ ဝန်ရှိပုံရသော လူကို ထို ရေပိုက်၏ အနေအထားကို ခေါ် ပြပါသည်။ တာဝန်ရှိပုံရသူက ရေ တစ်ပေါက် ချင်းကျနေသည့် ရေ ပိုက်ကို မော့ကြည့်ပြီး ပြန်လည် ဖြေရှင်းပုံက ရေက အသန့်ဖြစ် ကြောင်းသောက်မည်ဆိုက သောက် ၍ပင်ရကြောင်း စသည် စသည် စသည်။

ကျွန်တော့် မိတ်ဆွေက ဒေါသနည်းပြီး စိတ်အေးသူဖြစ် ရာ ကျွန်တော့်ကိုအပြုံးဖြင့် ပြော နေခဲ့ခြင်းဖြစ်ပြီး "အဖြစ်က တစ် ပေါက်ပေါက်ကျနေတဲ့ ရေကို တောင် ကိုယ်ကခံပြီးသောက်ရ မလိုဖြစ်နေတာဗျ" ဟု သော လိုက်ပါသေးသည်။ ကျွန်တော် လည်းသူနှင့်အတူရောယောင်ပြုံး နေလိုက်မိပါသည်။ စိတ်ထဲမှာ တော့သိပ်ပြီးဘဝင်မကျလှ။ ဘာ့ ကြောင့် သူတို့တည်းခိုခန်းကိစ္စ ကို သူတို့တာဝန်မယူနိုင်ရတာပါ လိမ့်။ ဒါဟာ စားသုံးသူ တစ် ယောက်ကို သူတို့ ဖြေရှင်းပေး ပုံတဲ့လား။ ကျွန်တော့်မိတ်ဆွေမှမ ဟုတ်ပါ။ ကျွန်တော်တို့ အားလုံး သည် တစ်နည်းနည်းဖြင့် သည်အ တိုင်း အဆက်ဆံခံကြရပြီးသူများပဲ ဖြစ်ပါလိမ့်မည်။

**(သုံး)**

ကျွန်တော့် ကိုယ်တွေ့တစ်ခု က စာအုပ်ဆိုင်ကြီး တစ်ဆိုင်ထဲ မှာ ဖြစ်ပါသည်။ ကျွန်တော်က နာ မည်ကျော် အဘိဓာန်စာအုပ်ကြီး တစ်အုပ်ကို ထိုဆိုင်မှ ဝယ်ယူ သွားခဲ့ရာ အိမ်ပြန်ရောက်တော့ မှ စာမျက်နှာလေးငါးမျက်နှာ လွတ် နေတာတွေ့ရပါသည်။ သို့ဖြင့် ကျွန်တော်လည်း စာအုပ်ဆိုင်သို့ ပြန်ရောက်သွားပါသည်။ သူတို့ ဖြေရှင်းပုံက ကျွန်တော်မျှော်လင့် ထားသည့်အတိုင်းပဲ ဖြစ်ပါသည်။ စာမျက်နှာစုံသည့် စာအုပ်တစ် အုပ်ထဲကနေ လွတ်နေသည့် စာ မျက်နှာများကို မိတ္တူကူးပြီး ပြန် ကပ်ထားလိုက်ပါလားတဲ့။

နောက်ထပ် ကျွန်တော့်ကို မကြာခဏ စိတ်အနှောင့်အယှက် ဖြစ်စေသည်က မိတ္တူကူးဆိုင်များ။ ကျွန်တော့်မူရင်း စာရွက်တွေက တော်တော့်ကို ဖြူဖွေးပါသည်။ ပြီး တော့ ကျွန်တော့်လက်ရေးက ရှင်း လင်းပြတ်သားလှသည့်အပြင် မင် အနက်ဖြင့် ကျကျနန ရေးထား သော အနေအထားဖြစ်ပါသည်။ သို့သော် ဖြစ်ကတတ်ဆန်း ဆိုင် ကလေးတွေက ကျွန်တော့်ကို ဒုက္ခ ပေးပါသည်။ ပြတ်ပြတ်သားသား ကူးမပေးနိုင်ကြ။ တချို့ဘေးသား တွေ မထင်။ တချို့ဟိုနားတစ် ကွက်၊ သည်နားတစ်ကွက်။ ကျွန် တော်က ဒါကို စောဒကတက်ပါ သည်။ သူတို့ကလည်း သူတို့မိတ္တူ စက်ချို့ယွင်းပုံကို သိထားပြီးသား ဖြစ်ပါသည်။သို့သော် ဖြေရှင်းပုံက မထင်သော နေရာတွေကို လက် ရေးဖြင့်ပြန်ရေးပါလားတဲ့။ တစ် ယောက်ကများဆိုလျှင် ကျွန် တော့်အိတ်ထဲက ဘောလ်ပင်ကို ပင် ဆတ်ခနဲလှမ်းဆွဲကာ လွယ်ပါ တယ်ဗျာဆိုသော အချိုးမျိုးဖြင့် မထင်သောနေရာတွေကို သူ့ လက်ရေးဖြင့် လိုက်ရေးမလို လုပ် နေ၍ ကျွန်တော်က အချိန်မီတား ဆီးလိုက်ရပါသည်။

အော်. . . သူတို့မှာ ဘာတာ ဝန်မှမရှိပုံပါပဲလား။

**(လေး)**

ကျွန်တော်က သည်လိုမျိုး တွေ လျှောက်ရေးပြနေလေသော အခါ သည်လူက မကောင်းမြင် သမားလားဟု ထင်မြင်စရာရှိပါ သည်။ မဟုတ်ပါ။ ကျွန်တော်တို့ ၏ Responsibility အားနည်းပုံ ကို ဖော်ပြလိုခြင်းဖြစ်ပါသည်။

သည်လို အနေအထားတွေ ကြားကနေ Responsibility ကောင်းတာကလေးများကို တစ် ခါတစ်ရံ တွေ့ရကြုံရသောအခါ များတွင်ကား မျက်ရည်လည် မဆုံးကြည်နူးရပါသည်။

တစ်ခါက မန္တလေးမှ ပြန် လာစဉ် ကားကလမ်းမှာ သုံးခါ လောက်ပျက်ပါသည်။ ရန်ကုန်သို့ ၈ နာရီဝန်းကျင်လောက် ဝင်ရ မည့်ကားက မွန်းလွဲ ၁ နာရီ လောက်မှ ဝင်မည့်အနေအထား။ ခရီးသည်တွေအားလုံး စိတ်ပျက် လက်ပျက်ဖြင့် ပင်ပန်းနွမ်းနယ်နေ စဉ် ကားက တစ်ခုစီစဉ်ပေးပါ သည်။ ထမင်းဆိုင်ကြီး တစ်ဆိုင် တွင်းသို့ ကားကို မောင်းဝင်သွား ပြီးနောက် ခရီးသည်များကို နံနက် စာ ထမင်းဖြင့် ဧည့်ခံခြင်းပင်ဖြစ် ပါသည်။

ခရီးသည်တွေက ငွေပေး စရာမလို။ သူတို့၏ချို့ယွင်းမှု ကြောင့် ခရီးလမ်းနှောင့်နှေးသွား ရသည်ကို ခွင့်လွှတ်ပေးပါရန် ပင် တောင်းပန်နေလိုက်ပါသေး သည်။ ဆာဆာ လောင်လောင်နှင့် ထမင်းစားကြရင်း ကားသမားသုံး လေးယောက်ကို လှမ်းကြည့်နေ သည့် ခရီးသည်တို့၏ မျက်လုံး တွေထဲမှာ ခွင့်လွှတ်နားလည်ကာ လေးစားသည့်အနက် အဓိပ္ပာယ် များကို ကျွန်တော် ကောက်ယူနိုင် ခဲ့ပါသည်။ ဒါရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်က ကား သမားတစ်စု၏ တာဝန်သိမှု၊ တာ ဝန်ခံမှု Responsibility ပင်ဖြစ် ပါသည်။ ။

# မြန်မာ့ဆော့ဖ်ဝဲလုပ်ငန်းနှင့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ပြဿနာ

ယုဇနကိုကို

'ပွင့်ပွင့်လင်းလင်းပြောရရင် နောက်သုံးနှစ်လောက်ထိ Software Outsourcing ကဏ္ဍကအဆင်သင့်ဖြစ်ဖို့မလွယ်သေးဘူး။ လက်ရှိက Software Outsource လို့ဆိုရင် အသံလောက်ပဲရှိသေးတယ်။ အဓိက လိုအပ်ချက်က HR (လူ့စွမ်းအားအရင်းအမြစ်)လိုအပ်ချက်ပဲ" ဟုMIT ကုမ္ပဏီမှနည်းစနစ်ဒါရိုက်တာ ဦးဇော်မိုးထွန်းကလက်ရှိပြည်တွင်း၏ Software Outsourcing လုပ်ငန်းများ ရပ်တည်နေရမှုအခြေအနေနှင့် ပတ်သတ်ပြီး သုံးသပ်ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံအချို့ဖြစ်သည့် အိန္ဒိယကဲ့သို့နိုင်ငံမျိုးတွင် အောင် မြင်နေပြီဖြစ်သည့် Software Outsourcing လုပ်ငန်းများ၏ပြည်တွင်း ရပ်တည်နေရမှုအနေအထားမှာ လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း ပြည်တွင်းရှိ ယင်းလုပ်ငန်းကိုလုပ်ကိုင်နေသူများကပြောသည်။

ပြည်တွင်းနည်းပညာကုမ္ပဏီအချို့မှ လုပ်ကိုင်နေသော အဆို ပါ Software Outsourcing လုပ်ငန်း၏ လိုအပ်ချက်ဆိုရာတွင်လူ့စွမ်း အားအရင်းအမြစ်ဖြစ်သည့် ကျွမ်းကျင်လုပ်သားအင်အားလိုအပ်ချက် များပြားခြင်းဖြစ်သည်။

"အခုလက်ရှိပြည်ပကနေ လုပ်ငန်းကြီးကြီးမားမားလာပြီး အပ် မယ်ဆိုရင်တောင်အဲဒီအတွက် ဒီမှာအဆင်သင့်မဖြစ်သေးဘူး။အဓိက လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ် အဆင်သင့်မဖြစ်သေးတာပေါ့။ နည်းပညာပိုင်းအသေးစိတ်ကို ကျွန်တော်တို့တွေသိချင်သိမယ်။အိတ်ချ် အာတော့အဆင်သင့်မရှိဘူး" ဟု ၄င်းကဆက်လက်သုံးသပ်ပြောကြား သည်။လုံလောက်သည့်ကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက်မြင့်မားနေသည့် ယင်းလုပ်ငန်း၏တိုးတက်မှုမှာ အမှန်တကယ် လိုအပ်နေသော်လည်း လတ်တလောပြည်ပနိုင်ငံများမှ အပ်နှံသည့်အလုပ်များကြောင့် ပြည် တွင်းရှိဝန်ထမ်းများနှင့်ကုမ္ပဏီများအတွက်မှု အရေးကြီးသည့်အတွေ့ အကြုံများစွာကို ရရှိနေကြောင်း Integra Software Co.,Ltd မှမန်နေ ဂျင်းဒါရိုက်တာဦးထွန်းခိုင်ကပြောသည်။

"ဆော့ဖ်ဝဲအောက်ဆို့စ်လုပ်တာက လုပ်လာတာကြာပြီဖြစ်ပေ မယ့် စနေပြီလို့တောင်ပြောလို့မရသေးတာ။ ဒါပေမဲ့ အကျိုးအ မြတ်အနေနဲ့ နှစ်မျိုးရတယ်။ တစ်မျိုးက ကုမ္ပဏီဘက်ကရတဲ့အ တွေ့အကြုံရယ်၊ နောက်ကိုယ့်ဆီက ဝန်ထမ်းတွေအနေနဲ့ ပြည်ပထွက် လုပ်တော့မယ်ဆိုရင် ပြည်ပကအပ်တဲ့ အဆင့်မြင့်ဆော့ဖ်ဝဲတွေကို ဆွဲပေးဖူးတဲ့အတွေ့အကြုံတွေကတော့ တကယ်ကောင်းတဲ့အတွေ့ အကြုံတွေပါပဲ" ဟုဦးဇော်မိုးထွန်းက ပြောသည်။

Software Outsourcing လုပ်ငန်းကိုလုပ်ကိုင်နေသော လုပ်ငန်း ရှင်အများစု၏ ရည်ရွယ်ချက်မှာ ပြည်ပနိုင်ငံများမှအပ်နှံလာသော ဆော့ဖ်ဝဲပရောဂျက်များကိုရေးဆွဲပေးခြင်းမျိုးမဟုတ်သည့် ကိုယ်ပိုင် အမှတ်တံဆိပ်ဖြင့် နိုင်ငံတကာဆော့ဖ်ဝဲဈေးကွက်သို့ထိုးဖောက်နိုင် ရန်အတွက်ဟုသိရသည်။"ကိုယ့်ရဲ့ဘရန်း(Brand)နဲ့ကိုယ်ရပ်တည်ချင် တာ။ လုပ်ငန်းရှင်တွေရဲ့ ရည်မှန်းချက်က ကိုယ့်ရဲ့ကိုယ်ပိုင်အမှတ် တံဆိပ်၊ ကိုယ်တိုင်ရေးဆော့ဖ်ဝဲကိုအရှေ့တောင်အာရှမှာထိုးဖောက် ချင်တာမျိုးပါ။ အဲဒီလိုလုပ်နိုင်ရင်တော့ ဆော့ဖ်ဝဲအောက်ဆို့စ်လုပ် တာအောင်မြင်တယ်လို့ပြောလို့ရပြီ။ အခုဟာက သူများအပ်တာကို ထိုင်ရေးနေရတာ။ အဲဒါကို အိတ်ချ်အာရ်လိုအပ်ချက်ကကြီးနေတော့ မအောင်မြင်ဘူးဖြစ်နေတာ။ ကျွန်တော်တို့တွေရည်မှန်းသလို ကိုယ်ပိုင် အမှတ်တံဆိပ်နဲ့ထုတ်ပြီဆိုရင်တော့ အဲဒီလိုအပ်ချက်ပိုကြီးသွားပြီ" ဟု ဦးဇော်မိုးထွန်းကဆိုသည်။ စင်ကာပူကဲ့သို့နိုင်ငံတွင်အများဆုံးရုံး ခွဲများဖွင့်လှစ်ကာ ဆော့ဖ်ဝဲအပ်မည့်ကုမ္ပဏီများနှင့် ချိတ်ဆက်ပြီး နောက်မြန်မာပြည်ရုံးရှိ မိမိဝန်ထမ်းများသို့ပြန်လည်အလုပ်ပေးသည့် စနစ်တစ်ခုဖြစ်သော ယင်းလုပ်ငန်းကဏ္ဍပြည်တွင်း၌ တိုးတက်မှုများ စွာလိုအပ်နေသေးသော်လည်း လက်ရှိပြည်တွင်းဆော့ဖ်ဝဲဈေးကွက်မှာ မူပုဂ္ဂလိကလုပ်ငန်းကြီးများနှင့်ပုံမှန်လည်ပတ်နေနိုင်သည့်အပြင်ယခု အခါအသေးစားစီးပွားရေးလုပ်ငန်းများတွင်ပါ ဆော့ဖ်ဝဲကိုအသုံးပြု ပြီးစီးပွားရေးလုပ်ကိုင်လာနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ရန်ကုန်တိုင်းဒေသကြီးအ တွင်းပြုလုပ်ခဲ့သောပထမဆုံး Software & Solution Exhibition 2010 တွင်ကောက်ယူခဲ့သောစစ်တမ်းအရ မြန်မာဆော့ဖ်ဝဲ(ပြည်တွင်းဖြစ် ဆော့ဖ်ဝဲ) များကိုသုံးစွဲသူ ၅ ရာခိုင်နှုန်းရှိကြောင်း မြန်မာနိုင်ငံကွန် ပျူတာလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ထို့ပြင် လက်ရှိအချိန်တွင် ပြည်တွင်းဆော့ဖ်ဝဲများ၏ ဈေးနှုန်း များမှာ သက်သာနေသည့်အချိန်ဖြစ်သဖြင့် ပြည်တွင်းဆော့ဖ်ဝဲလုပ် ငန်း အနေအထားမှာ ကောင်းမွန်နေသည်ဟုဆိုနိုင်ကြောင်း သိရ သည်။ "ပြည်ပနဲ့ချိတ်ဆက်ပြီးလုပ်ရတဲ့ Software Outsourcing က တိုးတက်မှုမရှိသေးပေမယ့် ဝန်ထမ်းတွေကိုလစာတွေပေးဖို့အတွက် ကျတော့ပြည်တွင်းကုမ္ပဏီတွေကို ရေးဆွဲပေးနေရတဲ့လုပ်ငန်းနဲ့ တင် လည်ပတ်နိုင်ပါတယ်။ ပြည်တွင်းပိုင်းကလည်းလုပ်ငန်းတွေကတိုးချဲ့တာ တွေ၊ ပရိုမိုးရှင်းလုပ်တာတွေအမြဲရှိနေတော့ ပုံမှန်လည်ပတ်နေနိုင်ပါ တယ်။ပြည်တွင်းပိုင်းလုပ်ငန်းကတော့ကောင်းတယ်ပြောရမှာပေါ့" ဟု Integra Co.,Ltd မှ ဦးထွန်းနိုင်ကပြောသည်။

စာ(၃၀) သို့

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

မုန်းသည်ဆိုသော ဝေါဟာရသည် မကောင်း၊ ခါးသီးခြင်းအနက်ကိုဆောင်သည်ဟုထင်ပါသည်။ ချစ်ခြင်းနှင့်ဒွန်တွဲလျက်ရှိနေပြန်သည်။ လူတိုင်းလူတိုင်းတွင် လျှို့ဝှက်ချက်တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ရှိတတ်ကြပါသည်။ ထိုလျှို့ဝှက်ချက်သည်ပင် အားနည်းချက်လား၊ ကောင်းကင်ကိုသူချစ်သည်။ သစ်ပင်တွေကိုချစ်သည်။ ဘိုင်ရွန်၏ ကဗျာများကိုချစ်သည်။ ရေဆေးပန်းချီကားနနလေးတွေကိုချစ်သည်။ လေညင်းသန့်သန့်ကိုချစ်သည်။ အမေ့ကိုချစ်သည်။ သို့သော်ညနေတွေကိုတော့ သူမုန်းပါသည်။ ချစ်ခြင်းမှာအမျိုး အစားခွဲခြားထားသော်လည်း မုန်းခြင်းမှာအမျိုးအစားခွဲမထားပါ။ ခါးသီးခြင်းမှာနစ်ပျော်နေခြင်းဟာ ချိုမြိန်ခြင်းရသတစ်ခုလား၊ ဒါဆိုရင်မုန်းနေသော ညနေခင်းများကို ယခုလိုရပ်ကွက်လေးထဲ သူ့အိမ်ပြူတင်းဝက ငေးမောကြည့်နေခြင်းဟာ ချိုမြိန်ရသများ သောက်သုံးနေခြင်းလား၊ ပြာလွင်သောကောင်းကင်အစွန်းမှာ တိမ်မျှင်တိမ်စတို့ ခပ်ပါးပါးသပ်တင်ထားတာမြင်ရ၏။ ဆည်းဆာရီမှာ အိပ်တန်းတက်ရန် ငှက်တစ်အုပ် ပျံသန်းသွားကြသည်။ ရောင်စုံစွန်လေးတွေကတော့ ကောင်းကင်မှာ လွင့်ချင်တိုင်းလွင့်နေကြပြီ။ လေပြည်လေညင်းလေးတွေက တဖြူးသင်းသင်း၊ သည်လိုကြည်လင်ပြာရီသော တိမ်နီစွေးစွေးညနေတွေကို ဘာကြောင့်သူမုန်းတီးခဲ့ပါလိမ့်၊ ပြူတင်းဝမှ စိတ်တံခွန်သည် လွင့်ချင်တိုင်းလွင့်ခဲ့ပြီပါတကား။



# ညနေ မုန်းသူ

ချမ်းငြိမ်း

(၁)

တကယ်ဆို အတန်အသင့် ဝင်ငွေရှိသော ကုမ္ပဏီဝန်ထမ်း သူ့ဖခင်၌ သားသမီးငါးယောက်ထွန်းကားခဲ့ခြင်းသည် စီးပွားကျပ်တည်းမှုအတွက် မျှဝေခံစားခြင်းသာမဖြစ်သင့်၊ မိသားစုခုနစ်ယောက်ရဲ့ စားဝတ်နေရေးကို နှစ်များစွာ အဖေ ရုန်းကန်ခဲ့ခြင်းအတွက် ကျေးဇူးတစ်ရွေးမျှပင် မဆပ်လိုက်ရ၊ မိုးဖွဲဖွဲရွာနေသော တစ်ညနေ မထင်မှတ်သော စကားတစ်ခွန်းက သူတို့မိသားစုလေးအား ထိတ်လန့် ချောက်ချားစေခဲ့သည်။ "မင်းတို့အဖေ ကားတိုက်လို့ ဆေးရုံတင်ထားတယ်"၊ အမေနဲ့ သားအကြီးဖြစ်သော သူတို့ မျက်ရည်စက်လက်ဖြင့် ဆေးရုံသို့ ကတိုက်ကရိုက်ရောက်သွားခဲ့သည်။အရေးပေါ်အခန်းထဲ သွေးများရွှဲနစ်နေသောအဖေသည် မြော့မြော့သာကျန်တော့၏။ စကားပင်မပြောနိုင်တော့၊ အဓိပ္ပာယ်များစွာပါဝင်သောအကြည့်ကိုသာ နောက်ဆုံးလက်ခံရရှိခဲ့သည်။ အမေ့အော်ငိုသံက စည်ခနဲ နားထဲတိုးဝင်လာသည်။

အဖေ့အသုဘချတော့ ညီ၊ ညီမငယ်များကို ထိန်းရသည့်အနေဖြင့် လှိုက်လှိုက်လှဲလှဲမငိုမိအောင်ကြိုးစားခဲ့ရသည်။ ရက်ပေါင်းများစွာ တိတ်တဆိတ် မျက်ရည်ကျခဲ့ရသည်။ အဖေဆုံးပါးသွားခြင်းသည် မိသားစုအတွက် အစားထိုးမရသော ဆုံးရှုံးမှုဖြစ်ခဲ့သည်။ အဝေးသင်တက္ကသိုလ်တက်ရင်း ဝါသနာပါရာ ပန်းချီပညာဖြင့် အနုပညာလောကထဲ တိုးဝင်ရန်ကြိုးပမ်းနေသောသူ့အတွက် တွေဝေမှုများဖြစ်ထွန်းခဲ့ရသည်။ မိသားစုစားဝတ်နေရေးသည် အလိုလို တာဝန်ကျလာ၏။ သို့ပေမဲ့ ထိုကာလက ချစ်သူရဲ့ အားပေးစကား၊ မျှဝေနားလည်မှုများသည် ခွန်အားတစ်ရပ်ဖြစ်ခဲ့ရတာကိုတော့ တာဝန်ခံရပါမည်။ သို့သော် မထင်မှတ်ဘဲ ရုတ်တရက် ဘဝတိုက်ပွဲ ကြိုးပိုင်းအတွင်း ဝင်ရတာကြောင့် သက်လုံမစေ့နိုင်ခဲ့ပါ။ အဖေရှိစဉ်တည်းက ဖွင့်ထားသော အမေ့အိမ်ဆိုင်လေးက တစ်ဝမ်းတစ်ခါးဖြစ်ခဲ့ရသည်။ တကယ်တော့ သူကပန်းချီကိုသာ ရေးနေချင်သည်။ ယုံကြည်တာ စိတ်ထက်သန်ရာကို လုပ်ကိုင်နေခြင်းသည် စိတ်ကိုလည်းဖြူစင်စေသည်ဟု သူထင်သည်။ သို့သော် လက်တွေ့ရုန်းကန်နေရပြီဖြစ်သော လူမှုဘဝထဲတွင်စီးပွားရှာဖွေမှုသည် ခက်ခဲသောဗေဒဖြစ်လာသည်။ လူလူချင်း အပေးအယူကိစ္စ၊ ငွေကြေးကိစ္စ၊ အမြတ်အရှုံးကိစ္စ နားမလည်သေးသည့်အတွက် အရောင်းအဝယ်ဆိုတာလည်း မကျွမ်းကျင်ခဲ့၊ သည်လိုနဲ့ သူငယ်ချင်းတစ်ယောက် အကူအညီဖြင့် အရင်းအနှီးငွေကြေးများစွာ လည်ပတ်နေသော ဘုရင့်နောင်ဝင်း အတွင်းရှိ ပွဲရုံကြီးတစ်ခုမှာ အလုပ်ဝင်ခဲ့သည်။

နိုင်ဝင်းဆွေရဲ့ ရေဆန်လမ်းထဲကလို 'ငါ့ဘဝတစ်ခုလုံး အနုပညာထဲ မြှုပ်နှံထားတယ်' ဆိုသော စကားမျိုးကိုးကွယ်၍မရတော့၊ ဓားတစ်လက် အသွားမတုံးစေရန်သွေးခြင်းအတွက် အမှုန့်ဖြစ်သွားသော သံစများကို နှမြောနေရမည်လား။

(၂)

ကြာတော့လည်း ဒေးကာနယ်ဂျီကိုကြောက်လာသည်။ ကိန်းဂဏန်းတွေကိုတွန့်လာသည်။ စာရင်းဇယားတွေကို ငြီးငွေ့လာသည်။ ပွဲရုံက ကုန်ခြောက်နံ့ တွေ အိမ်အထိပါလာခဲ့သည်။ အိမ်ပြန်ချိန်သည် တစ်ခါတလေ ဆယ့်နှစ်နာရီ၊ တစ်ချက်၊ ရံဖန်ရံခါ ပွဲရုံမှာ ညအိပ်ပေးရသည်။ တစ်စထက်တစ်စခင်တွယ်ရာအနုပညာ ရပ်ဝန်းနှင့် ဝေးကွာမှန်းမသိ ဝေးကွာခဲ့ရသည်။ ယခင်ကလို ပန်းချီဆရာများ၊ ကာတွန်းဆရာများ ဆုံတွေ့ရာ ၃၃ လမ်းဝန်းကျင်မရောက်တော့၊ သူ့ပန်းချီကားလေးတွေလည်း ဖုန်အလိမ်းလိမ်းတက်ခဲ့ပြီ။ တစ်ဖက်မှာတော့ ပွဲရုံပိုင်ရှင်၏ ယုံကြည်အားကိုးမှုကို အထိုက်အလျောက်ရခဲ့သည်။ တစ်ခါတလေ ကုန်ကားကြီးများဖြင့် ကုန်ဝယ်ထွက်ရာနယ်သို့ မကြာခဏလိုက်ပါသွားရသည်။ ရှင်သန်ရာဝန်းကျင်သည် သူစိမ်းသူရံလို ဖြစ်နေရာမှ ပုံစံခွက်တစ်ခုထဲမှာ ပျော်ဆင်းနစ်ဝင်လာခဲ့သည်။ ဒါပေမဲ့ သူမပျော်ပါ၊ ပြောင်းလဲခြင်းတရားအရ ဘဝ၏ရာသက်ပန်အဖော်မွန်အဖြစ် မျှော်ရွယ်ထားသော သူမသည်လည်း ပြောင်းလဲခြင်းသဘောထဲ ပါဝင်လာခဲ့သည်။ သူမသည် ကိုယ်နေဟန်သွယ်သွယ် ဆံနွယ်ရှည်ရှည်ဖြင့် အလွန်ကြည့်ကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်ပါသည်။ ရန်ကုန်အနောက်ပိုင်း ကြည့်မြင်တိုင်မြို့နယ် တစ်ရပ်ကွက် တစ်လမ်းတည်းဖြစ်သော သူတို့ဇာတ်လမ်းသည် ဘာမှမထူးဆန်းခဲ့၊ သူမထံက ပတ်ကားဘော ပင်လေးတစ်ချောင်း၊ ဒိုင်ယာရီစာ အုပ်အပြာလေးတစ်အုပ်၊ ကချင်ပုဆိုးတစ်ထည်နှင့် သနပ်ခါးရနံ့မွှေးသက်သက်လေးများ လက်ဆောင်ရခဲ့ဖူးသည်။ ဟား. . . ဒါတွေဟာ မှတ်မှတ်ရရဖြစ်စေခဲ့တာလား၊ ငွေကြေးအတွက် ဈေးပြိုက်ပြိုက်ကျအောင် လှုပ်ရှားနေခဲ့ရသော နှစ်ပိုင်းအတွင်း သူမနှင့်ဆုံတွေ့မှုကာလနည်းခဲ့သော်လည်း သစ္စာပျက်ယွင်းခဲ့ကြသည်ဟု မထင်၊ သို့ပေမဲ့ သမားရိုးကျဇာတ်လမ်းတွေအတိုင်း ချမ်းသာကြွယ်ဝသော သူမအသိုင်းအဝိုင်းက သဘောမတူညီခဲ့ကြ၊ အဆုံးသတ်တစ်နေ့မှာ ထင်မှတ်ထားသည်ထက် စောလျင်စွာကျရောက်လာပါသည်။ နောက်ဆုံးတစ်ညနေ မြို့တော်၏သာယာလှပသော ပန်းခြံတစ်ခုအတွင်း ဆိတ်ငြိမ်သောနေရာတစ်ခုမှာ ကြေကွဲမျက်ရည်တို့ ပခုံးထက်စွန်းထင်းခဲ့ရပြီ။ "မောင်နဲ့မခွဲနိုင်ဘူးမောင်. . ခွဲရရင်လည်း သေမယ်ထင်တယ်၊ အို. . . ကြာပါတယ်၊ နက်ဖြန် မောင့်နောက်လိုက်ခဲ့မယ်၊ အချိန်မရှိတော့ဘူး မောင်ရယ်"ဆိုသောစကားက ရင်ထဲစိမ့်ဝင်လှိုက်နွေးစေခဲ့သည်။ ဒါပေမဲ့တိကျရေရာသောစကားသူ့နှုတ်ဖျားကမထွက်ဖြစ်၊ထိုနေ့ကတစ်ညလုံး အိမ်ရှေ့ပိတောက်ပင်ကြီးအောက်မှ သူမအိမ်ဘက် မျှော်ငေးနေမိသည်။ ထိုညက လေပြင်းတွေ တအားတိုက်နေတာ မှတ်မိနေသေးသည်။ သူ့အပေါ် အားကိုးတကြီး ကြည့်တတ်သောအမေ့မျက်လုံးများ၊ ပညာတစ်ပိုင်းတစ်စနှင့် ညီငယ်နှစ်ယောက်၊ လခထုတ်ပြီးဝယ်လာသော အစားအသောက်များမြင်လျှင် ပြုံးပျော်နေတတ်သည့် ညီမလေးတွေ၏ မျက်နှာ. . . . .။ အတွေးတို့သည် ပြာဖြစ်သွားသော ဆေးလိပ်နှယ်၊ ရစ်ဝဲဖွဲ့တက်သွားသော မီးခိုးများနှယ် . . .။

နောက်တစ်နေ့ ညနေမှာ ပွဲရုံမှအပြန် ချိန်းထားရာ မသွားဘဲ မြို့ထဲလမ်းမတွေပေါ် လျှောက်သွားနေခဲ့သည်။ ညနေ လမ်းမတွေပေါ် ပြွတ်သိပ်ပြေးသွားနေသော ကားတွေ၊ မြင့်မားထိုးထွက်လာသော အဆောက်အအုံသစ်များ၊ အနော်ရထာလမ်းပေါ်ကရောင်စုံလူသားများထဲသူပျောက်ဆုံးနေခဲ့သည်။ အီလက်ထရွန်နစ် မီးရောင်ပြိုးပြိုးပြက်ပြက်နဲ့ စူပါမားကက်များ၊ ပြုံးပျော်ကြည်နူးနေကြတဲ့ချစ်သူစုံတွဲများ၊ လူတွေလူတွေ ဥဒဟိုသွားကြ၊ ဈေးသည်တွေ အော်ဟစ်ရောင်းချ၊

ပြာလွင်သော ကောင်းကင်ပြင်ကျယ်ကြီးပေါ်မှာတော့ တိမ်မျှင်တိမ်လိပ်တို့ ရောင်စုံရောထွေးယှက်ခါ အဆုပ်လိုက် အလိပ်လိုက် လေသင့်ရာ တရွေ့ရွေ့မျောနေကြသည်။ 'သူ့ကို မုန်းသွားတော့မှာလား'ပင့်သက်ငွေ့ဖြင့် ဆို့နင့်လှိုက်မောရစ်ထွေးခဲ့ရသည်။ မည်သို့ပင်ဖြစ်စေသည်အချိန်မျိုးမှာ လက်ထပ်ရန်ခက်ခဲသော သူ့ကို ဘယ်သူနားလည်နိုင်မည်နည်း။

အဲဒီ့ည အိမ်ပြန်တော့ ညဉ့်နက်လှပြီ။ သူမ အိမ်ရှေ့အဖြတ် တဆစ်ဆစ်နာကျင်စွာနဲ့ ကျော်လွန်ခဲ့ရသည်။ ဆယ်စုနှစ် တစ်စုမျှ ပျော်ရွှင်ခဲ့မှုများ တမ်းတနေမည်လား၊ သူကတော့ တစ်သက်လုံး တမ်းတစရာဖြစ်သွားတော့မှာ၊

အဖြစ်အပျက်တို့သည် ရုတ်ခြည်း အလျင်အမြန် ပြောင်းလဲသွားပါသည်။ မောင်နဲ့ခွဲရရင် သေမှာပဲပြောခဲ့သောသူမသည် အိမ်ကစီစဉ်ပေးသူနှင့် လက်ထပ်သွားခဲ့သည်။ 'သတ္တိမရှိတဲ့ အလကားယောက်ျား'တစ်ဆင့် ပြန်ကြားရသော ရှုံ့မုန်းစက်ဆုပ်သောစကားက သူ့အတွက် ဆုလာဒ်ပေပဲလား၊ ဘဝရည်ရွယ်ချက်အတွက် တုံးတိုက်တိုက် ကျားကိုက်ကိုက် ကြိုးစားခြင်းကို သဘောကျပါ၏။ သို့ပေမဲ့ ရည်ရွယ်ချက်ဖြစ်မြောက်ရန် တစ်ဖက်သတ် ဆန်လွန်းခြင်းကိုတော့ မနှစ်သက်၊

(၃)

ယခုတော့ သူတို့မိသားစုလေးသည် ခက်ခဲပင်ပန်းသော အချိန်ကာလကြီးတစ်ခုကိုကျော်လွန်နိုင်ခဲ့ပြီ။ ညီလေးတွေလည်း ပညာရေး ဆုံးခန်းတိုင်လို့ လုပ်ငန်းခွင် အသီးသီးဝင်ကြပြီ။ အငယ်ဆုံးညီမလေးပင် အထက်တန်းကျောင်းသူကြီးဖြစ်နေပြီ။ သူလည်း အသက်နည်းနည်းပိုကြီးလာကာ ပွဲရုံတစ်ခုလုံး၏ ဦးစီးမန်နေဂျာဖြစ်နေပြီ။ ငွေကြေးအတွက် ပူရပန်ရမရှိတော့၊ ဒါပေမဲ့ ယခုတိုင် သူမကိုစွဲလမ်းနစ်မျောစွာ သံယောဇဉ်ရှိနေသေးတာကိုတော့ ဝန်ခံရပေမည်။ ဒီလောက်တော့ အခွင့်အရေးရှိသင့်သည်ဟုလည်း တစ်ယူသန်ဆန်သည်ပဲ ပြောပြော သူမငြင်းနိုင်ပေ။

သူသည် ပြူတင်းဝ၌ မည်မျှကြာအောင် ရပ်နေမိသည်မသိ၊ နှစ်ထပ်အိမ်ပေါ်က လမ်းမဆီကိုသာ ငေးနေမိပါ၏။ 'ဟော. . တစ်ယောက်တည်းပါလား'၊ ဒိတ်ခနဲခုန်သွားသော စိတ်နှလုံးဖြင့် ရပ်ကွက် လမ်းကြားလေးအတိုင်း လျှောက်လာသော သူမကို ပြူတင်းဝမှ ငေးကြည့်နေမိသည်။

ဣန္ဒြေရရ လျှောက်လှမ်းလာသော သူမကိုမြင်ရသည်မှာ အသားအရေ ဖျော့တော့သွားသည်ဟု ထင်မိသည်။ ညင်းသွဲ့သွဲ့တိုက်ခတ်လိုက်သောလေက ဆံနွယ်အချို့ကို ဖွေ့ဝဲလှုပ်ခတ်သွားစေသည်။ နှင်းဆီနှုတ်ခမ်း နှစ်လွှာကား နွမ်းဖတ်စွာ ညှတ်ကျလျက်. .၊ လူရိပ်ကြောင့် ထင်သည်။ ရုတ်တရက် မမျှော်လင့်သော အကြည့်တစ်ချက် ပြူတင်းပေါက်ဆီရိပ်ခနဲဝဲတက်လာ၏။

ခဏလေးပါပဲ၊ တကယ့်ကို ခဏလေးပါပဲ၊ အရောင်ပြောင်းသွားသောမျက်ဝန်းအစုံကို ရင်မဆိုင်ရဲ၊ ဖျတ်ခနဲ ကိုယ်ကိုရွှေ့ကာ ကျောပေးရပ်လိုက်မိသည်။ အစိမ်းရောင်မီးလျှံများ လောင်မြိုက်နေသော မျက်ဝန်းအစုံက နှလုံးသားအား တဖြောက်ဖြောက် ဖွဲ့ခြွေဝါးမျိုသလိုခံစားရသည်။

ဒီတစ်သက် ဖြေရှင်းနိုင်မည်မဟုတ်တော့ပါ၊သူသည်ဖတ်ခဲ့ဖူးသော ကဗျာတစ်ပိုဒ်အား သတိရနေမိသည်။

***'မောင်ခေါ်ချင်လည်းခေါ်ခက်ခဲ၏***
***လက်တွဲသိမ်းပွေ့***
***ကြည်မွေ့ခေါ်ငင်မက်မောချင်သည်***
***မထင်ဝံ့စား***
***မြေအက်ကြားမှ မြက်ပွင့်မျှသာ***
***နှမတစ်နေ့ မေ့ရစ်မည်'***

ဩော် . . . မြက်ပွင့်မျှသာ နှမတစ်နေ့ မေ့ရစ်မှာတဲ့လား။

(၄)

တစ်ခါတလေ ကလေးငယ်များ ပြောကြသည်။

"ငါကြီးလာရင် ဆရာဝန်ကြီးလုပ်မယ်၊ တို့ကြီးလာရင် အင်ဂျင်နီယာကြီးလုပ်မယ်"ကြားသောအခါနာနာကျင်ကျင်ပြုံးမိသည်။ သေချာမှုတစ်ခုကတော့ ရည်ရွယ်ချက်ပျက်ပြားခဲ့ရတဲ့လူ သူတစ်ယောက်တည်း ရှိမည်မဟုတ်ဆိုခြင်းပင်။ သူကတော့ ရေးခဲ့ဖူးသော ပန်းချီကားလေးတွေကိုသာ မြတ်နိုးတွယ်တာနေလိမ့်မည်။ လိမ္မာကြိုးစားသောညီငယ်၊ ညီမငယ်တို့ကိုသာပီတိဖြစ်နေမိသည်။

အမေ့ကိုချစ်သည်။ ရိုးစင်းသော အနုပညာလက်ရာများကို ချစ်သည်။ ငွေလမင်းကို ချစ်သည်။ ယခုတော့ ပန်းချီကားတွေ ပြန်ဆွဲနိုင်မည့် နေ့ရက်များကို မျှော်တွေးရင်း စိတ်ကူးအိပ်မက်တွေထဲ တစ်ကိုယ်တော် ပန်းချီပြပွဲလေး ကျင်းပနေမိသည်။

ပြပွဲလေးအမည်ကား . . .


ဣန္ဒြေရရလျှောက်လှမ်းလာသော သူမကိုမြင်ရသည်မှာ
အသားအရေဖျော့တော့သွားသည်ဟုထင်မိသည်။
ညင်းသွဲ့သွဲ့တိုက်ခတ်လိုက်သောလေက
ဆံနွယ်အချို့ကို ဖွေ့ဝဲလှုပ်ခတ်သွားစေသည်။
နှင်းဆီနှုတ်ခမ်းနှစ်လွှာကား နွမ်းဖတ်စွာညှတ်ကျလျက် ...

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.24 • SEPTEMBER 2, 2010











# ကိုယ်စားလှယ်လောင်းစာရင်းများ ကော်မရှင်သို့တင်ရန်ပြင်

**မြတ်စုမွန်၊ အိဖြူလွင်၊ ပြည်သိမ်း**

ရွေးကောက်ပွဲကျင်းပရန် နှစ်လခန့်လိုတော့သည့်အချိန်တွင် နိုင်ငံရေးပါတီများက ၎င်းတို့ပါတီကိုယ်စားပြုကိုယ်စားလှယ်များစာရင်းကို ဩဂုတ်၃၀ရက်အမီ စာရင်းတင်သွင်းနိုင်ရေး ကြိုးပမ်းလျက် ရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကိုယ်စားလှယ်လောင်းတင်သွင်းမည့်ပါတီများ၏ ခန့်မှန်းချက်များတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတစ်ခုသာ မဲဆန္ဒနယ် အပြည့်ဝင်နိုင်ဖွယ်ရှိပြီး၊ ကျန်ပါတီများမှာ တစ်ပါတီလျှင် ကိုယ်စားလှယ်လောင်းတစ်ရာဝန်းကျင်သာဝင်ရောက်နိုင်မည့် အနေအထားရှိသည်။ ပါတီအချို့မှာလည်း မျှော်မှန်းထားသကဲ့သို့ကိုယ်စားလှယ်လောင်း အရေအတွက်မတင်နိုင်သည့်အတွက် ပါတီမပအျက်ရုံသာ ကိုယ်စားလှယ်သုံးဦးစာရင်းကိုကြိုးစားတင်သွင်းရမည်ဟုဆိုသည်။

ပါတီအချို့ကလည်း မဟာမိတ်ကဲ့သို့ ဖွဲ့စည်းကာ ဝင်ရောက်ယှဉ်ပြိုင်သည့်မဲဆန္ဒနယ်များကို တတ်နိုင်သလောက် မတူအောင်ရှောင်ကာ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ဆိုကြသည်။

နိုင်ငံအဝန်းဝင်ပြိုင်မည်ဆိုသည့် ပါတီ ၁၄ခုအနက်မှ ပါတီ ၁၂ခုအား 7Day News သတင်းအဖွဲ့က တွေ့ဆုံကာ ရွေးကောက်ပွဲအတွက် ပြင်ဆင်နေမှုများမေးမြန်းထားခြင်းကို ဖော်ပြအပ်ပါသည်။

## ဒီမိုကရက်တစ်ပါတီ (မြန်မာ)

ဦးသုဝေ (ဥက္ကဋ္ဌ)

**ဝင်ရောက်အရွေးခံမယ့် ကိုယ်စားလှယ်လောင်း အရေအတွက်တွေ သိရပါပြီလား။**

၃၀ ရက်လောက်ကျမှ အတိအကျသိရပါမယ်။ အခုအချိန်ထိ ပြင်ဆင်နေတုန်းပါပဲ။ အရင်ခန့်မှန်းထားတာကတော့ ၁၀၀ ဝန်းကျင်ပါပဲ။

**ဝင်ရောက်ယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်တွေရော သိရပါပြီလား။**

မသိရသေးပါဘူး။ အဲဒါလည်း ပြင်နေတုန်းပါပဲ။

**ရန်ပုံငွေရရှိမှု အခြေအနေဘယ်လိုရှိပါသလဲ။ အခုရွေးကောက်ပွဲမှာ ရန်ပုံငွေဘယ်လောက်ထိသုံးဖို့ လျာထားပါသလဲ။**

ဘယ်လောက် သုံးမလဲဆိုတော့ ကျွန်တော်တို့က တစ်တိုင်းပြည်လုံး ဝင်ပြိုင်ချင်တာ၊ ကိုယ်စားလှယ်လောင်း အရေအတွက် ၁,၁၀၀ လောက် လိုမယ်။ အဲဒီအတွက် ကိုယ်စားလှယ် တစ်ဦးကို ကျပ် ၅ သိန်းနှုန်းနဲ့ဆိုရင် ကျပ်သိန်းပေါင်း ၅,၅၀၀ လောက်လိုမယ်။ ဘယ်လိုလုပ်ရှာလို့ ရမလဲ။ အဲဒီတော့ ကိုယ့်ပါတီထဲကလည်း တတ်နိုင်သလောက် ထုတ်ကြတယ်။ လုပ်ငန်းရှင်တွေဆီက အလှူခံတာလည်း ခံပေါ့။ အလှူငွေကလည်း မျှော်မှန်းသလောက် မရဘူး။ ဒီတော့ နည်းနည်းခက်ပါတယ်။ အခုအချိန်မှာ ကိုယ်စားလှယ်လောင်းအတွက် တင်ရမယ့် ပိုက်ဆံအခြေအနေလည်း ခက်ခဲနေတာပါ။ ဒါတောင် စည်းရုံးရေးစရိတ်တွေ မပါသေးဘူး။

**မဲဆွယ်စည်းရုံးရေးအတွက်ဘယ်လောက်ထိပြင်ဆင်ပြီးသွားပြီလဲ။**

အခုအချိန်မှာ ကိုယ်စားလှယ်လောင်းတင်ဖို့က အဓိကဖြစ်နေတယ်။ ပထမတုန်းကတော့ စည်းရုံးရေးတွေ လုပ်တယ်။ အခုတော့ ကိုယ်စားလှယ်လောင်းတွေတင်ပြီးတော့မှပဲ ကျန်တာတွေ ဆက်လုပ်ရမယ်။

## အမျိုးသား ဒီမိုကရေစီအင်အားစု(NDF)

ဒေါက်တာသန်းဝင်း (အလုပ်အမှုဆောင်အဖွဲ့ဝင်)

**NDF ပါတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ် မည်မျှ လောက်ရပြီလဲ။**

တစ်နိုင်ငံလုံးအနေဖြင့်တော့ ကိုယ်စားလှယ် ၁၅၀ ဝန်းကျင်လောက်ရှိတယ်။ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ် ၄၀ ဦးနဲ့ အမျိုးသား လွှတ်တော်အတွက် ကိုယ်စား လှယ် ၁၀ ဦး၊ တိုင်းဒေသကြီး လွှတ်တော်အတွက် ကိုယ်စားလှယ် ၅ ဦးတင်နိုင်ပါတယ်။ မန္တလေးမှာလည်း ကိုယ်စားလှယ် ၄၀ဦး ဝန်းကျင်လောက်ရထားတယ်။ တစ်နိုင်ငံလုံး အနေအထားနဲ့ပြောရရင် ပြည်သူ့လွှတ်တော်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်က များတယ်။

**ရွေးကောက်ပွဲမှာ ဝင်ပြိုင်မယ့် မဲဆန္ဒနယ်တွေကိုရော သတ်မှတ်ပြီးပြီလား။**

ရန်ကုန်တိုင်းဒေသကြီးအနေနဲ့တော့ မြို့နယ် ၄၀နီးပါးမှာ ဝင်ပြိုင်မှာပါ။ မိတ်ဖက်ပါတီတွေရှိတဲ့ မြို့တွေကိုတော့ရှောင်မှာပါ။ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ မှော်ဘီ၊ လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တွေမှာ မပြိုင်ပါဘူး။ ကျန်မြို့နယ်တွေမှာပဲ ဝင်ပြီးပြိုင်မှာပါ။

**အခြားပါတီတွေနဲ့ မိတ်ဖက်ဖွဲ့မှု အခြေအနေကရော မည်သို့ရှိသလဲ။**

လောလောဆယ် မိတ်ဖက်ပါတီအနေနဲ့ တစ်နိုင်ငံလုံး ပြိုင်မယ့်ပါတီ ၃ပါတီနှင့် တိုင်းရင်းသားပါတီတွေပါတယ်။ တစ်နိုင်ငံလုံးပြိုင်မယ့် ပါတီတွေက ဒီမိုကရတ်တစ်ပါတီ(မြန်မာ)၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ (မငပ)၊ ပြည်ထောင်စုဒီမိုကရေစီပါတီတို့ ဖြစ်ပါတယ်။

**NDF ပါတီအနေဖြင့် မူလစီစဉ်ထားသလောက် ကိုယ်စားလှယ် တွေရနိုင်သလား။**

မူလမျှော်မှန်းထားတာထက်ပိုရပါတယ်။ ပထမက မန္တလေးမှ ကိုယ်စားလှယ်ရဖို့က အများဆုံး ဖြစ်မယ်လို့ ထင်ထားတာ။ အခုကျတော့ ရန်ကုန်က မထင်မှတ်ဘဲ ကိုယ်စားလှယ်အများဆုံးရတယ်။

**ပါတီက ရှေ့ဆက်ပြီးတော့ရော ဘာတွေလုပ်ဖို့ စီစဉ်ထားပါသလဲ။**

ကိုယ်စားလှယ် လောင်း စာရင်းတင်ပြီးရင် နှစ်လပဲကျန်တော့ မဲဆွယ်စည်းရုံးရေးကိုလည်း လုပ်ရမယ်။ မဲဆွယ်စည်းရုံးရေးအတွက်ကတော့ ဩဂုတ်လ ၃၁ရက်နောက်ပိုင်းမှာ အစည်းအဝေးထိုင်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။

## ပြည်ထောင်စု ဒီမိုကရေစီပါတီ

ဦးဌေး(ဥက္ကဋ္ဌ)

**လွှတ်တော်ကိုယ်စားလှယ် ဘယ်နဦးလောက် ကော်မရှင်ကိုတင်ပြပြီးပြီလဲ။**

လွှတ်တော်ကိုယ်စားလှယ်က သုံးယောက်ပါ။ ဦးသိန်းဌေးက ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ်က ရွေးမယ်။ ဦးသိန်းတင်အောင်က တာမွေပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အနေနဲ့ရွေးမယ်။ ကျွန်တော်က လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးဖို့စီစဉ်ထားပါတယ်။

**အခြားပါတီတွေနဲ့ မဟာမိတ်ဖွဲ့ဖို့အခြေအနေကရော ဘယ်လိုစီစဉ်ထားပါသလဲ။**

မဟာမိတ်ဖွဲ့ဖို့ကို တစ်လျှောက်လုံးလုပ်ခဲ့ပါတယ်။ ပါတီတွေနဲ့ တော်တော်များများ တွေ့ပြီးပါပြီ။

**မဟာမိတ်ဖွဲ့ရင် ဘယ်ပါတီတွေနဲ့ပူးပေါင်းဖို့စီစဉ်ထားပါသလဲ။**

ဒီမိုကရေစီ ပါတီတွေနဲ့ပဲ ပူးပေါင်းလုပ်ဆောင်မှာပါ။ ဒီလိုပူးပေါင်းရတာက ရွေးကောက်ပွဲမှာ အချင်းချင်း သတင်းအချက်အလက်ဖလှယ်နိုင်အောင် တစ်ယောက်အားနည်းတဲ့ နေရာမှာ တစ်ယောက်အကူညီ ပေးနိုင်အောင်၊ နောက်တစ်ဦးနဲ့ တစ်ဦး ထိပ်တိုက် မတိုးနိုင်အောင်လို့ပါ။ အချင်းချင်းနားလည်မှုနဲ့ ညှိနှိုင်းလုပ်တာ တွေရှိပါတယ်။

**လက်ရှိပါတီ ကိုယ်စားလှယ် စည်းရုံးရေးမှာ အဓိကဘာအခက်အခဲတွေ ရှိပါလဲ။**

ခက်ခဲတာက ပါတီဝင် ၁,၀၀၀ ကို စည်းရုံးပြီး ရက် ၉၀ တင်နိုင်ဖို့မှာ နယ်ဆင်းရင်တွေ့ရတယ်။ ပြည်သူကလည်း နိုင်ငံရေးစိတ်မဝင်စားကြဘူး။ လက်တွေ့စည်းရုံးဖို့ခက်ခဲတယ်။နိုင်ငံရေးလောကက လူတွေကို အကူအညီမပေးဘူး။

**လက်ရှိပါတီကိုယ်စားလှယ်က စီစဉ်ထားတာထက် ဘယ်လောက်လျော့နည်းပါသလဲ။**

အနည်းဆုံး ပါတီကိုယ် စားလှယ် ၁၀၀ အထက်ရအောင် ပါတီတော်တော်များ မှန်းခဲ့ကြတယ်။ ဒါပေမဲ့ အခက်အခဲတွေဖြစ်လာတယ်။ ရှေ့ဆက်ဘာတွေ ရင်ဆိုင်ရမယ် မသိဘူး။ လက်ရှိအစိုးရရဲ့ ဥပဒေ နည်းဥပဒေတွေကလည်း လုပ်ရကိုင်ရမှာ အခက်ခဲများဖြစ်စေသလို ရွေးကောက်ပွဲကို ဆန့်ကျင်သူတွေကလည်းလက်ရှိပါတီတွေကို မလုပ်သာ မကိုင်သာဖြစ်စေတယ်။ဒါ့ကြောင့် သုံးနေရာပဲယှဉ်ပြိုင်ရတာပါ။

**လက်ရှိ ပါတီဝင်အင်အား ဘယ်လောက်ရပြီလဲ။**

ကျွန်တော်တို့ ပါတီက ပါတီဝင်အင်အားကို ၁,၀၀၀ အထက် စာရင်းတင်နိုင်ပြီးပါပြီ။

## အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ

ဦးလှသိန်း(ဒုတိယဥက္ကဋ္ဌ)

**လက်ရှိ လွှတ်တော်ကိုယ်စားလှယ်စာရင်း သိပါရစေ။**

လောလောဆယ်တော့ ၂၆ ဦး ရွေးပြီး အမည်စာရင်းတင်သွင်းပြီးပြီ။ ဒီထက်ပိုလာနိုင်တယ်။

**ဘယ်မဲဆန္ဒနယ်တွေက ဝင်ပြိုင်သွားမှာလဲ။**

မဲဆန္ဒနယ်တွေကတော့ ရခိုင်ပြည်နယ်မှာဆို မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး၊ ရသေ့တောင်။ ရန်ကုန်တိုင်းဒေသကြီးထဲမှာဆိုရင် ပန်းဘဲတန်းနဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်တွေက ဝင်ပြိုင်သွားမယ်။

နေရာအရေအတွက်ဆိုရင်တော့ မောင်တောက ၅နေရာ၊ ဘူးသီးတောင်က ၄နေရာ၊ စစ်တွေက ၄ နေရာ၊ ကျောက်တော်က ၄ နေရာ၊မြောက်ဦးက ၁ နေရာ၊ ရသေ့တောင်က ၁နေရာ၊ ရန်ကုန်မှာ ပန်းဘဲတန်းက ၄ နေရာလုံးနဲ့ မင်္ဂလာတောင်ညွန့်က ၃ နေရာ ပြိုင်သွားမယ်။

**အခြားပါတီတွေနဲ့ မဟာမိတ်ဖွဲ့ပြီး ပြိုင်သွားဖို့ အစီအစဉ်ရှိသလား။**

မဟာမိတ်ဖွဲ့ဖို့ အစီအစဉ်ရှိပါတယ်။ ကမ်းလှမ်းထားတာလည်း ရှိတယ်။

**စည်းရုံးလှုံ့ဆော်ကာလအတွက်ကြိုတင်ပြင်ဆင်ထားတာတွေရှိပြီလား။**

အခုချိန်မှာ အားလုံးက ကိုယ်စားလှယ်လောင်းစာရင်းတင်ဖို့ကိစ္စတွေနဲ့ ခရီးတွေသွားနေကြတယ်။ စည်းရုံးရေးဆင်းဖို့က ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီတွေ ဖွဲ့ပြီး ကော်မရှင်က ထုတ်ထားတဲ့ ဆောင်ရန်၊ ရှောင်ရန်တွေအတိုင်း ဆက်လုပ်သွားမယ်။

**ရန်ပုံငွေအခြေအနေကရော။**

အားလုံးက ကိုယ်ပိုင်ငွေနဲ့ပဲ ဝင်ကြမှာပါ။ အခုမှ စည်းရုံးနေရတဲ့ အဆင့်ပဲရှိသေးတယ်။ ရင်းနှီးတဲ့မိတ်ဆွေတွေ၊ ပါတီကို စိတ်ဝင်စားတဲ့ မိတ်ဆွေတွေဆီကလည်း အလှူကောက်ခံရမယ်။ ခုတော့ ဘာမှကို မကောက်ခံရသေးဘူး။

**မဲဆွယ်ကာလမှာ ရန်ပုံငွေ ဘယ်လောက်ထိ သုံးသွားမယ်လို့ လျာထားလဲ။**

အဲဒါတော့ အတိအကျပြောလို့ မရသေးဘူး။ ရန်ပုံငွေထည့်နိုင်တဲ့အပေါ်မှာ၊ စည်းရုံးနိုင်တဲ့အပေါ်မှာ မူတည်မယ်။

စာ(၂၈)သို့

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင်လေးဦး ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများအဖြစ်ဝင်ပြိုင်မည်

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ ဩဂုတ် - ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့မှ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်လေးဦးသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် အဖွဲ့မှ နုတ်ထွက်လိုက်ကြကြောင်း သတင်းရရှိသည်။

ဥက္ကဋ္ဌဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဒုတိယဥက္ကဋ္ဌ(၁)ဒေါက်တာ တင်ထွန်းဦး၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ဦးအောင်ငြိမ်းနှင့် ဦးလှထွန်း(လှထွန်း-တွံတေး)တို့က နိုင်ငံရေးနယ်ပယ်သို့ ကူးပြောင်းမည်ဖြစ်သဖြင့် ယင်းတို့ဆန္ဒအလျောက် နုတ်ထွက်ခဲ့ကြသည်ဟု မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ အတွင်းရေးမှူး ဦးကိုကို(ကိုကိုစက်မှုတက္ကသိုလ်)ကပြောကြားသည်။

"အဖွဲ့မှာ ဘယ်သူတွေတော့ ကျန်ရမယ်။ ဘယ်သူတွေက နိုင်ငံရေးမှာ ပါရမယ်ဆိုတာမျိုးမဟုတ်ပါဘူး။ ကိုယ့်ဆန္ဒနဲ့ကိုယ် ဝင်ကြတာပါ။ ခုလစ်လပ်သွားတဲ့နေရာတွေကို ရွေးကောက်ပွဲပြီးသည်အထိ ရှိတဲ့လူတွေကပဲ ယာယီဆက်ထိန်းသွားမယ်"ဟု ဦးကိုကိုက ဆက်လက်ပြောကြားသည်။

ဩဂုတ် ၂၇ ရက်တွင်ပြုလုပ်သော အဖွဲ့အစည်းအဝေး၌ နုတ်ထွက်ခဲ့ကြဖြင်းဖြစ်ကာ လစ်လပ်သွားသောဥက္ကဋ္ဌရာထူးနေရာတွင် ဒုက္ကဋ္ဌ(၂)ဆရာလယ်တွင်းသားစောချစ်က ခေတ္တဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရန် အဖွဲ့က ဆုံးဖြတ်ခဲ့သည်ဟု သိရသည်။

## ပြည်တွင်းသတင်းထောက်တစ်ဦး ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်

မြတ်စုမွန်

ရန်ကုန်၊ ဩဂုတ် - ၂၇

အပတ်စဉ်ထုတ်ဝေလျက်ရှိသော The Voice Weekly ဂျာနယ်တွင် ၇ နှစ်နီးပါးသတင်းထောက်၊ မန္တလေးသတင်းတာဝန်ခံစသည့်တာဝန်များကိုဆောင်ရွက်ခဲ့သော သတင်းထောက်တစ်ဦးက လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် အင်န်ဒီအက်ဖ်ပါတီမှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ ၂၀၁၀ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းမှာ သတင်းမီဒီယာလောကမှ သတင်းထောက်တစ်ဦးအနေဖြင့် ပထမဆုံးဖြစ်ကြောင်း သိရသည်။ ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းမှာ ဦးတင်လင်းဖြစ်ပြီး သတင်းမီဒီယာ လောကအတွေ့အကြုံ ၈ နှစ်နီးပါးရှိခဲ့ကြောင်း သိရသည်။

"အပြောင်းအလဲတစ်ခုကိုလိုလားလို့ ဒီရွေးကောက်ပွဲကိုဝင်တာ။ အင်န်ဒီအက်ဖ်ကိုကြိုက်လို့ ကိုယ်ပိုင်စုထားတဲ့ငွေနဲ့ ဝင်ပြိုင်မယ်ဆိုပြီး အဆိုပြုလွှာတင်ခဲ့တာပါ။ ကွမ်းခြံကုန်းမြို့နယ်ကဝင်ပြိုင်မယ်။ ဒီနေ့ပဲ ကော်မရှင်မှာ လွှတ်တော်ကိုယ်စားလှယ်စာရင်းသွားတင်ပြီးပြီ။ ပါတီရဲ့ရပ်တည်ချက်နဲ့ မူဝါဒတွေအတိုင်း ရှေ့ဆက်သွားမယ်"ဟု ဦးတင်လင်းက 7 Day News သို့ပြောသည်။

ဦးတင်လင်းသည် ၂၀၀၂ခုနှစ်တွင် သတင်းဂျာနယ်လောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ကုမုဒြာဂျာနယ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် Living Color မဂ္ဂဇင်းနှင့် The Voice Weekly ဂျာနယ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဩဂုတ်လ ၂၃ ရက်တွင် သတင်းထောက်အလုပ်မှရပ်နားခဲ့သည်။

## PHOTO NEWS



ကိုယ်စားလှယ်လောင်းစာရင်းတင်သွင်းရမည့် နောက်ဆုံးရက်ဖြစ်သော ဩဂုတ်လ ၃၀ ရက်တွင် အနောက်ပိုင်းခရိုင်ရွေးကောက်ပွဲခရိုင်ကော်မရှင်ရုံးတွင် လာရောက်စာရင်းသွင်းနေကြသည့် ပါတီများမှ ကိုယ်စားလှယ်လောင်းများအား တွေ့ရစဉ်။ ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)




7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ဆန်စပါးလုပ်ငန်းအသင်းဥက္ကဌ၏ ဆန်စပါးဈေးကွက်သုံးသပ်ချက်

**အောင်သူရ၊ ပြည့်သိမ်း**

၂၀၁၀ ပြည့်နှစ်သည် အစွန်းရောက်ရာသီဥတုနှင့် ဘောင်ခတ်ထားသော နှစ်တစ်နှစ်ဟုဆိုရပေမည်။ အယ်နီညိုအစွန်းရောက် ရာသီဥတုကြောင့် ဧပြီနှင့်ဇွန်လတွင် အလွန်ပူပြင်းခြောက်သွေ့ခဲ့ပြီး ဩဂုတ်လရောက်လာပြန်သောအခါ လာနီညာရာသီဥတုကြောင့် နိုင်ငံအများစုတွင် ရေကြီးမှုများကြုံတွေ့နေရပေသည်။

ထိုရာသီဥတုဆိုးကျိုး၏ အကျိုးဆက်ကြောင့် လက်ရှိကြုံတွေ့နေရသောအခြေအနေများထဲတွင် ပါကစ္စတန်ရေကြီးမှု၊ ရုရှားတောမီးလောင်မှုအပါအဝင် မဲခေါင်ဒေသရေလျှံမှုတို့ကြောင့် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် စားနပ်ရိက္ခာများ ဈေးတက်လာခဲ့သည်။

မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေသော နိုင်ငံဖြစ်ရာ မြန်မာအပါအဝင် ကမ္ဘာတွင်ကြုံတွေ့နေရသော ရာသီဥတု ဆိုးကျိုးများကြောင့် ယခုနှစ်မိုးစပါးအပါအဝင် ဈေးကွက်အခြေအနေများသိရှိစေရန် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဌအား ယခုကဲ့သို့မေးမြန်းခဲ့ပါသည်။

**အခုနှစ်မိုးစပါးစိုက်ပျိုးတဲ့ရာသီမှာ တွေ့ကြုံခဲ့ရတဲ့ ရာသီဥတုကြောင့် မိုးစပါးစိုက်ခင်းတွေမှာ တစ်စုံတစ်ရာသက်ရောက်မှုရှိနေပြီလား။**

မိုးစပါးကတော့ တစ်မြို့နယ်နဲ့ တစ်မြို့နယ်မတူဘူးပေါ့။ တချို့မြို့နယ်တွေက ပုံမှန်အနေအထားရှိပါတယ်။ ဥပမာ- ဓနုဖြူမြို့နယ်ဆိုရင် ကျွန်တော်တို့ စဉ်ဆက်မပြတ်ကြည့်နေတဲ့ လက်ရှိအနေအထားမှာ အခြေအနေကောင်းပါတယ်။ တချို့နည်းနည်းလေးကုန်းဆန်တဲ့ ကျောင်းကုန်းတို့ ရေကြည်မြို့နယ်တို့မှာတော့ အခက်အခဲနည်းနည်းရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးဦးနောက်ကျလို့၊ စိုက်ချိန်နောက်ကျခဲ့လို့၊ မိုးက စဉ်ဆက်မပြတ်ရွာတာမဟုတ်ဘူး။ ရွာတဲ့ရက်ရွာပြီး ကြားမှာနေပူဒဏ်ခံရပြီး ပိုးမွှားကျတာလေးတွေရှိတာပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က သတင်းချက်ချင်းရယူပြီး အကာအကွယ်လုပ်ငန်းတွေ လုပ်ပေးရတာပေါ့။ ဆိုးဆိုးဝါးဝါးကြီးတော့ဖြစ်တဲ့ အနေအထားမျိုးမရှိပါဘူး။ တောင်သူတွေပိုင်းက အခုနောက်ပိုင်းမှာ ပိုပြီးအားထည့်ပြီး လုပ်လာတဲ့အပိုင်းတွေရှိတယ်။ မိုးဦးနောက်ကျတယ်ဆိုပေမယ့် အရန်ရေ၊ မြေအောက်ရေရရှိရေးကိစ္စတွေဆောင်ရွက်လာတယ်။ သက်ဆိုင်ရာအဖွဲ့ အစည်းတွေကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးတယ်။ အထူးပြုကုမ္ပဏီတွေကလည်း ဝိုင်းဝန်းကူညီတယ်။ တော်တော်လေးကို ထိန်းသိမ်းနိုင်တဲ့အနေအထားရှိပါတယ်။

**လက်ရှိအခြေအနေထိ မြန်မာနိုင်ငံအောက်ပိုင်းမှာစိုက်တဲ့ မိုးစပါး အထွက်နှုန်းနဲ့ပတ်သက်လို့ တစ်ခုခုမှတ်ချက်ချလို့ ရပြီလား။**

အထွက်နှုန်းက သိသိသာသာကြီးတော့ လျော့သွားစရာအကြောင်းမရှိဘူး။ လက်ရှိ ကျွန်တော်တို့ လေ့လာထားချက်အရပေါ့။ ဒါပေမဲ့ဒီနှစ်ရာသီဥတုက အယ်နီညိုရော လာနီညာရော နှစ်ခုစလုံးခံစားရမယ့် အနေအထားမှာ မိုးနှောင်းရဲ့အနေအထားကို စောင့်ကြည့်ရမှာပဲ။

**လက်ရှိဆန် ပြည်ပတင်ပို့တဲ့ အခြေအနေရော၊ ဘယ်လိုရှိပါသလဲ။**

အိတ်စ်ပို့က လက်ရှိအခြေအနေမှာ ပြည်ပ ဝယ်လိုအားက ပါကစ္စတန်ရေဘေးနဲ့ တခြားစားနပ်ရိက္ခာ အခြေအနေကြောင့် ဝယ်လိုအားလိုက်လာတယ်။ သို့သော်လည်း ပြည်တွင်းဈေးနဲ့ ပြည်ပဈေးရဲ့ ငွေကြေးခိုင်မာမှုအနေအထား၊ မြန်မာငွေခိုင်မာမှုအနေအထား၊ နောက် Export Earning(ပို့ကုန်ရငွေ) ဈေးအနေအထားကြောင့် နည်းနည်းလုပ်သာကိုင်သာတော့ သိပ်မရှိလှသေးဘူး။ ဈေးတော့ နည်းနည်းပြန်တက်လာတယ်။

**ပြည်ပကဝယ်လိုအားများလို့ ဈေးတက်လာပြီဆိုတော့ ပြည်တွင်းဈေးကွက်မှာရော အဲဒီအရှိန်ကြောင့် ဈေးအပြောင်းအလဲ ဖြစ်လာနိုင်သလား။**

အခုအားလုံးက အိတ်စပို့နဲ့ပတ်သက်လို့ ထိန်းထိန်းသိမ်းသိမ်းလုပ်နေကြလို့ (အသင်းကရော နိုင်ငံတော်ကပါ)ဆိုးဆိုးဝါးဝါး တက်စရာအကြောင်းမရှိဘူး။

**ဒီနှစ်စပါးလက်ကျန် အခြေအနေကရော ဘယ်လိုရှိပါသလဲ။**

လက်ကျန်အခြေအနေကတော့ အလုံအလောက်ရှိပါတယ်။

**ပြည်ပက အဝယ်လိုက်တဲ့ အချိန်မှာ ပြည်တွင်းဈေးကွက်မှာ ဈေးမတက်အောင်ရောင်းသူရော ပို့ကုန် လုပ်ငန်းရှင်တွေရော တွက်ခြေကိုက်အောင် ဘယ်လို စီမံဆောင်ရွက်ထားပါသလဲဆိုတာသိပါရစေ။**

ကျွန်တော်တို့ ဒီဥစ္စာကတော့မျှမျှတတနဲ့ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ဖို့ လိုတာပေါ့။ အမြဲတမ်းကြီး ဈေးကွက်စီးပွားရေးဆိုပြီး စည်းလွတ်ဘောင်လွတ်တော့ မလုပ်အောင် ဝိုင်းဝန်းပြီးတော့ ထိန်းသိမ်းကြရမှာပါ။ အသင်းကတော့ ပြည်တွင်းရော ပြည်ပအနေအထားကိုပါကြည့်ပြီး အိတ်စ်ပို့က နိုင်ငံတော် ဝင်ငွေကိုလည်းမကျဆင်းအောင်ဆောင်ရွက်မှာပါ။ နိုင်ငံတော်က ဝင်ငွေအများကြီးရပြီး ပြည်တွင်းမှာ ရှားပါးသွားတာမျိုးလည်းမဖြစ်စေချင်ဘူး။ ဒီနှစ်ခုရဲ့ မျှခြေအဆင့်ကိုရောက်အောင် ကျွန်တော်တို့ အသင်းက သက်ဆိုင်ရာဝန်ကြီးဌာနနဲ့တွဲပြီး ထိန်းထိန်းသိမ်းသိမ်း လုပ်ကိုင်နေပါတယ်။

**ဒီနှစ် ရာသီဥတုအခြေအနေကြောင့် မြန်မာ့ လယ်ယာထွက် သီးနှံတွေထဲမှာ ဘယ်သီးနှံက ပြည်ပတင်ပို့ဖို့ အလားအလာအကောင်းဆုံး ဖြစ်နိုင်တယ်ထင်ပါသလဲ။**

ဆန်စပါးနဲ့ပဲ နှစ်ခုစလုံးက အလားလာအကောင်းဆုံးပါ။

**ယခုနှစ် မိုးစပါးနဲ့ပတ်သက်လို့ နောက်ပိုင်းမှာ စိုးရိမ်စရာရှိတယ်လို့ပြောထားပါတယ်။ အဲဒီအတွက် တောင်သူတွေရော သက်ဆိုင်ရာအဖွဲ့အစည်းတွေရော ဘာတွေများ ကြိုတင်ပြင်ဆင်ထားစေချင်ပါသလဲ။**

ဥပမာ-ဒေါက်တာထွန်းလွင်တို့ ခန့်မှန်းသလို လာနီညာလာမယ်ဆိုရင် အအေးဓာတ်ကပိုလာမယ်။ မိုးပိုလာမယ်။ ရိတ်သိမ်းချိန်မှာ မိုးမိရင်စပါးတွေ အစိုဓာတ်များလာမယ်။ အဲဒီအခါကျရင် ကျွန်တော်တို့က ဝယ်ယူမယ့်ကုန်သည်တွေ စက်ပိုင်တွေကို Dryer (အခြောက်ခံစက်)တွေလိုလာပြီ။ ဒီအခြောက်ခံစက်တွေကို လုပ်ဖို့အတွက် အခုပဲတွန်းအားပေးနေရတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်းစတည်ဆောက်နေပြီ။ အဲဒီလိုတည်ဆောက်ပေးမှ စိုလာတဲ့စပါးကို အခြောက်ခံပြီး ဝယ်ယူထိန်းသိမ်းထားနိုင်မှာ။ အခု ကျွန်တော်တို့ကရာသီဥတုဒဏ်ကို အန်တုပြီးလုပ်ဖို့ဆိုတာမိုးဦးမှာနောက ကျရင်အရန်ရေရအောင် အစီစီတွင်းတူးပြီး ရေသွင်းပျိုးထောင်နိုင်ဖို့ကျွန်တော်တို့ ဝိုင်းပြီးဆောင်ရွက်ပေးခဲ့တယ်။ အခုဒါတွေကို စဉ်ဆက်မပြတ် ဘာဖြစ်ရင်ဘာလုပ်မလဲဆိုတာကို အလေးအနက်စဉ်းစားပေးပြီးတော့ လုပ်နေတယ်။






7 DAY NEWS JOURNAL

Vol.9, No.24 • SEPTEMBER 2, 2010

## ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ

ဦးစိုးမောင် (ဒုတိယဥက္ကဋ္ဌ-၂)

**ပါတီဝင်အင်အား ပြည့်ပြီလားသိပါရစေ။**

ပါတီဝင်အင်အားပြည့်ပြီ။ ၁၂၅၀ လောက်တော့ တင်မယ်။

**ဝင်ပြိုင်မယ့်လွှတ်တော် ကိုယ်စားလှယ်အရေအတွက်နဲ့ ဘယ်မဲဆန္ဒနယ်တွေက ဝင်ပြိုင်မယ်ဆိုတာ သိချင်ပါတယ်။**

မူလမျှော်မှန်းထားတာ၊ လျာထားတာက နိုင်ငံတစ်ဝန်းလုံးမှာ ၂၈ နေရာပြိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ တိုင်းဒေသကြီး ၇ ခုမှာ ၃ နေရာစီ၊ ပြည်နယ်တစ်ခုမှာ တစ်နေရာစီပြိုင်မယ်။ အနိမ့်ဆုံးစံချိန်ဖြစ်တဲ့ မူလသတ်မှတ်ထားတဲ့နေရာတွေမှာ ဝင်ပြိုင်သွားမယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ အနိမ့်ဆုံးသုံးနေရာပြိုင်ရမှာဆိုတော့ အရင်က မျှော်လင့်တာက ၂၈နေရာဝင်ပြိုင်မယ်ပေါ့။ အခုတော့ ကိုးနေရာဝင်မယ်လို့ဆုံးဖြတ်ထားတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာ ဝင်ပြိုင်သွားမယ်။ နေရာအတိအကျကတော့ ညှိနှိုင်းနေဆဲဖြစ်တဲ့အတွက် ပြောလို့မရသေးဘူး။

**ရန်ပုံငွေအခြေအနေလေးသိပါရစေ။**

ပါတီမှာက အယူအဆတူတဲ့ လူတွေ၊ ငွေကြေးအထိုက်အလျောက် တတ်နိုင်တဲ့လူတွေ စုပေါင်းလုပ်တာဖြစ်တဲ့အတွက် သက်ဆိုင်ရာ ဒေသတွေမှာလည်း အဲဒီစုပေါင်းပြီးတော့ရတဲ့ ရန်ပုံငွေနဲ့ပဲ သွားမှာပါ။

**အခြားပါတီတွေနဲ့ မဟာမိတ်ဖွဲ့ပြီး ညှိနှိုင်းယှဉ်ပြိုင်သွားဖို့ အစီအစဉ်ရှိပါသလား။**

မဟာမိတ်ဖွဲ့ညှိနှိုင်းတာမျိုး မလုပ်ဘူး။

**စည်းရုံးရေးကာလအတွက် ရောဘာတွေကြိုတင်ပြင်ဆင်ထားပါပြီလဲ။**

စည်းရုံးရေးက အကျပ်အတည်းပေါ်မူတည်ပြီး အတတ်နိုင်ဆုံး စရိတ်ကျဉ်းကျဉ်းနဲ့ ခပ်ကျဲကျဲဆောင်ရွက်သွားမယ်။ အဓိကကတော့ လက်ကမ်းကြော်ငြာတွေသုံးပြီး လုပ်သွားမယ်။

**ရွေးကောက်ပွဲရက်က သတ်မှတ်ပြီးပြီဆိုတော့ ပါတီအနေနဲ့ ဒီကြားထဲမှာအဆင့်ဆင့်လုပ်သွားမယ့် အခြေအနေလေးတွေ သိချင်ပါတယ်။**

အဆင့်ဆင့်လုပ်သွားမယ့် အခြေအနေကတော့ ဌာနချုပ်ကနေပြီးတော့ ပါတီဝင်စာရင်းတင်ပြီးရင် ဌာနချုပ်က ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်ရာ ဒေသအသီးသီးမှာရှိတဲ့ ခေါင်းဆောင်တွေနဲ့ တွေ့ပြီးတော့ အချိန်မီဆောင်ရွက်နိုင်အောင် အရင်လုပ်ရမှာပဲ။ ဒုတိယအဆင့်ကတော့ ဆွေးနွေးတုန်းပဲ။ ကိုယ်စားလှယ်လောင်းတင်ဖို့ ကိစ္စကကိုပဲ အချိန်မီတင်နိုင်အောင် ကြိုးစားဖို့ လိုသေးတာကိုး။

## ခေတ်သစ်ပြည်သူ့ပါတီ

ဒေါ်ရီရီစန်း (တွဲဖက်အတွင်းရေးမှူး-၂)

**လာမယ့်ရွေးကောက်ပွဲမှာ ဝင်ပြိုင်ဖို့အတွက် လက်ရှိလွှတ်တော်ကိုယ်စားလှယ်လောင်း စာရင်း ဘယ်လောက်ရှိပြီလဲ သိချင်ပါတယ်။**

အခုအကြမ်းဖျင်းနဲ့ ပထမဆုံးပြောရမယ်ဆိုရင်တော့ တိုင်းဒေသကြီးလွှတ်တော်အဆင့်က ၁၉ ဦး၊ ပြည်သူ့လွှတ်တော်အဆင့်ကဆိုရင် ၈ ဦးရှိတယ်။ အမျိုးသားလွှတ်တော်အဆင့်က ၄ ဦးရှိတယ်။ အားလုံးပေါင်း ၃၁ ဦးရှိတယ်။

**အဓိကဝင်ပြိုင်မယ့် မဲဆန္ဒနယ်တွေကိုလည်း သိပါရစေ။**

အဓိကယှဉ်ပြိုင်မယ့် နေရာတွေကတော့ ဧရာဝတီတိုင်းဒေသကြီးပေါ့။ ဘိုကလေးမှာဆိုရင် တိုင်းဒေသကြီးက ၂ဦး ဝင်ပြိုင်မယ်။ ညောင်တုန်းမြို့နယ်တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်များကဆိုရင် ၁ဦး၊ ဖျာပုံမြို့နယ်တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်များကဆိုရင် ၂ ဦး၊ နောက်ပြီး မအူပင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်များကဆိုရင် ၂ဦး၊ ဝါးခယ်မမြို့နယ်တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်များကဆိုရင် ၁ ဦး၊ ကျိုက်လတ်က ၂ ဦး၊ ဒေးဒရဲက ၂ ဦး၊ တွံတေးက ၂ ဦး၊ မော်ကျွန်းက ၂ ဦး၊ကော့မှူးက ၁ ဦး။

ပြည်သူ့လွှတ်တော်အဆင့်မှာကျတော့ ဘိုကလေးက ၁ ဦး၊ ညောင်တုန်းမှာက ဗဟိုအလုပ်အမှုဆောင်၁ဦး၊ မအူပင်မှာ ၁ ဦး၊ ကျိုက်လတ်မှာ ၁ ဦး၊ ဒေးဒရဲက ၁ ဦး၊ ကော့မှူးက ၁ ဦး၊ လှိုင်သာယာက ၁ ဦး၊ ဒဂုံဆိပ်ကမ်းက ၁ ဦး။ အမျိုးသားလွှတ်တော်အဆင့်မှာဆိုရင် ဧရာဝတီတိုင်းမဲဆန္ဒနယ်မြေ ၁၁ က ကျိုက်လတ်နဲ့ ဘိုကလေးမှာ ၁ ဦး၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ရန်ကုန်တိုင်းမဲဆန္ဒနယ်မြေ ၉ က ၁ ဦး၊ ညောင်တုန်းနဲ့ မအူပင်မဲဆန္ဒနယ်မြေ ၈ က ၁ဦး၊ ဖျာပုံ၊ ဒေးဒရဲ မဲဆန္ဒနယ် ၁၀ က ၁ ဦး၊ စုစုပေါင်း မဲဆန္ဒနယ်မြေ ၃၁ခုပေါ့။

**အခုလောလောဆယ် ရန်ပုံငွေအနေအထားက ဘယ်လိုရှိပါသလဲ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေအတွက် ဘယ်လိုစီစဉ်ထားလဲ သိချင်ပါတယ်။**

လောလောဆယ်ကျတော့ အန်တီတို့က ရွေးကောက်ပွဲဝင်မယ့် ဝင်ကြေးကိုတော့ ကိုယ်ပိုင်ငွေနဲ့ပဲ ဝင်ကြမယ်။ နောင်ကျရင် မဲဆွယ်စည်းရုံးရေးကာလကျရင်တော့ ဗဟိုအလုပ်အမှုဆောင်တွေရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ပဲ ဆောင်ရွက်သွားမယ်။ ရှေ့ဆက်ပြီး ဝင်ပြိုင်မယ့်ပါတီကိုယ်စားလှယ်လောင်းတွေအတွက်တော့ စည်းရုံးမဲဆွယ်ရေးမှာ ငွေသိပ်မရှိတဲ့အတွက် ပါတီကနေ ပံ့ပိုးပေးရမယ့် ပုံစံရှိတယ်။

**ပါတီရဲ့ လက်ရှိအခြေအနေလေးလည်း ပြောပါဦး။**

အခုအခြေအနေကတော့ ရွေးကောက်ပွဲဝင်မယ့် ပုဂ္ဂိုလ်တွေအတွက်ကို ကျန်တဲ့လူတွေက ဝိုင်းပြီးတော့ ပံ့ပိုးတယ်။ ပြီးတော့ ရွေးကောက်ပွဲအောင်နိုင်ရေး ကော်မတီကို ရှေ့အပတ်ထဲမှာ တရားဝင်ဖွဲ့မယ်။ အခုလျာထားချက်တော့ ရှိနေပြီ။

## အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်

ဦးတင်ထွန်းမောင် (ဥက္ကဋ္ဌ)

**ပါတီကိုယ်စားလှယ်လောင်း အရေအတွက်လေး သိပါရစေ။**

လူ ၂၀ လောက်လောလောဆယ် ဝင်ပြိုင်ဖို့ စီစဉ်ထားပါတယ်။ ဒီထက်နည်းနည်းထပ်တိုးချင် တိုးလာနိုင်တယ်။ တော်တော်များများတော့ တင်ပြီးသွားမယ်။ အန်ကယ်တို့ မင်္ဂလာဒုံဘက်က ဝင်ပြိုင်မယ့်လူတွေကတော့ မနက်ဖြန်မှ တင်မယ်။

**ဘယ်မဲဆန္ဒနယ်တွေက ပါဝင်ယှဉ်ပြိုင်သွားမလဲ။**

လောလောဆယ် အတည်ပြုလို့ရသလောက်ကတော့ ကျိုက်လတ်မှာ ပြည်သူ့လွှတ်တော်က ၁ ဦး၊ တိုင်းဒေသကြီးက ၁ ဦး၊ ကျိုက်လတ်နဲ့ ဘိုကလေးပေါင်းပြီး အမျိုးသားလွှတ်တော် ၁ ဦး၊ ပျဉ်းမနားမှာ အနည်းဆုံး ၁ ဦး၊ တောင်တွင်းကြီးမှာ အနည်းဆုံး ၁ ဦး၊ စလင်း၊ မိတ္ထီလာ၊ ဝေါ၊ လှိုင်သာယာတွေမှာ အနည်းဆုံး၁ဦး ဝင်ပြိုင်မယ်။ မင်္ဂလာဒုံမှာ လွှတ်တော် ၃ရပ်လုံးမှာဝင်ပြိုင်မယ်။

**ရန်ပုံငွေကရော ဘယ်လိုသုံးမှာပါလဲ။**

နည်းနည်းတော့ အခက်အခဲရှိတယ်။ ငွေရေး၊ ကြေးရေး အခက်အခဲ၊ အချိန် အခက်အခဲကြောင့် ကိုယ်ပိုင်ငွေနဲ့ပဲ ဝင်ပြိုင်ကြမှာပါ။ အလှူရှင်မရှိဘူး။

**မဲဆွယ်စည်းရုံးဖို့ အတွက်ရော ဘယ်လိုစီစဉ်ထားလဲ။ နေရာတွေရော ကြိုတင်စီစဉ်ထားတာမျိုး ရှိနေပြီလား။**

မဲဆွယ်စည်းရုံးတာကတော့ တစ်မြို့နယ်မှာတစ်ကြိမ်စီတော့ လုပ်မယ်လို့ စိတ်ကူးထားတယ်။ ခန်းမငှားတာ၊ ကွင်းပြင်ငှားတဲ့ အစီအစဉ်တွေတော့လာမယ်။ ပါတီကိုယ်စားလှယ်လောင်းတွေနဲ့ပါတီအကြောင်းကို လူတွေသိအောင် လက်ကမ်းစာရွက်တွေနဲ့ပဲ ဖြန့်ဝေသွားမယ်။ ဟောပြောပွဲအတွက် စရိတ်စကကလည်း မလွယ်ဘူးလေ။ ဒီပွဲမှာ အနိုင်အရှုံးအဓိကမဟုတ်ပါဘူး။အေးအေးဆေးဆေး လွှဲပြောင်းနိုင်ဖို့ပါပဲ။

## ကရင်ပြည်သူ့ပါတီ

ဦးစောအေးကို(ဒုတိယဥက္ကဋ္ဌ)

**ကိုယ်စားလှယ်လောင်း အရေအတွက် မည်မျှယှဉ်ပြိုင်ပါမလဲ။**

စုစုပေါင်း၄၀ကျော်လောက်ရှိမယ်။ ပြည်သူ့လွှတ်တော်မှာ ၇ဦး၊ အမျိုးသားလွှတ်တော်မှာ ၇ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာ ၂၄ဦးရှိမယ်။

**ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်များကို သိပါရစေ။**

ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တွေမှာ ယှဉ်ပြိုင်မှာပါ။ ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက် ဒေါက်တာစောဆိုင်မွန်သာ၊ ရန်ကုန်တိုင်းဒေသကြီးမှာ ဦးစောထွန်းအောင်မြင့်၊ ပဲခူးတိုင်းဒေသကြီးမှာ ဦးစောကြူပလီ၊ မွန်ပြည်နယ်မှာ ဒေါ်နော်စတာထူးတို့ ယှဉ်ပြိုင်မယ်။ ကရင်ပြည်နယ်မှာတော့ သံတောင်ဒေသကြီးနဲ့ တနင်္သာရီတိုင်းဒေသကြီးတွေမှာ ယှဉ်ပြိုင်မှာပါ။

**တခြားပါတီတွေနဲ့ မဟာမိတ်ဖွဲ့တာမျိုးပါတီတွေညှိပြီးပြိုင်မယ့်မဲဆန္ဒနယ်ရှောင်တာ မျိုး ရှိပါသလား။**

ခုချိန်ထိ မရှိသေးပါဘူး။ ကိုယ့်ပါတီကိစ္စပဲ လုပ်နေနိုင်ပါသေးတယ်။

**ရန်ပုံငွေအတွက် ဘယ်လောက်ထိပြင်ဆင်ပြီးပါပြီလဲ။ လုံလောက်ပါပြီလား။ ဘာတွေလုပ်ဖို့ရှိပါသေးလဲ။**

ရန်ပုံငွေအတွက်ကတော့ ကြိုးစားနေဆဲပါပဲ။ ပြည်သူတွေက ကျွန်တော်တို့ကို မယုံလို့မထည့်ချင်ဘူးဆိုရင်လည်း ခုလောလောဆယ်မှာ ပါတီလူကြီးတွေကပဲ စိုက်ထုတ်ကုန်ကြရမှာပါ။ ရန်ပုံငွေအတွက်လည်း ကြိုးစားရမှာပါ။

**မဲဆွယ်စည်းရုံးမှုတွေ လုပ်ဖို့အတွက် ပြင်ဆင်ပြီးပါပြီလား။**

အားလုံး အဆင်သင့်ဖြစ်အောင်လုပ်နေပါတယ်။

## မြန်မာ့ဒီမိုကရေစီကွန်ဂရက်

ဦးကောင်းထက် (အထွေထွေအတွင်းရေးမှူး)

**ပါတီကိုယ်စားလှယ်လောင်းအရေအတွက်အတည်ပြုသတ်မှတ်ပြီး သွားပါပြီလား။**

လောလောဆယ် အတည်မပြုနိုင်သေးပါဘူး။ ၂၉၊ ၃၀ ရက်တွေအထိ စောင့်ပြီးမှ အတည်ပြုနိုင်မယ်။

**ဘယ်မဲဆန္ဒနယ်တွေက ဝင်ပြိုင်မယ်ဆိုတာရော စီစဉ်ထားပြီလား။**

အချိန်နဲ့ငွေအခက်အခဲကြောင့် မဲဆန္ဒနယ်လည်း အတည်မပြုနိုင်သေးပါဘူး။ အရင်ကတော့ တစ်တိုင်းပြည်လုံး ကိုယ်စားပြုပြိုင်မယ်လို့ ရည်ရွယ်ထားပါတယ်။ အခုကတော့ ကိုယ်အားသာမယ့် နေရာ၊လူထုကလက်ခံနိုင်မယ့်နေရာမျိုးတွေမှာ ရွေးပြီး ပြိုင်သွားရတော့မှာပေါ့။ ပါတီကိုယ်စားလှယ်လောင်းတွေ ကလည်းအဆင်သင့်မဖြစ်သေးပါဘူး။

**အခြားပါတီတွေနဲ့ မဟာမိတ်ဖွဲ့ဖို့ အစီအစဉ်ရှိသလား။**

ဒီအချိန်မှာ ကိုယ့်ပါတီ၊ သူ့ပါတီသွားနေလို့ မရဘူး။ ဒီမိုကရေစီအင်အားစုတွေ တစ်ဖက်တည်းရပ်တည်ရမယ်။ ကိုယ့်ပါတီတစ်ကိုယ်စာရှင်သန်ဖို့ တစ်ခုတည်းအတွက် သွားလို့မရဘူး။ မဟာမိတ်ဖွဲ့မှဖြစ်မယ်။

**စည်းရုံးလှုံ့ဆော်မယ့် အစီအစဉ်တွေရော ဘယ်လိုရှိပါလဲ။**

ကန်ပိန်းအတွက် ခန်းမ ငှားမယ့်ကိစ္စတွေကို ကြိုတင်စုံစမ်းထားတယ်။ခန်းမတွေက တစ်နာရီကို တစ်သိန်းကနေ သုံးသိန်းအထိ ရှိတယ်။

**ရန်ပုံငွေအခြေအနေလေးလည်း သိပါရစေ။**

အခြေအနေ သိပ်မကောင်းဘူးဗျ။ ပါတီဗဟိုအလုပ်အမှုဆောင်တွေ အချိုးကျကျ ထည့်ဝင်ထားတာရယ်၊ ပါတီဝင်တွေ အချိုးကျကျ အလှူထည့်ဝင်ထားတာရယ်၊ အခြားအလှူရှင်တွေ လှူထားတဲ့ ငွေရယ်လောက်ပဲ ရှိပါသေးတယ်။

## ၈၈မျိုးဆက်ကျောင်းသားလူငယ်များ (မြန်မာပြည်)နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်

ဦးအေးလွင်(ဥက္ကဋ္ဌ)

**ကိုယ်စားလှယ်လောင်း အရေအတွက် ဘယ်လောက် ဝင်ပြိုင်မှာပါလဲ။**

ဒီနေ့အထိ စာရင်းတင်နေတာ ၁၂၀ ကျော်လောက်ရပြီ။ နောက်ဆုံးရက်ထိ ရသလောက် ဆက်တင်သွားမှာပါ။

**ဝင်ရောက်ယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်အရေအတွက်နဲ့ နေရာတွေ သိချင်ပါတယ်။**

နေပြည်တော်မှာ မဲဆန္ဒနယ်အားလုံး။ ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းမှာလည်း အပြည့်ပြိုင်မယ်။ မန္တလေးတိုင်းဒေသကြီးမှာ မြို့ပေါ်နေရာတွေ မကွေးခရိုင်မှာ ၆ မြို့နယ်၊ မကွေးတိုင်းမှာ ပခုက္ကူ ဂန့်ဂေါ။ ချင်းပြည်နယ်မှာ မင်းတပ်မြို့နယ် စစ်ကိုင်းတိုင်းဒေသကြီးက တချို့ဒေသ။ ဧရာဝတီတိုင်းဒေသကြီးမှာ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ မအူပင်၊ မြောင်းမြနှင့် ရန်ကုန်တိုင်းဒေသကြီးမှာ ဝင်ပြိုင်မှာပါ။ လွှတ်တော်သုံးရပ်လုံးအတွက်ပြိုင်မှာပါ။

**တခြားပါတီတွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်မယ့် ဒေသတွေ မတိုက်အောင် ညှိထားတာတွေ၊ မဟာမိတ်ဖွဲ့ထားတာတွေ ရှိပါသလား။**

အခုလောလောဆယ် တော့ မြန်မာ့ ဒီမိုကရေစီကွန်ဂရက်ပါတီနဲ့ ကျွန်တော်တို့ပါတီနှစ်ခု မဟာမိတ်ဖွဲ့ထားပါတယ်။ ကျန်တဲ့ပါတီတွေနဲ့လည်း တိုက်တဲ့နေရာတွ မရှိအောင်ရှောင်မယ်။ သူ့နေရာမှာ ကိုယ်အားပေး ကိုယ်ဝင်မယ့်နေရာမှာ သူအားပေးပုံစံနဲ့ပဲ သွားမှာပါ။

**မဲဆွယ်စည်းရုံးရေးတွေရော လုပ်နေပါပြီလား။**

၃၁ ရက်ကနေ စလုပ်မှာပါ။ နေရာတိုင်းလိုလိုမှာပေါ့။ နေရာအတိအကျတော့ ပြောလို့မရသေးပါဘူး။

## မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ

ဦးနေမျိုးဝေ (အထွေထွေအတွင်းရေးမှူး)

**လွှတ်တော်ကိုယ်စားလှယ် လက်ရှိအချိန်ထိ ဘယ်လောက်ရပြီလဲ။**

လွှတ်တော်ကိုယ်စားလှယ်က ဒီနေ့ထိ လေးဦး ငွေသွင်းပြီးပြီ။ ကျွန်တော်က မင်္ဂလာဒုံနဲ့ အင်းစိန်မြို့နယ်မှာ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အတွက် ငွေသွင်းထားတယ်။ ကိုညီမြင်းလွင်က မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ငွေသွင်းထားတယ်။ ဒေါ်စန္ဒာဦးက ဘိုကလေးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် ကိုအောင်မျိုးဦးက ကြည့်မြင်တိုင်မဲဆန္ဒနယ်အတွက် ငွေသွင်းထားတယ်။

**အခြားပါတီတွေနဲ့ မဟာမိတ်ဖွဲ့ဖို့ အခြေအနေကရော ဘယ်လိုရှိပါသလဲ။**

တခြားပါတီတွေနဲ့ ပူးပေါင်းမဟာမိတ်ဖွဲ့မှုကတော့ မရှိပါဘူး။ သီးခြားရပ်တည်သွားမှာပါ။

**မူလစီစဉ်ထားသလောက်ပါတီကိုယ်စားလှယ် အင်အား ရပါသလား။**

ပါတီကိုယ်စားလှယ်အင်အားက မူလစီစဉ်ထားသလောက် မရဘူး။ လောလောဆယ်အခြေအနေမှာ ငွေကျပ်သွားတာလည်း ပါတယ်။ အရင်က ငွေကြေးလှူမယ်လို့ ပြောထားတဲ့ လူတွေကလည်း ပြောင်းလဲသွားတာတွေ ရှိတယ်။

**မဲဆွယ်စည်းရုံးရေးကိုရော ဘယ်လိုလုပ်မှာလဲ။**

မဲဆွယ်စည်းရုံးရေးကို ဘိုကလေးမြို့နယ်မှာတစ်မျိုး၊ ရန်ကုန်မှာ တစ်မျိုးလုပ်မှာပါ။

CHICKEN SOUP



# လောင်ကျွမ်းသွားတဲ့ စီးတရက်များ

အိန်ဂျယ်လင်း

အန်တီဘယ်တုန်းကမှ အပြေးသမားတစ်ယောက်ဖြစ်ဖို့ စိတ်မကူးခဲ့ဘူး။ အန်တီကဆေးလိပ်သမားလေ။ အန်တီဆေးလိပ်ကိုစသောက်လာတာ အခုဆိုရင် ၁၉ နှစ်လောက်တောင်ရှိပါပြီ။ အသက် ၁၁ နှစ်သမီးကတည်းကခပ်ဆိုးဆိုး သူငယ်ချင်းမကလေးနဲ့ပေါင်းပြီး ဘူတာရုံက တွဲကြိုတွဲကြားမှာ စီးကရက်စပြီး ခိုးသောက်တတ်နေပြီလေ။ ဒီကောင်မလေးနာမည်က အဲလစ်တဲ့။ သူ့အဖေက အန်တီတို့စက်ရုံအလုပ်သမားတွေအများစုနေကြတဲ့ မြို့ကလေးမှာ မီးသဂြိုဟ်တဲ့စက်တစ်လုံးကိုပိုင်ဆိုင်တယ်။ အန်တီက အစောကြီး အပျိုဖော်ဝင်ခဲ့တယ်။ ခန္ဓာကိုယ်အရရော၊ စိတ်ပိုင်းဆိုင်ရာအရရောပဲ။ အန်တီအသက်ကြီးလာလေ ဆေးလိပ်ကိုပိုပြီးစွဲလမ်းလာလေပဲ။ ဆေးလိပ်ဟာအန်တီစိတ်လှုပ်ရှားနေတာကို ငြိမ်ကျသွားအောင် လုပ်ပေးနိုင်တယ်။ စိတ်ကျရင်လည်း သူကပြန်တင်ပေးနိုင်တယ်။ အစစအရာရာရှက်ကြောက်တတ်တဲ့ဆယ်ကျော်သက်ဘဝမှာဆေးလိပ်ဟာအနည်းဆုံးတော့ဘယ်နားထားရမှန်းမသိတဲ့လက်ကိုတစ်ခုခုအလုပ်ပေးစရာရတော့အတော်ဟန်ကျတဲ့ကိစ္စတစ်ခုဖြစ်နေတာပေါ့။ ကြောင်တောင်တောင်တိတ်ဆိတ်သွားတဲ့ကာလတွေမှာဟန်မပျက်ထလုပ်စရာတစ်ခုပေါ့။ အန်တီ အသက်ကြီးလာပြီးအလုပ်ဝင်တဲ့အချိန်ရောက်တဲ့ အခါ ဆေးလိပ်သောက်နားချိန်ဆိုတာပေးတယ်လေ။ အဲဒီခေတ်တုန်းကပေါ့။ ဒါအန်တီအတွက်သိပ်တန်ဖိုးရှိတဲ့အချိန်ပဲပေါ့။ အန်တို့စိတ်ကြိုက်ဆေးလိပ်က ဗာဂျီနီးယားဆလင်းဆိုတဲ့ ဆေးလိပ်ပေါ့။ အန်တီနဲ့သွားလေရာ အမြဲပါပြီးအန်တီရဲ့နေ့ရက်တွေကိုရစ်သိမ်းလိုက်ပေးတဲ့၊ ပုံစံချပေးတဲ့အဖော်မွန်ပေါ့လေ။

ဆေးလိပ်သမားတွေကလည်း ဘယ်တော့မှမပြေးဘူး၊ အပြေးသမားတွေကလည်း ဆေးလိပ်မသောက်ဘူး။ ဒါကတော့ အားလုံးသိကြတဲ့ကိစ္စပဲလေ။ အန်တီအသက်သုံးဆယ်ပြည့်ခါနီးဆေးလိပ်ဖြတ်မလားလို့ ပထမဦးဆုံးအကြိမ်စဉ်းစားတဲ့အခါမှာ၊ တစ်နေ့ကိုသုံးဘူးလောက် စံချိန်ရောက်နေတဲ့အန်တို့အတွက် ဒါကိုတစ်ခုခုနဲ့အစားထိုးနိုင်မှကို ရမယ်ဆိုတာသဘောပေါက်ထားပါတယ်။ အန်တို့ထုံးစံက အရိုးစွဲနေတဲ့ဘယ်အမူအကျင့်ကိုမှနောက်တစ်ခုနဲ့အစားမထိုးဘဲဖြတ်လို့မရဘူး။ ဒါကြောင့်အန်တီဆေးလိပ်ဖြတ်တဲ့အခါ အပြေးကျင့်တာနဲ့အစားထိုးပြီးဖြတ်ရင်ကောင်းမလားလို့ စဉ်းစားမိတယ်။ အပြေးကအန်တို့ကိုဆေးလိပ်ကနေအဝေးကို ရှောင်ထွက်သွားစေလိမ့်မယ်။ အန်တို့ကိုပင်ပန်းပြီး အာသာကုန်ခမ်းသွားအောင်လုပ်ပေးလိမ့်မယ်။ နောက်ပြီးဒါဟာ မူလဓလေ့စရိုက်နဲ့ လုံးလုံးလျားလျားမပတ်သက်မသက်ဆိုင်တဲ့ကိစ္စလည်း ဖြစ်တယ်။ ကိုယ်တိုင်ဘာလုပ်နည်း၊ ညာလုပ်နည်း၊ ဘာဖြတ်နည်း၊ ညာဖြတ်နည်းဆိုတဲ့ စာအုပ်တွေထဲမှာဒီအတိုင်းပဲပါတယ်လေ။ အန်တီဟာပင်ကိုသဘာဝအရ ပိန်ပိန်ပါးပါးထဲကပါ။ ထုတ်ဖော်ပြောရမှာရှက်ပေမယ့်အန်တို့မှာလည်း ဝတာကို ကြောက်တဲ့စိတ်အခံရှိတယ်။ အန်တီဖတ်တဲ့ တစ်ကိုယ်ရေ ကျန်းမာရေးစာအုပ်တွေ အရတော့ဆေးလိပ်ဖြတ်လိုက်ရင်ဝလာတာကို ရှောင်လွှဲလို့လုံးဝမရနိုင်ဘူးတဲ့။ အထူးသဖြင့် ဆေးလိပ်ဖြတ်ပြီးပထမတစ်နှစ်အတွင်းမှာသေချာပေါက်ဝလာမှာကတော့အမှန်ပါပဲ။ ဒီတော့ အန်တီစဉ်းစားထားတဲ့ပြေးရင်ကောင်းမလားဆိုတဲ့ကိစ္စဟာ ဆေးလိပ်ဖြတ်လို့ကိုယ်အလေးချိန်တိုးလာမယ့်ကိစ္စကိုတန်ပြန်ချေဖျက်ထားပြီးဖြစ်တဲ့အတွက်အတော်ဟန်ကျနေပါတယ်။

အန်တို့ဘဝမှာ ဘယ်တုန်းကမှ အားကစားနဲ့မပတ်သက်ခဲ့ဖူးဘူး။ အထက်တန်းကျောင်းသူဘဝကမဖြစ်မနေအားကစားရုံထဲမှာအိပ်ထမတင်လောက်လုပ်ခိုင်းတယ်ဆိုရင်ပဲ လေးငါးဆယ်ခါလောက်ပုံမကျပန်းမကျလုပ်ပြီးရင်အန်တို့ကို ကာယနည်းပြကတန်းဖြုတ်ခိုင်းလိုက်တာပါပဲ။ အန်တီကလည်း ဘယ်အားကစားနည်းရဲ့စည်းမျဉ်းစည်းကမ်းကိုမှနားမလည်ဘူး။ အန်တီတတ်တဲ့တစ်ခုတည်းသော အားကစားဆိုဆိုဘာဆိုဆိုနည်းကတော့ တဘွမ်းဘွမ်းနဲ့ ရေကူးတဲ့နည်းပဲ။ အန်တို့မှာ အားကစားနဲ့ပတ်သက်တဲ့အသုံးအဆောင်ဆိုလို့လည်း ဘာဆိုဘာမှမရှိဘူး။ ဘောင်းဘီတို၊ ခြေအိတ်အဖြူ၊ ထရိန်နာဖိနပ်နဲ့ယုတ်စွအဆုံးအဲဒီခေတ်ကခေတ်မီသူတိုင်းဆောင်ကြသည်လို့ဆိုရမယ့် ဝေ့ါခ်မင်းကက်ဆက်တောင်မှမရှိပါဘူး။ ဒါပေမဲ့ ပြဿနာမရှိဘူးလေ။ ဒါတွေကအချိန်မရွေးတပ်ဆင်လို့ရတဲ့ဟာတွေပဲ။ ချက်ချင်းကောက်လုပ် လို့မရတဲ့ စိတ်ပိုင်းဖြတ်မှုကိုတောင်အန်တီလုပ်ထားပြီးပြီဆိုမှတော့ ဒါတွေအတွက်အပန်းမကြီးတော့ဘူးပေါ့။ ချက်ချင်းပဲရီးဘော့ဘ်စတိုးမှာ အပြေးသမားတစ်ယောက်သူ့ခေတ်သူ့အခါရှိသင့်ရှိထိုက်တဲ့အဆင်တန်ဆာတွေအကုန်ဝယ်ပစ်လိုက်တယ်။ ပြီးတာနဲ့ အဆင်တန်ဆာအစုံအလင်နဲ့လမ်းမပေါ်ထွက်ပြီးစပြေးရုံအသင့်ဖြစ်နေပြီပေါ့။ အန်တို့စိတ်ထဲမှာပြေးမယ်ဆိုတော့ဘာမှထွေထွေထူးထူးမဟုတ်ဘဲဒီလိုပဲပြေးလိုက်ရုံပေါ့လို့ ထင်ထားပါတယ်။ စပြေးဖို့လမ်းပေါ်ထွက်တော့ စတားဘတ်ကြော်ငြာထဲကသမင်မကလေးလို ကြွကြွရွရွဖြစ်လို့ပေါ့။ ဒီအတိုင်းပဲရရင့်တက်ကြွစွာပြေးသွားရုံပဲလို့ထင်နေတာကိုး။ အဲ. . သုံးလေးငါးမိနစ်လောက်လည်းကြာရောအဆုတ်ကမီးလောင်သလိုပူလောင်လာပြီးနံဘေးနှစ်ဖက်စလုံးက စူးပြီးအောင့်လာတဲ့ အတွက်ပြေးနေတာကနေခပ်သွက်သွက်လမ်းလျှောက်တဲ့အဆင့်ကိုချက်ချင်းပြန်လျှော့ချလိုက်ရတယ်။ ဒီလိုနဲ့မှေးပြီးလျှောက်နေတုန်း ခပ်လှမ်းလှမ်းကိုက်တစ်ရာလောက်အကွာမှာ ပြေးနေတဲ့အမျိုးသားတစ်ယောက်ကို သတိထားမိတယ်။ သူ့ကိုသတိထားကြည့်လိုက်တဲ့အခါကျတော့သူကသူလုပ်နေတဲ့ အလုပ်ကို အတိအကျချိန်ဆပြီး လုပ်နေတဲ့ပုံစံမျိုးကိုသတိထားမိလိုက်တယ်။ သူကသူလှမ်းတဲ့ခြေလှမ်းတွေကို သူအတိအကျချိန်တွယ်ထားတဲ့ပုံစံမျိုးပါ။ သူ့ကိုနောက်ကနေလှမ်းကြည့်နေရင်းချက်ချင်းသဘောပေါက်လိုက်မိတယ်။ ပြေးတယ်ဆိုတာ ကိုယ့်အားရှိသလောက်ခြေသွန်ပြေးတာမျိုးမဟုတ်ဘူး။ ဒါကငယ်ငယ်တုန်းကကလေးတွေလုပ်တာမျိုးပဲလေ။ အားကစားလေ့ကျင့်ခန်းအနေနဲ့ပြေးတာဟာကလေးဘဝကပြေးတာနဲ့မတူဘူးလေ။ အန်တီလည်းကျွန်မရှေ့ကလူကြီးလုပ်တဲ့အတိုင်းလိုက်လုပ်ဖို့ကြိုးစားပါတယ်။ သူကအမြန်နှုန်းကိုမတိုးဘဲနဲ့ဒူးခေါင်းကိုမြှောက်နိုင်သမျှမြှောက်တယ်။ အန်တီလည်းသူ့လိုလိုက်လုပ်တယ်။ တဖြည်းဖြည်းနဲ့မှဒီနည်းဟာ အတော်ဟန်ကျမှန်းသိလာရတယ်။ ဒါဟာရေရှည်ပြေးလို့ရတဲ့နည်းပဲ။ နည်းစနစ်ကျလာတာနဲ့အမျှအမောလုံလာပြီးဟန်ချက်ကျညင်သာလာတယ်။

နောက်နေ့ မနက်လည်းကျရောတစ်ကိုယ်လုံးက အကြောအချင်တွေအားလုံးပြတ်သတ်ကြေမွနေသလို နာကျင်ကိုက်ခဲနေပါပြီ။ ဒါပေမဲ့အန်တီကတစ်ခုခုလုပ်ပြီဆိုရင်စွဲမိစွဲရာအစွဲအလမ်းအလွန်ကြီးတဲ့လူမျိုးပါ။ ဒ့ါကြောင့်အန်တီဆက်ပြေးဖြစ်ခဲ့တယ်။ နောက်တစ်ပတ်လောက်ကြာတဲ့အခါကျတော့ အပြေးလေ့ကျင့်ခန်းနဲ့အတော်အသားကျသွားတဲ့အဆင့်ကိုရောက်နေပါပြီ။ နောက်တစ်လလောက်ဆက်ပြေးပြီးတဲ့အခါကျတော့ဒီပြေးတဲ့ ကိစ္စကိုရပ်လိုက်တော့မလားလို့ အန်တီစစဉ်းစားပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒါဟာ ၁၉ နှစ်လုံးလုံးသောက်လာတဲ့ဆေးလိပ်ကို အောင်မြင်စွာပြန်အစားထိုးနိုင်ခဲ့တဲ့နောက်ထပ်အလေ့အကျင့်တစ်ခု ဖြစ်ပြီးနေလို့ပါပဲ။

နောက်နှစ်ပေါင်း နှစ်ဆယ်လောက်ကြာတဲ့ယနေ့အချိန်အထိ အန်တီ စွဲစွဲမြဲမြဲပြေးနေဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်ကနောက်ဆုံးဆိုပြီးသောက်ခဲ့တဲ့ဆေးလိပ်ဟာလည်း ထာဝရနောက်ဆုံးဖြစ်နေနိုင်ခဲ့တယ်။ အခုတော့အပြေးကျင့်တဲ့ကိစ္စဟာဆေးလိပ်ကအန်တို့ကိုပေးတဲ့ ဝန်ဆောင်မှုအားလုံးကိုပေးစွမ်းနေပါပြီ။ ဒါဟာအန်တီအနားယူဖြေလျှော့တဲ့ပုံစံတစ်ခု၊ အန်တို့ကိုနှိုးဆွပေးတဲ့အရာတစ်ခု၊ အန်တီစဉ်းစားခန်းထုတ်ဖို့အထောက်အပံ့ပေးတဲ့ အချိန်နဲ့နေရာဌာနစသဖြင့် အန်တို့ဘဝရဲ့ ရစ်သမ်စည်းချက်တစ်ခုဖြစ်လို့လာပါတယ်။ နောက်ပြီးအန်တို့ရဲ့ပင်ကိုသဘာဝပိန်ပိန်ပါးပါးကိုယ်ဟန်အနေအထားကိုလည်း ဒီအတိုင်းဆက်ပြီးထိန်းထားနိုင်ခဲ့တယ်။ အန်တို့ခန္ဓာကိုယ်ကိုရော စိတ်ဓာတ်ကိုပါငယ်ရွယ်နုပျိုနေအောင် အပြေးလေ့ကျင့်ခန်းက ဖန်တီးပေးပါတယ်။ တစ်ခါတလေ ထိခိုက်ဒဏ်ရာရတာတို့၊ ကိုယ်ဝန်ဆောင်ရတဲ့အခါတို့မှာသာအပြေးကျင့်တာကိုအန်တီခဏနားလေ့ရှိတယ်။ ဒါတောင်နားနေရင်းနဲ့ ပြေးရတဲ့အရသာကိုအမြဲလွမ်းမိတယ်။ အခွင့်အရေးပြန်ရတာနဲ့အန်တို့ဖိနပ်ကိုကောက်စွပ်ပြီးသားဖြစ်နေတာကို တွေ့ကြရပါမယ်။ အန်တီက တစ်ခါပြေးရင်လေးမိုင်ကနေ ခြောက်မိုင်ကျော်လောက်အထိပြေးပြီး တစ်ပတ်ကိုအနည်းဆုံး လေးခါလောက်အထိပြေးပါတယ်။ အလုပ်ကတစ်ဖက်၊ မိသားစုနဲ့တာဝန်အပြည့်ယူရတဲ့ဘဝမှာတောင် ဒီကိစ္စကိုမဖျက်ဘူး။ အန်တီတစ်ခုခုကို ပြန်အမှတ်ရချင်တဲ့အခါပြေးတယ်။ တစ်ခုခုကို မေ့ဖို့ကြိုးစားတဲ့အခါမှာလည်းပြေးတယ်။ ကျန်းမာရေးစောင့်ရှောက်မှု တစ်ခုအဖြစ်သဘောထားပြီးလည်းပြေးတယ်။ တစ်ခါတစ်ရံပြဿနာများကို အဖြေရှာချင်တဲ့အခါမှာလည်းပြေးလေ့ရှိတယ်။ အန်တီဆေးလိပ်သောက်နေတုန်းကလိုပဲ ပြေးလိုက်တဲ့ အချိန်မှာ ပြဿနာတွေဟာအစကထင်သလောက်မဆိုးဘဲ စီမံခန့်ခွဲလို့၊ အဖြေရှာလို့ရနိုင်ပါသေးတယ်ဆိုတာအမြဲတမ်းတွေ့လေ့ရှိတယ်။

အပြေးဖိနပ်တစ်ရန်နဲ့ တီရှပ်အဟောင်းတစ်ထည်ကို အဆင်တန်ဆာအဖြစ်သုံးပြီး နှစ်ပေါင်းများစွာအတွင်းအပြေးကျင့်လာခဲ့ရာမှာအခက်အခဲတွေနဲ့အကျဉ်းအကျပ်တွေများစွာကိုကျော်ဖြတ်နိုင်ခဲ့တယ်။ အရင်ကအန်တီရဲ့လက်စွဲတော် ဗာဂျီနီးယားဆလင်းတောင်မှ မကူညီနိုင်လောက်တဲ့ကိစ္စမျိုးတွေ အများအပြားကိုလည်းကူညီဖေးမပေးနိုင်တာတွေ့ရပါတယ်။ အန်တီရယ်၊ အန်တို့ဦးနှောက်ရယ်၊ ခြေထောက်နှစ်ချောင်းရယ်၊ ဒါပဲလေ။ မိုးထဲမှာနေပူထဲမှာ၊ တစ်ဝက်တစ်ပျက်ဆီးနှင်းကျတဲ့နေ့တွေမှာ၊ အန်တီပြေးနေခဲ့တယ်။ အန်တို့ရဲ့ ခရီးအတော်ပေါက်ခဲ့ပြီပေါ့ကလေးရယ်။ ။

*Ref: 'From Smoking to Hot'*
*by Erika Tremper*

## နိုင်ငံရေးအဆိုအမိန့်များ

မောင်ဝံသ

If you want to make enemies, try to change something.

***- Woodrow Wilson***

သင်ရန်သူများများရှိချင်သလား။ အပြောင်းအလဲတစ်ခုခုလုပ်ဖို့ကြိုးစားပါ။

***- ဝုဒ်ရိုးဝီလ်ဆင်***

By 'radical,' I understand one who goes too far, by 'conservative,' one who does not go far enough; by 'reactionary,' one who won't go at all.

***- Woodrow Wilson***

ရာဒီကယ်လ်ဆိုတာ ကျုပ်နားလည်တာကတော့ ရှေ့ကိုသိပ်ရောက်လွန်းသူကိုခေါ်တာ။ ကွန်ဆာဗေးတစ်ဆိုတာကရှေ့ကို သွားသင့်သလောက်မသွားသူဖြစ်တယ်။ ဖောက်ပြန်ရေးသမားဆိုတာကတစ်လှမ်းမှ ရှေ့မတိုးသူကိုခေါ်တယ်။

***- ဝုဒ်ရိုးဝီလ်ဆင်***

An Ambassador is an honest man sent to lie abroad for the good of his country

***- Sir Henry Wotton, British diplomat, circa 1612***

သံအမတ်ဆိုတာ သူ့တိုင်းပြည်ကောင်းကျိုးအလို့ငှာပြည်ပမှာလိမ်ညာဖို့စေလွှတ်ခံရတဲ့လူရိုးတစ်ယောက်ပါ။

***- ဆာဟင်နရီဝေ့ါတန်***

You can make a throne of bayonets, but you can't sit on it for long.

***- Boris Yeltsin***

သင်ဟာ လှံစွပ်တွေနဲ့ရာဇပလ္လင်ဖန်တီးလို့ရနိုင်တယ်။ ဒါပေမဲ့ အဲဒီ့အပေါ်မှာ ကြာကြာထိုင်နိုင်မှာမဟုတ်။

***- ဘောရစ်ယဲ့လ်ဆင်***

Never wound a snake; kill it.

***- Harriet Tubman***

မြွေတစ်ကောင်ကို ဒဏ်ရာမရစေနဲ့၊ အသေသတ်လိုက်ပါ။

***- ဟဲရီယက်တပ်မင်း***

A politician weakly and amiably in the right, is no match for a politician tenaciously and pugnaciously in the wrong.

***- Edwin Percy Whipple***

နိုင်ငံရေးသမားတစ်ယောက်ဟာ အမှန်ဘက်ကရှိနေပေမယ့် သူဟာပျော့ညံ့ပြီး သဘောလွယ်သူဆိုရင် ဇွဲနပဲကြီးကြီး၊ ရန်စွယ်ငေါငေါနဲ့အမှားဘက်က နိုင်ငံရေးသမားကိုမယှဉ်နိုင်ဘူး။

***- အက်ဒွင်ပါစီဝှစ်ပဲလ်***

In Italy for 30 years under the Borgias they had warfare, terror, murder, bloodshed-they produced Michelangelo, Leonardo da Vinci and the Renaissance. In Switzerland they had brotherly love, 500 years of democracy and peace and what did that produce......? The cuckoo clock.

***- Orson Welles***

ဘော်လ်ဂျားလက်အောက် နှစ်၃၀ လောက် အီတလီနိုင်ငံဟာ စစ်မက်တွေ၊ အကြမ်းပတမ်းမှုတွေ၊ လူသတ်မှုတွေ၊ သွေးချောင်းစီးမှုတွေဖြစ်ခဲ့တယ်။ အဲဒီ့နောက် မိုက်ကယ်အိန်ဂျလို၊ လီယိုနာဒိုဒါဗင်ချီနဲ့ပြန်လည်ဆန်းသစ်ခေတ်တို့ကိုမွေးထုတ်ပေးခဲ့တယ်။ ဆွစ်ဇာလန်နိုင်ငံကျတော့ အချင်းချင်းညီရင်းအစ်ကိုစိတ်ဓာတ်နဲ့ချစ်ချစ်ကြည်ကြည်နေထိုင်ခဲ့ကြပြီး နှစ် ၅၀၀ လောက်ကြာအောင်ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးကိုခံစားခဲ့ကြတယ်။ ပြီးတော့ သူတို့ဆီကဘာထုတ်လုပ်လိုက်ပါသလဲဆိုတော့ ဥဩနာရီတွေလေ။

***- အော်ဆင်ဝဲလ်***

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ဟိုတုန်းက မော်၊ ခုတော့ တိန်

တင့်နိုင်



(၁)

ဝတ္ထုအရေးကောင်းသည့် ဆရာခေါင်းတုံးပြောင်ကြီး၏ ဝတ္ထုခေါင်းစဉ်အတိုင်းပင်။ သူသည် ငယ်ငယ်တုန်းက ကွန်မြူနစ်တစ်ယောက်ပါ။ မာ့ခ်၊ လီနင်ဝါဒမော်စီတုံးအတွေးအခေါ်သည်ပင် သူ၏ဘဝလမ်းညွှန်။ ပစ္စည်းမဲ့ အာဏာရှင်စနစ်ကို ကြွေးကြော်သူ။ ဒေါက်တာဇီဗားဂိုးကားကို ကြည့်ရန်ခေါ်သောအခါ "အဲဒီလို ဖောက်ပြန်တဲ့ ကားကို မင်းတို့ပဲကြည့်"ဟု ခပ်တည်တည်ပြောပြီး လှည့်ထွက်သွားတတ်သူ။ ရွှေတိဂုံနားရောက်လို့ ဘုရားဖူးရအောင်ဟုခေါ်လျှင် "အိမ်ကဘုရား အားနာတယ်"ဟု ဘုကန့်လန့်ပြောတတ်သူ။ တစ်နေ့တော့ သူကျွန်တော့်ဆီရောက်လာပြီး၊ "လာကွာ သွားရအောင်" ဟု ခေါ်သည်။ "သွားရအောင်"ဆိုသည့်က အရက်သောက်ရအောင်ကို ပြောမှန်း ကျွန်တော်သိသဖြင့် ဘာမှမပြောဘဲ သူနှင့်လိုက်လာခဲ့သည်။ တစ်ယောက်တစ်ခွက်သောက်ပြီးသည်နှင့် သူရင်ဖွင့်လာသည်။ အကြောင်းစုံမေးတော့မှ သိလိုက်ရသည်မှာ အိမ်က ဈေးရောင်းသောချိန်ခွင်ကို ရိုက်ချိုးပြီး ကျွန်တော့်ဆီထွက်လာခဲ့ခြင်း ဖြစ်သည်။

"ဒီမိသားစုက အလွန်ဆင်းရဲတယ်။ ပြီး ငါတို့အိမ်မှာ အမြင်မတော်တာတွေကို အခမဲ့ ဝင်လုပ်ပေးတဲ့ မိသားစု၊ အဲဒါဆေးဖော်ဖို့ ထန်းလျက်တစ်မတ်ဖိုးလာဝယ်တာကို ငါက အလကားပေးလိုက်လို့၊ အမေက ငါ့ကိုဆူတယ်။ ချိန်ခွင်တင်လို့ မရရင် မရောင်းရဘူးတဲ့။ မင်းပဲ စဉ်းစားကြည့် ငါက ပစ္စည်းမဲ့တွေဘက်က တောက်လျှောက်ရပ်လာတဲ့ အကောင်လေ။ အခုတော့ ငါ့မှာ ဘာအစွမ်းအစမှ မရှိတော့ဘူး။ အခု ငါဘာကောင်ဖြစ်သွားပြီလဲ။ ငါရှက်တယ်ကွာ"

သည်ကောင် တော်တော် ခံစားနေရသည်။ ကျွန်တော့်သူ့ကို နှစ်သိမ့်ပေးချင်ပါသည်။ သို့သော် မပေးတတ်။ ကျွန်တော်က ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ အရင်းရှင်စသည်တို့ကို နက်နက်ရှိုင်းရှိုင်း သိသူမဟုတ်။ လူတန်းစားကွဲပြားနေမှုသည် ဤကမ္ဘာကြီးပေါ်တွင် ထာဝစဉ်ရှိနေလိမ့်မည်ဟု ယူဆယုံကြည်နေသူ။ သူတို့တစ်တွေက အတွေးမပြတ်သူဟု ဝေဖန်ခံရသူ။ သူတို့ထဲက ကျွန်တော့်သူငယ်ချင်းနောက်တစ်ယောက်ကမူ "ဘခင်ဆိုတဲ့ အကောင်က လက်ဝဲက လက်ယာ၊ လက်ယာက လက်ဝဲ၊ တောက်လျှောက်ပြေးနေတဲ့ အကောင်" ဟု ဝေဖန်ခံရသူ။

"စာရေးဆရာဆိုတိုင်း တွေ့ကရာရှစ်သောင်း ရေးရတာမဟုတ်ဘူးကွ။ ပစ္စည်းမဲ့ လူတန်းစားရဲ့ ဘုံခံစားမှုကို ရေးရမယ်။ မင်းရေးတဲ့ စာဟာ မင်းဖြတ်သန်းနေရတဲ့ ခေတ်ကိုထင်ဟပ်နေရမယ်။ ဒီလောက်နဲ့ မပြီးသေးဘူး။ ပစ္စည်းမဲ့လူတန်းစား၊ အဖိနှိပ်ခံပြည်သူတွေရဲ့ လွတ်မြောက်ရာလမ်းကို ညွှန်ပြနိုင်ရမယ်။ ပုဂ္ဂိုလ်ရေးခံစားမှုတွေ ငိုညည်းပြနေတဲ့ စာတွေဟာ ဖောက်ပြန်ရေးစာပေတွေပဲ"

သူတို့အုပ်စုအားလုံး ကျွန်တော့်ကို ချစ်ချစ်ခင်ခင် ယုံယုံကြည်ကြည်ပေါင်းကြသည်။ အယူအဆမတူဘဲ အတူနေကြသူများဟု ပြော၍ရသည်။ ဟုတ်တော့ဟုတ်ပါသည်။ ကျွန်တော်က ခပ်ညံ့ညံ့ လူတစ်ယောက်သာ ဖြစ်သည်။ ဘဝတွင် အကြီးအကျယ်ဆုံး မျှော်လင့်ချက်က စာရေးဆရာ။ ပစ္စည်းမဲ့လူတန်းစား လွတ်မြောက်ရေးကို မဆိုထားဘိ။ ထိုလူတန်းစား အကျိုးအတွက် စာကြည့်တိုက်တစ်ခု၊ ကျောင်းတစ်ဆောင် ဆောက်ပေးသည့် လုပ်ငန်းမျိုးတွင်ပင် ပါဝင်လုပ်အားပေးနိုင်ခဲ့သူ မဟုတ်။

"ငါဘာလုပ်ရမလဲ ဘခင်"

"စက်ဘီးတစ်စီး ဝယ်စီးသင့်တယ်"

ကျွန်တော့်အဖြေကြောင့် သူကြောင်အမ်းအမ်းဖြစ်သွားသည်။ စက်ဘီးလေးတစ်စီး ဝယ်စီးသူကိုပင် သူတို့တစ်တွေက ယုံကြည်ချက်ပျက်ယွင်းသူ၊ လူတန်းစားအတွေးအခေါ် ဆင်းရဲသွားသူဟု ယူဆယုံကြည်နေကြသည် မဟုတ်လား။ တရုတ်ပြည်သူ့တော်လှန်ရေးခေါင်းဆောင်ကြီး ဥက္ကဋ္ဌကြီးမော်၏ စကားတစ်ခွန်းသည် သူတို့ရင်သို့ စူးစူးနစ်နစ် စိုက်ဝင်နေတတ်သည်။ တရုတ်သည် တရုတ်၊ မြန်မာသည် မြန်မာ။ အခြေအနေ၊ ရေခံမြေခံချင်း မတူဟု သူတို့လက်ခံပါ၏။ သို့သော် မလိုက်နာ။ ပုံတူကူးချချင်နေကြသည်။ လူရွှန်း၏ စာများကို သူတို့ကြိုက်ကြသည်။ လင်းယုန်မောင်မောင်၏ ကက်စထရို၊ ချေဂွေဗားရားကို သူတို့ကြိုက်သည်။ ဘဝချင်းမတူသည့် တရုတ်ပြည်၊ တရုတ်သူရဲကောင်းများကိုသူတို့ဖတ်ကြသည်။ အာရှ အာဖရိက၊ လက်တင်အမေရိက လွတ်မြောက်ရေးကို ပြောကြသည်။ သူတို့ပြောသော စကားများသည် ကောင်းသော စကားများဖြစ်သည်။ စက်ဘီးလေးတစ်စီး ဝယ်စီးလျှင်ပင် ဓနရှင်စာရင်းဝင်နေသည်ကို ရည်ရွယ်ပြီး "မင်းလည်း အဲဒီဘက်ကူးသင့်ပြီ" ဟု ပြောလိုက်ခြင်းဖြစ်သည်။

ဟုတ်ပါသည်။ သိပ်များမကြာမီ သူစက်ဘီးအသစ်တစ်စီး ဝယ်စီးသည်။ ပြီးဆိုင်ကယ်။ ပြီးကား။

(၂)

နှစ်ပေါင်း ၃၀ ကျော်ကြာခဲ့လေပြီ။ သူက နယ်မြို့လေးတစ်မြို့တွင် အိမ်ထောင်ကျပြီး အခြေချစီးပွားရေးလုပ်ငန်းတစ်ခုဖြင့် ကြီးပွားနေသည်ဟု သိရသည်။ ဘယ်ဘဝပဲ ရောက်ရောက် သူကျွန်တော့်ကိုတော့ အခင်မင်မပျက်။ ဝင်မြဲ ထွက်မြဲပင်။

တစ်နေ့ ဆာဖ်ကားကြီးကို စီးပြီးသူကျွန်တော့်အိမ်သို့ ရောက်လာသည်။"လာကွာသွားရအောင်" ဟု ခေါ်သည်။ ကျွန်တော်ဘာမှမပြောဘဲ သူ့ကားပေါ်သို့ တက်လိုက်လာခဲ့သည်။ ကျွန်တော်တစ်ခါဖူးမှ မရောက်ဖူးသော ဟိုတယ်ကြီးတစ်ခုတွင် ကျွန်တော်တစ်ခါဖူးမှ မစားဖူးခဲ့သော အစားအစာများကို ကြွေးပြီး ဟိုတုန်းက သူတစ်ခါဖူးမှ မပြောဖူးခဲ့သော စကားများကို ပြောသည်။ ပြီးမှ . . .

"ချမ်းသာခြင်းဆိုတာ
ကျက်သရေတစ်ပါးပဲကွ"

တရုတ်ပြည်သစ်ကို တည်ထောင်သူ၊ တရုတ်ပြည်ကို လူရာဝင်အောင် လမ်းကြောင်းပြောင်းပေးခဲ့သူ၊ တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်၏ စကားကို သူက ပြောသည်။ ကျွန်တော်ဘာမှ ပြန်မပြောခဲ့ပါ။ သူ့စကားကို သာလေးလေးနက်နက်နားထောင်နေမိသည်။ သို့ရာတွင် . . .

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်က သူတို့အိမ်က ဈေးရောင်းသော ချိန်ခွင်ကို ရိုက်ချိုးပြီး ကျွန်တော့်ထံသို့ ရောက်လာစဉ်က အဖြစ်ကို ကျွန်တော်ပြန်မြင်ယောင်နေမိသည်။

"ငါဘာလုပ်ရမလဲ ဘခင်"
"စက်ဘီးတစ်စီး
ဝယ်စီးသင့်တယ်"

## JOKE

### ဂုဏ်ပြုခြင်း

ကောလိပ်ကျောင်းတစ်ကျောင်းသို့လာရောက်လည်ပတ်သော ဧည့်သည်တစ်ယောက်က ကျောင်းဆောင်သစ်တစ်ခုအား ကြည့်ပြီးနောက် အလွန်သဘောကျသွားကာ. . .

"မင်းတို့ဆရာကြီး 'အားနက်စ်ဟဲမင်းဝေး' ကိုဂုဏ်ပြုထားတာငါတော့ အရမ်းသဘောကျတယ်ကွာ"

"ဒီ 'ဟဲမင်းဝေးအဆောင်' က စာရေးဆရာကြီးကို ဂုဏ်ပြုထားတာမဟုတ်ပါဘူး လူကြီးမင်းခင်ဗျာ"

"ဟေ အဲဒါဆိုမင်းတို့က ဘယ်သူ့ကို ဂုဏ်ပြုထားတာလဲ"

" ရော့ဂီဟဲမင်းဝေးကို ဂုဏ်ပြုထားတာပါခင်ဗျာ။ သူက အားနက်စ်ဟဲမင်းဝေးနဲ့အမျိုးမတော်ပါဘူး။ ဒါပေမဲ့ ဒီကျောင်းဆောင်ဆောက်ဖို့ ချက်လက်မှတ်ရေးပေးတဲ့သူဖြစ်လို့ ဂုဏ်ပြုထားတာပါ"

### စိတ်ပညာရှင်

စိတ်ပညာရှင်တစ်ဦးနှင့် ၎င်း၏သူငယ်ချင်းတစ်ဦးမနက်စောစောလမ်းလျှောက်နေရင်းမှ စိတ်ပညာရှင်က သူငယ်ချင်းအား"တကယ်တော့ ငါဟာလမ်းလျှောက်နေတဲ့ စီးပွားရေးပဲကွ" ဟု ပြောလိုက်သည်။

"ဘယ်လို . . . ဘယ်လို" သူ့သူငယ်ချင်းက နားမလည်နိုင်သလိုမေးရာ. . .

"ဒီလိုလေကွာ ငါ့ခေါင်းပေါ်ကဆံပင်တွေ တဖြည်းဖြည်းဆုတ်ယုတ်လာတယ်။ ဒါပေမဲ့ ငါ့ဗိုက်ကတော့ ငွေကြေးဖောင်းပွသလို တဖြည်းဖြည်းဖောင်းပွလာတယ်။ အဲဒီနှစ်ခုပေါင်းလိုက်တော့ ငါ့ရဲ့စိတ်ဓာတ်က စီးပွားရေးကျဆင်းသလိုပဲ အကြီးအကျယ် ကျဆင်းနေတယ်လေကွာ"

## စာ(၂၃) မြန်မာ့ဆော့ဖ်ဝဲလုပ်ငန်းနှင့် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ပြဿနာ မှ

ပြည်တွင်းရှိ Software Outsourcing လုပ်ကိုင်နေသော ကုမ္ပဏီအချို့မှာ ပြည်တွင်းပိုင်းဆော့ဖ်ဝဲဈေးကွက်တွင်လည်းပူးတွဲလုပ်ကိုင်နေသဖြင့်တိုးတက်မှုမရှိသေးသည့် လတ်တလော Software Outsourcing လုပ်ငန်းများ ယခုထက်ပိုပြီးအခြေအနေမခိုင်မာလာနိုင်သည့်အခြေအနေတွင် ပူးတွဲလုပ်ကိုင်နေသော ဆော့ဖ်ဝဲရေးဆွဲပေးနေခြင်းက ကျားကန်ပေးနိုင်ကြောင်းနှင့် ပြည်တွင်းကုမ္ပဏီများအတွက် ဆော့ဖ်ဝဲရေးဆွဲခြင်းမပြုလုပ်ဘဲ Software Outsourcing သီးသန့်လုပ်ကိုင်သောလုပ်ငန်းများအနေဖြင့်မူခုနှစ်ဆယ်ရာခိုင်နှုန်းခန့်အထိ လုပ်ငန်းကျဆင်းမှုများတွေ့ကြုံနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်များကသုံးသပ်ပြောကြားသည်။ ယခုလက်ရှိ ပြည်တွင်းတွင် ဆော့ဖ်ဝဲလုပ်ငန်းလုပ်ကိုင်လျက်ရှိသော Software House အရေအတွက် ဆယ်ခုရှိနေပြီး ယင်း Software House တစ်ခုတွင်ဝန်ထမ်းအင်အားတစ်ထောင်ပင်ခန့်အပ်နိုင်ခြင်းမရှိသေးကြောင်း ယင်းလုပ်ငန်းကိုလုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုမှ နည်းစနစ်ဒါရိုက်တာတစ်ဦးကဆိုသည်။

ပြည်တွင်း ဆော့ဖ်ဝဲကဏ္ဍ တိုးတက်ရေးအတွက် Software Outsourcing လုပ်ငန်းတိုးတက်မှုအမှန်တကယ်လိုအပ်သကဲ့သို့ ပြည်တွင်းဆော့ဖ်ဝဲဈေးကွက်တိုးတက်ကောင်းမွန်ရေးသည်လည်းအလားတူအရေးကြီးကြောင်းသိရသည်။Software Industry တစ်ခုလုံးအနေနဲ့ စတင်သည်ဟုမပြောဆိုနိုင်သေးသော ပြည်တွင်းရှိအဆိုပါ Software Out-sorucing လုပ်ငန်းများမှာ တစ်ဦးကောင်း၊ လူနည်းစုသာလုပ်ကိုင်နေနိုင်သေးကြောင်းသိရသည်။မည်သည့်လုပ်ငန်းခွင်တွင်မဆိုအဓိကအကျဆုံးဖြစ်သည့်လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်ကြောင့်လိုအပ်ချက်များစွာရှိနေသေးသာအဆိုပါလုပ်ငန်းအနေဖြင့် HR လိုအပ်ချက်ကို အပြည့်အဝရရှိရန်အမှန်တကယ်လိုအပ်နေကြောင်းသိရသည်။

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စေစည်သူမိုး၊ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ ကျော်သီဟ၊
အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဉက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်၊ သန်းဌေး၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊
စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ရဲပန်ဇင်း၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊
မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ဌေး။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာ-
ဝန်ခံ- မိုးပပ။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၀၊ ၂၄၃ ၅၄၂၊ ၃၀၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7 DAY NEWS JOURNAL

Vol.9, No.24 • SEPTEMBER 2, 2010


## အရစ်ကျရောင်းချမည့် တိုက်ခန်းများအပေါ်လူစိတ်ဝင်စားမှုများသော်လည်း အမှန်တကယ် ဝယ်ယူရန် တုံ့ဆိုင်းမှုများရှိနေ

**ဇာဇာနီ၊ အိဖြူမွန်**

ရန်ကုန်၊ ဩဂုတ်-၂၄

ငွေကျပ်ခြောက်သိန်းရှိလျှင် တိုက်ခန်းတစ်ခန်း ပိုင်ဆိုင်ရမည်ဟု ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီ လူနေထိုင်မှုနှင့်မော်တော်ယာဉ်ပြပွဲတွင် တရားဝင်ကြေညာထားသည့်အပေါ် ပြပွဲလာပရိသတ်များ အထူး စိတ်ဝင်စားမှုရှိခဲ့ကြောင်း ပြပွဲ ပရိသတ်များနှင့် ယင်းကုမ္ပဏီမှ တာဝန်ရှိသူတို့က ပြောကြားသည်။

"ငွေခြောက်သိန်းနဲ့ တိုက်ခန်းတစ်ခန်း ပိုင်ဆိုင်နိုင်ပြီး၊ ငွေကျပ် သိန်းနှစ်ဆယ်နဲ့ အဆင့်မြင့်ကွန်ဒိုပိုင်ဆိုင်နိုင်မယ်ဆိုပြီး ကြော်ငြာထားတာတွေ့တော့ စိတ်ဝင်စားပြီး ဒီဆောက်လုပ်ရေးကုမ္ပဏီကို လာဖြစ်ခဲ့တာပါ။ သာမန်လူတန်းစားအတွက်ကတော့ လစဉ်ပေးရမယ့်ငွေပမာဏနည်းရင် အဆင်ပြေနိုင်တယ်လေ။ ဒါပေမဲ့ ပေးရတဲ့ငွေနဲ့လည်း တန်မယ်။ သူတို့ပြောသလို တိုက်ကိုလည်း သတ်မှတ်ထားတဲ့ အချိန်အတိုင်း အတာ တကယ်နေထိုင်နိုင်မယ်ဆိုရင်တော့ ကောင်းပါတယ်" ဟု ပြပွဲသို့လာရောက်ခဲ့သော အသက် ၃၀ ခန့် အမျိုးသားတစ်ဦးက 7Day News သို့ပြောသည်။

ယင်းတိုက်ခန်းများကို ကမာရွတ်မြို့နယ်ရှိ ဗဟိုလမ်း၊ လှိုင်မြို့နယ်ရှိ သီရိ ၅ လမ်းနှင့် သင်္ဃန်းကျွန်းမြို့နယ် မလိခအိမ်ရာဘေး တစ်ဖက်တွင် ဆောက်လုပ်ဆဲနှင့် ဆောက်လုပ်မည့် တိုက်ခန်းများဖြစ်ပြီး အချိန်အားဖြင့် အကြာဆုံးတည်ဆောက်မည့်တိုက်မှာ လာမည့်အောက်တိုဘာလတွင် စတင်ဆောက်လုပ်မည်ဟု သိရသည်။ ရှိုင်းကုမ္ပဏီက ယခုနှစ်တွင် ကွန်ဒိုနှင့် တိုက်ခန်းစုစုပေါင်း ၁၆ လုံးခန့် ဆောက်လုပ်သွားမည်ဟု ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးစိုးမင်းနိုင်က ဆိုသည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့က ရိုးရိုးတိုက်ခန်းတစ်ခန်းကို အရစ်ကျစနစ်နဲ့ ဝယ်ယူမယ်ဆိုရင် ငွေကျပ်ခြောက်သိန်းကို လစဉ်ပေးသွင်းရမှာဖြစ်ပါတယ်။ ကွန်ဒိုဝယ်ရင်တော့ တစ်လကို သိန်းနှစ်ဆယ် လစဉ်ပေးရမှာပါ။ ပေးရမယ့်ကာလကတော့ ဝယ်ယူမယ့်သူရဲ့ တိုက်ခန်းတန်ဖိုးပေါ်မှာ မူတည်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က 7 Day News သို့ပြောသည်။

အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားရာတွင် "ကျွန်တော်တို့ဆီက တိုက်ခန်းနဲ့ ကွန်ဒိုဝယ်တဲ့သူတွေအနေနဲ့ ငွေမကျေသေးပေမယ့်လည်း တချို့ဆောက်လုပ်ပြီးသွားတဲ့ တိုက်ခန်းတွေကို တစ်လ၊ နှစ်လနဲ့ တက်နေနိုင်ပါတယ်။ ပိုင်ဆိုင်မှုကတော့ ကုမ္ပဏီက ငွေကျေမှပဲ ပေးမှာပါ။ ဒီပြပွဲကာလမှာ ဘယ်နှခန်း ရောင်းရတယ်ဆိုတာကတော့ မပြောနိုင်ပါဘူး" ဟု ဆိုသည်။

စာ(၃၂)သို့




ဓာတ်ပုံ- လမင်းနိုင်

## ထိုင်းကုန်ပစ္စည်းများ ကော့သောင်းနှင့် တာချီလိတ် နယ်စပ်ဂိတ်များမှ အများဆုံးဝင်နေ

**ဇာဇာနီ၊ အိဖြူမွန်**

ရန်ကုန်၊ ဩဂုတ်-၂၅

မြဝတီနယ်စပ်ရှိ ချစ်ကြည်ရေးတံတားကို ယာယီပိတ်ထားသည့်အတွက် ကုန်သည်အများစုမှာ ထိုင်းကုန်ပစ္စည်းများကို ကော့သောင်းနှင့် တာချီလိတ်နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်တွင်းသို့ အများဆုံး တင်သွင်းမှုများရှိနေကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကုန်သည်တွေ အနေနဲ့က မြဝတီဘက်ကနေ သွင်းမယ့်ထိုင်းပစ္စည်းတွေကို အခုဆိုရင် ကော့သောင်းနဲ့ တာချီလိတ်ဘက်ကနေ သွင်းနေကြတယ်။ ဒါကြောင့် အဲဒီဘက်မှာ ပစ္စည်းအဝင်များလာတာပေါ့။ အခုဆိုရင် နယ်စပ်ကုန်သွယ်ရေးဂိတ် ပြောင်းလဲခွင့်လျှောက်ထားလာရင် ပိုကုန်သွင်းကုန်လိုင်စင်ထုတ်ပေးနေပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က 7Day News သို့ ဩဂုတ် ၂၅ ရက်က ဖုန်းမှတစ်ဆင့် ပြောသည်။

ပြီးခဲ့သည့် ဩဂုတ်လဆန်းပိုင်းလောက်က ဈေးဝယ်စင်တာအချို့နှင့် စားသောက်ကုန် လက်လီအရောင်းဆိုင်အချို့တွင် ထိုင်းကုန်ပစ္စည်းများ ပြတ်လပ်နေသဖြင့် ဈေးမြင့်လျက်ရှိကြောင်း သတင်းလွှင့်နေသော်လည်း အမှန်မှာ ထိုင်းကုန်ပစ္စည်းများ ပုံမှန်အတိုင်းဝင်ရောက်လျက်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်မံပြောကြားသည်။

ဩဂုတ်လတွင် မြဝတီဘက်မှ နယ်စပ်ကုန်သွယ်ရေးဂိတ်ပြောင်းလဲလျှောက်ထားကြသော ပစ္စည်းများအား လိုင်စင်ချပေးလျက်ရှိရာ လိုင်စင် ၁၉ စောင်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၈ သန်းကျော်ဖိုးကို ကော့သောင်းနယ်စပ်ဘက်မှ သွင်းခွင့်ပေးခဲ့သည်။ လိုင်စင်နှစ်စောင်၊ ကန်ဒေါ်လာ တစ်သိန်းကျော်ဖိုးကို တာချီလိတ်ဘက်မှ ပြောင်းလဲတင်သွင်းခဲ့ကြောင်း ကုန်သွယ်ညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။

ထိုင်းကုန်ပစ္စည်းရောင်းချသည့် ညောင်ပင်လေးဈေးနှင့် လှည်းတန်းဈေးကွက်တွင် ယခုငါးရက်အတွင်း ထိုင်းပစ္စည်းဖြစ်သည့် အိုးတံဆိပ်အချိုမှုန့်နှင့် အချိုရည်ဘူးများ၊ ကြာဆံများ အဝင်များလာပြီး ဈေးပြန်ကျခဲ့ကြောင်း၊ သို့သော် မြဝတီ နယ်စပ်မပိတ်ခင် ဈေးနှုန်းအထိပြန်မကျသေးကြောင်း ယင်းဈေးရှိ ကုန်သည်အချို့မှသိရသည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၄၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၈၃၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၅. ၂၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၇၉၇၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၆. ၇၉၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၅၂၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၉၅. ၁၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၃၈၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၃၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၆၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၅၀၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၄၀၇၇ | ဒေါ်လာ | (နယူးဇီလန်) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၂၃၇. ၉၀၀ |
| ရေနံ | စည် | ၇၆. ၆၅၀ |
| ငွေ | ၁ အောင်စ | ၁၉. ၀၇၄ |
| ကြေးနီ | ပေါင် | ၃၃၈. ၄၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၇၀၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ ခုနှစ် ဩဂုတ် ၂၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ဈေးကွက်ပြိုင်ဆိုင်အားကြောင့် ဘိလပ်မြေဈေးကျဆင်း



**သိမ့်သိမ့်စိုး**

ရန်ကုန်၊ ဩဂုတ် - ၂၅

ဘိလပ်မြေဈေးကွက်တွင် အရောင်းအဝယ်အေးနေချိန်၌ ကိုယ်စားလှယ်ကြီးများ ဈေးကွက်ပြိုင်ဆိုင်ရောင်းချမှုများကြောင့် ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း ဈေးကွက်တွင်းရှိ လုပ်ငန်းရှင်များက ပြောသည်။

လက်ရှိကာလမှာ မိုးတွင်းဖြစ်နေ၍ အိမ်ဆောက်ပစ္စည်းနှင့် ပတ်သက်သော ကုန်ပစ္စည်းဈေးနှုန်းများမှာ ကျဆင်းနေသကဲ့သို့ ဘိလပ်မြေ ဈေးကွက်၏ ဝယ်လိုအားသည်လည်း ယခင်ထက် ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းနေခဲ့ကြောင်း သိရသည်။

လတ်တလောတွင် ယခုဈေးကျနေသော ဆင်တံဆိပ်ဘိလပ်မြေဝင်ရောက်မှုမှာ ပုံမှန်ရှိနေသကဲ့သို့ ကိုယ်စားလှယ်များသို့ဖြန့်ချိဈေးမှာလည်း ပြောင်းလဲမှုမရှိကြောင်း ဘိလပ်မြေလက်ကားရောင်းချသူတစ်ဦးက ပြောသည်။

သဘော်ာမှယူ၍ ကိုယ်စားလှယ်များသို့ ပြန်ရောင်းချသောဈေးနှုန်းမှာ တစ်အိတ်လျှင် ၅,၆၅၀ ကျပ်ရှိသော်လည်း ကိုယ်စားလှယ်များ၏ ပြန်ရောင်းဈေးမှာ ၅,၆၀၀ ကျပ်ဖြစ်သဖြင့် ပြင်ပဈေးနှုန်းများမှာလည်း တစ်အိတ်လျှင် ၅၀ ကျပ် ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

သို့သော် စိန်တံဆိပ် ဘိလပ် မြေမှာဈေးကွက်အတွင်းသို့ ဝင်ရောက်မှုနည်းသဖြင့် တစ်အိတ်လျှင် ၅,၄၀၀ ကျပ်မှ ၅,၄၅၀ ကျပ်သို့ မြင့်တက်ခဲ့ကြောင်း အောင်စည်တော်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# Business

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

## ရွှေဈေးဆက်မြင့်နေသော်လည်း အထည်ဈေးကွက် ရောင်းအားမကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဩဂုတ် - ၂၅**

ရွှေဈေးနှုန်းများ ဆက်လက်မြင့်တက်လာ၍ ရွှေပြန်ရောင်းသည့်ဈေးကွက်လျော့နည်းသွားသော်လည်း အထည်ဈေးကွက်ရောင်းအားမှာ သိသာစွာကျဆင်းခြင်းမရှိကြောင်း ရွှေဆိုင်ပိုင်ရှင်များက ပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းများမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၄၅,၀၀၀ ကျပ်ဝန်းကျင်ဖြင့် လည်ပတ်နေရာမှ ယခုလလယ်ပိုင်း၌ ၆၅၂,၀၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ ယင်းအချိန်၌ ရွှေပြန်ရောင်းသည့်ဈေးကွက်မှာ သိသာစွာမြင့်တက်လာခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

သို့သော် ယခုတစ်ပတ်အတွင်း၌ ကမ္ဘာ့ရွှေဈေးနှုန်းများ ဆက်လက်မြင့်တက်ခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၅၅,၅၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

"ဈေးတက်လာတော့ ရွှေပြန်ရောင်းတဲ့ ဈေးကွက်က နည်းသွားတယ်။ တော်တော်များများက ဈေးဆက်တက်ဦးမလားဆိုပြီး စောင့်ကြတဲ့သဘောပဲ"ဟု ရွှေ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်လာခဲ့ခြင်းကြောင့် ရွှေပြန်ရောင်းသည့်ဈေးကွက်မှာ ၃၀ ရာခိုင်နှုန်းဝန်းကျင်အထိ ပြန်လည်ကျဆင်းလာခဲ့ကြောင်း ရွှေဆိုင်ပိုင်ရှင်များက ပြောသည်။

သို့သော် အထည်ဝယ်ယူသည့် ဈေးကွက်တွင် လျော့နည်းခြင်းမရှိသေးဘဲ ဝယ်ယူသူများ နေဆဲသာဖြစ်ကြောင်း ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။



"ဝါတွင်းကာလမှာ အစ္စလာမ်ဘာသာဝင်တွေက သူတို့ပွဲတော်လုပ်တဲ့အချိန်တွေဖြစ်တဲ့အတွက် အထည်ဝယ်တဲ့ရာသီမို့ ဝယ်လိုအားက ကောင်းနေသေးတယ်"ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးက အထည်ဈေးကွက် ဝယ်လိုအားကောင်းနေပုံရှင်းပြသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ယနေ့ ဩဂုတ် ၂၅ ရက်၌ တစ်အောင်စလျှင် ၁,၂၂၀ ဒေါ်လာမှ ၁,၂၃၀ ဒေါ်လာသို့ ဆယ်ဒေါ်လာအထိ မြင့်တက်လာခဲ့သည်။

သို့သော် ပြည်တွင်းရွှေဈေးနှုန်းမှာ ဈေးအမြင့်ပိုင်း၌ ရှိနေ၍ တစ်ကျပ်သားလျှင် ၃,၀၀၀ ကျပ်အထိသာ ဈေးနှုန်းများမြင့်တက်လာ ခဲ့သည်။

ယင်းနေ့တွင် ၁၅ ပဲရည်ဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ၆၁၇,၄၀၀ ကျပ်ဈေးဖြင့် ရောင်းချရကြောင်း သိရသည်။



စာ(၃၁) – အရစ်ကျရောင်းချမည့် တိုက်ခန်းများအပေါ်လူစိတ်ဝင်စားမှုများသော်လည်း အမှန်တကယ်ဝယ်ယူရန် တုံ့ဆိုင်းမှုများရှိနေမှ

လောလောဆယ်တွင် ကမာရွတ်မြို့နယ် ဗဟိုလမ်းပေါ်ရှိ တိုက်တစ်လုံးသာ ရှစ်ဆယ်ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဟု သိရသည်။

ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် အိမ်ရာအဆောက်အအုံ တိုက်ခန်းများ ရောင်းချသည့်အခါ အရောင်းမြှင့်တင်သည်အနေနှင့် အရစ်ကျရောင်းချမှုများရှိရာ ဆောက်လုပ်ရေးကုမ္ပဏီအချို့၏ တာဝန်ပျက်ကွက်မှုကြောင့် ဝယ်သူများအတွက် ဆုံးရှုံးနစ်နာခဲ့သည့် သာဓကများရှိခဲ့၍ သတိပြုရန်လိုကြောင်း အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက အသိပေးပြောကြားသည်။

"ဆောက်လုပ်ရေးကုမ္ပဏီတွေကတော့ ဒီနောက်ပိုင်းမှာ အရစ်ကျနဲ့ ပေးရတဲ့ တိုက်ခန်း၊ ကွန်ဒိုတွေကို ပရိုမိုးရှင်းတော်တော်လေးလုပ်ပြီး ရောင်းကြတယ်။ တကယ်လုပ်နိုင်ရင်တော့ ငွေလုံးငွေရင်းနဲ့ သွင်းဖို့ အခက်အခဲရှိတဲ့ လူတန်းစားအနေနဲ့ အတိုးပေးရတဲ့သဘောနဲ့ ပေးရတဲ့အနေအထားမှာ တန်ရာတန်ကြေးရဖို့ လိုပါတယ်။ လုပ်ငန်းရှင်ကတော့ အရစ်ကျနဲ့ ပေးရတဲ့အတွက် သူတို့ကိုက်မှပဲ ရောင်းပေးမှာပါ။ နေထိုင်သူဘက်က လစဉ်ပေးပါလျက်နဲ့ သတ်မှတ်ကာလနဲ့ တိုက်က မပြီးတာတို့၊ ဆောက်လုပ်မယ့် တိုက်တန်ဖိုးနဲ့ ကိုယ်ပေးရတဲ့ တန်ဖိုးတွက်ခြေမကိုက်တာတို့ နေရာကအစ အခန်းဖွဲ့စည်းပုံ အဆုံး ဝယ်သူအကြိုက်ဖြစ်ဖို့ လိုပါတယ်။ ဒါတွေကို ဝယ်သူတွေက သတိပြုရမှာပါ"ဟု ယင်းပုဂ္ဂိုလ်ကဆက်လက်ပြောကြားသည်။

## ကားပြပွဲတွင် ပြည်တွင်းထုတ်ကားများ ဈေးလျှော့ရောင်းသော်လည်း အရောင်းအဝယ်အနည်းသာဖြစ်

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ် - ၂၃**

ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပသော Life Style of Car Expo ပြပွဲအတွင်း ပြည်တွင်းထုတ် လိုက်ထရပ်ကားအချို့ ဈေးလျှော့ရောင်းချခဲ့သော်လည်း ပြခန်းသက်သက်သာဖြစ်၍ အရောင်းအဝယ်အနည်းငယ်သာဖြစ်ခဲ့ကြောင်း ကားထုတ်လုပ်သည့် ကုမ္ပဏီများထံမှ သိရသည်။

ယင်းပြပွဲတွင် ပြည်တွင်းထုတ်ကားကုမ္ပဏီခြောက်ခုပြသခဲ့ပြီး၊ ကုမ္ပဏီတစ်ခုမှ ထုတ်လုပ်သော ကျပ် ၇၅ သိန်းတန် လိုက်ထရပ်ကားတစ်စီးလျှင် ကျပ်ငါးသိန်းလျှော့ချ ခဲ့သည်။ ကျပ်ငါးသိန်းအထိလျှော့ချခဲ့သော်လည်း ပြပွဲကာလအတွင်း ကားဝယ်သူတစ်ဦးသာ ကားကုမ္ပဏီသို့ ဆက်သွယ်ဝယ်ယူခဲ့ကြောင်း ယင်းကုမ္ပဏီမှ အရောင်းတာဝန်ခံတစ်ဦးက ပြောသည်။

ပြပွဲသက်သက်သာဖြစ်၍ ရောင်းဝယ်ခြင်းကို ကုမ္ပဏီနှင့်ဆက်သွယ်၍ ကုမ္ပဏီတွင်ဝယ်ယူရကြောင်း၊ ဈေးလျှော့ရောင်းသော လိုက်ထရပ်ကားများကိုသာ စိတ်ဝင်စားသူ များပြားခဲ့ကြောင်း ပြပွဲရှိကုမ္ပဏီသုံးခုကပြောသည်။

"ပြပွဲသက်သက်ပဲလာပြတာ။ ဒီမှာ ရောင်းဖို့ပြတာမဟုတ်ဘူး။ ကြော်ငြာတဲ့သဘောပါ"ဟု ရွှေခေါင်းလောင်းကားထုတ်လုပ်မှုကုမ္ပဏီကပြောသည်။

ခိုင်ခိုင်စမ်းကားကုမ္ပဏီမှ ကျပ်သိန်း ၁၀၀ ကျော်တန် လိုက်ထရပ်ကားတစ်စီးလျှင် ကျပ်ဆယ်သိန်းဈေးလျှော့ရောင်းချခဲ့သည်။ ယင်းပြပွဲတွင် လာရောက်ပြသသောကားများသည် လိုင်စင်ကျပြီးသောကားနှင့် လိုင်စင်မလျှောက်ရသေးသောကားများ ပါဝင်သည်။

"စိတ်တော့ဝင်စားကြတယ်။ လာမေးတဲ့သူလည်းရှိတယ်။ဘယ်နှစီး အရောင်းထွက်တယ်ဆိုတာမျိုးတော့ အတိအကျပြောလို့မရဘူး။ အဓိကရည်ရွယ်ချက်က ရောင်းဖို့ထက် ကြော်ငြာဖို့ပြသတာပါ"ဟု ခိုင်ခိုင်စမ်းကားကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာမစ္စတာယူစင်ကပြောသည်။

ပြပွဲတွင် ဈေးလျှော့ရောင်းသောကားများသာ အရောင်းအဝယ်ရှိခဲ့ပြီး ကျပ်သိန်း ၁၁၀ တန် လိုက်ထရပ်ကားများ အရောင်းအဝယ်မရှိခဲ့ကြောင်း ကားကုမ္ပဏီအချို့မှ စုံစမ်းသိရှိရသည်။ ယင်းပြပွဲမှာ ကားရောင်းဝယ်ရေးထက် ဈေးကွက်တွင် လူသိများစေရန် ကြော်ငြာသည့် သဘောဖြင့်သာ ပြခဲ့ခြင်းဖြစ်ကြောင်း ကားကုမ္ပဏီအချို့ကပြောသည်။

ပြည်တွင်းကားဈေးကွက်တွင် မော်ဒယ်မြင့်ကားအမျိုးအစားများနှင့် ဇုန်ထုတ်ကားများ အရောင်းအဝယ်အေးစက်ကာ ဈေးကျလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၁၉ ရက် က ဈေးကွက်အတွင်း ကောက်ယူခြင်းအရ မော်ဒယ်မြင့်ကားများသည် ကျပ်သိန်း ၅၀ ဝန်းကျင်နှင့် ဇုန်ထုတ်ကား၊ လိုက်ထရပ်ကားများ ကျပ် ၁၅ သိန်းဝန်းကျင်အထိ ဈေးကျခဲ့ကြောင်း သိရသည်။







7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

7DAY BOOK REVIEW

## ဂန္ထလောက လက်ရွေးစင်ခေါင်းကြီးပိုင်းများ



ဂန္ထလောကသည် 'ခေတ်ဆန်းစာပေ' ဟုအမည်တွင်လာသောစာပေ ပေါ်ပေါက်လာရာတွင်လည်းကောင်း၊ နိုင်ငံခြားဘာသာစာပေမှ မြန်မာဘာသာသို့ ပြန်ဆိုရေးသားမှုကို မြေတောင်မြှောက်ရာတွင်လည်းကောင်း အထောက်အကူပြုစွာ အရေးကြီးသည့်ကဏ္ဍမှ ပါဝင်ခဲ့သည့် မဂ္ဂဇင်းတစ်စောင် ဖြစ်ပါသည်ဟု ၁၉၆၈ ခုနှစ်ထုတ် ငွေတာရီမဂ္ဂဇင်းတွင် ဆောင်းပါးရှင်စိုးရှိန်က ရေးသားခဲ့သည်။ ရာပြည့်စာတည်းအဖွဲ့ဝင်တစ်ဦး၏ စုစည်းတည်းဖြတ်ဝါယမစိုက်မှုက ပေါ်ထွက်လာသောယခုစာအုပ်ကြောင့်ဂန္ထလောကသည် ဘာသာပြန်စာပေနှင့် ခေတ်ဆန်းစာပေတို့ ပေါ်ပေါက်ရန်အထောက်အကူပြုခဲ့ရုံသာမကသတင်းစာ၊ဂျာနယ်၊မဂ္ဂဇင်းများတွင်ပါသော "ခေါင်းကြီးပိုင်းများ"ရေးသားခြင်းနှင့်ပတ်သက်၍လည်းတိုးတက်ရန် အကျိုးပြုသည်ဟုဆိုရမည်။

"မည်သည့် သတင်းစာ၊ မဂ္ဂဇင်းမှာ မဆို ခေါင်းကြီးပိုင်းပါရလေသည်။ ခေါင်းကြီးပိုင်းကား သတင်းစာ၊ မဂ္ဂဇင်းတို့၏ အာဘော်ဖြစ်၏။ တစ်စုံတစ်ခုသော သတင်းစာ၊ မဂ္ဂဇင်း၏ အာဘော်ကို သိလိုလျှင် ခေါင်းကြီးပိုင်းကို ဖတ်ရလေသည်။ အရေးကြီးသော ကိစ္စတစ်ခုပေါ်လာသောအခါ ထိုကိစ္စနှင့်ပတ်သက်၍ အကြင်သတင်းစာ၊ မဂ္ဂဇင်း၏ ထင်မြင်ချက်ကို သိလိုလျှင်လည်း ခေါင်းကြီးပိုင်းကို ဖတ်ရမည် ဖြစ်၏။ သတင်းစာ၊ မဂ္ဂဇင်း တစ်စောင်၏ ရည်ရွယ်ချက်များကိုလည်း ထိုခေါင်းကြီးပိုင်းမှာပင်ထုတ်ဖော်ရေးသားလေ့ရှိသည်။ ခေါင်းကြီးပိုင်းများကို ရေးသားသူတို့ကတာဝန်ခံ အယ်ဒီတာများဖြစ်ကြလေသည်။ သို့ဖြစ်သောကြောင့်ခေါင်းကြီးပိုင်းများသည် သတင်းစာ၊ မဂ္ဂဇင်းတို့၏ အချုပ်အခြာစာများ ဖြစ်သည်ဟူ၍ဆိုရပေသည်" ဟု ၁၉၃၅ နိုဝင်ဘာလထုတ် ဂန္ထလောက မဂ္ဂဇင်းခေါင်းကြီးပိုင်း ကဏ္ဍတွင် အယ်ဒီတာက **ခေါင်းကြီးပိုင်း** ခေါင်းစဉ်ဖြင့်ပင် ရေးသားထားခဲ့သည်။ ထိုစဉ်က ဂန္ထလောကမဂ္ဂဇင်းတွင် စာတည်းအဖြစ် ဆောင်ရွက်နေသူမှာသိပ္ပံမောင်ဝ (ဦးစိန်တင်) ဖြစ်၍သိပ္ပံမောင်ဝ၏ လက်ရာဖြစ်တန်ရာ၏။

"ဂန္ထလောက လက်ရွေးစင်ခေါင်းကြီးပိုင်းများ (၁၉၂၈-၁၉၃၅)" ဟု အမည်ပေးထားသောစာအုပ်တွင် အထက်ပါ ခေါင်းကြီးပိုင်းအရေးအသားနှင့် ခေါင်းကြီးပိုင်းအရေးပါပုံအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုပြပုံတို့မှာ သတင်းဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်းများ ဖွံ့ဖြိုးလာသည့်ယနေ့ကာလတွင်သတင်းစာသမားတိုင်း အလေးထားဖတ်သင့်သည့် စာတစ်ပုဒ်ဖြစ်သည်။

၁၉၂၈ စက်တင်ဘာလတွင် ဖော်ပြခဲ့သော **ဖွ . . . လွဲပါစေ၊ ပယ်ပါစေ** ခေါင်းကြီးမှ "မြန်မာလူမျိုးတို့သည် ကာလတောင်တာရှည်ကြာခဲ့သော် အရှေ့ဘက်ကနေအသိန်းအသန်းသော တရုတ်တို့နှင့် အနောက်ဘက်ကနေ အသိန်းအသန်းသော အိန္ဒိယတို့စပ်ကြားတွင် မြန်မြန်ကြီး မဟုတ်သော်လည်းမှန်မှန်ကြီးနစ်မြုပ်၍သွားလေမည်လော" ဟူသော အယ်ဒီတာ၏ အရေးအသားကို တွေ့ရပေမည်။၁၉၂၈ အောက်တိုဘာလတွင် ဖော်ပြခဲ့သော **စီးပွားရေးပညာ၏ အသုံးဝင်ပုံ** ဟူသော ခေါင်းကြီးတွင် "စီးပွားရေးဆရာကြီးတို့ အသို့ဆိုကြသနည်းဟု သိလို၍ ၎င်းတို့ပြုစုသော ကျမ်းများကို ကြည့်ရှုပြန်လျှင်လည်း လူသာမန်တို့ နားမလည်ကောင်းသော အစွန်းထွက်အသုံးဝင်ခြင်း စသောစကားထူး၊ စကားဆန်းများနှင့် ရေးသားထားသည်ကို တွေ့ကြရာ၏။ သို့ဆိုသော် စီးပွားရေးပညာကျမ်းတို့သည် စကားထာကျမ်းများပေလော" ဟူသည့် စီးပွားရေးပညာရှင်တို့ ရေးသားသောပညာရပ်ဆိုင်ရာ အသုံးအနှုန်းများမှာ သာမန် လူအများစုနားမလည်ခြင်းနှင့် ပတ်သက်၍ ရေးသားထားသော ခေါင်းကြီးကြောင့် လွတ်လပ်ရေးမရမီ ၁၉၂၈ ကတည်းက ရှိခဲ့သော ထိုပြဿနာမှာ ယနေ့အထိ ရှိနေကြောင်းကိုလည်းတွေ့ရ၏။

". . . ငါတို့မြန်မာပြည်သည် မည်သည့်အခါတွင် လုံးဝလွတ်လပ်ခွင့်ရမည်နည်း။ အဖြေမှာ လွယ်၏။ နေနိုင်စွမ်းသည့်အခါတွင်ရမည်။ အဘယ်အခါတွင် နေနိုင်စွမ်းပါမည်နည်း။ ပညာမျက်စိရှိသောအခါတွင် နေနိုင်စွမ်းဖွယ်ရှိ၏။ အဘယ်အခါတွင် ပညာမျက်စိရှိပါအံ့နည်း။ ပညာမျက်စိကိုပေးတတ်သော အရေးကြီးသည့်နိုင်ငံခြား စာပေတို့ကိုအမြောက်အများ ဘာသာပြန်၍ မြန်မာတို့အား ဖတ်ရှုလေ့ကျက်စေသောအခါ ပညာမျက်စိရှိလာပေလိမ့်မည်။ နိုင်ငံခြားစာပေကိုဖတ်ရမှပင်ပညာမျက်စိရှိရတော့မည်လော။ ဤသို့လျှင် စောဒကဆရာတို့ကဆိုပြန်ရာ၏. . . ။ သို့ရာတွင်အများမငြင်းနိုင်သောအချက်ကိုပြောရမည်ဆိုသော် မြန်မာဘာသာဖြင့်ယခုရှိနှင့်ပြီးစာပေတို့သည် ယခုခေတ်တွင် လူချင်းအတူတူ၊ သူချင်းအမျှမျှဖြစ်စိမ့်သောငှာမလုံလောက်တော့ပြီ. . . ယခုခေတ်သည် ရှေးကခေတ်နှင့်ခြားခဲ့ပြီ" ဟူ၍ **ဘာသာပြန်ရေး** ခေါင်းစဉ်နှင့် ရေးခဲ့သော ခေါင်းကြီးပိုင်းမှာလည်း ယနေ့ကာလအထိဦးနှောက်ကို နှိုးဆွနိုင်ဆဲ စာတစ်ပုဒ်ဖြစ်ပါသည်။

အထူးသဖြင့် သတင်းစာသမားများ ဖတ်ရှုလေ့လာသင့်သောခေါင်းကြီးပိုင်းများစွာ ပါဝင်ပြီး၊ မစ္စတာဖာနီဗယ်ကထုတ်ဝေခဲ့သော ဂန္ထလောကမဂ္ဂဇင်း၏ ခေါင်းကြီးပိုင်း ၈၀နှင့် ဆောင်းပါး ၁ပုဒ်တို့ကို ရာပြည့်စာအုပ်တိုက်က ပြန်လည်စုစည်းထုတ်ဝေထားပြီးတန်ဖိုး ၂,၅၀၀ကျပ်ဖြစ်သည်။

Knowledge ပဟုသုတ

## အရပ်ပုသူတွေက နှလုံးရောဂါဖြစ်နိုင်ခြေများသတဲ့

ဖင်လန်နိုင်ငံသား သုတေသီများ၏လေ့လာမှုအရ အရပ်အမြင့် ၁၅၃ စင်တီမီတာအောက် အမျိုးသမီးများနှင့် ၁၆၅ စင်တီမီတာအောက် အရပ်အတိုင်းအတာရှိသည့် အမျိုးသားများသည် နှလုံးရောဂါဖြစ်ပွားတတ်ကြကာ နှလုံးရောဂါကြောင့် သေဆုံးမှုများပြားကြောင်း European Heart Journal တွင် ဖော်ပြထားသည်။ မည်သည့်အကြောင်းကြောင့်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသော်လည်း အရပ်အမောင်းနှင့် နှလုံးရောဂါအခြေအနေကြားတွင် ကြီးမားသောဆက်စပ်မှုရှိကြောင်း လေ့လာမှုအရသိရသည်။ ဖြစ်နိုင်ခြေတစ်ခုမှာ အရပ်ပုသူများတွင် နှလုံးသို့သွားရာ သွေးကြောတိုသဖြင့် ပိတ်ဆို့မှုဖြစ်ရန် အခြေအနေများခြင်းကြောင့်ဟုလည်းဆိုသည်။ သို့သော်လည်း အရပ်ပုသူများအနေဖြင့် ရောဂါကို တွေးကြောက်ရန်မလိုအပ်ဘဲ ကိုယ်အလေးချိန်၊ နေထိုင်မှုစနစ်၊ ဆေးလိပ်သောက်ခြင်း၊ ယမကာသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားစသည့်အချက်များကြောင့်လည်းဖြစ်နိုင်ကြောင်း သုတေသီများကဆိုသည်။ သုတေသနရလဒ်မှာ အရပ်မြင့်သောသူများနှလုံးရောဂါကို ခံနိုင်ရည်ရှိသည်ဟူ၍ ဆိုလိုခြင်းမဟုတ်ဘဲအရပ်ပုသောသူများအား နှလုံးရောဂါကိုမပေါ့ဆဘဲသတိပြုကာကွယ်နိုင်ရေးအတွက်သာရည်ရွယ်သည်ဟုဆိုသည်။ နှလုံးကျန်းမာရေးကောင်းရန်အတွက်လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သင့်လျော်စွာစားသောက်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ ကိုယ်အလေးချိန်ထိန်းသိမ်းခြင်းတို့ဆောင်ရွက်ရမည်ဖြစ်သည်။

–Source: Reader's Digest

# တစ်ပတ်တာ ကံကြမ္မာ

စက် တင် ဘာ ၂ ရက် မှ ၈ ရက် အထိ

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ငွေကြေးကံကောင်းမည်။ အလုပ်အကြံအောင်မည်။ အရပ်ဝေးနှင့်ဆက်သွယ်သောကိစ္စများမှ ကောင်းသောအကျိုးဆက်ရမည်။ အလုပ်အခွင့်အရေးသစ်များပေါ်ပေါက်မည်။ ကာလအတန်ကြာ ပိတ်နေသောလမ်းကြောင်းများပြန်ပွင့်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း အလုပ်တိုးတက်မည်။ အိုးအိမ်နေရာထိုင်ခင်းအတွက် စကားပြောဆိုရမည်။ စနေနံပစ္စည်းများအကျိုးပေးမည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

စိတ်အနှောင့်အယှက်များကြုံမည်။ အထင်လွဲမှုများဖြေရှင်းရမည်။ ရန်အတိုက်အခံများနှင့်ယှဉ်၍လုပ်ကိုင်ရမည်။ လုပ်ငန်းခွင်အတွင်း စိတ်အနှောင့်အယှက်အနည်းဆုံးနှစ်မျိုးကြုံမည်။ မိသားစုတွင် အိမ်ထောင်ဦးစီး၏ ကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ ကိုယ်ပိုင်လုပ်ငန်း စီးပွားလုပ်ကိုင်သူများ ငွေကြေးအပေး အယူသတိရှိရမည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်ပျက်တတ်သည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အကောင်းအဆိုးရောထွေးနေသောကာလဖြစ်သည်။ အဆင်မပြေခက်ခဲမည်ဟု ထင်မှတ်ထားသည်များ အလုံးစုံအဆင်ပြေသွားမည်။ အများသူငါ လွယ်လင့်တကူဆောင်ရွက်ပြီးစီးသည့်ကိစ္စများ မိမိဆောင်ရွက်၍ ခက်ခဲနှောင့်နှေးမည်။ ရွှေ၊ ယာဉ်၊ လူ စသည့်ဗုဒ္ဓဟူးနံများအဝင်မတော်။ နိုင်ငံရပ်ခြားခရီးကိစ္စများ စီစဉ်အောင်မြင်မည်။ လူမျိုးခြားအကျိုးပေးမည်။ ပညာရေးကံကောင်းမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ကိုယ်ပိုင်အစွမ်းအစကို စနစ်တကျပြသနိုင်သောကာလဖြစ်သည်။ ရည်မှန်းချက်များအား အကောင်အထည်ဖော်သင့်သည်။ လုပ်ငန်းစီးပွားဟောင်းများကို အကြံသစ်ဖြည့်စွက်ကာ ဆောင်ရွက်မှုသစ်များဖြင့်ရှေ့တိုးလုပ်ကိုင်ပါ။ တစ်ပါးသူထံမှ ငွေချေးယူ၍သော်လည်းကောင်းရှိသောပစ္စည်းအား ပေါင်နှံ၊ ရောင်းချ၍သော်လည်းကောင်း ငွေကြေးရင်းနှီးမြှုပ်နှံမှုများ လုံးဝမပြုသင့်။ အရှုံးပေါ်တတ်သည်။ အိုးအိမ်ပြင်ဆင်ခြင်းမပြုရ။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ခြံ၊ မြေနေရာထိုင်ခင်းကိစ္စများ စကားပြောဆို၍အောင်မြင်မည်။ အိမ်တွင် လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူတိုးတက်မည်။ လက်လွှန်ထားသောငွေ၊ ပစ္စည်းများ လက်ဝယ်ပြန်လည်ရရှိမည်။ အခက်အခဲကြုံ၍ ရပ်တန့်ထားသည်များကို အဆင်ပြေအောင်ဆောင်ရွက်နိုင်မည်။ စကားနည်းနည်းပြော၍ လုပ်စရာရှိသည်များကိုပြတ်သားစွာလုပ်ကိုင်သင့်သည်။ စနေနံပစ္စည်းအရောင်းအဝယ်ပြု၍အကျိုးရှိမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ငွေအစုလိုက်ဝင်ခြင်း၊ လာဘ်ပွင့်ခြင်းများ ဆက်တိုက်ကြုံမည်။ ပြဿနာဟောင်း၊ အမှုဟောင်းများ ပြန်လည်ဖြေရှင်းအဆင်ပြေမည်။ ပညာအတတ်ကို အခြေတည်၍ ဆောင်ရွက်မှုများမှ အကျိုးဆက်ကောင်းနှင့် တိုးတက်မှုလမ်းစသစ်ပွင့်မည်။ ကြိုတင်ရည်မှန်းထားခြင်းမရှိဘဲ မြင့်မြတ်သောအလှူဒါနများပြုရမည်။ ဘာသာရေးကိစ္စများ ဆောင်ရွက်၍အကျိုးပေးမည်။ လုပ်သမျှ လူသိထင်ရှားဖြစ်မည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

လက်အောက်ငယ်သား ဒုက္ခပေးတတ်သည်။ ဖခင်ဖြစ်သူအတွက် စိတ်သောကဖြစ်စရာများကြုံမည်။ ဥပဒေနှင့်မကင်းသောကိစ္စများရှောင်ပါ။ ခိုက်ရန်ဖြစ်ခြင်းမပြုရ။ သွေးထွက်သံယိုဖြစ်တတ်သည်။ ယာဉ်၊ စက်ပစ္စည်းများ သတိနှင့်ကိုင်တွယ်ပါ။ လောင်စာပစ္စည်းများအား ဂရုစိုက်ပါ။ မီးလန့်တတ်သည်။ အမည်အတွင်း (အ၊ ဥ၊ ရ၊ လ၊ ဝ)ပါသောသူများအား သတိနှင့်ဆက်ဆံပါ။ ငွေကြေးကိစ္စတာဝန်ယူခြင်းမပြုရ။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လျှပ်စစ်ပစ္စည်းများအား သတိနှင့်ကိုင်တွယ်ပါ။ အတူတကွ တွဲဖက်လုပ်ကိုင်ဖူးသောသူအချို့၏ အနှောင့်အယှက်ပေးခြင်းခံရမည်။ စိတ်ရှည်သည်းခံပါ။ အရောင်းအဝယ်စီးပွားလုပ်သူများအဖို့ အနောက်အရပ်သို့မဟုတ် အနောက်တောင်အရပ်မှ ကုန်ပစ္စည်းများ၊ ၎င်းအရပ်မှသူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများမှ အောင်မြင်မှုများအခိုင်အမာရရှိမည်။ ခရီးသွားရန်စီစဉ်ထားသူများအောင်မြင်မည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ပြောရေး၊ ဆိုရေးအောင်မြင်မည်။ ပတ်ဝန်းကျင်အပေါ် လွှမ်းမိုးနိုင်မည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ငွေကြေးကံကောင်းမည်။ အမွေကိစ္စများ စကားပြောဆိုအောင်မြင်မည်။ ဥစ္စာဓနတိုးပွားမည်။ ဆုကောင်း၊ လာဘ်ကောင်းများရတတ်သည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ ခရီးသွားစဉ် စန်းပွင့်ခြင်းကြုံမည်။ အတတ်ပညာနှင့်ပတ်သက်သောကံကောင်းသည်။ ပြည်ပအကျိုးပေးမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ပဋိပက္ခများကြုံမည်။ ရန်အနှောင့်အယှက်များနှင့် ထိပ်တိုက်ကြုံမည့်အလုပ်နေရာ၊ နေအိမ်နေရာဝန်းကျင်တွင်ပင် ပြဿနာများရှိနေမည်။ အမည်အတွင်း(စ၊ ဇ၊ ည၊ အ၊ န)ပါသူများကြောင့် ပြဿနာအတိုက်အခံများကြုံတတ်သည်။ မိသားစုတွင် ကြုံတွေ့နေရသော အိမ်တွင်းရေး၊ လူမှုရေးပဋိပက္ခများကို မိမိဦးဆောင်ဖြေရှင်းရမည်။ မျက်စိတွင် ဝေဒနာဖြစ်တတ်သည်။ သူခိုးသူဝှက်အန္တရာယ်သတိရှိရမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

စက်ပစ္စည်းများ အလောတကြီးဝယ်ခြင်းမပြုရ။ အသေးစားစက်ပစ္စည်းမှသည် အကြီးစားစက်ပစ္စည်းအထိဝယ်ယူမည်ဆိုက ကျွမ်းကျင်နားလည်သောသူနှင့်တိုင်ပင်ပါ။ အဝင်မတော်သလို၊ ရောင်းမှားဝယ်မှားဖြစ်ခြင်းများကြုံတတ်သည်။ ကား၊ ခြံ၊ အခန်း အစရှိသည့်တနင်္လာနံပစ္စည်းများလည်း ဝယ်ယူရန်မသင့်။ စနေနံပစ္စည်းများ(ထီး၊ ဖိနပ်)အစရှိသည်များလက်ဆောင်ရရှိပါကဘုန်းကံမြင့်မားမည်။လာဘ်ပွင့်မည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အပြောင်းအလဲနှင့်တိုးတက်မည်။ ပိတ်နေသောလမ်းကြောင်းများ ပြန်ပွင့်မည်။ မိမိအပေါ် ဒုက္ခပေးနေသောသူများအား ဖယ်ရှားနိုင်မည်။ တစ်ပါးသူက မည်မျှဝေဖန်ပြောဆိုစေ လုပ်စရာရှိသည့်ကိစ္စများကို ရှေ့တိုးဆောင်ရွက်ခြင်းဖြင့် ထူးခြားသောအောင်မြင်မှုများအခိုင်အမာရရှိမည်။ ငွေကြေးကိစ္စ အငြင်းပွားစရာများ၊ လက်လွှန်ငွေ ပြန်လည်တောင်းခံခြင်းများတွင် အလုံးစုံအဆင်ပြေအောင် ဖန်တီးနိုင်မည်။

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ဓားသွားပေါ်တွင် ဟန်ချက်ထိန်းခြင်း

ကြည်နေဝင်းမင်း




လွန်ခဲ့သော ရက်သတ္တပတ်တွင် ၎င်း၏ ပထမဦးဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံ စတင်လည်ပတ်သည်ကို အီရန်နိုင်ငံက တွေ့မြင်ရပြီဖြစ်သည်။ ဘယ်တော့မှပြီးဆုံးမည်မထင်ရသော ဘူရှားနျူကလီးယားစက်ရုံ ဆောက်လုပ်ရေးစီမံကိန်းမှာ လူပြောများနေသည်မှာ ကြာပြီဖြစ်ပြီး အီရန်၏ နျူကလီးယားအစီအစဉ်အကြောင်း ပြောဆိုဆွေးနွေးသည့်အချိန်တိုင်း ပါဝင်လာသော အကြောင်းအရာဖြစ်သည်။ နောက်ဆုံးမှာတော့ အလွန်ရှုပ်ထွေးပွေလီသော နိုင်ငံရေးအခြေအနေတွင် ၎င်းစက်ရုံ တည်ဆောက်မှု အပြီးသတ်တော့မည်ဖြစ်သည်။ ရုရှားနိုင်ငံမှ ထောက်ပံ့သောလောင်စာများဖြင့် စက်ရုံကိုလည်ပတ်ခြင်းဖြစ်ရာ ရုရှား-အီရန် ပူးပေါင်းဆောင်ရွက်မှုများ မည်သည့်အချိန်က စတင်ခဲ့ပါသနည်း။

ရုရှား-အီရန် ပူးပေါင်းဆောင်ရွက်မှုများမှာ ၁၉၉၀ ခုနှစ်များတွင် စတင်ခဲ့ပါသည်။ ထိုစဉ်ကအီရန်နိုင်ငံအား အလီအက်ဘ်ဘာဟာရှိမီရပ်ဆန်ဂျာနီခေါင်းဆောင်သော အလယ်အလတ်ဝါဒီများက ဦးဆောင်နေချိန်ဖြစ်သည်။ ရပ်ဆန်ဂျာနီမှာလည်း နိုင်ငံ၏ အချမ်းသာဆုံး စီးပွားရေးလုပ်ငန်းရှင်ဖြစ်သလို ကွန်ဆာဗေးတစ်ခေါင်းဆောင် ဆာရက်အလီခါတာမီ၏ ခါးသီးသော ပြိုင်ဘက်လည်းဖြစ်သည်။ (အလီခါတာမီမှာအီရန်အား အစ္စလာမ်မစ်နိုင်ငံအဖြစ်တည်ထောင်ခဲ့သူ အယာတိုလာခိုမေနီကို ဆက်ခံသူဖြစ်သည်။)

ရပ်ဆန်ဂျာနီသည် အစ္စလာမ်မစ်တော်လှန်ရေးကာလမှ ကြွင်းကျန်ခဲ့သော အလွန်အကျွံကိစ္စများကိုကိုင်တွယ်ဖြေရှင်းရေး ပေါ်လစီများချမှတ်ရာ၌ အလွန်လက်တွေ့ကျသည်။ အရှေ့အလယ်ပိုင်းတွင် အီရန်၏ ရပ်တည်မှု ခိုင်မာရေး ပေါ်လစီများကိုလည်း ချမှတ်ခဲ့ရာ ၎င်းအားဆက်ခံသူ မိုဟာမက် ခါတာမီက ရပ်ဆန်ဂျာနီ၏ ပေါ်လစီများကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။ ဘူရှားနျူကလီးယားစီမံကိန်းမှာ မိုဟာမက်ခါတာမီ၏ လက်ထက် ၁၉၉၅ ခုနှစ်တွင်စတင်ခဲ့ခြင်းဖြစ်သည်။

၁၅ နှစ်တိုင်တိုင် အကောင်အထည်ဖော်ခဲ့သော အီရန်၏ အလယ်အလတ် ပေါ်လစီများကြောင့်ပင် နျူကလီးယားနှင့် အခြားကိစ္စရပ်များတွင် အပြုသဘောဆောင်သောဆွေးနွေးမှုများ ပြုလုပ်ရေးမျှော်လင့်ချက်ကိုလည်း မြင့်တက်လာစေခဲ့သည်။ ထို့အတွက် လုံခြုံရေးကောင်စီနှင့် အခြားအဖွဲ့အစည်းများတွင် ဝါရှင်တန်က အီရန်အပေါ် ထိုးနှက်တိုက်ခိုက်မှုများကို မော်စကိုက မပျက်မကွက်အကာအကွယ်ပေးခဲ့သည်။ သို့သော် ၂၀၀၅ ခုနှစ်တွင်မူ အီရန်၏ ကွန်ဆာဗေးတစ်များက ငယ်ရွယ်၍ ရည်မှန်းချက် ကြီးမားပြီး အလယ်အလတ်လစ်ဘရယ်ဝါဒကို ဆန့်ကျင်သူ တီဟီရန်မြို့တော်ဝန် မိုဟာမက်အာမက်ဒီနီဂျက်ကို သမ္မတအိမ်တော်သို့ အရောက်ပို့ခဲ့ကြသည်။ ခေါင်းဆောင်သစ်ကလည်း သမ္မတဖြစ်လာချိန်မှာပင် အီရန်နိုင်ငံခြားရေး ပေါ်လစီနှင့် ပတ်သက်၍ ထိတ်လန့်တကြားပြောဆိုမှုများ ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အီရန်သည် ၎င်း၏ ကိုယ်ပိုင်နျူကလီးယား အစီအစဉ်အကြောင်း စတင်ကြွားဝါပြောဆိုလာပါသည်။



ထိုအခါတွင် မော်စကို၏ အီရန်အား ထောက်ခံရေး အနေအထားမှာ မရေမရာဖြစ်လာသည်။ အာဏာရှင်ဆန်သော်လည်း လူကြိုက်များသူ အာမက်ဒီနီဂျက်သည်လည်း ၎င်း၏ ပေါ်လစီများကိုအကောင်အထည်ဖော်ရာတွင် တစ်စိုက်မတ်မတ် ရှိကြောင်းထင်ရှားလာသောအခါ ရုရှားကလည်း ဘူရှားစီမံကိန်း ပြီးစီးရေး ရက်စွဲသတ်မှတ်ချက်များကို ချိုးဖောက်လာခဲ့သည်။ တည်ဆောက်ရေးသဘောတူညီမှု ဘဏ္ဍာရေးကိစ္စများနှင့် ပတ်သက်၍ အပြန်အလှန်စွပ်စွဲမှု နောက်ခံအကြောင်းအရင်းကလည်း ရှိနေသည်။

ဘူရှားစီမံကိန်းနှင့်ပတ်သက်၍အမေရိကန်၏ တရားဝင်ရပ်တည်ချက်မှာ ပုံမှန်ဖြစ်ပြီး အပြုသဘောဆောင်ခဲ့ပါသည်။ သို့သော်လည်း ယင်းတရားဝင်ရပ်တည်ချက်နှင့်အတူ အမေရိကန်အာဏာပိုင်များသည် စာနယ်ဇင်းများနှင့် ကျွမ်းကျင်သူ အသိုင်းအဝိုင်းတွင် အပြုသဘောမဆောင်သောအနေအထားကို တဖြည်းဖြည်းပုံဖော်လာခဲ့သည်။ ရုရှားနိုင်ငံက ဆောက်လုပ်သော နျူဓာတ်အားပေးစက်ရုံနှင့် တီဟီရန်က နျူကလီးယားဗုံးပြုလုပ်ရေး ဆက်စပ်မှုဖြစ်နိုင်ခြေကို အမေရိကန်က တစိုက်မတ်မတ် ချိတ်ဆက်ခဲ့သည်။

ယင်းပြောဆိုမှုများမှာ လုံးလုံးမှန်ကန်မှုမရှိပေ။ ရေပေါ့အသုံးပြု Russian WER-1000 ဓာတ်ပေါင်းဖိုများကို လက်နက်များတွင် အသုံးပြုနိုင်သည့် ဒြပ်စင်များ ထုတ်လုပ်ရာ၌ အသုံးမပြုနိုင်ပေ။ မှန်ပါသည်။ WER ဓာတ်ပေါင်းဖိုများမှ ထွက်လာသောအကြွင်းအကျန် နျူလောင်စာများတွင် ပလူတိုနီယံ-၂၃၉ ဒြပ်ပစ္စည်း ၀ ဒသမ ၆ ရာခိုင်နှုန်း ပါရှိနေသည်။ ယင်းကိုနျူကလီးယားထိပ်ဖူးများအတွက် အသုံးပြုနိုင်ခြေရှိပါသည်။ သို့သော် ၎င်းပလူတိုနီယံဒြပ်စင်ကို အခြားဒြပ်ပေါင်းများမှ ခွဲထုတ်ရန် အလွန်ခက်ခဲပါသည်။ ထို့အတွက် ၎င်းတို့ကို တိုက်ရေးခိုက်ရေးတွင် အသုံးပြုနိုင်မှု တန်ဖိုးမှာ သုညဖြစ်သည်။ ထို့အပြင် ဘူရှားဓာတ်အားပေးစက်ရုံ စီမံကိန်းကို တင်းကျပ်သောနည်းပညာ ထိန်းချုပ်မှုများ ပြုလုပ်ရေးရည်မှန်းအကောင်အထည်ဖော်ထားခြင်းဖြစ်သည်။ ယင်းထိန်းချုပ်မှုများတွင် နျူလောင်စာများကိုရုရှားမှ ပို့ဆောင်ခြင်းနှင့် ယင်းနှင့်လိုက်ဖက်သော အသုံးပြုပြီးသောလောင်စာများ ရုရှားနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးလည်း ပါဝင်သည်။ အသုံးပြုပြီးသား လောင်စာများမှ စွမ်းအင်ထုတ်လုပ်နိုင်သည့်အဆင့် ပလူတိုနီယံများ ထုတ်ယူရေး ကြိုးပမ်းမှု သို့မဟုတ် လောင်စာတောင့်များကို ဓာတ်ပေါင်းဖိုမှ ထုတ်ယူရေး ကြိုးပမ်းမှုမှန်သမျှ ချက်ချင်းသိရှိနိုင်မည်ဖြစ်သည်။

တိတိကျကျဆိုရသော် ဘူရှားဓာတ်အားပေးစက်ရုံနှင့် နာတန့်စ်တွင် ရှိသော ယူရေနီယံ သန့်စင်ရေး စက်ရုံကိစ္စမှာ အီရန်နျူကလီးယားပြဿနာ၏ မတူညီသောမျက်နှာစာနှစ်ဖက်တွင်ရှိပြီး သီးခြားစီဆွေးနွေးသင့်ပါသည်။ (နာတန့်စ်တွင်ရှိသော သန့်စင်စက်ရုံများမှ လက်နက်အဆင့်လောင်စာများ ထုတ်လုပ်နိုင်ခြေရှိသည်။) တစ်ဖက်တွင်လည်း အီရန်သို့ ထိန်းချုပ်၍ လောင်စာများပေးပို့ခြင်းနှင့် အသုံးပြုပြီးလောင်စာများ ပြန်လည်ရယူခြင်းအစီအစဉ်ကြောင့် အီရန်အနေဖြင့် ယူရေနီယံ သန့်စင်ရေးလုပ်ငန်းများကိုဆက်လက်အကောင်အထည်ဖော်မည်မဟုတ်ဟူသော ပြောဆိုမှုများကိုလည်း ခွဲခြမ်းစိတ်ဖြာသင့်လှသည်။ နာတန့်စ်တွင်ရှိသော ယူရေနီယံသန့်စင်စက်များကိုလည်း နိုင်ငံတွင် ဖြစ်ပေါ်လာမည့် နျူကလီးယားစွမ်းအင်ကဏ္ဍအတွက် လောင်စာပံ့ပိုးပေးရန် ဤမျှအလျင်အမြန် တည်ဆောက်ထားခြင်း မဟုတ်ပေ။

အီရန်၏ နျူကလီးယားအစီအစဉ်မှာ ကာကွယ်ရေးအတွက် ဇောင်းပေးထားသည်ဆိုသောအချက်မှာ မပြောင်းမလဲရှိနေပါသည်။ ယင်းတွင် အမေရိကန်နှင့် အစ္စရေးတို့၏ ပြင်းထန်သော ရပ်တည်ချက်များလည်း တစ်စိတ်တစ်ပိုင်းပါဝင်သည်။ အီရန်ကိစ္စတွင်ပါဝင်ပတ်သက်နေသူ အားလုံးကလည်း ထိပ်တိုက်ရင်ဆိုင်မှုများမှ ပြန်မထွက်နိုင်လောက်အောင်နစ်ဝင်နေပြီ ဖြစ်သည်။


ယင်းအခြေအနေများတွင် ရုရှားနိုင်ငံသည် အာမက်ဒီနီဂျက်အစိုးရနှင့် ပတ်သက်မှု မရှိရန် လူသိရှင်ကြား ခွဲထွက်ခြင်းမှ လွဲ၍ ရွေးချယ်စရာမရှိလှပေ။ ထို့အတွက်ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် အမှတ် ၁၉၂၉ ချမှတ်ရာတွင် ရုရှားက တားဆီးမှုများမပြုလုပ်ခဲ့ပေ။ တစ်ဖက်တွင်လည်း ဘူရှားစီမံကိန်းကိုလည်း ပြီးပြတ်အောင် လုပ်ပေးရေးဆန္ဒကလည်းရှိနေသည်။ အီရန်နျူကလီးယား လိပ်ခဲတည်းလည်း အခြေအနေမှ အပြုသဘောရလဒ် ထွက်ပေါ်လာရေးနှင့် ကမ္ဘာ့ နျူကလီးယားဈေးကွက်တွင် ရုရှားနိုင်ငံ၏ ရပ်တည်မှု ခိုင်မာလာစေရေးမှာ ဓားသွားပေါ်တွင် ဟန်ချက်ထိန်းရသလိုဟု ဆိုရလျှင် . .။

*—Ref: RIA Novosti*

ဝန်ထမ်းအလိုရှိသည်
Singapore SingHealth
Myanmar Molecular & Diagnostic Centre ( MMDC )
(က) Receptionist
(ခ) Promoter
Marketing

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# Puzzle&Classified




## CLASSIFIED အခမဲ့ကြော်ငြာကဏ္ဍ

**အလိုရှိသည်**
နေပြည်တော် မြို့မဈေး/သပြေကုန်းဈေးအနီးဖုန်းပါ၊ ရုံးခန်းပိုင်ရှင်နှင့် ပူးတွဲငှားလို၊ ဆိုင်ကယ်စီးတတ်သော ဝန်ထမ်း(၂)ဦးလိုအပ်၊ SMS အမြန်ချောပို့၊ **ဖုန်း- ၅၅၄၃၀၇**

---

**ဝန်ထမ်းအလိုရှိသည်**
Microsoft Excel (ကျွမ်းကျင်) မ (၁)ဦး၊ မီဒီယာလုပ်ငန်းကိုစိတ်ဝင်စားသူ၊ အသက်(၂၀-၃၀)နှစ်အတွင်း။ အမှတ်-၅၉၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၂)၊ကန်လမ်း၊လှိုင်မြို့နယ်။

---

ရွှေမင်းသားအင်တာပရိုက် ကုမ္ပဏီလီမိတက်တွင် လစ်လပ်နေသော Media Marketing (၁၅)ဦး၊ အိမ်၊ ခြံ၊ မြေဝန်ထမ်း(၁၅)ဦး ရာထူးများအတွက် စိတ်ပါဝင်စားသူများ
**ဖုန်း- ၂၂၂၉၂၃၊ ၂၁၅၉၃၉**

---

ဓာတ်ပုံပညာရှင်တက္ကသိုလ်ဟန်မင်းဦး ဦးစီးသော. .
**ဓာတ်ပုံအနုပညာသင်တန်းကျောင်း**
စုံစမ်းရန်ဖုန်း- ၂၂၇၁၉၉၊ ၅၂၃၄၇၆

---

**အိမ်နှင့် ခြံရောင်းမည်**
ပြင်ဦးလွင်မြို့၊ (၁၂)ညံကွဲရပ်၊ အမှတ် (၁၁၂)၊ (၀. ၃၇)ဧက၊ ရောင်းဈေးသိန်း-၁၅၀၀။

---

သူနာပြုဆရာ Night (၂)ဦးအလိုရှိသည်။ (ညနေ၅း၃၀-နံနက် ၇ နာရီ) ဆေးခန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။ Dip in Nursing ဖြစ်ရမည်။**ဖုန်း-၅၅၆၀၀၁၊ ၅၅၆၃၁၆**

---

**သင်တန်းပေးမည်**
သတင်း၊ ဆောင်းပါး၊ ဘာသာပြန်နှင့် စာပြင်လုပ်ငန်းဆိုင်ရာ သင်တန်းပို့ချမည်။
**ဖုန်း- ၅၁၉၂၉၈၊ ၅၁၉၃၀၂**

---

နဝမတန်းအတွက် Physic နှင့် Mathematic ဘာသာရပ်များကို အိမ်တိုင်ရာရောက် အထူးသီးသန့် သင်ကြားပေးသည်။ ဘာသာစုံ Guide လုပ်ပေးသည်။
**ဖုန်း- ၅၀၁၂၀၉(ဒေါ်စုမွန်အောင်)**

---

အမတဒါယီ ပညာဒါနသင်တန်းမှ စာရင်းကိုင်ပညာ နိုင်ငံခြားဘာသာစကား(အင်္ဂလိပ်၊ တရုတ်)နှင့် ကွန်ပျူတာဘာသာရပ်များကို ပညာဒါနအနေဖြင့် သင်ကြားပေးနေပါပြီ။
**ဖုန်း- ၇၀၅၄၈၄**

---

လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အချစ်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများအတွက် "တိုးတိုးဖော်" အထွေထွေအတိုင်ပင်ခံလုပ်ငန်းမှ စတင်ဝန်ဆောင်မှုပေးနေပါပြီ။
**ဖုန်း- ၇၂၀၆၁၄**

---

**၁၂ ဘီးကား အမြန်ရောင်းမည်**
၉၈ မော်ဒယ်၊ Nisan ဂျပန်(ပုံပြောင်း) ၂/၀-၈ ထောင်ကျော်။
**ဖုန်း- ၀၉-၅၁၆၃၈၅၉၊ ၅၇၉၉၇၃**

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း ၁ ဦး၊ အရောင်းစာရေး ကျား ၁ ဦး၊ မ ၂ ဦး။
**ဖုန်း- ၀၉-၅၁၃၁၉၇၂**

---

ကွန်ပျူတာအစုံလိုက်နှင့် ကွန်ပျူတာနှင့်သက်ဆိုင်သောပစ္စည်းများ အမြန်ရောင်းမည်။**ဖုန်း- ၂၄၃၄၂၀**

---

ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံငှားရမ်းနိုင်ပါသည်။
**ဖုန်း- ၅၂၆၉၀၁၊ ၇၃၀၆၇၄၃၉**

---

**ဝန်ထမ်းအလိုရှိသည်**
စာရင်းကိုင် မ (၁)ဦး၊ အရောင်းစာရေး မ (၂)ဦး၊ ၁၀ တန်းအောင်၊ PhotoShop ကျွမ်းကျင် ကျား(၂)ဦး
**ဖုန်း- ၇၀၈၃၀၀၊ ၀၉-၅၁၃၁၉၃၄**

---

**တရုတ်စကားပြောသင်တန်း**
စင်ကာပူနိုင်ငံသွားမည့်သူများ၊ တရုတ်လူမျိုးများနှင့် စီးပွားရေးလုပ်သူများအတွက် တရုတ်စကားပြောသင်တန်း။ **ဖုန်း- ၇၃၀၄၉၅၄၃**

---

Japanese & English Language
Better Life ECSC
**PH: 382529, 370836-9, Ext-507**

---

ကွန်ဒိုများငှားရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-**၀၉-၅၁၃၉၂၆၇**

---

၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်း ဘာသာစုံ အထူးစာသင်၊ စာကျက်ဝိုင်း။
**ဖုန်း- ၅၂၃၃၉၄၊ ၀၉-၅၀၂၅၆၁၅**

---

မူလတန်း၊ အလယ်တန်းကျောင်းသားများအတွက် အင်္ဂလိပ်စာ အိမ်လိုက်သင်သည်။ တရုတ်စာသူငယ်တန်းများ အပြတ်ကို ၂၀,၀၀၀ ကျပ်ဖြင့် သင်ကြားပေးမည်။
**ဖုန်း- ၇၃၀၅၇၂၁၀**

---

**ဝန်ထမ်းအလိုရှိသည်**
Marketing 10 Posts, Reception 3 Posts, **PH: 245690**

---

အလယ်တန်း၊ မူလတန်း၊ ကျောင်းသူကျောင်းသားများအတွက် ဘာသာစုံ အိမ်လိုက်သင်သည်။**ဖုန်း- ၆၅၅၀၆၈**

---

သန်းဒီပါဆားဗစ်ကုမ္ပဏီလီမိတက် မြောက်ဒဂုံမှာ အိမ်၊ ခြံ၊ မြေရောင်းချင်၊ ဝယ်ချင်တယ်ဆိုရင်-
**ဖုန်း- ၇၂၇၅၁၅** ကို ဆက်လိုက်ပါ။

---

Aung Group ရေယိုစိမ့်မှု
ကာကွယ်ခြင်းလုပ်ငန်း
**ဖုန်း- ၀၉-၈၀၃၄၈၂၁**

---

သားရေလုပ်ငန်းသုံးစက်များ ဈေးနှုန်းချိုသာစွာ ရောင်းမည်။
**ဖုန်း- ၆၈၅၇၃၀၊ ၀၉-၅၀၁၀၁၃၇**

---

၂၀၁၁ တက္ကသိုလ်ဝင်တန်းစာမေးပွဲဘာသာစုံအနီးကပ်စာကျက် Guide လိုအပ်သူများအတွက်
**ဖုန်း- ၀၉-၅၀၄၉၄၉၆**

---

ဆရာဝန် ၂ ဦးအမြန်အလိုရှိသည်။ ပရဟိတစိတ်ဓာတ်ရှိဆရာဝန် အတွက် လစာကောင်းနှင့် ကော်မရှင်အပြင်အကျိုးတူ ပူးပေါင်းလိုပါသည်။ **ဖုန်း- ၆၆၅၂၅၈**

---

၇၊ ၈၊ ၉၊ ၁၀ အိမ်အရောက် Guide လုပ်ပေးသည်။ **ဖုန်း- ၅၅၃၉၆၆**

---

ပန်းချီကို အခြေခံကျကျ သင်ကြားလိုသူများအတွက် ဆက်သွယ်ရန်
**ဖုန်း- ၀၉-၅၁၈၂၆၂၄**

---

**ရောင်းရန် (ညီနှိုင်းဈေး)**
ဗညားဒလလမ်း (၈) လွှာ (၁၅×၇၀) ကျောက်မြောင်းဈေးအနီး။ သိန်း-၉၀။ **ဖုန်း- ၀၉-၅၁၇၈၇၈၃**

---

**လုပ်ငန်းရောင်းမည်**
ပိတ်အထူစားနှင့် ပတ္တီးလိပ်များထုတ်လုပ်သည့် ရက်ကန်း ၁၇စင်နှင့် လုပ်ကွက်ရော ဈေးကွက်ပါ ရောင်းချလိုသည်။ **ဖုန်း-၆၉၉၃၆၉**

---

တက္ကသိုလ်ဝင်တန်း ကျောင်းသား/သူများအတွက် ဘာသာစုံသင်ကြားပေးပါသည်။ **ဖုန်း- ၅၁၈၂၆၈**

---

ငပလီကမ်းခြေရှိ ဟိုတယ်အတွက် ရန်ကုန်ရုံးတွင် တာဝန်ထမ်းဆောင်ရန် အမြန်အလိုရှိသည်။ Sales& Reservation Executive F(1) P
**ဖုန်း- ၃၉၃၀၈၆**

---

**ဝန်ထမ်းအလိုရှိသည်**
အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းကျွမ်းကျင် ကျား၊ မ (၁)ဦး။
**ဖုန်း- ၀၉-၉၉၂၄၉၄၇၊ ၅၁၂၆၉၁**

---

**Equalink Travel & Tours**
Ticketing, D Form, Visa, Hotel Booking မြို့တွင်းမြို့ပြင် ကားငှားပေးခြင်းများကိုဆောင်ရွက်သည်။
**ဖုန်း- ၂၀၁၉၉၆၊ ၇၁၀၄၂၈**

---

**English House**
**U KYAW MIN LWIN**
Basic, Intermediate, Advanced & IELTS, **PH: 554691**

---

မူကြိုနှင့် သူငယ်တန်းအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ အိမ်လိုက်သင်သည်။ **ဖုန်း- ၆၆၁၀၂၇**

---

Grade 1 to 8 သင်္ချာ၊ အင်္ဂလိပ်စာ သီးသန့်သင်ကြားပေးပါသည်။
**ဖုန်း- ၀၉-၅၁၃၀၈၁၈**

---

ကွန်ပျူပညာရပ်များကို အခြေခံမှစ၍ ကျွမ်းကျင်ကျင်သည်အထိ အိမ်တိုင်ရာရောက်သင်ကြားသည်။
**ဖုန်း- ၇၃၀၄၆၀၅၇**

---

အမျိုးသမီးသီးသန့်အဆောင် ငှားမည်။ **ဖုန်း- ၂၅၃၈၇၀၊ ၃၈၆၄၆၉**

---

အင်္ဂလိပ်စာကို စနစ်တကျ ရေးတတ်အောင်အခြေခံမှစ၍ သင်ကြားပေးသည်။ **ဖုန်း- ၀၉-၅၁၃၁၅၅၄**

---

**D buzz**
Design, Advertis & One Stop Printing Center, ဆန်းသစ်မှုများဖြင့် စိတ်တိုင်းကျဖန်တီးပေးသည်။
**ဖုန်း- ၄၃၀၃၂၇၊ ၇၃၀၆၀၂၅၈**

---

**ယာဉ်မောင်း ၁-ဦး (ကျား) အလိုရှိသည်။** ယာဉ်မောင်းသက်တမ်း အနည်းဆုံး(၅)နှစ်ရှိသူ၊ ညပိုင်းအချိန်ပိုဆင်းနိုင်သူဖြစ်ရမည်။ ရုံးကိစ္စများနှင့် ဖြန့်ချိရေးကိစ္စများအတွက် ကားမောင်းရမည်။ လပြည့်ဝန်းပလာဇာ (၁၀)လွှာ၊ **ဖုန်း-၃၉၃၄၅၈**

---

# Commodity Watch

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.8 (E 5500) Processor | 67,300 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 117,600 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775)Processor | 139,700 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 116,600 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 305,500 |
| **Motherboard** | |
| MSI G31TM-P31(775) Motherboard | 52,300 |
| MSI G41 M-P33 (775) Motherboard | 63,300 |
| MSI P43- C51 (775) Motherboard | 83,400 |
| MSI P55-GD55 (1156) Motherboard | 152,800 |
| ASUS P7H55D- M Pro (775) Motherboard | 121,600 |
| ASUS P7P55-LX (1156) Motherboard | 117,600 |
| ASUS P5P43 TD/USB3 (775) Motherboard | 108,500 |
| ASUS P5G41T-MLX (775) Motherboard | 63,300 |
| Gigabyte H57M-USB3 (1156) Motherboard | 139,700 |
| Gigabyte H55M-USB3 (1156) Motherboard | 129,600 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 25,100 |
| 2 GB DDR2 (800) Kingston Memory | 43,200 |
| 2 GB DDR3 (1333) Kingston Memory | 46,200 |
| **Harddisk** | |
| 320 GB Seagate SATA | 50,700 |
| 500GB Seagate SATA | 53,300 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 99,500 |
| MSI R4650 MD1GB DDR2 1GB PCI Express Card | 72,400 |
| MSI N240GT-MD1GB PCI Express Card | 105,500 |
| ASUS EAH 5450 1GB PCI Express Card | 79,400 |
| ASUS ENGT 220 1GB PCI Express Card | 84,400 |
| ASUS ENGT 210 1GB PCI Express Card | 76,400 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 145,700 |
| Gigabyte Geforce N 9600GT 1GB PCI Express Card | 125,600 |
| **Memory Stick** | |
| Memory Stick Kingston 2GB | 9,000 |
| Memory Stick Kingston 4GB | 11,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick SanDisk 4GB | 11,500 |
| Memory Stick SanDisk 8GB | 18,500 |
| Memory Stick Toshiba 8GB | 20,000 |
| Memory Stick Toshiba 16GB | 35,000 |
| Memory Stick HP 4GB | 13,000 |
| Memory Stick Sony 4GB | 14,500 |
| Memory Stick Transcend 8GB | 19,500 |
| **UPS** | |
| SVC (600VA) | 30,700 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 32,200 |
| STAR (650 VA) LCD Display | 38,200 |
| Orient (650 VA) | 38,200 |
| Orient (1.2KVA) | 66,300 |
| **DVD Writer** | |
| Sony (SATA) | 32,200 |
| ASUS (SATA) | 33,200 |
| **အိတ်ဆောင်တိပိဋကအဘိဓာန်** | 210,000 |

Technoland ဆိုင်မှ ဩဂုတ်(၂၇)ရက်ကကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Dell** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0" | 789,000 |
| **Hp** | |
| Intel Corei5 2.27Ghz 4GB DDR3, 500GB HDD, 14.0" | 944,700 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250 GB HDD, 10.1" | 316,000 |
| **Lenovo** | |
| Intel Core2 Duo 2.1Ghz 2GB DDR3,320GB HDD,14.1" | 612,000 |
| **Asus** | |
| Intel Corei3 2.4Ghz 2GB DDR3,320GB HDD,14.0" | 733,600 |
| **MSI** | |
| Intel Corei5 2.27Ghz 2GB DDR3,320GB HDD,14.0" | 753,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဩဂုတ် (၂၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၇၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၅၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (Blue Lion) | တစ်အိတ် | ၅,၃၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (ကုန်းအုတ်- ဒုတိယတန်းစား) | တစ်လုံး | ၆၅-၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.3mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle (0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.42mm) | ၁ ပေ | ၁,၄၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား (ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၇၀၀ |
| ရိုးရိုးသွပ်မိုးပြား (ဆင် 6/7/8) | ၁ ပေနှုန်း | ၃၆၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ ဩဂုတ်(၂၇)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၁,၀၀၀-၁၂,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၄၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၄၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဩဂုတ် (၂၇) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၂၅၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၈၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၀၀-၇၅၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၂၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၄၀၀-၅၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၄၀၀-၃,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၇၅၀- ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၁,၆၀၀-၁,၈၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၂၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၇၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၂,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၄၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၀၀၀-၁၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၇၀၀-၃,၅၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၇၀၀-၃,၈၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၄၀၀-၃,၈၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၁,၈၀၀-၂,၇၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၁,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၄၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၁၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

ဩဂုတ်(၂၅)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | ၄က | ၁၉၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၃ဂ | ၃၀၀ |
| စူဇူကီး ဝက်ဂွန် R+ | - | စတိ | ၂၈၀ |
| စူဇူကီး R (2 Way) | - | ၃ဂ | ၁၅၀ |
| ဟိုင်းလပ်ဆဖ် | လေလံ | ၃ဂ | ၈၅၀-၉၀၀ |
| စူပါဆလွန်း | ၉၀ | လ၊သ၊အ | ၁၈၀ |
| မတ်ခ်တူး(ဒီဇယ်) | ၉၄(လေလံ) | ၃ဂ | ၈၀၀ |
| တိုယိုတာဗင်ဖင်ကောက် (ဒီဇယ်) | ၂၀၀၁ | ၄ဂ | ၅၃၀ |
| တိုယိုတာလီမိတက် | ၈၈ | ၉က | ၂၂၀ |
| ပါဂျဲရို စက်မှု(၂) | ၉၂-၉၃ | ၉က | ၇၀၀-၇၅၀ |

ဩဂုတ်(၂၇)ရက်ကရန်ကုန်မြို့ရှိကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသောမော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | ဩဂုတ်(၂၂) | ဩဂုတ်(၂၃) | ဩဂုတ်(၂၄) | ဩဂုတ်(၂၅) | ဩဂုတ်(၂၆) | ဩဂုတ်(၂၇) | ဩဂုတ်(၂၈) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၀၀ |
| Octane ဒီဇယ် | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ |
| Premier ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |

Environment
7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# အဆိပ်ပြင်းတောကြီးမြွေဟောက် ဖမ်းဆီးရမိ

**အောင်မျိုး**

ကမ္ဘာ့အဆိပ်အပြင်းဆုံး မြွေအမျိုးအစားဖြစ်သည့် တောကြီးမြွေဟောက်(ခ)ငန်းပုတ် (King Cobra) တစ်ကောင်အား ဒေသခံများ အကူအညီဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ မြွေကျွမ်းကျင်သူ ဦးစိန်တင်က သွားရောက်ဖမ်းဆီးရယူနိုင်ခဲ့သည်။ အဆိုပါ တောကြီးမြွေဟောက်မှာ အမဖြစ်ပြီး အရှည် ၉ ပေခွဲရှိကာ ၎င်းနှင့်အတူ ဥများလည်း သယ်ဆောင်လာခဲ့ကြောင်း သိရသည်။ ၎င်းအား ဖမ်းဆီးနိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ဦးစိန်တင်အား မေးမြန်းရာ -

“လပွတ္တာမြို့နယ်ထဲက အုတ်တွင်းရွာမှာ မူလတန်းကျောင်းဆောက်လုပ်လှူဒါန်းနေတဲ့အဖွဲ့က ဦးဝင်းနိုင်ဆိုတဲ့ အင်ဂျင်နီယာကတစ်ဆင့် သတင်းပေးတာကြောင့် ဌာနလူကြီးတွေကိုတင်ပြခွင့်ပြုချက်ယူပြီး အဲဒီရွာကို အဖော်တစ်ယောက်နဲ့ ဩဂုတ် ၁၇ ရက်က ဆင်းခဲ့တယ်။ အသိုက်မြွေရှိတဲ့နေရာကို တွေ့ထားတဲ့ကိုမြင့်နိုင်ရယ် ရွာလူကြီးကိုသိန်းဝင်းရယ်ပါ အဖော်လိုက်ခဲ့ပေးတယ်။ အုတ်တွင်းရွာကနေ မြွေအသိုက်ဝပ်နေတဲ့နေရာကို တစ်နာရီကျော်လမ်းလျှောက်ရတယ်။ ရောက်တော့ အထီးနဲ့အမ တစ်စုံတွေ့တယ်။ လူအုပ်ကိုလည်းတွေ့ရော အထီးက တောင်ခြေကို ဆင်းသွားတာ မမီလိုက်ဘူး။ အမကိုတော့ အသိုက်နားမှာ ရန်လိုနေတုန်း ဇတ်ခနဲ ဝင်ဖမ်းလိုက်တာရခဲ့တယ်” ဟုဆိုသည်။



တောကြီးမြွေဟောက်အား ဖမ်းဆီးခဲ့သူနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ- အောင်မျိုး

ဦးစိန်တင်က အုတ်တွင်းကျေးရွာဒေသခံများအား တောကြီးမြွေဟောက်သည် ရှားပါးတိရစ္ဆာန်ဖြစ်၍ တွေ့ရှိပါက မသတ်ဖြတ်ကြရန်နှင့် တောတွင်းသို့ပြန်လည်မောင်းထုတ်ရန် မေတ္တာရပ်ခံခဲ့ကြောင်းနှင့် မြွေသည် အန္တရာယ်ရှိသတ္တဝါဖြစ်လင့်ကစား လူသားတို့အတွက် ပို၍ ရောဂါဘယအန္တရာယ်ဖြစ်စေသည့် ကြွက်ကိုနှိမ်နင်းပေးသည့်အတွက် လူသားတို့ဝန်းကျင်၌ ရှိရန်လိုအပ်ကြောင်းလည်း ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ ထို့အတူ တောကြီးမြွေဟောက်အသိုက်ရှိနေသည်ကို ပြောပြခဲ့သည့် ဦးမြင့်နိုင်၊ တိရစ္ဆာန်ဥယျာဉ်သို့ အကြောင်းကြားခဲ့သည့် ဦးဝင်းနိုင်၊ ၎င်းတို့အား ကျေးဇူးတင်ကြောင်းနှင့် ထိုကဲ့သို့ ရှားပါးတောရိုင်းတိရစ္ဆာန်များကို တွေ့ရှိပါက တိရစ္ဆာန်ဥယျာဉ်သို့ အကြောင်းကြားပါက အများပြည်သူပြသနိုင်ရန် လာရောက်ဖမ်းဆီးနိုင်မည်ဖြစ်၍ အကျိုးရှိပါကြောင်းလည်း ပြောပြခဲ့သည်ဟု သိရှိရပါသည်။

တောကြီးမြွေဟောက်သည် အာရှတိုက်မျိုးရင်းဝင် အဆိပ်ပြင်းထန်သော မြွေမျိုးဖြစ်ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် မြွေလိမ္မာပြကွက်အဖြစ် တင်ဆက်ပြသခဲ့ရာ လူကြိုက်များခဲ့သည့် တောရိုင်းမြွေမျိုးဖြစ်ပါသည်။ တောကြီးမြွေဟောက်ဟု ခေါ်ဝေါ်သော်လည်း ငန်းမြွေကြီးအမျိုးအစားဝင်ဖြစ်၍ မြွေဟောက်ထက်ပိုမို အန္တရာယ်ရှိပြီး အရွယ်အစားဖြင့်လည်း ၃-၄ ဆမက ပို၍ကြီးမားတတ်သည်ဟု တိရစ္ဆာန်ဥယျာဉ်မှ ဆရာဝန်ကြီး ဦးထွန်းမြင့်က ပြောပြသည်။ ၂၀၀၇ ခုနှစ်က ပုသိမ်ကြီးဘက်မှ ဖမ်းဆီးရမိသည့် တောကြီးမြွေဟောက်အထီးတစ်ကောင်အား ခေတ္တပြသနိုင်ခဲ့ခြင်းမှအပ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် အဆိုပါ တောကြီးမြွေဟောက်ကို ပြသနိုင်ခြင်းမရှိသည်မှာ ကြာပြီဖြစ်၍ ယခုကဲ့သို့ ဝန်ထမ်းများ ကိုယ်တိုင်ကြိုးစား၍ သွားရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်းလည်း ၎င်းက ပြောပြသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၊ ချူလာလောင်ကွန်တက္ကသိုလ်ရှိ မြွေသုတေသနဌာန (Snake Farm)တွင်လည်း တောကြီးမြွေဟောက်သုံးကောင်ရှိပြီး စနစ်တကျသုတေသနပြု မွေးမြူထားကြောင်း ထိုမြွေများထက် ယခုဖမ်းဆီးရမိသည့် တောကြီးမြွေဟောက်မှာ ပိုမိုလှပပြီး သဘာဝတောတွင်းမှ ဖမ်းဆီးရမိခါစဖြစ်၍ ရန်လိုနေဆဲဖြစ်ရာ ပိုမိုစိတ်ဝင်စားစရာကောင်းကြောင်း ဦးထွန်းမြင့်ကပြောပြပါသည်။

ထိုတောကြီးမြွေဟောက်အား ယခုအခါ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မြွေရုံအတွင်း၌ အများပြည်သူတို့အား ပြသထားရာ လျက်ရှိသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒီရေတောများစိုက်ပျိုးရေး ငါးဦးစီးမှုကွင်းဆင်းဆောင်ရွက်

**ရဲပန်ဖင်း**

**စစ်တွေ၊ ဩဂုတ်- ၂၅**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးကြီးမှူးပြီး မြို့နယ်၊ ကျေးရွာများသို့ သွားရောက်ကာ ငါးသယံဇာတများထိန်းသိမ်းရေး၊ ဒီရေတောများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပလတ်စတစ်အမှိုက်များ စနစ်တကျစွန့်ပစ်ရေး တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်၍ ကျေးရွာနေပြည်သူများ၊ ကျောင်းသူကျောင်းသားငယ်များနှင့်တွေ့ဆုံကာ ပညာပေးဟောပြောမှုများကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထို့အတူ အချို့နေရာများတွင် ကျေးလက်ရေလုပ်သားများနှင့်ပူးပေါင်း၍ ဒီရေတောပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးမျိုးအောင်သည် ကျောက်ဖြူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးဦးထွန်းတင်နှင့် သက်ဆိုင်ရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးတို့နှင့် အတူရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာကျောက်ဖြူမြို့နယ်၊ ပြိုင်းစေ့ကျေးရွာ၊ ကျောက်ဖြူမြို့နယ်ပြင်ဖြူမော်ကျေးရွာ၊ တောင်ကုတ်မြို့နယ်ချောင်းကောက်ရပ်ကွက်များသို့သွားရောက်ပြီး ငါးသယံဇာတထိန်းသိမ်းရေး၊၁၀၀၀ရမ် ၆ကျပ်သားအောက်ကဏန်းများမဖမ်းဆီးရေးနှင့် ရောင်းဝယ်ဖောက်ကားမှုမပြုရေး၊ငါးပုစွန်၊ကန်းများအတွက် ဒီရေတောများအရေးပါပုံ၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပလတ်စတစ်အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ ကဏန်းမဖမ်းရဇုန်များ ဆောင်ရွက်နေမှုနှင့်ဝိုင်းဝန်းထိန်းသိမ်းရေးတို့ကို ဟောပြောဆွေးနွေးခဲ့သည်။

ငါးလုပ်ငန်းပညာပေးလက်ကမ်းစာစောင်များ ပေးအပ်ခြင်း၊ ကျောင်းသားသူငယ်များသို့ပညာပေးဆောင်ပုဒ်များပါသောဗလာစာအုပ်၊ ခဲတံစသည်များကိုပေးအပ်ခြင်းများလည်း ပြုလုပ်ခဲ့ကြသည်။ထို့အပြင်ကျောက်ဖြူမြို့နယ်ပြင်ဖြူမော်ကျေးရွာတွင်ဒီရေတောစိုက်ခင်းများကိုကျေးရွာသားများနှင့် ပူးပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရသည်။

## လှော်ကားတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟောပြောပွဲများ ကျင်းပသွားမည်

**အေးမြကျော်** **ရန်ကုန်-ဩဂုတ် ၂၅**

သဘာဝထိန်းသိမ်းရေးဥယျာဉ်တစ်ခုဖြစ်သော လှော်ကားဥယျာဉ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အကြောင်းအရာများကို ပညာရှင်များကဟောပြောမည့် ဟောပြောပွဲများပုံမှန်ကျင်းပသွားရန်ရှိကြောင်း သိရသည်။

“ဒီလကစပြီး လုပ်သွားမှာပါ။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ပတ်သက်တာတွေ၊ ဇီဝမျိုးစုံ မျိုးကွဲနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ပညာရှင်တွေကဟောပြောသွားဖို့ စီစဉ်ထားပါတယ်” ဟု လှော်ကားဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဟောပြောပွဲများကို လှော်ကားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးနှင့် ထူးဖောင်ဒေးရှင်းတို့ပူးပေါင်း စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်၏ပထမဆုံးဟောပြောပွဲအနေဖြင့် ယခု လ ၇ ရက်က လှော်ကားဥယျာဉ်တွင် ကာတွန်းဆရာ အော်ပီကျယ်၊ လှော်ကားဥယျာဉ် အုပ်ချုပ်ရေးမှူးနှင့် မမော်မော်ထွန်းတို့က လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆိုင်သောအကြောင်းအရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲများကို လှော်ကားဥယျာဉ်သို့ လာရောက်လည်ပတ်သူများပြားသော ရုံးပိတ်ရက်များတွင် ကျင်းပသွားမည်ဖြစ်ပြီးစိတ်ပါဝင်စားသူများလာရောက်နားထောင်နိုင်ကြောင်းသိရသည်။

လှော်ကားဥယျာဉ်ကို ပုဂ္ဂလိကသို့လွှဲပြောင်းခဲ့ပြီးထူးကုမ္ပဏီကရယူလုပ်ကိုင်ခဲ့ပြီးနောက် ဥယျာဉ်ပြုပြင်ပြောင်းလဲခြင်းများအပြင် လူထုလှုပ်ရှားမှုများ ပိုမိုပြုလုပ်လာခြင်းဖြစ်သည်။



# Tourism

7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## ရပ်နားထားသော အဲမန္တလေးခရီးစဉ်များပြန်လည်ပြေးဆွဲမည့် လေယာဉ်သစ်ရောက်မည်

အောင်သူရ

**ရန်ကုန်၊ဩဂုတ် – ၂၆**

အဲမန္တလေး လေကြောင်းလိုင်းမှ အသစ်ဝယ်ယူထားသော ATR-72 လေယာဉ်တစ်စင်းသည် လာမည့်စနေနေ့တွင် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူက 7Day News သို့ ပြောသည်။



အဆိုပါလေယာဉ် ရောက်ရှိလာပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ပြီးပါက ရပ်နားထားသော ခရီးစဉ်များအား ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်းသိရသည်။

"အခုဘွတ်ကင်တွေတော့ လက်ခံနေပါပြီ။ ခရီးစဉ်အချက်အလက်တွေ မထုတ်ပြန်ရသေးပါဘူး" ဟုအဆိုပါ လေကြောင်းလိုင်းတာဝန်ရှိသူက ပြောသည်။

အဆိုပါလေကြောင်းလိုင်း၏ လက်မှတ်အရောင်းကိုယ်စားလှယ်ရရှိထားသော ကုမ္ပဏီများကမူ ခရီးစဉ်ကို စက်တင်ဘာလဆန်းမှစ၍ပျံသန်းမည်ဖြစ်ကြောင်း ပြောသည်။ အဲမန္တလေး လေကြောင်းလိုင်းသည် လေယာဉ်ပြုပြင်မှုများ ရှိသဖြင့် ၎င်းတို့၏ ပြည်တွင်းခရီးစဉ်အား ဇူလိုင်လနောက်ဆုံးပတ်မှစ၍ ရပ်နားထားခဲ့သည်။

## အဲပုဂံက လာမည့်ခရီးသွားရာသီတွင် ရန်ကုန်-ပုသိမ် ပျံသန်းရန် စီစဉ်

အောင်သူရ

**ရန်ကုန်၊ဩဂုတ် – ၂၅**

လာမည့်ခရီးသွားရာသီတွင် အဲပုဂံလေကြောင်းလိုင်းသည် ရန်ကုန်-ပုသိမ်ခရီးစဉ်အားပျံသန်းရန် စီစဉ်ထားရှိကြောင်း ငွေဆောင်ဇုန်ဟိုတယ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"နေ့စဉ်မဟုတ်တောင် တစ်ပတ်ကို အနည်းဆုံးနှစ်ရက်တော့ ပျံသန်းဖြစ်မှာပါ" ဟု အဆိုပါတာဝန်ရှိသူကပြောသည်။ ထိုကဲ့သို့ ပျံသန်းဖြစ်ပါက လေယာဉ်ဖြင့်လိုက်ပါလာသော ငွေဆောင်ကမ်းခြေသို့သွားရောက်မည့် ဧည့်သည့်များအား လေကြောင်းလိုင်းမှ တာဝန်ယူပို့ဆောင်ပေးဖွယ်ရှိကြောင်းသိရသည်။

ကမ္ဘာလှည့်ခရီးသွား စံချိန်တင်ဝင်ရောက်ခဲ့သော ၂၀၀၆ ခုနှစ်တွင် အဆိုပါ ရန်ကုန်-ပုသိမ်ခရီးစဉ်အား အဲပုဂံလေကြောင်းလိုင်းက နိုင်ငံခြားသားတစ်ဦးလျှင် ၄၅ ဒေါ်လာဖြင့် ပျံသန်းခဲ့ပြီး ပုသိမ်လေဆိပ်မှ ငွေဆောင်ကမ်းခြေသို့ တစ်ဦးလျှင် ၅ ဒေါ်လာဖြင့် ကုန်းလမ်းမှ ပို့ဆောင်ပေးခဲ့သည်။

## အဲကမ္ဘောဇလေကြောင်းလိုင်းသစ် လိုင်စင်လျှောက်ထားဆဲ

အောင်သူရ

**ရန်ကုန်၊ ဩဂုတ်-၁၈**

အဲကမ္ဘောဇလေကြောင်းလိုင်းသစ်မှာ သက်ဆိုင်ရာသို့ လေကြောင်းလိုင်း ထူထောင်လုပ်ကိုင်ခွင့်ရရန် လျှောက်ထားဆဲသာဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ထိပ်တန်းအရာရှိကြီးဖြစ်သောဦးစိုးဝင်းက 7 Day News သို့ ပြောသည်။ လုပ်ကိုင်ခွင့်လျှောက်ထားဆဲ အခြေအနေ၌သာရှိနေသဖြင့် လေကြောင်းလိုင်းနှင့်ပတ်သက်သောသတင်းများကိုသက်ဆိုင်ရာမှ ခွင့်ပြုချက်ရရှိပြီးနောက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

သို့သော် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများကြားတွင် လာမည့်ခရီးသွားရာသီ၌ အဲကမ္ဘောဇအမည်ဖြင့် ပြည်တွင်းလေကြောင်းလိုင်းသစ်တစ်ခု ထပ်မံပေါ်ပေါက်လာတော့မည်ဟု ယုံကြည်မျှော်လင့်နေကြကြောင်း သတင်းရရှိသည်။ လေကြောင်းလိုင်းသစ်မှာ လိုင်စင်လျှောက်ထားဆဲဟုဆိုသော်လည်း ယခုနှစ်လယ်ပိုင်းမှစ၍ကမ်းနားလမ်းရှိမြန်မာ့လေကြောင်းနှင့် ကပ်လျက်နေရာတွင် အဲကမ္ဘောဇလေကြောင်းလိုင်း ရုံးဖွင့်လှစ်ရန်ပြင်ဆင်နေပြီဖြစ်ကြောင်း လေကြောင်းလိုင်းကိုယ်စားလှယ်များကပြောသည်။

လေကြောင်းလိုင်းသစ်အား ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများက စိတ်ဝင်စားနေကြပြီး ယခုပြေးဆွဲနေသော လေကြောင်းလိုင်းများနှင့်မတူသောဝန်ဆောင်မှုမျိုးဖြင့် ပေါ်ပေါက်လာလိမ့်မည်ဟုလည်း မျှော်လင့်နေသည်ဟု ခရီးသွားလုပ်ငန်းရှင်များကဆိုသည်။

## ရန်ကုန်မှ မော်လမြိုင်၊ ဘားအံသို့ ပြေးဆွဲနေသော လိုင်းကားများ ယာဉ်အစီးရေထွက်နှုန်းလျော့ကျ

ပြည်သိမ်း

**ရန်ကုန်၊ ဩဂုတ်-၂၅**

ရန်ကုန်မှ မော်လမြိုင်နှင့် ဘားအံသို့မြို့ပြေးဆွဲနေသော ယာဉ်လိုင်းများသည် ဇူလိုင်လလယ်ပိုင်းမှစ၍ ပြေးဆွဲသည့်ယာဉ်အစီးရေ ထက်ဝက်ခန့်လျော့နည်းသွားကြောင်း စုံစမ်းသိရသည်။

ယင်းသို့ကားအထွက် လျော့နည်းသွားရခြင်းသည် ထိုင်း-မြန်မာ နယ်စပ်မြဝတီကုန်သွယ်ရေးဇုန် ကုန်စည်ကူးသန်းမှု ခေတ္တရပ်နားထားသည့်အတွက် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု လျော့နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် မြဝတီကုန်သွယ်ရေးဇုန်သည် အရေးပါသည့်ဒေသတစ်ခုဖြစ်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်းသို့ ကုန်စည်တင်သွင်းသူများသည် မြဝတီကုန်သွယ်ရေးဇုန် ခေတ္တရပ်နားထားသည့်အတွက် တာချီလိတ်- မဲဆိုင်လမ်း၊ ကော့သောင်းတို့မှ ပြောင်းလဲတင်သွင်းရန် ကြိုးစားနေကြသည်။

"ရန်ကုန်-ဘားအံခရီးစဉ်မှာဆိုရင် ၉၀ ရာခိုင်နှုန်းက ပို့ကုန်၊ သွင်းကုန်တွေကို မှီပြီး ကားထွက်ကြတယ်။ မော်လမြိုင်ခရီးစဉ်လည်း ၇၅ ရာခိုင်နှုန်းလောက်မှီခိုနေတယ်" ဟု အောင်မင်္ဂလာအဝေးပြေးဝင်းရှိ ရန်ကုန်-မော်လမြိုင်-ဘားအံခရီးသည်ပို့ဆောင်ရေးဂိတ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယင်းကဲ့သို့ ကုန်စည်စီးဆင်းမှု ရပ်တန့်နေသည့်အတွက် ရန်ကုန်-ဘားအံကားလိုင်းတွင်ဂိတ်ငယ်အချို့မှာပြေးဆွဲမှုကိုရပ်နားထားရသည်။ ထို့အပြင် ပြေးဆွဲလျက်ရှိသောဂိတ်အချို့မှာလည်း ယာဉ်စီးခကို သတ်မှတ်စျေးနှုန်းမဟုတ်ဘဲ ခရီးသည် ရရှိရေးအတွက် ညှိနှိုင်းစျေးနှုန်းဖြင့် ရယူနေရသည်ဟုသိရသည်။

"လိုင်းတချို့ဆို နေတိုင်း မထွက်နိုင်ဘူး။ နှစ်ရက်ခြား၊ သုံးရက်ခြားမှ တစ်စီးထွက်ကြတာတွေလည်းရှိတယ်။ ခရီးသည် မရလို့နှစ်လိုင်း၊ သုံးလိုင်းပေါင်းပြီး ထွက်ရတာတွေလည်းရှိတယ်" ဟု ရန်ကုန်-ဘားအံ ခရီးသည်ပို့ဆောင်ရေးဂိတ်များနှင့်နီးစပ်သူတစ်ဦးက ရှင်းပြသည်။

ရန်ကုန်-ဘားအံ-မော်လမြိုင်သို့ပြေးဆွဲနေသည့် ယာဉ်များတွင် အဆင့်မြင့်လေအိတ်ကားများရှိသကဲ့သို့ လူနှင့်ကုန်စည်-တွဲ တင်သည့် စီးတီးဘတ်စ်များလည်း ရှိကြောင်း၊ ရန်ကုန်-မော်လမြိုင်ယာဉ်စီးနှုန်းမှာမထသမှတရားဝင်သတ်မှတ်နှုန်းအရ တစ်ဦးလျှင် ၄,၉၀၀ ကျပ်ရှိပြီး၊ ရန်ကုန်-ဘားအံယာဉ်စီးခနှုန်းမှာ တစ်ဦးလျှင် ၄,၃၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။

## ငွေဆောင်ရှိဟိုတယ်များအား လေရဟတ်ဖြင့် လျှပ်စစ်ဓာတ်အားပေးရန် ထူးကုမ္ပဏီစတင်ဆောင်ရွက်

အောင်သူရ

**ရန်ကုန်၊ဩဂုတ် – ၂၅**

ငွေဆောင်ကမ်းခြေရှိ ဟိုတယ်များအား လေရဟတ်ဖြင့် လျှပ်စစ်ဓာတ်အားပေးရန် ထူးကုမ္ပဏီအုပ်စုက စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ငွေဆောင်ကမ်းခြေသာယာရေးကော်မတီမှ တာဝန်ရှိသူက 7Day News သို့ပြောသည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးမည့် လေရဟတ်အား ငွေဆောင်ကမ်းခြေ ချစ်သူများကျွန်းမှ တစ်မိုင်ခန့်ဝေးကွာသော ညောင်မှော်ကျေးရွာတွင်တည်ဆောက်ရန်အစီအစဉ်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အစီအစဉ်ရှိသဖြင့် ငွေဆောင်ကမ်းခြေရှိ ဟိုတယ်များတွင် အသုံးပြုနေသော လျှပ်စစ်အသုံးပြုမှုပမာဏကို ပြီးခဲ့သည့် တစ်ပတ်က လိုက်လံမေးမြန်းခဲ့ကြောင်း ကမ်းခြေသာယာရေးကော်မတီမှ တာဝန်ရှိသူကပြောသည်။

လွန်ခဲ့သော လေးနှစ်ခန့်က ငွေဆောင်ကမ်းခြေချစ်သူများ ကျွန်းအနီးဘူးကွဲလေးကျေးရွာတွင်လည်း ဂျာမနီနိုင်ငံမှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်သော လေရဟတ်တစ်ခု ဆောက်လုပ်လှူဒါန်းပေးခဲ့သည်။

ငွေဆောင်ကမ်းခြေဟိုတယ်များသည် လျှပ်စစ်ဓာတ်အားအသုံးပြုရာ၌ ကိုယ်ပိုင်မီးစက်များဖြင့် အသုံးပြုရသဖြင့် ဟိုတယ်အခန်းခစျေးနှုန်းများမှာ ပုံမှန်အားဖြင့် စျေးလျှော့စျေးချ၍ မရနိုင်ကြောင်း သိရှိရသည်။



7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010












7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010



## ဓားစားခံကိစ္စကိုင်တွယ်မှုတွင် အမှားအယွင်းများရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့ဝန်ခံ

**မနီလာ၊ ဩဂုတ် - ၂၅**

ကမ္ဘာ့လှည့်ခရီးသည် ရှစ်ဦးသေဆုံးခဲ့ရသော ဓားစားခံများကိစ္စကို သေသေသပ်သပ် မကိုင်တွယ်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံက ဝန်ခံခဲ့ပြီး ယင်းမှာ နှစ်ပေါင်းများစွာ ညံ့ဖျင်းသော အုပ်ချုပ်ရေးနှင့် ယိုယွင်းမှုများဖြစ်ပေါ်နေသော နိုင်ငံ၏ပုံရိပ်ကိုမြှင့်တင်ရေး သမ္မတဘီနစ်နိုအကွီနိုအပေါ် ဖိအားများဖြစ်ပေါ်လာစေကြောင်း ရိုက်တာသတင်းကဖော်ပြသည်။

သေနတ်သမားက အပိုင်စီးထားသော ဘတ်စ်ကားပေါ်ရှိ ဟောင်ကောင် ကမ္ဘာ့လှည့်ခရီးသည် ၁၅ ဦးအား ကယ်ဆယ်ရေးကြိုးပမ်းသော တိုက်ခိုက်ရေး ရဲအဖွဲ့မှာ လုံလောက်သော လက်နက်တပ်ဆင်မှုနှင့် လုံလောက်သောလေ့ကျင့်မှု၊ ဦးဆောင်မှုမရှိခဲ့ကြောင်း ဖိလစ်ပိုင် အမျိုးသားရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းကယ်ဆယ်ရေးကိစ္စနှင့် ပတ်သက်၍ တရုတ်နှင့် ဟောင်ကောင်တွင် အမျက်ဒေါသထွက်မှုများရှိခဲ့ပြီး ယင်းကိစ္စအား စေ့စေ့စပ်စပ်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်တောင်းဆိုမှုများ ဖြစ်ပေါ်နေသည်။ ရဲတပ်ဖွဲ့မှ ထုတ်ပယ်ခံရ၍ စိတ်ဆိုးဒေါသထွက်ကာ ဘတ်စ်ကားအားအပိုင်စီးခဲ့သော ရဲအရာရှိအား ရဲတပ်ဖွဲ့ကပစ်သတ်ခဲ့သည်။

“ဓားစားခံတွေ ကယ်တင်ဖို့လုပ်တဲ့ ဒီလိုစီးနင်းမှုမျိုးဆိုတာ လျင်မြန်တိကျဖို့လိုပါတယ်” ဟု အငြိမ်းစား ရဲချုပ်ရိုဒိုဖိုမန်ဒိုဇာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ “ငါးမိနစ်အတွင်းပြီးသွားရမယ်။ ကျွန်တော်တို့တွေ့ခဲ့ရတာက ရယ်စရာကောင်းတယ်” ဟုထောက်လှမ်းရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအရာရှိဟောင်း မန်ဒိုဇာက ဆက်လက်ပြောကြားသည်။ ဓားစားခံဖမ်းထားမှုအား တစ်နာရီကျော်ကြာမြင့်ခဲ့ သော စစ်ဆင်ရေးပြုလုပ်ပြီးနောက် ဓားစားခံရှစ်ဦး သေဆုံးခဲ့ရပြီး တစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။

—*Ref: Reu-*

## ၂၀၁၅ တွင် အာရှပစိဖိတ်ဒေသအတွင်း စမတ်ဖုန်းရောင်းအား ထက်ဝက်မြင့်တက်မည်ဟုဆို

**မနီလာ၊ ဩဂုတ် - ၂၆**

မိုဘိုင်းအင်တာနက်အသုံးပြုမှုများမြင့်တက်လာခြင်းကြောင့် လာမည့် ၂၀၁၅ ခုနှစ်အရောက်တွင်မိုဘိုင်းစမတ်ဖုန်းရောင်းအားသည် ယခုကာလထက် ၅၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာနိုင်ကြောင်း နည်းပညာအတိုင်ပင်ခံကုမ္ပဏီ Frost & Sullivan က ပြောကြားလိုက်သည်။

ကုမ္ပဏီ၏လေ့လာမှုအရ ၂၀၁၅ တွင် အာရှပစိဖိတ်ဒေသအတွင်း အင်တာနက်အသုံးပြုနိုင်သည့်စမတ်ဖုန်းများကို အလုံးရေ ၄၇၇ သန်းအထိရောင်းချရနိုင်ပြီး စမတ်ဖုန်းများအသုံးပြုမှုကြောင့် ဖုန်းအော်ပရေတာကုမ္ပဏီများသည်လည်း ဝင်ငွေ ကန်ဒေါ်လာ ၃၈ ဘီလီယံအထိ ရရှိလာနိုင်ကြောင်း သိရသည်။

စမတ်ဖုန်းများသည် တတိယမျိုးဆက် သရီးဂျီကွန်ရက်အသုံးပြုမှုကြောင့် မိုဘိုင်းအင်တာနက် ဆက်သွယ်ရေးမြန်နှုန်းပိုမြင့်လာကာ သုံးစွဲမှုများအတွက် ဖုန်းဆက်သွယ်မှုအပြင် အင်တာနက်အသုံးပြုမှုပါ ပိုမိုမြန်ဆန်လာစေမည်ဖြစ်သည်။

—*Ref: CNA*



## တရုတ်နိုင်ငံရှိ အခြေခံပညာကျောင်းသား ၇၀ ရာခိုင်နှုန်း အိပ်ရေးမဝကြဟုဆို

**ဘေဂျင်း၊ ဩဂုတ် - ၂၅**

တရုတ်ကျောင်းသားများ၏ အိပ်စက်ခြင်း အလေ့အထများကို စူးစမ်းခဲ့သည့် လေ့လာမှုတစ်ခုအရ အခြေခံပညာ ကျောင်းသား ၇၀ ရာခိုင်နှုန်းကျော်သည် လုံလောက်စွာအိပ်စက်အနားယူရခြင်း မရှိကြောင်း သိရသည်။ သုတေသနတွင်ရှန်ဟိုင်းဂျာတောင် တက္ကသိုလ်ဆေးကျောင်းနှင့် ပူးပေါင်းထားသည့် ဆင်ဟွာဆေးရုံမှ သုတေသီများသည် အခြေခံပညာမူလတန်းမှ အထက်တန်းအဆင့်အထိကျောင်းသားများကို လေ့လာခဲ့သည်။

လေ့လာမှုအရ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသားများမှာ တစ်ညလျှင် ပျမ်းမျှအိပ်ချိန် ၉ နာရီနှင့် ၁၀ မိနစ်၊ အလယ်တန်းကျောင်းသားများမှာ ညအိပ်ချိန် ၈ နာရီနှင့် ၆ မိနစ်၊ အထက်တန်းကျောင်းသားများမှာ ၇ နာရီနှင့် ၉ မိနစ်ခန့် အသီးသီးရရှိကြောင်း တွေ့ရှိရာယင်းအချိန်များမှာ ကျောင်းသားများအတွက် လုံလောက်မှုမရှိကြောင်း သုတေသီများက ပြောသည်။

ဆင်ဟွာဆေးရုံမှ သုတေသီယန်ချောင်ဟွိုင်ကလည်း အိပ်ရေးမဝခြင်းသည် ကလေးငယ်များ၊ ဆယ်ကျော်သက် လူငယ်များအတွက် ပြဿနာများစွာဖြစ်စေနိုင်ကြောင်းဆိုသည်။ ၎င်းက “မထိရောက်တဲ့ အိပ်ရေးမဝတဲ့ အိပ်စက်ခြင်းဟာ ကလေးတွေရဲ့ ဖွံ့ဖြိုးမှုကို တုံ့နှေးစေရုံသာမကဘဲ ကလေးရဲ့ အများနဲ့ လိုက်လျောညီထွေနေနိုင်စွမ်းကိုပါ ဆုတ်ယုတ်စေပါတယ်။ မတော်တဆမှုတွေ၊ စိတ်ကျရောဂါတွေ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းနဲ့ စိတ်တက်ကြွလွန်မှုတွေလည်း ဖြစ်စေပါတယ်” ဟုဆိုသည်။

—*Ref: Xinhua*

## အိုင်အမ်အက်ဖ်က သီရိလင်္ကာအတွက် ချေးငွေထုတ်ပေးဖွယ်ရှိ



**ကိုလံဘို၊ ဩဂုတ် - ၂၄**

သီရိလင်္ကာနိုင်ငံအတွက် နောက်ထပ်ကန်ဒေါ်လာ ဘီလီယံနှင့်ချီသောချေးငွေများကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ထုတ်ပေးသွားဖွယ်ရှိကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံသို့ နှစ်ပတ်ကြာသွားရောက်လေ့လာခဲ့သော အိုင်အမ်အက်ဖ်အထူးအဖွဲ့ကလည်း သီရိလင်္ကာစီးပွားရေးကို အကောင်းမြင်ဘက်ကသုံးသပ်ထားသည်။ သီရိလင်္ကာအစိုးရ၏ သုံးစွဲမှုလျှော့ချရေး အစီအစဉ်များမှာ လမ်းကြောင်းမှန်ပေါ်တွင်ရောက်ရှိနေကြောင်း၊ အခွန်အတုပ်များတိုးမြှင့်ခြင်းနှင့် သုံးစွဲမှုလျှော့ချခြင်းကို သီရိလင်္ကာအစိုးရကပြုလုပ်ထားကြောင်း အိုင်အမ်အက်ဖ်ကပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းအား ကျော်လွှားနိုင်ရန် သီရိလင်္ကာနိုင်ငံအား ကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံပေးအပ်ရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အတည်ပြုပေးခဲ့သည်။ တမီးလ်ကျားသူပုန်များနှင့်ဖြစ်ပေါ်ခဲ့သော ပြည်တွင်းစစ်ပြီးနောက်ပိုင်း နိုင်ငံအား ပြန်လည်တည်ဆောက်ရေးတွင် ၎င်းငွေကြေးများကို အသုံးပြုသွားမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံကကတိပေးခဲ့သည်။

“သီရိလင်္ကာနိုင်ငံကို နောက်ထပ်ဒေါ်လာသန်း ၂၀၀ ကျော်ထုတ်ပေးရေးထောက်ခံမှုပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ” ဟု သီရိလင်္ကာနိုင်ငံသို့သွားရောက်ခဲ့သည့် အိုင်အမ်အက်ဖ်၏ အထူးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဘရိုင်ယန်အိုက်ကန်က ပြောကြားသည်။

—*Ref: BBC*

## ထိုင်းနှင့် ကမ္ဘောဒီးယား သံတမန်ပြန်လည်ဆက်သွယ်

**ဘန်ကောက်၊ ဩဂုတ် - ၂၄**

မစ္စတာသက်ဆင်ရှင်နာဝါထရာသည် ၎င်းတို့နိုင်ငံ၏ စီးပွားရေးအကြံပေးအဖြစ်မှနုတ်ထွက်သွားပြီဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံကကြေညာလိုက်ပြီးနောက် ဖနွမ်းပင်နှင့် သံတမန်ဆက်သွယ်မှု ပြန်လည်ပြုလုပ်သွားမည်ဟု ထိုင်းနိုင်ငံက ပြောကြားသည်။

မစ္စတာသက်ဆင်အား စီးပွားရေးအကြံပေးခန့်အပ်ခဲ့ခြင်းကြောင့်ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံကြား အငြင်းပွားမှုဖြစ်ပေါ်၍နှစ်နိုင်ငံစလုံးက ၎င်းတို့၏ သံအမတ်များကို ၂၀၀၉၊ နိုဝင်ဘာလတွင် ရုပ်သိမ်းခဲ့ကြသည်။


ထိုင်းစစ်ဘက်က ၂၀၀၆ ခုနှစ်တွင်အာဏာသိမ်း၍ ဝန်ကြီးချုပ်သက်ဆင်အား ရာထူးမှဖြုတ်ချခဲ့သည်။ ၎င်းနောက် မစ္စတာသက်ဆင်မှာ ခြစားမှုဥပဒေများဖြင့် မျက်ကွယ်ရာ၌ထောင်ဒဏ်ချမှတ်ခံထားရသည်။ ယခုနှစ်အစောပိုင်းကဖြစ်ပေါ်ခဲ့သည့် အစိုးရဆန့်ကျင်ဆန္ဒပြမှုများတွင်လည်း မစ္စတာသက်ဆင်နောက်ကွယ်မှ ပါဝင်ပတ်သက်နေကြောင်း ထိုင်းအာဏာပိုင်များကပြောကြားသည်။ နှစ်လကျော် ကြာမြင့်ခဲ့သော ဆန္ဒပြကန့်ကွက်မှုများကြောင့်လူပေါင်း ၉၁ ဦး သေဆုံးခဲ့ပြီး မစ္စတာသက်ဆင်ကမူ ယင်းကိစ္စတွင် ၎င်းပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုထားသည်။

သက်ဆင်နှင့် အဆက်အသွယ်မရှိတော့ကြောင်း ကြေညာခဲ့၍ သံတမန်ရေးအဆက်ဖြတ်ထားမှုအကြောင်းရင်း အဆုံးသတ်သွားပြီဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကာဆစ်ပီ ရွှန်ယာက ရိုက်တာသတင်းဌာနအား ပြောကြားသည်။ “မနက်ဖြန်မှာ ထိုင်းနိုင်ငံက သံအမတ်ပြန်လွှတ်မယ်။ အလားတူ ကမ္ဘောဒီးယားကလည်း သူတို့သံအမတ်ကို ပို့လိမ့်မယ်” ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

—*Ref: BBC*

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010





## Leader's Profile

# ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့အကြီးအကဲ ဒေါက်တာဂျက်ကက်စ်ဒီအော့ဖ်

ရဲမင်း

ကုလသမဂ္ဂ၏ စားနပ်ရိက္ခာအဖွဲ့(FAO)၏အကြီးအကဲ ဂျက်ကက်စ်ဒီအော့ဖ်သည် ဆီနီဂေါနိုင်ငံသား သံတမန်တစ်ဦးဖြစ်ပြီး ၁၉၉၄ ခုနှစ် ဇန်နဝါရီလမှစ၍ လက်ဘနွန်နိုင်ငံမှ အက်ဒဝပ်ဆောမားအား အစားထိုး၍ အက်ဖ်အေအို၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

ဒီအော့ဖ်အား ၁၉၃၈ ခုနှစ် တွင်ဆီနီဂေါနိုင်ငံ စိန့်လူးဝစ်မြို့တွင်မွေးဖွားခဲ့သည်။ အထက်တန်းပညာရေးကို ၎င်း၏မွေးရပ်မြေ စိန့်လူးဝစ်မှာပင်သင်ကြားခဲ့သော ဒီအော့ဖ်သည် တက္ကသိုလ်ပညာရေးအတွက် ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး (Grignon-Paris) စိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေးသိပ္ပံပညာဘွဲ့ ရရှိခဲ့သည်။ ပြင်သစ်ရှိ အမျိုးသား Ecole စိုက်ပျိုးရေးတက္ကသိုလ်မှ အပူပိုင်းဒေသစိုက်ပျိုးစီးပွားရေးမာစတာဘွဲ့လည်း ရရှိခဲ့သော ဒီအော့ဖ်သည် လူမှုရေးသိပ္ပံဒဿနိကဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရရှိခဲ့သည်။

ဒီအော့ဖ်သည် အသက် ၂၅ နှစ်အရွယ် ၁၉၆၃ ခုနှစ်တွင် ပြင်သစ်-ဆီနီဂေါ စိုက်ပျိုးရေးအစီအစဉ် ဈေးကွက်ရှာဖွေရေးဘုတ်အဖွဲ့၏ ဥရောပရုံးညွှန်ကြားရေးမှူးတာဝန်ကို စတင် ထမ်းဆောင်ခဲ့သည်။ ၁၉၆၅-၇၁ တွင် နိုင်ဂျီးရီးယားနိုင်ငံအခြေစိုက် အာဖရိက မြေပဲကောင်စီ၏ ဒါရိုက်တာဖြစ်ခဲ့သည်။ ယင်းနောက် အနောက်အာဖရိက ဆန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွင် အမှုဆောင်အတွင်းရေးမှူးတာဝန်ကို ၇ နှစ်ကြာထမ်းဆောင်ခဲ့သည်။

ဒီအော့ဖ်သည် ၁၉၇၈ ခုနှစ်တွင် ဆီနီဂေါနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာဌာနတွင် အတွင်းရေးမှူးတာဝန်ထမ်းဆောင်ခဲ့ပြီး နောက်ပိုင်းတွင် ဆီနီဂေါ နိုင်ငံခြားဆက်ဆံရေးကော်မတီ၏ ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၈၅ မှ ၁၉၉၀ အထိ အနောက်အာဖရိကနိုင်ငံများ ဗဟိုဘဏ်၏ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၁-၉၃ တွင် ဆီနီဂေါနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီးဖြစ်ခဲ့သော ဒီအော့ဖ်သည် ၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ကြီး၏ အတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၄ ခုနှစ်တွင် ၎င်းရာထူးအား စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ နှင့် ၂၀၀၆ ခုနှစ်များ၌ထပ်မံ၍ ရွေးကောက်တင်မြှောက်ခံရပြီး ယခုအခါ ၎င်း၏တတိယသက်တမ်းကို ထမ်းဆောင်နေခြင်းဖြစ်သည်။

ဆီနီဂေါနိုင်ငံ၏ ဝူးလော့ဖ်ဘာသာစကားအပြင် ပြင်သစ်၊ အင်္ဂလိပ်၊ စပိန်ဘာသာစကားများကိုကျွမ်းကျင်သော ဒေါက်တာ ဂျက်ကက်စ်ဒီအော့ဖ်သည် ကမ္ဘာတစ်ဝန်း နိုင်ငံအများအပြားမှ ဂုဏ်ပြုချီးမြှင့်သော ဆုတံဆိပ်ပေါင်း ၄၀ ကျော် ရရှိခဲ့ပြီး ပညာရပ်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့၊ ဒေါက်တာဘွဲ့အများအပြားလည်း ချီးမြှင့်ခံရသည်။

သို့သော် တစ်ဖက်တွင် ဒေါက်တာ ဂျက်ကက်စ်ဒီအော့ဖ်အား ဝေဖန်သူများလည်းရှိခဲ့ပြီး ၂၀၀၆ ခုနှစ်မေလတွင် အက်ဖ်အေအို၏ လက်ထောက်အတွင်းရေးမှူးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သော ဒေါက်တာလူးဝစ်ဖရက်စကိုက အက်ဖ်အေအိုသည် ခေတ်သစ်အခြေအနေနှင့် အတူ လိုက်ပါပြောင်းလဲနိုင်ခြင်းမရှိဟု ၎င်း၏ နုတ်ထွက်စာတွင် ဖော်ပြခဲ့သည်။

မွတ်ဆလင်ဘာသာဝင်တစ်ဦးဖြစ်သူ ဒေါက်တာ ဂျက်ကက်စ်ဒီအော့ဖ်သည် ၁၉၆၃ ခုနှစ်တွင် မစ္စအိုက်ဆာတောင်ဆီရီနှင့် လက်ထပ်ထိမ်းမြားခဲ့ပြီး သားသမီးငါးဦးထွန်းကားခဲ့သည်။

—*Ref: Wikipedia*

# SCO နိုင်ငံများ ရုရှားတွင် အကြမ်းဖက်တိုက်ဖျက်ရေး လေ့ကျင့်မှုပြုလုပ်

**ဆာရာတော့၊ ဩဂုတ် - ၂၅**



ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ဝင်နိုင်ငံများမှ ရဲတပ်ဖွဲ့နှင့် အထူးတပ်ဖွဲ့များ၏ အကြမ်းဖက် တိုက်ဖျက်ရေး လေ့ကျင့်မှုများသည် လက်တွေ့လေ့ကျင့်မှုအဆင့်သို့ ရောက်ရှိလာကြောင်း ရုရှားအမျိုးသားအကြမ်းဖက်တိုက်ဖျက်ရေး ကော်မတီက ပြောကြားသည်။

ရုရှားနိုင်ငံ ဆာရာတော့ဒေသတွင် ပြုလုပ်နေသောလေ့ကျင့်မှုအား အဆင့်နှစ်ဆင့်ခွဲ၍ပြုလုပ်ခဲ့ရာ ပထမအဆင့်မှာဩဂုတ် ၁၆ ရက်မှ ၂၃ ရက်အထိလေ့ကျင့်ခဲ့ပြီး ဒုတိယအဆင့်မှာ ဩဂုတ် ၂၈ ရက်အထိ ၃ ရက်ကြာမြင့်မည်ဖြစ်သည်။

လူထူထပ်သော နေရာများတွင် အကြမ်းဖက်လုပ်ရပ်များကို တားဆီးကာကွယ်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများ၏ တပ်ဖွဲ့ဝင်များကြား ပူးပေါင်းဆောင်ရွက်မှုလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြစ်ကြောင်း ရုရှားအကြမ်းဖက်တိုက်ဖျက်ရေး ကော်မတီက အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

လေ့ကျင့်မှု၏ ပထမအဆင့်တွင် ရုရှား၊ ကာဂျစ်စတန်နှင့် ကာဇက်စတန်နိုင်ငံများမှ ရဲတပ်ဖွဲ့များ၊ အထူးတပ်ဖွဲ့များ ပါဝင်လေ့ကျင့်ခဲ့သည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အား ဒေသတွင်းလုံခြုံရေးအတွက် အဓိကဖွဲ့စည်းထားခြင်းဖြစ်ပြီး တရုတ်၊ ရုရှား၊ ကာဇက်စတန်နှင့် ကာဂျစ်စတန်၊ တာဂျီကစ္စတန်၊ ဉဇဘတ်ကစ္စတန်နိုင်ငံများ ပါဝင်သည်။

—*Ref: RIA Novosti*

# တိုရှီဘာက မျက်မှန်တပ်ကြည့်စရာမလိုသည့် ကမ္ဘာ့ပထမဆုံးသရီးဒီရုပ်သံစက်ဖြန့်ချိတော့မည်




**တိုကျို၊ ဩဂုတ် - ၂၄**

ဂျပန်အီလက်ထရွန်နစ် ကုမ္ပဏီ တိုရှီဘာသည် ယခုနှစ်ကုန်ပိုင်းတွင်မျက်မှန်တပ်ဆင်ကြည့်ရှုစရာမလိုသည့် ကမ္ဘာ့ပထမဆုံး သရီးဒီရုပ်သံစက်ကို ဈေးကွက်အတွင်း ဖြန့်ချိသွားတော့မည် ဖြစ်သည်။ ဂျပန်ယိုမီယူရီရှင်ဘွန်း သတင်းစာ၏ အဆိုအရလည်း ကန်ဒေါ်လာထောင်ချီ တန်ဖိုးရှိသည့် အဆိုပါ သရီးဒီရုပ်သံစက်များကို ယခုနှစ် ခရစ္စမတ်မတိုင်မီ မော်ဒယ်သုံးမျိုးဖြင့် ထုတ်လုပ်သွားမည်ဖြစ်သည်။

သတင်းစာက တိုရှီဘာကုမ္ပဏီ သည် ရုပ်သံဖန်သားပြင်၏ ထောင့်ပေါင်းစုံမှ အလင်းရောင်မျိုးစုံကိုထုတ်လွှတ်ပေးနိုင်သည့် စနစ်သစ်အား အသုံးပြုထား၍ ရုပ်သံကြည့်ရှုသူများသည် သရီးဒီမျက်မှန်တပ်ဆင်စရာမလိုဘဲ ရုပ်သံစက်မှ သုံးဖက်မြင် ရုပ်လုံးကြွပုံရိပ်များကို ကြည့်ရှုခံစားနိုင်မည်ဟုဆိုသည်။ ဂျပန်နိုင်ငံ၏ အဓိကအီလက်ထရွန်းနစ် ကုမ္ပဏီကြီးဖြစ်သောတိုရှီဘာသည် ယခုနှစ်အစပိုင်း၌ သရီးဒီရုပ်သံစက်တစ်မျိုးကို စတင်ထုတ်လုပ်ရောင်းချခဲ့သော်လည်းမျက်မှန်တပ်ဆင် အသုံးပြုရ၍ ဈေးကွက်၌ မျှော်မှန်းသလောက် ရောင်းရခြင်း မရှိဟု သတင်းက ဖော်ပြသည်။

—*Ref: CNA*

### နောက်ကျောဖုံး - အင်ဒိုနီးရှား မီးတောင်ပေါက်ကွဲမှုကြောင့် လူထောင်ပေါင်းများစွာ အိုးအိမ်များကို စွန့်ခွာထွက်ပြေး မှ



အမြင့်ပေ ၈၁၀၀ ရှိသော ဆူမတြားမြောက်ပိုင်းရှိ မီးတောင်သည် ငြိမ်သက်နေခဲ့သည်မှာ နှစ်ပေါင်း ၄၀၀ ရှိပြီဖြစ်ကြောင်း၊ သို့သော် ဩဂုတ်လ ၂၇ ရက်မှစ၍ လှုပ်ရှားမှု စတင်ပြသလာခဲ့ကြောင်း၊ အခြေအနေကို ဆက်လက် စောင့်ကြည့်နေဆဲဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိက ဆက်လက်ပြောကြားသည်။

မီးတောင်မပေါက်ကွဲမီ ၁၅ မိနစ်အလိုခန့်တွင် မီးတောင်မှ ချော်ရည်များ ထွက်လာသည်ကို မြင်တွေ့ခဲ့ရကြောင်း ရွာသားများကပြောကြားသည်။ မီးတောင်မှ မီးခိုးများနှင့် ချော်ရည်များ ဆက်လက်ပန်းထွက်နေ၍ မီးတောင်အနီးရှိ ကျေးရွာများမှ လူပေါင်း ၁၈,၀၀၀ အား ၆ ကီလိုမီတာ အန္တရာယ်ဇုန်အပြင်ဘက်သို့ ကယ်ဆယ်နေရာချပေးခဲ့ရကြောင်း သိရသည်။

—*Ref: AFP*

### နောက်ကျောဖုံး - တရုတ်သို့ သွယ်တန်းထားသည့် မဟာဗျူဟာရေနံပိုက်လိုင်း ရုရှားဝန်ကြီးချုပ်ဖွင့်လှစ် မှ

တရုတ်နိုင်ငံကလည်း ကီလိုမီတာ ၉၃၀ အရှည်ရှိသော ရေနံပိုက်လိုင်းကို တည်ဆောက်ရမည်ဖြစ်ပြီး ၎င်းပိုက်လိုင်းမှ တစ်ဆင့် နိုင်ငံအရှေ့မြောက်ဘက် ဒါကင်းမြို့ရှိ ရေနံချက်စက်ရုံများသို့ ရေနံစိမ်းများပေးပို့မည်ဖြစ်သည်။ ယခုနှစ်အတွင်းမှာပင် တရုတ်နိုင်ငံသို့ ရေနံပို့လွှတ်မှုစတင်နိုင်မည်ဟုယုံကြည်ကြောင်း ရုရှားဝန်ကြီးချုပ်ကပြောကြားသည်။

—*Ref: RIA Novosti*

### နောက်ကျောဖုံး - လိပ်ခဲတည်းလည်းဖြစ်နေသော အီရတ်နိုင်ငံရေး အခြေအနေကို ကန်ဗိုလ်ချုပ်ကြီး စိုးရိမ် မှ

အီရတ်တွင် နောက်ဆုံးကျန်ရှိသော တပ်ဖွဲ့ဝင်ပေါင်း ၅၀,၀၀၀ အား ရုပ်သိမ်းမှုကို ၂၀၁၁ ခုနှစ်အကုန်၌ အပြီးသတ်နိုင်ရန် အမေရိကန်ကစီစဉ်ထားချိန်တွင် နောက်ထပ်ရွေးကောက်ပွဲပြုလုပ်ရမည့် အရေးမှာ လက်ရှိမှာပင် နိုင်ငံရေးမုန်တိုင်းထန်နေပြီဖြစ်သော အီရတ်နိုင်ငံအား ပိုမိုနက်ရှိုင်းသော အကျပ်အတည်းအတွင်း သက်ဆင်းသွားစေနိုင်ကြောင်း နယူးယောက်တိုင်းမ်သတင်းက ဖော်ပြသည်။

—*Ref: NYTimes*

### နောက်ကျောဖုံး - ဂျပန်ဗဟိုဘဏ် အရေးပေါ်အစည်းအဝေးသတင်းကြောင့် အာရှရှယ်ယာဈေးနှုန်းများမြင့်တက် မှ

အထူးအစည်းအဝေးတွင် “ဗဟိုဘဏ်သည် မကြာသေးမီကဖြစ်ပေါ်ခဲ့သော စီးပွားရေးနှင့် ဘဏ္ဍာရေးအခြေအနေများပေါ်တွင် အခြေခံ၍ ငွေကြေးဆိုင်ရာထိန်းချုပ်မှုကိစ္စများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း” ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တောင်ကိုရီးယား Kospi စတော့ညွှန်းကိန်း ၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်၍ ၁၇၅၄ ဒသမ ၇၃ သို့ရောက်ရှိခဲ့ပြီး ဩစတြေးလျ S&P/ASX ၂၀၀ ညွှန်းကိန်းမှ ၁ ဒသမ ၉ ရာခိုင်နှုန်းတန်ဖိုးတက်လာ၍ ၄၄၅၄ ဒသမ ၈ သို့ရောက်ရှိလာခဲ့သည်။

အမေရိကန်စီးပွားရေး အားနည်းလာသောအရိပ်အယောင်များဖြစ်ပေါ်လာပါက ဗဟိုဘဏ်က ဝင်ရောက်အရေးယူဆောင်ရွက်ရန်အသင့်ရှိကြောင်း အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဘင်ဘာနန်ကီးက ပြောကြားခဲ့သောကြောင့်လည်း ဩဂုတ်လ ၂၈ ရက်တွင် နယူးယောက်တွင် စတော့ရှယ်ယာဈေးနှုန်းများမြင့်တက်ခဲ့သည်။

—*Ref: AP*

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ပြည်သူတွေရဲ့ ပြဿနာကို ဖြေရှင်းနိုင်တယ်ဆိုရင် ခင်ဗျားတို့ ဘယ်လောက်အပုပ်ချချ ကိစ္စမရှိပါဘူး

## ရဝမ်ဒါသမ္မတ ပေါလ်ကာဂါမီနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

အာဖရိကရဲ့ နိုင်ငံငယ်လေးတစ်နိုင်ငံဖြစ်တဲ့ ရဝမ်ဒါဟာ တူစီနဲ့ ဟူတူလူမျိုးစုတွေကြား မျိုးဖြုတ်သတ်ဖြတ်မှု နွံ့အတွင်းကနေ ရုန်းထွက်လာရတဲ့ နိုင်ငံဖြစ်ပါတယ်။ ရဝမ်ဒါဟာ အခုတော့ သမ္မတပေါလ်ကာဂါမီရဲ့ လက်ထက်မှာ အခြားဆင်းရဲတဲ့ မည်သည့်နိုင်ငံထက်မဆို ပိုပြီးလျင်လျင်မြန်မြန် တိုးတက်နေတယ်လို့ ဆိုလာကြပါပြီ။ ဒါပေမဲ့ အချို့သောအနောက်တိုင်း လူ့အခွင့်အရေး အုပ်စုတွေကတော့ သမ္မတကာဂါမီဟာ အာဏာရှင်ဆန်တယ်လို့လည်း စွပ်စွဲနေကြဆဲပါ။ တိုင်းမ်မဂ္ဂဇင်းရဲ့ အာဖရိကဗျူရို အကြီးအကဲ အဲလက်စ်ပယ်ရီဟာ မကြာသေးမီကပဲ သမ္မတကာဂါမီနဲ့ ကီဂါလီမြို့တော်က ၎င်းရဲ့ရုံးမှာ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ တိုင်းမ်ရဲ့ ဒီအင်တာဗျူးဟာ မကြာသေးမီက ဂျာမန်စပိုင်းဂဲမီဒီယာမှာ ဖော်ပြခဲ့တဲ့ သမ္မတ ကာဂါမီ အင်တာဗျူးပြီးရင် အနောက်မီဒီယာတွေမှာ ဖော်ပြသမျှ ရဝမ်ဒါသမ္မတနဲ့ အင်တာဗျူးတွေမှာ ယခုနှစ်အတွင်း ဒုတိယမြောက်ဖြစ်မယ်ထင်ပါတယ်။

**သမ္မတကြီးရဲ့အောင်မြင်မှုတွေနဲ့ပတ်သက်လို့ ကျေနပ်မှုရှိပါရဲ့လား။**

ကျွန်တော်တို့မျှော်မှန်းထားတာတွေထက်တောင် ပိုပြီးတိုးတက်ခဲ့ပါတယ်။ ဒါပေမဲ့ ဆိုလိုတာက ကျွန်တော်တို့အရာရာအောင်မြင်ခဲ့တယ်လို့ ပြောတာတော့မဟုတ်ဘူးပေါ့။ ကိုယ်သွားချင်တဲ့ လားရာအတိုင်း၊ တိုင်းပြည်ကို ရှေ့ကိုတိုးတက်အောင် ထိန်းသိမ်းဖို့ ကျွန်တော်တို့လိုအပ်နေပါတယ်။ ပြည်သူတွေအဖို့ သူတို့ဂုဏ်သိက္ခာကို ပြန်ရဖို့၊ ကြွယ်ဝချမ်းသာစေဖို့ တိုင်းပြည်ကို တိုးတက်အောင် ကျွန်တော်တို့လုပ်ရမှာပါ။ ပြည်သူတွေကို စုစည်းပြီး ညီညွတ်မှုကို ခံစားနိုင်စေဖို့ ဆိုတာဟာ တကယ့်ရဝမ်ဒါဆိုတဲ့ တိုင်းပြည်အစစ်ဆီကို ပြန်သွားရသလိုပါပဲ။ ဒီတိုင်းပြည်က အစတုန်းက နှစ်ခြမ်းကွဲမနေခဲ့ဘူးလေ။ တိုင်းပြည်ကို ဦးဆောင်ခွင့်ရတာထက် (တိုင်းပြည်ဒီလိုတည်ငြိမ်လာတာကို) ကျွန်တော်အများကြီးကျေနပ်မိပါတယ်။

**သမ္မတကြီးရဲ့အောင်မြင်မှုနဲ့ မီဒီယာမှာပါဝင်မှုအတိုင်းအတာကို နှိုင်းယှဉ်ကြတာလည်း ရှိနေပါတယ်။ ဘာ့ကြောင့်သမ္မတကြီးဟာ သတင်းတွေမှာ ရေပန်းမစားရတာပါလဲ။**

ခင်ဗျားမေးတာတော့ သိပ်စိတ်ဝင်စားဖို့ကောင်းတဲ့ မေးခွန်းပါပဲ (ရယ်လျက်)။ ဒီတိုင်းပြည်ကို အလုံးစုံပျက်သုဉ်းနေရာကနေ ပြန်ဆွဲတင်ပြီးတဲ့နောက် ရုတ်တရက်ပဲ ပြည်ပကနေ ကျွန်တော့်ရုပ်ပုံကို ဒီလိုဆေးခြယ်ကြတာမျိုးရှိပါတယ်။ "ကာဂါမီဆိုတာ အာဏာရှင်ပဲ" ဆိုပြီးတော့ပေါ့လေ။

ရဝမ်ဒါမှာ ကျွန်တော်တို့ ဦးဆောင်လုပ်ကိုင်နေတယ်။ ကျွန်တော်တို့ပြောကြတယ်။ "ကျွန်တော်တို့တော့ အများကြီးပေးဆပ်လုပ်ကိုင်ပြီးပြီ။ ခင်ဗျားတို့လည်း ကူညီရတာ ဂုဏ်ယူနေကြတယ်။ ဒါပေမဲ့ အဲဒါဘယ်ရောက်သွားသလဲ။ နောက်ဆုံးရလဒ်ကတော့ ဆင်းရဲမွဲတေမှု ဆက်လက်တည်တံ့နေတာပဲမို့လား" ဆိုပြီးတော့ပေါ့။ သူတို့က အဲဒါကိုမကြိုက်ကြဘူးဗျ။ ချမ်းသာတဲ့ ကမ္ဘာဟာ သူတို့သာ ပြဿနာတိုင်းကို ဖြေရှင်းနိုင်တယ်။ အရာရာကို သတ်မှတ်ပုံဖော်နိုင်တယ်ဆိုပြီး ထင်နေကြပါတယ်။ ရဝမ်ဒါဆိုတာ တိုင်းပြည်ငယ်လေးတစ်ခု၊ ဆင်းရဲတဲ့ အာဖရိက နိုင်ငံလေးတစ်ခုပါ။ ဘယ်ဟာက မှန်သလဲဆိုတာ သူတို့သိအောင် ကျွန်တော်တို့ လုပ်ရပါမယ်။ ဝေဖန်ကြတာတွေကတော့ ကျွန်တော်တို့ကို လုံးဝအထင်သေးနေတာပဲ။ ဒါပေမဲ့ ကျွန်တော့်ပြည်သူတွေရဲ့ ပြဿနာတွေကိုဖြေရှင်းနိုင်တယ်လို့ဆိုရင် ခင်ဗျားတို့ဘယ်လောက် အပုပ်ချချ၊ ကိစ္စမရှိပါဘူး။

**သမ္မတကြီးရဲ့အမြင်အရဆိုရင် အနောက်တိုင်းရဲ့ ရဝမ်ဒါအပေါ် သဘောထားဆိုတာကို ဒီလိုဘာသာပြန်လို့ရမယ်တူတယ်။ "အရာရာကို မှန်ကန်စွာလုပ်ဖို့ နည်းလမ်းတစ်ခုပဲရှိတယ်။ အနောက်တိုင်းကသာ ဒီနည်းလမ်းကိုပိုင်ဆိုင်ထားတယ်" လို့ဆိုရမလား။ အနောက်တိုင်းကဒါကိုအဲဒီ "စံ" ကိုသဘာဝကျတယ်။ မှန်ကန်ပြီး အားလုံးနဲ့ ဆိုင်တယ်လို့ဖော်ပြနေပေမယ့် သမ္မတကြီးကတော့ ဒါကို အနောက်စံသွတ်သွင်းတယ်။ မသင့်လျော်ဘူး။ မှားယွင်းတယ် ပြီးတော့ တစ်ခါတလေမှာဆို ဒုက္ခဖြစ်စေတယ်လို့ ပြောထားတယ်နော်။**

လုံးဝမှန်ပါတယ်။ အနောက်တိုင်းကတောင်းဆိုတဲ့အတွက်ကြောင့် ကျွန်တော်အမှန်ကို လုပ်နေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့လည်း မှန်တာကို လုပ်ချင်ကြတဲ့ ပြည်သူတွေပဲလေ။ ဒါက ကျွန်တော်တို့အတွက်အမှန်ဖြစ်ရမယ်။ ပြီးတော့အခြားသူတွေကလည်း ဒါကိုမှန်တယ်လို့ မြင်ရပါမယ်။ အခြားလူတွေရဲ့ အမြင်တွေ၊ တန်ဖိုးတွေက ကျွန်တော်တို့အပေါ် အမြဲလွှမ်းမိုးနေရမယ်လို့တော့ လက်မခံနိုင်ဘူး။ ကျွန်တော်တို့က ကိုယ်တိုင်အတွက်ပဲ စဉ်းစားတွေးခေါ်တဲ့ပြည်သူတွေပါ။

**သမ္မတကြီးမှာ အများနဲ့မတူ ထူးခြားတဲ့ရည်ရွယ်ချက်အကြောင်းရင်း ရှိနေတာမျိုးလား။**

အဲဒါကို နားမလည်ခင်ကတည်းက ရည်ရွယ်ချက်က ကျွန်တော့်ဆီမှာရှိနေပြီးသားပါ။ ဒါပေမဲ့ ကျွန်တော်မွေးဖွား ကြီးပြင်းလာခဲ့ရတဲ့ အခြေအနေတွေနဲ့ ပြဿနာတွေက ဒုက္ခသည်အဖြစ်နေခဲ့ရတဲ့ကျွန်တော့်ငယ်ဘဝအပါအဝင် နှစ် ၃၀ နီးပါးလောက်ကြာအောင် ကျွန်တော့်ကို ပုံသွင်းပေးခဲ့တယ်။ ၁၉၆၀ နှစ်များတုန်းက အခြေခံပညာကျောင်းသားဘဝမှာပဲ ရှိနေသေးတဲ့ ကျွန်တော့်အဖြစ်တစ်ခုကိုအမှတ်ရမိတယ်။ အဲဒီတုန်းက မိဘတွေကို ကျွန်တော်မေးကြည့်မိတယ်။ "ကျွန်တော်တို့ ဘာ့ကြောင့်ဒုက္ခသည်တွေ ဖြစ်နေရတာလဲ" လို့။ အဖေက ကျွန်တော့်ကိုသမိုင်းဇာတ်စုံခင်းပြဖို့ ကြိုးစားတော့ ကျွန်တော်ပြောမိတယ်။ "ဒါပေမဲ့ အဖေရယ်၊ အဖေကိုယ်တိုင်ရော အမှားအယွင်းတစ်ခုခု လုပ်မိခဲ့လို့လား" လို့ သူ့ကိုပဲ ကျွန်တော်စူးစမ်းမိတာပါ။ "ရဝမ်ဒါကို ပြန်ရရင် အဖေ ဘာတွေဖြစ်မလဲ" လို့ ကျွန်တော်မေးမိတယ်။ "အဖေကြောင့်လား။ ဒါမှမဟုတ်တခြားတစ်ယောက်ယောက်ကြောင့်လား။ ကျွန်တော်တို့ ပြန်လို့မရတာ" လို့ မေးတယ်။ ဒီလိုငယ်ဘဝမှာ ပြောဖြစ်ခဲ့မိတာလေးတွေက ကျွန်တော့်ဆီမှာနက်နက်ရှိုင်းရှိုင်း ရှိနေခဲ့တယ်။ ဒီလိုနဲ့ ကျွန်တော်ကြီးလာတဲ့အခါ စွမ်းအားတွေရလာပြီး အခက်အခဲတွေရင်ဆိုင်ဖို့၊ အခြားသူတွေအတွက်၊ ကိုယ့်အတွက် ဖော်ထုတ်ရပ်တည်ပေးဖို့ အသိရလာခဲ့ပါ တယ်။

**တချို့ကလည်း သမ္မတကြီးရဲ့စရိုက်ကိုအခြေခံပြီး ရဝမ်ဒါအစိုးရရဲ့ စရိုက် လက္ခဏာအဖြစ် သမ္မတကြီးကိုမြင်ကြတယ်။ တစ်ခါတလေမှာပြတ်သားတယ်။ တစ်ခါတလေမှာတော့ စည်းကမ်းကြီးပြီး သည်းမခံတတ်သူအဖြစ် မြင်ကြတယ်နော်။**

အဲဒါမမှန်ပါဘူး။ ကျွန်တော်ကအငြင်းအခုံဖြစ်ရတာ သဘောကျနှစ်သက်တယ်။ ဒါပေမဲ့ ကိုယ့်ရဲ့အမြင်တွေကို ခိုင်ခိုင်မာမာဖော်ပြပြီး လူတွေကိုဆွဲဆောင်ဖို့ ကြိုးစားရမှာကိုတော့ ကျွန်တော်မကြောက်တတ်ဘူး။ ယုံကြည်ချက်စွဲမြဲတယ်။ လူတိုင်းနဲ့ ဆက်ဆံရင်လည်းကိုယ့်အမြင်ပဲကိုယ် အာရုံထားတယ်ဆိုပြီး အဲဒီလိုမျိုး ကျွန်တော့်ကို စွပ်စွဲရင်တော့ ကျွန်တော်အပြစ်ရှိတာပေါ့။ ဒါပေမဲ့ အာဏာရှင်ဆန်တယ်လို့ စွပ်စွဲခံရတာကျတော့ရော။ အချိန်ယူတည်ဆောက်နေရတဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးဖြစ်စဉ် နောက်ကွယ်မှာ ကျွန်တော်ဘယ်လိုလုပ် ခိုင်ခိုင်မာမာရပ်တည်နေသလဲ။ ဘယ်လိုသည်းမခံနိုင် ဖြစ်နေတာလဲ။ ကျွန်တော်တို့က မျိုးဖြုတ်သတ်ဖြတ်မှု လုပ်ခဲ့တဲ့ လူသတ်သမားတွေနဲ့ ပြေလည်မှုရအောင် လုပ်နေတာပါ။ ကျွန်တော်သာ သည်းမခံတတ်သူဆိုရင် ကျွန်တော်သူတို့ကိုသတ်ဖြတ်ဖို့ပဲ ကြိုးစားတော့မှာပါ။

**သမ္မတကြီးအနေနဲ့ ရာထူးမှာ ဘယ်လောက်ကြာကြာ ဆက်နေဦးမှာလဲ။ ဒီမိုကရက်တစ် ခေါင်းဆောင်မှု ပေါ်ထွန်းလာရေးအတွက် နေရာဖယ်ပေးဖို့ရော ကိုယ့်ကိုယ်ကိုယ် ရှုမြင်ထားပါသလား။**

ဒါကတော့ မှန်ကန်တာကို လုပ်ကိုင်နေခြင်းနဲ့ ပတ်သက်တဲ့ မေးခွန်းပါပဲ။ ဒီတိုင်းပြည်ကို ကျွန်တော်ခေါင်းဆောင်နေမှုဟာ ကျွန်တော်မပါဘဲ မဖြစ်ရလောက်အောင် ဆိုးဆိုးဝါးဝါးမရှိခဲ့ပါဘူး။ အခြေအနေတွေက ကျွန်တော့်ကို ဒီနေရာမှာ ရှိနေစေလို့ တိုင်းပြည်အတွက်ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တယ်။ ဒါပေမဲ့ ဒီနေရာမှာကျွန်တော်မရှိရင်လည်း ကျွန်တော့်တိုင်းပြည်ဟာ ကောင်းကောင်း ဆက်သွားနေသင့်ပါတယ်။ ကျွန်တော်တို့အတွက် စဉ်ဆက်မပြတ်ရှေ့ဆက်နေတယ်ဆိုတာ ကာဂါမီချည်းပဲ သမ္မတဆက်ဖြစ်နေတာကို ဆိုလိုတာမဟုတ်ပါဘူး။ အချိန်ကျလာရင်တော့ ကျွန်တော် မှန်တာကိုပဲလုပ်မယ်။ အဲဒါဟာလည်း ဒီတိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက်ပဲဖြစ်မှာပါ။ ကျွန်တော့်ခေတ်ကုန်ပြီဆိုလည်းကုန်တဲ့အတိုင်းပဲပေါ့။

*—Ref: Time; July 29,*
*Q&A Rwandan President Paul Kagame*





7DAY NEWS JOURNAL

# Entertainment

Vol.9, No.24 · SEPTEMBER 2, 2010



## ကာစီနိုမှာ စင်ကာပူဒေါ်လာနှစ်သန်းလောက်ရှုံးသွားတဲ့ ဂျေးချို

စင်ကာပူ၊ ဩဂုတ် - ၂၅

ကမ္ဘာပေါ်တွင် တတိယပေါ်ပြူလာအဖြစ်ဆုံးလို့ပြောသည့် တရုတ်(တိုင်ပေ)က နာမည်ကြီး ပေါ့အဆိုတော် ဂျေးချိုသည် စင်ကာပူရှိ ကာစီနိုတစ်ခုတွင် စင်ကာပူဒေါ်လာ နှစ်သန်းခန့် ရှုံးသွားကြောင်း မလေးရှားတရုတ်သတင်းစာ နန်ယန်းတွင်ဖော်ပြထားသည်။

တစ်ခါကစားပါက စင်ကာပူ ဒေါ်လာ တစ်သိန်း၊ နှစ်သိန်းလောင်းသည့် ဂျေးချိုသည် နှစ်ရက်အတွင်း စင်ကာပူဒေါ်လာ နှစ်သန်းလောက် ရှုံးသွားခဲ့ကြောင်း သိရသည်။

ဂျေးချိုသည် ဖျော်ဖြေပွဲလုပ်ရန် စင်ကာပူသို့ ရောက်ရှိနေစဉ်အတွင်း Marina Bay Sands ကာစီနိုကို သွားခဲ့ခြင်းဖြစ်ပြီး သူ၏မန်နေဂျာနှင့် အခြားသူငယ်ချင်းများလည်း အဖော်အဖြစ် လိုက်ပါခဲ့ကြောင်းသိရသည်။

ကစားဝိုင်း၌ ယဉ်ယဉ်ကျေးကျေးကစားလေ့ရှိသည့် ဂျေးချိုသည် 'အန်တီ'များ၏ ဝန်ဆောင်မှုပေးခြင်းကို နှစ်သက်သည်ဟုဆိုသည်။

## ဟာဝိုင်အီမှာချစ်သူနဲ့လက်ထပ်ပွဲဆင်နွှဲမယ့် ဟန်ဂျီဟေး

ဆိုးလ် - ဩဂုတ် ၂၇

ဆယ်ကျော်သက်အချစ်ကိုရီးယား ဇာတ်လမ်းတွဲတွင် တွဲဖက်သရုပ်ဆောင်သော မင်းသားကိုအာဂျူ့ရှီးဟုခေါ်သည့် အထက်တန်းကျောင်းသူလေးအဖြစ် သရုပ်ဆောင်ခဲ့သည့် သူမကို ပရိသတ်အမှတ်ရမည်ထင်ပါသည်။ သူမနာမည်က ဟန်ဂျီဟေးဖြစ်ပြီး ၂နှစ်နီးပါးချစ်ကြိုက်ခဲ့သော သူမ၏ချစ်သူနှင့် ဟာဝိုင်အီကျွန်းတွင် လာမည့်စက်တင်ဘာ၂၁ရက်၌ လက်ထပ်ပွဲဆင်နွှဲတော့မည်ဖြစ်သည်။

ယခုအချိန်အထိဟန်၏ သတို့သားလောင်းနာမည်ကို မသိရှိရသေးသော်လည်းသူတို့နှစ်ဦးသည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီးလွန်ခဲ့သောနှစ်က ဘုရားရှိခိုးကျောင်းတစ်ကျောင်းတွင် စတင်ဆုံတွေ့ခဲ့ကြပြီး နှစ်လအကြာတွင်ချစ်ကျွမ်းဝင်ခဲ့ကြကြောင်းသူမ၏အေဂျင်စီကပြောသည်။

သတို့သားလောင်းမှာ သူမထက်ခြောက်နှစ်ကြီးပြီး သူမ၏အသက်မှာ ၂၆နှစ်ရှိပြီဖြစ်ကြောင်း အေဂျင်စီကပြောသည်။

ဟန်က'အိမ်ထောင်ကျပြီးပေမယ့်လည်း ကျွန်မချစ်တဲ့အနုပညာအလုပ်တွေဆက်လုပ်သွားမယ်'ဟုပရိသတ်များကိုပြောကြားခဲ့သည်။

လတ်တလောတွင်မင်္ဂလာဆောင်အတွက် ပြင်ဆင်ရင်းအလုပ်များနေသော်လည်း ဓာတ်ပုံရိုက်ကူးခြင်း၊ ကြော်ငြာရိုက်ကူးခြင်းများကိုလည်း လုပ်ဆောင်လျက်ရှိသည်။ Ref; Hancinema





## နောက်ဆုံးထုတ် ဂီတဗီဒီယိုကို ရိုက်ကူးခဲ့ရာအရပ်မှာ စတင်မိတ်ဆက်ခဲ့တဲ့ တေလာဆွစ်ဖ်

မိန်း၊ ဩဂုတ် - ၂၈

ကျေးလက်ဂီတ နာမည်ကျော် တေလာဆွစ်ဖ်သည် သူမ၏ နောက်ဆုံးထုတ်ဂီတဗီဒီယို 'Mine' ကိုစတင်မိတ်ဆက်ရာတွင် အဆိုပါဗီဒီယို ကို ရိုက်ကူးခဲ့သည့် 'Maine' အရပ်ကို ပြန်လည်သွားရောက်ခဲ့ကြောင်း သိရသည်။

သူမနှင့်အတူ တယ်လီဗေးရှင်းအဖွဲ့လည်း လိုက်ပါခဲ့ပြီး၊ တေလာက သူမတို့ရိုက်ကူးခဲ့သည့်နေရာများ၊ သီချင်းများထဲတွင် မပါဝင်သောအခန်းများကိုလည်း ပြသခဲ့ကြောင်း သိရသည်။

အသက် ၂၀သာရှိသေးသော်လည်း ဂရမ်မီဆု ရထားပြီးဖြစ်သော သီချင်းငှက်ကလေးသည် အမေရိကန်သမ္မတဟောင်း ဂျော့ချ်အိပ်ဒဗလျူဘုရှ်နှင့်လည်း တွေ့ဆုံခဲ့သည်။

ဧင်းဒေသအနီးအနားတွက်နေထိုင်သော သမ္မတဟောင်းကြီးကလည်း သူ့မြေးများနှင့်အတူ တေလာ့ကိုထွက် တွေ့ခဲ့သည်။ ထို့ပြင် တေလာဆွစ်ဖ်သည် အနီးအနားရှိ စိန့်အန်နီဘုရားကျောင်း၌ သူမ၏ဂီတအဖွဲ့နှင့်အတူ သီချင်းခြောက်ပုဒ်ခန့် သီဆိုရာတွင် ကြိုဆိုသည့်ပရိသတ်အတွက် အံ့ဩစရာဖြစ်ခဲ့သည်ဟုဆိုသည်။ ဆွစ်ဖ်၏အယ်လ်ဘမ်သစ်မှာ လာမည့် အောက်တိုဘာ ၂၅တွင် ထွက်ရှိမည်ဖြစ်သည်။ Ref: AP

ရက်ပ်တွေရွတ်ခဲ့တဲ့ Lil'ကောင်းမြတ်ဟာ တစ်ကိုယ်တော်ခွေမှာတော့ R & B နဲ့ပေါ့ပ်သီချင်းတွေဖန်တီးပြီး "မျောလွင့်နေတဲ့တိမ်" အယ်လ်ဘမ်နဲ့ပွဲဦးထွက်အောင်မြင်ခဲ့ပါတယ်။ ဝေဖန်မှုတွေ၊တိုက်ခိုက်မှုတွေနဲ့ကြုံတိုင်းလည်း ကိုယ်ဖြတ်သန်းရမယ့် ပရော်ဖက်ရှင်နယ်အလုပ်မှာ အကောင်းမြင်စိတ် နဲ့ ခံစားပြီးရှုမြင်တတ်ပါတယ်ဆိုတဲ့ သူဟာ ဒုတိယတစ်ကိုယ်တော်စီးရီးကိုလည်း စတင်စီစဉ်နေပါပြီ။ တစ်ဦးချင်းရပ်တည်မှုနဲ့ အကျိုးပေးထူးခြား ခဲ့တဲ့ ကောင်းမြတ်ရဲ့စကားသံများကိုတင်ဆက်လိုက်ပါတယ်။



## ဆယ်နှစ်ဆိုတဲ့ကာလမှာ အကောင်းဆုံးနဲ့တန်ဖိုးဖြတ်လို့မရတာက အတွေ့အကြုံပါပဲ

ဓာတ်ပုံ - အေးသူ

### ကောင်းမြတ်နှင့်တွေ့ဆုံခြင်း

အေးသူ

**"အချစ်ရှိရာအရပ်သို့မျက်နှာမူ၍" စီးရီးလုပ်နေပြီလို့ကြားပါတယ်။ အခွေအကြောင်းလေးပြောပြပေးပါဦး။**

ကျွန်တော့်ရဲ့ဒုတိယမြောက်အယ်လ်ဘမ် 'အချစ်ရှိရာအရပ်သို့ မျက်နှာမူ၍' ကို စလုပ်နေပါတယ်။ တေးရေးတွေက ပထမအယ်လ်ဘမ်တည်းက လက်တွဲခဲ့တဲ့ ကိုကေအေတီ၊ ကိုမြင့်မိုးအောင်၊ ကိုရွှေဂျော်ဂျော်၊ ကိုဇဝါနဲ့ ကိုRခိုင်တို့ ပါပါတယ်။

**ကိုယ်တိုင်ရေးတဲ့သီချင်း ဘယ်နပုဒ်လောက်ပါမလဲ။**

သီချင်းအားလုံးပေါင်း ၁၈ပုဒ်လောက်ပါမယ်။ တိပ်၊စီဒီနှစ်မျိုး ထုတ်မှာပါ။ တိပ်ဆိုလည်း ၁၈ပုဒ်လုံးဆံ့အောင် လုပ်ဖို့ စီစဉ်နေပါတယ်။ စီဒီကတော့ ဆံ့တဲ့အတွက် နှစ်ခွေခွဲမထုတ်ပါဘူး။ တစ်ခွေပဲထုတ်မှာပါ။ ကိုယ်တိုင်ရေးတဲ့ သီချင်းတွေလည်းပါပါတယ်။

**စီးရီးတစ်ခွေဟာပုံမှန်ဆို သီချင်း ၁၅ ပုဒ်လောက်သာ အများဆုံးထည့်ဖြစ်ကြတာဆိုတော့ ကောင်းမြတ်က အခု ၁၈ပုဒ်တောင်လုပ်မယ်ဆိုတာက ဘယ်လိုကြောင့်ပါလဲ။**

တခြားနိုင်ငံတွေမှာဆိုရင်တော့ ၁၇ပုဒ်ကနေ၂၀လောက်အထိ ထည့်ကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ သီချင်းအသစ်ချည်းပဲ ၁၈ပုဒ်ပါတဲ့အယ်လ်ဘမ်က ကျွန်တော့်အနေနဲ့တော့ မတွေ့ဖူးသေးဘူးပေါ့။ သီချင်း ၁၈ပုဒ်ဆိုတာ နှစ်ခွေစာနီးပါးလောက်ရှိပါတယ်။ ပရိသတ်အတွက် အကောင်းဆုံးဖြစ်မယ့် သီချင်း ၁၈ပုဒ်ထည့်ဖို့စီစဉ်လိုက်တာပါ။

**ပထမခွေက ပရိသတ်အားပေးမှုကိုရခဲ့တော့ ဒုတိယအခွေကိုရော ဘယ်လိုမျှော်လင့်ထားပါသလဲ။**

ပထမခွေကိုအားပေးခဲ့ကြတဲ့အတွက် ပရိသတ်ကိုကျေးဇူးတင်ပါတယ်။

စာ(၄၅)သို့

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

## မိမိအမှားကြောင့် အိမ်ထောင်ပျက်ခဲ့ရဟု တိုက်ဂါးဝုဒ်ဝန်ခံ



**နယူးယောက်၊ ဩဂုတ် – ၂၆**

လင်မယားကွာရှင်းမှု ပြုလုပ်ခဲ့သော ဂေါက်သီးအကျော်အမော် တိုက်ဂါးဝုဒ်က ၎င်းသည် ကွာရှင်းမှုကြောင့် အထူးစိတ်ထိခိုက်ခဲ့ရကြောင်း၊ မိမိ၏ အိမ်ထောင်ရေး ဖောက်ပြန်မှုများကြောင့်သာ ယခုကဲ့သို့ ဇာတ်လမ်းအဆုံးသတ်ခဲ့ရခြင်းဖြစ်ကြောင်း မီဒီယာများသို့ ဝန်ခံပြောကြားလိုက်သည်။

ကွာရှင်းမှု ပြီးဆုံးပြီးနောက် ပထမဆုံးအဖြစ် သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ဝုဒ်က "ကျွန်တော့်ရဲ့ အပြုအမူတွေက ဒီအဖြစ်အပျက်ကို ဦးတည်စေခဲ့တာပါ။ ကျွန်တော့်ဘဝမှာ အမှားတွေအများကြီးလုပ်ခဲ့တာ မို့ဒီအတွက်ပေးဆပ်ပြီး ရှင်သန် သွားရတော့မှာပါ။ အခုအချိန်ဟာဝမ်းနည်းစရာအချိန်ပါ။ ကျွန်တော်ရဲ့ အားကစားသမားဘဝကလည်း အခုတော့ ဒုတိယနေရာမှာပဲ ရှိနေပါတယ်" ဟုပြောသည်။ ဝုဒ်၏ဇနီးသည် နိုဒီဂရင်းသည် မကြာသေးမီကလည်း အင်တာဗျူးတစ်ခုတွင် ၎င်းသည် ခင်ပွန်းဖြစ်သူ၏အမှားများကြောင့် စိတ်ဆင်းရဲခဲ့ရကြောင်း၊ သို့သော် တစ်နေ့နေ့တွင် ခွင့်လွှတ်နိုင်မည်ထင်ကြောင်းပြောဆိုခဲ့သော်လည်း မများမကြာမီ ၎င်းတို့၏ တရားဝင်ကွာရှင်းမှု အစီအစဉ်ထွက်ပေါ်ခဲ့ရသည်။

—Ref: AFP

## ဂျွန်လင်နွန်ရေအိမ်နှင့် ရှားပါးအယ်လ်ဘမ် လေလံတင်မည်

**လန်ဒန်၊ ဩဂုတ် – ၂၃**

ကွယ်လွန်သူ ဘီတဲလ်တေးဂီတအဖွဲ့ဝင် အဆိုတော် ဂျွန်လင်နွန်၏ ရေအိမ်နှင့် ၎င်း၏ ရှားပါးအယ်လ်ဘမ်များကို မကြာမီအချိန်အတွင်း လီဗာပူးပါဖောမန့်အနုပညာ အင်စတီကျူ့ဒ်၌ လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ လာမည့်အပတ်တွင် ရောင်းချမည့်အဆိုပါပစ္စည်းများမှာ၁၉၆၉ မှ ၁၉၇၂ ခုနှစ်အတွင်း ဘာ့က်ရှိုင်းယားရှိ နေအိမ်၌ဂျွန်လင်နွန် အသုံးပြုခဲ့သော ရေအိမ်နှင့် Two Virgins သီချင်း၏ မိုနိုကော်ပီအယ်လ်ဘမ်တို့ ဖြစ်ကြောင်း ဆိုသည်။

အဆိုပါအိမ်သာခွက်ကို လင်နွန်သည် ၎င်း၏ အိမ်ဆောက်သူအား သစ်ပင်စိုက်ရာ ပန်းအိုးအဖြစ်ပေးထားခဲ့ပြီး ယခု လေလံပွဲတွင် ပေါင် ၁,၀၀၀ ခန့်ရရန် ရည်မှန်းထားသည်။ သီချင်းအယ်လ်ဘမ်မှာမူ လင်နွန်နှင့် ယိုကိုအိုနိုတို့၏ ကိုယ်ဗလာပုံပါဝင်ပြီး လေလံကြေးပေါင် ၂,၅၀၀ ခန့်ရရန် ရည်မှန်းထားသည်။ လေလံပွဲကို စီစဉ်သည့် ဘီတဲလ်သမိုင်းကြောင်းကျွမ်းကျင်သူ စတီဖင်ဘိုင်လေက "ဒီအိမ်သာကတော့ တန်ဖိုးတစ်ခုခု ရှိကောင်းရှိနိုင်တယ်။ မရှိရင်လည်း မရှိဘူးပေါ့။ ဒါပေမဲ့ ဒီပစ္စည်းဟာ ကျွန်တော်တို့ရောင်းချသမျှထဲမှာ ပုံမှန်မဟုတ်တဲ့ပစ္စည်းပါပဲ" ဟုဆိုသည်။ ယခုလေလံပွဲတွင် လင်နွန်၏ သားငယ် ဂျူလီယန်၏ ဘာဂျာနှင့် ပေါမက်ကာနေး၏ ၂၁ နှစ်သားအရွယ်က အဖြူအမည်းဓာတ်ပုံတစ်ပုံလည်း ပါဝင်သည်ဟု သိရသည်။ BBC

## လူငယ်ငါးဦးဖြင့်ဖွဲ့စည်းထားသည့် Jade Dragon Dancer အဖွဲ့



အေးသူ

**ရန်ကုန်၊ ဩဂုတ် ၂၈**

အကဝါသနာပါသူ လူငယ်ငါးဦးဖြင့်ဖွဲ့စည်းထားသည့် Jade Dragon Dancer အဖွဲ့သည် စတင်ဖွဲ့စည်းခဲ့ချိန်မှ နှစ်နှစ် အတွင်း ပရိုမိုးရှင်းပွဲပေါင်းခြောက် ဆယ်ကျော်နှင့် အခြားပွဲပေါင်းများစွာတွင်ကပြခဲ့ပြီးဖြစ်ကြောင်း အဖွဲ့၏ မန်နေဂျာဖြစ်သူ ကိုခန့်လင်းသာက ပြောသည်။

"ကျွန်တော်တို့အဖွဲ့မှာ Leo၊ ထက်ဘုန်းနိုင်၊ ဟိန်းရာ၊ Arr နောင်၊ ရာဇာအုပ်တို့နဲ့ ဖွဲ့ထားပါတယ်။ ကျွန်တော်တို့အဖွဲ့ရဲ့ အောင်မြင်မှုကတော့ တွင်ကယ်လ်စီစဉ်တဲ့ အကပြိုင်ပွဲမှာ ပထမနဲ့ ဝေဇယန္တာအကပြိုင်ပွဲမှာ ဒုတိယ၊ ဘလေဇွန်မှာလုပ်တဲ့ပြိုင်ပွဲမှာ Dance Remix Championship ရခဲ့ပါတယ်။ အခုနောက်ပိုင်းမှာ Backup Dancer အနေနဲ့ အဆိုတော်တွေရဲ့သီချင်းတွေမှာ ပါဝင်ထားပါတယ်" ဟု ကိုခန့်လင်းကပြောသည်။

ယင်းအဖွဲ့သည် ဇမ်နူး၊ ကော်နီ၊ သဇင်၊ ဝိုင်းစုခိုင်သိန်း၊ စန္ဒီမြင့်လွင်၊ ဂျက်ဆန်ထွန်း၊ ဘရိတ်ကီနှင့် Ar.T တို့၏သီချင်းများတွင် ပါဝင်ထားပြီး အောက်တိုဘာလအတွင်း ရိုက်ကူးမည့် Ar.Tနှင့်သဇင်တို့၏စုံတွဲသီချင်းနှင့် Ar.T ၏တစ်ကိုယ်တော် MTV တို့တွင် ပါဝင်လှုပ်ရှားရန်ရှိကြောင်းသတင်းပေးပြောကြားသည်။

## အနုပညာသတင်းတိုများ

အေးသူ

■မူပိုင်သဇင်သင်းစီစဉ်သည့် 'အအေးနှင့်အပူ' တေးစီးရီးဗီစီဒီကို ဩဂုတ်လ ၂၉ရက်နေ့က ဖြန့်ချိခဲ့ပြီး သဇင်သင်းတစ်ဦးတည်း သီဆိုသည့် သီချင်းနှစ်ပုဒ်အပြင် ဟဲလေး၊ ဩရသ၊ နီတာ၊ ဇင်မင်းခန့်(NGIIK)၊ ခန့်ဖြိုး(BLL)၊ စိုင်းတုံ၊ လင်းခန့်၊ အေသင်ချိုဆွေ၊ မေသူခိုင်၊ သက်မှုးခင်၊ နေနေ၊ မီးအိုနှင့်ထူးထက်ဝေတို့၏ စုံတွဲသီချင်းများ ပါဝင်သည်ဟု သိရသည်။

■ပြည်တွင်းရှိ နာမည်ကြီးမင်းသားတစ်ဦးနှင့် မင်းသမီးတစ်ဦးတို့၏ မင်္ဂလာပွဲနှင့်ပတ်သက်၍ သတင်းများထွက်ပေါ်နေပြီး ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်ကြီးတစ်ခုတွင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလလယ်ပိုင်း၌ မင်္ဂလာပွဲကျင်းပတော့မည်ဟု ယင်းတို့နှင့်နီးစပ်သော အသိုင်းအဝိုင်းများမှလာသောသတင်းများအရ သိရသည်။

■စာရေးဆရာမကြီးကလျာ (ဝိဇ္ဇာသိပ္ပံ)၏ နောက်ဆုံးဝတ္ထုဟုဆိုထားသည့် ချစ်ပန်းဝေကို ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်က နေအောင်၊ ရဲအောင်၊ သူထူးစံ၊ ဒိန်းဒေါင်၊ မေသန်းနုတို့နှင့် ရိုက်ကူးမည်ဖြစ်ပြီး အဓိကဇာတ်ကောင်အဖြစ် ဆောင်းအိန္ဒြေထွန်းက သုံးကိုယ်ခွဲစရိုက်ဖြင့် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇာတ်ကားကန်တော့ပွဲ ဖိတ်ကြားလွှာတွင် ထည့်သွင်းရေးသားထားသည်။

■Talents & Models ၏ ၂၀၁၀ ခုနှစ် သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်လ ၂၅ရက်က ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပခဲ့ပြီး သင်တန်းဆင်းမော်ဒယ်များ၏ မော်ဒယ်ရှိုးများ ပြသခဲ့လသည်။

## ထောင်ဒဏ်မှ လွတ်မြောက်လာသော်လည်း နောက်ထပ်နှစ်လခြေချုပ်ဖြင့်နေရန် လင်းဆေးလိုဟန် အမိန့်ချခံရ



**လော့စ်အန်ဂျလိစ်၊ ဩဂုတ် – ၂၆**

ပြန်လည် ထူထောင်ရေးစခန်းတွင် ထောင်ဒဏ် ၂၃ ရက်ကြာ ကျခံခဲ့ရပြီး နောက် ပြန်လွတ်လာခဲ့သော ဟောလီးဝုဒ်မင်းသမီး လင်းဆေးလိုဟန်ကို လော့စ်အန်ဂျလိစ် တရားသူကြီးတစ်ဦးက နောက်ထပ်နှစ်လခန့် လော့စ်အန်ဂျလိစ်မြို့တွင်သာ ဆက်နေ၍ မူးယစ်ဆေးစွဲမှု ကုသရေးနှစ်သိမ့်ဆွေးနွေးမှုများခံယူသွားရန် အမိန့်ချမှတ်လိုက်သည်။

အယ်လ်အေ တွင်ကြားနာခဲ့သောယင်းတရား ရုံးဆုံးဖြတ်ချက်၌တရားသူကြီးက မင်းသမီးလိုဟန်အား လော့စ်အန်ဂျလိစ်တွင်သာဆက်နေရန်၊ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေး ပညာပေးမှုများ ခံယူရန် ဆေးဖြတ်ရန်အတွက် ဆရာဝန်နှင့် တွေ့ဆုံမှု ၁၂ ကြိမ်အထိပြုလုပ်ရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လိုဟန်သည် လာမည့် နိုဝင်ဘာလ ၁ ရက်အထိတရားသူကြီး၏ အမိန့်ကိုလိုက်နာရမည်ဖြစ်ကာယင်းကိစ္စပြီးပြတ်မှ အခြားမြို့များ သို့ ခရီးသွားနိုင်မည် ဖြစ်သည်။

လင်းဆေးလိုဟန်သည် တားမြစ်မိန့်ချိုးဖောက်မှုကြောင့် ပြန်လည်ထူထောင်ရေး စခန်းတွင် ထောင်ဒဏ်ရက် ၉၀ ကျခံရန် တရားရုံးက အမိန့်ချခြင်းခံခဲ့ရပြီး ဆေးစွဲမှုဆိုင်ရာ ပြင်းထန်သည့် လက္ခဏာများ မရှိကြောင်းတွေ့ရ၍ ၂၃ ရက်သာ ကျခံပြီးနောက် ပြန်လွတ်လာခဲ့ခြင်း ဖြစ်သည်။

—Ref: AP

7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010



## စာ – ၄၃၊ ကောင်းမြတ်နှင့် တွေ့ဆုံခြင်းမှ

ကျွန်တော့်ရဲ့'အချစ်ရှိရာအရပ်သို့ မျက်နှာမူ၍' အယ်လ်ဘမ်လေးက ကျွန်တော့်အတွက်ရော ကျွန်တော့်ပရိသတ်အတွက်ရော ကျွန်တော့် ရှေ့ဆက်လျှောက်မယ့် ဂီတလမ်းကြောင်းအတွက်ပါ အခိုင်အမာဖြစ်နိုင်မယ့် အယ်လ်ဘမ်လေးတစ်ချပ်ဖြစ်မယ်လို့ ရာနှုန်းပြည့်ယုံကြည်ထားပါတယ်။

**ပထမခွေနဲ့ယှဉ်လိုက်ရင် အသက်အရွယ်အရ ကွာခြားသွားတဲ့ သီချင်းပုံစံမျိုးတွေ ဖန်တီးချင်တာမျိုး ရှိပါသလား။**

သိပ်ရှိတာပေါ့။ ပထမခွေပြီးတည်းက ကျွန်တော့်ရဲ့အသက်အရွယ်၊ ကျွန်တော်ဆိုချင်တဲ့ပုံစံ၊ အခု ဒီအရွယ်မှာဖြစ်တည်လာတဲ့ ကာရိုက်တာအရသီချင်းတွေကလည်း ပြောင်းလဲသွားပါတယ်။ ဒါပေမဲ့ ပထမခွေတုန်းက ပြတ်ပြတ်သားသားရွေးချယ်ခဲ့တဲ့ လမ်းကြောင်းလိုပဲ ဒီခွေမှာလည်း အာအန်ဘီအခြေခံတဲ့ ပေါ့ပ်ဂီတအမျိုးအစားလေးတွေပဲ ဖြစ်မှာပါ။

**လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ရက်ပ်ရွတ်ခဲ့တဲ့ ကောင်းမြတ်က ခု တစ်ကိုယ်တော်မှာ မတူတဲ့ဂီတတစ်ခုကို လုပ်ပြလိုက်တော့ ပရိသတ်ရဲ့တုံ့ပြန်မှုက ဘယ်လိုရှိပါလဲ။**

တစ်ကိုယ်တော်ခွေထုတ်တော့မယ်။ ပရော်ဖက်ရှင်နယ်အနေနဲ့ ရပ်တည်တော့မယ်လို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှာ ကျွန်တော်တကယ် ဘာလုပ်ချင်လဲ၊ စိတ်ထဲမှာ ဘာဆိုချင်လဲဆိုတာ ပြတ်ပြတ်သားသားရွေးချယ်ရတော့မယ်။ ခွေထွက်ပြီးတော့မှ ပရိသတ်က ကိုယ့်ကို အသိအမှတ်ပြုပြီးတော့မှ နောက်တစ်ခုကို ပြောင်းရတာလည်း မဖြစ်ချင်ဘူး။ ကိုယ်တကယ် ဆိုချင်တဲ့၊ ပီပီပြင်ပြင်နဲ့ ရှေ့ဆက်ပြီးလည်း ဆက်ဆိုလို့ရမယ့်ပုံစံကို ရွေးချယ်ရင်းနဲ့ ပေါ့ပ်သီချင်းလေးတွေ ဆိုဖြစ်သွားတာပါ။

**စင်မြင့်ပေါ်က ဖျော်ဖြေမှုမှာ ကောင်းမြတ်ရဲ့အကနဲ့ ဖျော်ဖြေမှုတွေကိုရော ပရိသတ်က ဘယ်လိုတုံ့ပြန်ကြပါသလဲ။**

ကျွန်တော်က စီဒီနဲ့ဆိုတဲ့အဆိုတော်ဖြစ်တဲ့အတွက် စင်ပေါ်မှာ အဖွဲ့နဲ့မြိုင်မြိုင်ဆိုင်ဆိုင်လေးဖြစ်စေချင်တယ်။ များသောအားဖြင့် ရက်ပ်ပါတွေဆိုလည်း Family တွေ၊ အဖွဲ့တွေနဲ့ တက်နေကြတဲ့အချိန်မှာ ကျွန်တော်က ကြည့်ရတဲ့ပရိသတ်တွေ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်အောင် အကအဖွဲ့ကို အသုံးပြုပါတယ်။

**ရက်ပ်ကနေ အာအန်ဘီလိုင်းပြောင်းဖို့ ဘာတွေလေ့လာဖြစ်ခဲ့လဲ။**

ကိုယ်ဝါသနာပါတဲ့ ဘာသာရပ်တစ်ခုဖြစ်လို့ အချိန်ပေးပြီးလေ့လာဖြစ်တာထက်တွေ့ရင်တွေ့တဲ့နေရာက၊ ဂီတနဲ့ပတ်သက်လို့ အတွေ့အကြုံရှိတဲ့လူတွေ၊ ကိုယ့်ရှေ့က သွားနေတဲ့လူတွေ၊ နောက်က တက်လာတဲ့လူငယ်တွေဆီက ကောင်းတဲ့ဟာတွေမှန်သမျှ လေ့လာပါတယ်။

**အခြားသူတွေအတွက်ရော သီချင်းရေးပေးဖြစ်ပါသလား။**

အရင်တုန်းကတော့ သူများ အတွက် ရေးပေးဖြစ်ပါတယ်။ ဒီအချိန်မှာကျွန်တော့်အသက်အရွယ်အရ တကယ်လုပ်ချင်တာက အဆိုတော်တစ်ယောက်၊ ပရိသတ်ကိုဖျော်ဖြေတင်ဆက်တဲ့ Performer တစ်ယောက်အဖြစ် ရပ်တည်ချင်တာဆိုတော့ ပရော်ဖက်ရှင်နယ်သွားချင်တဲ့ကျွန်တော့်ရဲ့ လမ်းကြောင်းထဲမှာ တေးရေးမပါပါဘူး။

ဆိုခဲ့တဲ့သီချင်းတွေထဲက မှတ်မှတ်ရရဖြစ်နေတဲ့ သီချင်းလေးတွေကသီချင်းအားလုံးဟာ ကျွန်တော့်အတွက် အမှတ်တရတွေပါပဲ။ ဒါပေမဲ့ ကျွန်တော့်အတွက် အချိုးအကွေ့ဖြစ်သွားတဲ့သီချင်းလေးတွေကတော့ 'သင်ခန်းစာ ၁၀၁'၊ 'မျောလွင့်နေတဲ့တိမ်'၊ 'What you Want'၊ 'ချစ်ခွင့်ရချင်ပြီ' သီချင်းတွေပေါ့။

**ဂီတအလုပ်တစ်ဖက်နဲ့စီးပွားရေးလုပ်ခဲ့ဖူးတယ်။ ခုချိန်မှာရော စီးပွားရေးလုပ်ဖို့ စဉ်းစားဖြစ်လား။**

အသက်အရွယ်ဆိုတာ တဖြည်းဖြည်းကြီးလာတာဆိုတော့ ဂီတအလုပ်ကိုတော့ ပရော်ဖက်ရှင်နယ်အဖြစ် ရွေးထားတဲ့အတွက် အကောင်းဆုံးဖြစ်အောင် နံပါတ်တစ်မှာထားပြီး လုပ်နေပါတယ်။ နောင်တစ်ချိန်အတွက်စီးပွားရေးလုပ်ငန်းကိုအခုတတ်နိုင်သလောက်တော့လေ့လာနေပါတယ်။ စီးပွားရေးအတွက် ကျွန်တော်ရွေးချယ်ထားတဲ့ လမ်းကြောင်းလေးတွေ တော့ရှိနေပါတယ်။

**မကြိုက်တစ်ရာ ကြိုက်တစ်ရာတဲ့။ ဝေဖန်မှုတွေ၊ တိုက်ခိုက်မှုတွေကို ဘယ်လိုခံစားဖြေသိမ့်ဖြစ်ပါသလဲ။**

အားပေးတဲ့လူတွေရှိလို့ ပျော်ပါတယ်။ ဝေဖန်ပြီးပြောလာမယ့်သူတွေကိုကျတော့ ကျွန်တော်တို့သတိမထားမိတဲ့ ရှုဒေါင့်လေးတွေမြင်ရတာပေါ့။ အပြုသဘောဆောင်တဲ့ ဝေဖန်မှုမျိုးတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ အပျက်သဘော ပြောကြတာတွေကိုမေ့ပစ်နိုင်တဲ့အလေ့အကျင့်မျိုးဖြစ်အောင် ကျွန်တော်ကြိုးစားနေပါတယ်။ ကျွန်တော့်ကိုပြုမူဆက်ဆံလာတဲ့အမူအရာတိုင်း၊ အပြုအမူတိုင်းကို ကျွန်တော်က အကောင်းမြင်တဲ့ဘက်ကပဲကြည့်ပါတယ်။ ဒါမှလည်း နေရတာပျော်မယ်၊ စိတ်ချမ်းသာမယ်လေ။

**လွန်ခဲ့တဲ့ဆယ်နှစ်က ကောင်းမြတ်နဲ့ အခု ဘာအချက်တွေအားသာပြီး ဘာအချက်တွေက ယုတ်လျော့သွားပါသလဲ။**

ဆယ်နှစ်ဆိုတဲ့ကာလမှာ အကောင်းဆုံးနဲ့တန်ဖိုးဖြတ်လို့ မရတာက အတွေ့အကြုံပါပဲ။ ဘာနဲ့မှလည်း အစားထိုးလို့မရပါဘူး။ အနုပညာမှာပိုကောင်းတဲ့ ဖန်တီးမှုတွေဖန်တီးနိုင်စွမ်းရှိလာပါတယ်။ ပရိသတ်ကအားပေးတာနဲ့အမျှ ဒီအလုပ်ပေါ်ပိုပြီးတာဝန်ယူရသလိုတာဝန်လည်းကြီးလာပါတယ်။

**အကအဖွဲ့နဲ့ ကောင်းမြတ်တို့ရဲ့ လက်တွဲမှုက ဘယ်လိုပုံစံမျိုးပါလဲ။**

ကျွန်တော်တို့က စီးပွားရေး မဆန်ပါဘူး။ အလုပ်သဘောထက် မိသားစုပိုဆန်ပါတယ်။ ဒီအဖွဲ့လေးဖြစ်လာတာကလည်း ဝါသနာပါတဲ့သူတွေကို စုစည်းပေးပြီးတော့ ကျွန်တော်က နေရာလေးတစ်နေရာစီစဉ်ပေးထားတာတဲ့အပေါ် သူတို့ကလည်းပြန်ပြီးအသိအမှတ်ပြုတဲ့သဘောပါပဲ။ တခြားကူညီရမယ့် အနုပညာရှင် ရှိရင်လည်း ကူညီပေးဖို့ ကျွန်တော်ပြောထားတာလည်းရှိပါတယ်။

## Myanmar Woodstock Festival ပွဲ မျှော်စင်ကျွန်းတွင်ကျင်းပမည်

**ဒဲနစ်အောင်အောင်**

ရန်ကုန်၊ ဩဂုတ် – ၂၅

လူငယ် ဂီတအဖွဲ့များကြားတွင် ရေပန်းစားလာသော Myanmar Woodstock Festival ပွဲအား စက်တင်ဘာ ၅ ရက်တွင် မျှော်စင်ကျွန်း၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါ ပွဲတွင် အဆိုတော် အဲ-လက်စ်နှင့် ဆရာညီညီထွေး (Metal Guitarist)က လူငယ်အဖွဲ့များနည်းတူ ပါဝင်ဖျော်ဖြေမည်ဟု သိရသည်။

ယခုလ ၂၀ ရက်က ပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲတွင် အဲလက်စ်က "ကျွန်တော်လူငယ်အဖွဲ့တွေ အဲလိုလုပ်ကြတာကို စိတ်ဝင်စားတယ်။ ဒီပွဲမှာ ကျွန်တော်ဆိုမယ့်သီချင်းတွေကို အရိမ့်ချဲ့မန့်တွေပြောင်းထားတယ်။ အရင်စင်ပေါ်မှာ သိပ်မဆိုဖြစ်တဲ့ သီချင်းတွေကို အများဆုံးဆိုသွားပါမယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါပွဲတွင် မကြာမီက စီးရီးထွက်ရှိထားသော Reviver အဖွဲ့လည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး Underground Band များတွင် Last Days of Beethoven , Nightmare, Fever 109, Suicide Plan, Darkest Tears From My Heart, Nov 24စသည့် စုစုပေါင်း လူငယ်ဂီတအဖွဲ့ ၁၆ဖွဲ့ ဖျော်ဖြေမည်ဖြစ်သည်။

ယခုပွဲမှာMyanmar Woodstock Festival ငါးကြိမ်မြောက်ပွဲဖြစ်ပြီး ယခင်နှစ်များက Excel Tower, IQ Club စသည့်နေရာများတွင်ပြုလုပ်ခဲ့ရာ အောင်မြင်မှုရခဲ့ကြောင်း သိရသည်။ ယခုပွဲအတွက် လက်မှတ်များကို တစ်စောင်လျှင် ၃၅၀၀ကျပ်သတ်မှတ်ထားကြောင်း သိရသည်။

## ပုဂံအန်တာတိန်းမန့်နှင့် လက်တွဲလိုက်သည့် အိုင်စီလိုက်ဖ်ရှိုး ဆီဒိုးနားတွင် ကျင်းပမည်



**အေးသူ**

**ရန်ကုန်၊ ဩဂုတ် ၂၈**

ပုဂံအန်တာတိန်းမန့်နှင့် ချုပ်ဆိုထားသော အိုင်ရင်းခရော့ခ်တီးဝိုင်း၏ Music Tour ပွဲစဉ်များအနက် ပထမဆုံးပွဲကို ဆီဒိုးနားဟိုတယ်တွင် စက်တင်ဘာလ ၄ရက်၌ ကျင်းပမည်ဖြစ်ကြောင်း အဆိုပါရှိုးပွဲ၏ကြော်ငြာချက်များတွင် ဖော်ပြထားသည်။

ယင်းလိုက်ဖ်ရှိုးတွင် လက်မှတ်နှုန်းထားများကို ကျပ် နှစ်သောင်းနှင့် ကျပ်သုံးသောင်း သတ်မှတ် ထားပြီး လေးဖြူ၊ အငဲ၊ ဝိုင်ဝိုင်းနှင့်လင်းလင်းတို့ ဖျော်ဖြေမည်ဖြစ်သည်။ လက်မှတ်ဈေးနှုန်းစံချိန်တင်မြင့်မားသော်လည်း အိုင်စီ၏ စုစည်းမှုတစ်ခုအဖြစ် သီချင်းများကို လိုက်ဖ်အသွင်ခံစားနိုင်ရန် တင်ဆက်မည်ဖြစ်ပြီး Air Bagan၊ Asia Green Bank စသဖြင့် စီးပွားရေးလုပ်ငန်းကြီးများက ပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။

အိုင်စီအဖွဲ့သည် ယခုနှစ်ဩဂုတ်လ၁၁ရက်နေ့က ဩစတြေးလျနိုင်ငံသို့ ဖျော်ဖြေရေးခရီးစဉ်သွားရောက်ခဲ့ပြီး လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း၊ ခင်ဘုဏ်းနှင့်ကြိုးကြာတို့က ဩစတြေးလျရှိ မဲဘုန်းနှင့် ဆစ်ဒနီမြို့တို့တွင် ဖျော်ဖြေခဲ့ကြောင်းသိရသည်။

## TOP 10 MOVIES IN AMERICA


ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Expendables | Lionsgate | ၆၄,၈၉၀,၀၀၀ | ၂ |
| ၂။ | Vampires Suck | 20th Century Fox | ၁၈,၅၆၄,၀၀၀ | ၁ |
| ၃။ | Eat Pray Love | Sony Pictures | ၄၇,၁၀၀,၀၀၀ | ၂ |
| ၄။ | Lottery Ticket | Warner Bros: | ၁၁,၁၂၅,၀၀၀ | ၁ |
| ၅။ | The Other Guys | Sony Pictures: | ၈၈,၁၉၀,၀၀၀ | ၃ |
| ၆။ | Piranha 3D | N/A | ၁၀,၀၃၅,၀၀၀ | ၁ |
| ၇။ | Nanny Mcphee Returns | N/A | ၈,၃၁၀,၀၀၀ | ၁ |
| ၈။ | The Switch | Miramax Films | ၈,၁၀၀,၀၀၀ | ၁ |
| ၉။ | Inception | Warner Bros: | ၂၆၁,၈၄၈,၀၀၀ | ၆ |
| ၁၀။ | Scott Pilgrims Vs. The World | Universal Pic: | ၂၀,၇၃၀,၀၀၀ | ၂ |

## Movie Review

### Going the Distance

နယူးယောက်မြို့သို့ အလည်အပတ်ရောက်လာသော အီရင်နှင့် ရုတ်တရက် လူပျိုပြန်ဖြစ်သွားသောဂါးရက်တို့ မမျှော်လင့်ဘဲ ဘားခန်းတစ်ခုတွင် တွေ့ဆုံပြီး နောက်သူတို့ နှစ်ယောက်ကြားတွင်မီးစတစ်ခု ပွင့်သွားခဲ့သည်။ ထိုမှတစ်ဆင့် တစ်လခွဲခန့် လုံးလုံးကြာမြင့်သော ဆက်ဆံရေးဖြစ်ပေါ်ခဲ့ရာ နှစ်ဦးစလုံး အံ့အားသင့်နေကြသည်။ အီရင်က ဆန်ဖရန်စစ္စကိုသို့ပြန်ပြီး ဂါးရက်က နယူးယောက်မြို့တွင် ကျန်ခဲ့ရာ သူတို့နှစ်ဦးဇာတ်လမ်း ပြီးဆုံးသွားပြီဟု



မိသားစုနှင့် သူငယ်ချင်းများက ထင်နေကြသည်။တစ်မြို့တစ်ရွာဆီဝေးကွာနေပေမယ့် နည်းပညာအကူအညီနဲ့ Texting၊ Sexting တွေပြုလုပ်ရင်း ဆက်သွယ်ကြရာမှ သူတို့အချစ်ဇာတ်လမ်း ဖူးပွင့်လာသောအခါ . . .

Drew Barrymore, Justin Long, Jason Sudeiskis Christina Hpplegate တို့ပါဝင်ထားသောအချစ်ဟာသဇာတ်ကားကို Nanette Bursteing ကရိုက်ကူးထားပြီး Warner Bros မှစက်တင်ဘာ ၃ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports

7 DAY NEWS JOURNAL

Vol.9, No.24 • SEPTEMBER 2, 2010

# ဆူဇူကီးဖလားဝင်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်း နိုဝင်ဘာတွင် စခန်းသွင်းလေ့ကျင့်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ် - ၂၇

လာမည့် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ၂၀၁၀ ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းအား ပြည်တွင်းလိဂ်ပြိုင်ပွဲပြီးဆုံးချိန် နိုဝင်ဘာလ၌သာ စတင်စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဆူဇူကီးဖလားပြိုင်ပွဲဝင်မယ့် မြန်မာ့လက်ရွေးစင်အသင်းကို ပြည်တွင်းလိဂ်ပြိုင်ပွဲ ပြီးဆုံးချိန် နိုဝင်ဘာလမှပဲ စခန်းသွင်းလေ့ကျင့်ပေးသွားမှာပါ။ ဒါပေမဲ့ နည်းစနစ်ကော်မတီကတော့ ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲအတွက် ယူ-၂၃ အသင်းအတွက်ရော လက်ရွေးစင်အသင်းကြီးအတွက်ရော ခုကျင်းပနေတဲ့ ပြည်တွင်းပြိုင်ပွဲတွေကနေ ကြည့်ရှုရွေးချယ်နေပါတယ်" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)အမှုဆောင်အရာရှိချုပ် ဦးသန်းဇော်က ပြောသည်။

၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲ၏ နောက်ဆုံးအဆင့်သို့ မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့သည် တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားပြီး၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်နှင့် အရှေ့တီမောအသင်းတို့သည် ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ခြေစစ်ပွဲ ပွဲစဉ်များကို လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် အောက်တိုဘာ ၂၂ မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်ရန် စီစဉ်ထားပြီး ခြေစစ်ပွဲအဆင့်၌ အမှတ်အများဆုံးရရှိသော အသင်းနှစ်သင်းသည် ဒီဇင်ဘာ ၁ ရက်မှ ၂၉ ရက်အထိ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ကျင်းပပြုလုပ်မည့် နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ယူ-၂၃ အသင်းနှင့်လက်ရွေးစင်အသင်းကြီးအတွက် ရွေးချယ်ထားသည့် ကစားသမားများထဲမှ အကောင်းဆုံးကစားသမားများဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွား၍ ရည်ရွယ်ထားပြီး၊ နည်းပြအတွက်ကိုမူ လက်ရှိအချိန်ထိ ပြည်တွင်းအမျိုးသားနည်းပြကိုသာ တာဝန်ပေးသွားရန် လျာထားလျက်ရှိကြောင်း သို့သော် မြန်မာဘောလုံးအသင်းများအတွက် နည်းစနစ်ဒါရိုက်တာကိုမူ ပြည်ပမှခန့်အပ်သွားရန် စီစဉ်လျက်ရှိကြောင်း (MFF)၏ အမှုဆောင်အရာရှိချုပ်က ဆက်လက်ပြောသည်။



ဆူဇူကီးဖလားပြိုင်ပွဲသည် ၁၉၉၆ ခုနှစ်မှ စတင်၍ တိုက်ဂါးဖလားအမည်ဖြင့် စင်ကာပူနိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့ပြီး အာဆီယံဒေသအတွင်းမှ လက်ရွေးစင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်သော ပြိုင်ပွဲဖြစ်သည်။ ၂ နှစ်တစ်ကြိမ်ကျင်းပသော အဆိုပါပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်အသင်းသည် အကြိမ်တိုင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးအောင်မြင်မှုအဖြစ် ၂၀၀၄ ခုနှစ် ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကာ စတုတ္ထရရှိခဲ့ကြောင်း သိရသည်။

ကျင်းပလျက်ရှိသော အမ်အင်န်အယ်လ် အမှတ်ပေးပြိုင်ပွဲ၏ ဒုတိယအကျော့ပွဲစဉ်များသည် နိုဝင်ဘာ ၈ ရက်မှသာ ပြီးဆုံးမည်ဖြစ်သောကြောင့် ၎င်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် စုပေါင်းစခန်းသွင်းလေ့ကျင့်ချိန် သုံးပတ်ခန့်သာရရှိမည်ဖြစ်သည်။

၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲ၏ ခြေစစ်ပွဲအဆင့်နှင့် နောက်ဆုံးအဆင့် ပွဲစဉ်များရေးဆွဲခြင်းအခမ်းအနားကို စက်တင်ဘာ ၁၅ ရက်၌ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းပြိုင်ပွဲတွင် စုစုပေါင်း ဆုကြေး အမေရိကန်ဒေါ်လာ တစ်သိန်းရှစ်သောင်း ချီးမြှင့်မည်ဟု သိရသည်။

# ပြည်နယ်နှင့် တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုကြေးကျပ်ဆယ်သိန်းကျော် ချီးမြှင့်မည်



ဓာတ်ပုံ– ဗိုလ်ဗိုလ်ဝင်း

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ် - ၁၈

(၁၆)ကြိမ်မြောက်ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဆုကြေးငွေစုစုပေါင်း ကျပ်ဆယ်သိန်းကျော်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

အဆိုပါပြိုင်ပွဲအားလာမည့် စက်တင်ဘာ ၆ ရက်မှ ၁၃ ရက် အထိ မိုးလုံလေလုံအားကစားရုံ (အောင်ဆန်းကွင်း)တွင် ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲအမျိုးအစားများမှာ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအဖွဲ့လိုက်(သုံးယောက်တွဲ)ပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

ဆုကြေးများအဖြစ် အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုကျပ် ၁၅၀,၀၀၀၊ ဒုတိယဆု ကျပ် ၁၀၀,၀၀၀၊ တတိယဆု ကျပ် ၇၅,၀၀၀ ဖြစ်ပြီး ကျန်ပြိုင်ပွဲလေးမျိုးတွင် ပထမဆု ကျပ် ၁၀၀,၀၀၀၊ ဒုတိယဆုကျပ် ၇၅,၀၀၀၊ တတိယဆု ကျပ် ၅၀,၀၀၀ အသီးသီးချီးမြှင့်သွားမည်ဟု သိရသည်။

# မကွေးအသင်းကိုရှုံးခဲ့သော်လည်း လူငယ်များအား ပွဲထုတ်ခွင့်ရခဲ့ဟု ရတနာပုံနည်းပြချုပ်ပြော

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဩဂုတ် - ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဖလား MFF Cup ရှုံးထွက်ပြိုင်ပွဲတွင် မကွေးအသင်းအား ရှုံးနိမ့်ခဲ့သော်လည်း ၎င်းတို့အသင်းအနေဖြင့် လူငယ်များပွဲထုတ်ခွင့်ရ၍ အမြတ်ထွက်ခဲ့ကြောင်း ရတနာပုံအသင်းနည်းပြချုပ် ဦးဇော်လေးအောင်ကပြောသည်။

"ဒီပွဲမှာ ရှုံးနိမ့်ခဲ့ပေမယ့် လူငယ်ကစားသမားတွေကို ပွဲထုတ်ခဲ့ရလို့ အမြတ်ထွက်တယ်လို့ ပြောလို့ရပါတယ်။ အဓိကကတော့ အတွေ့အကြုံပိုင်းအဓိကလိုအပ်ချက်လေးတွေရှိခဲ့လို့ပါ။ ဒီလိုဖြစ်သွားလိမ့်မယ်လို့တော့ မထင်ခဲ့ပါဘူး။ ကျွန်တော်တို့အနေနဲ့ ပြိုင်ဘက်အသင်းကိုလည်း အထင်သေးခဲ့တာလည်းမဟုတ်ပါဘူး။ ဒီ ပြိုင်ပွဲကိုအလေးအနက် မထားတာလည်းမဟုတ်ပါဘူး။ဒါပေမဲ့ ဒီလိုပွဲမျိုးတွေမှာသာ လူငယ်တွေကိုနေရာမပေးထားရင် President's Cup လို ပွဲမျိုးမှာ အဓိက ကစားသမားတွေနာသွားရင်အခက်တွေ့နိုင်ပါတယ်"ဟု ဦးဇော်လေးအောင်က မကွေးအသင်းအား တစ်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲပြီးသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော အဆိုပါပွဲစဉ်တွင် မကွေးအသင်းသည် အသင်းခေါင်းဆောင် လွင်ဦးကိုသာ ဒဏ်ရာကြောင့် ချန်လှပ်ခဲ့ပြီး၊ ပြည်တွင်းနှင့် နိုင်ငံခြားသားကစားသမားများ စုံလင်စွာပါဝင်ခဲ့သည်။ ရတနာပုံအသင်းမှ ရဲကိုဦး၊ ချစ်စမ်းမောင်၊ ကျော်ဇေယျာမင်း၊ ရဲဇော်ထက်အောင်စသည့် လူငယ်ကစားသမားများကို အသင်းမှ အမာခံကစားသမားအချို့နှင့် တွဲဖက်ပွဲထုတ်ခဲ့သည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များအပြန်အလှန်ရရှိခဲ့ပြီး ဂိုးမသွင်းနိုင်ခဲ့ကြဘဲ ဒုတိယပိုင်း ၄၉ မိနစ်၊ ၅၆ မိနစ်နှင့် ၈၃ မိနစ်တွင် မကွေးအသင်းမှ သုံးဂိုးသွင်း ယူခဲ့ပြီး ရတနာပုံအသင်းအတွက် ချေပဂိုးတစ်ဂိုးအား မိနစ် ၆၀ တွင်သွင်းယူခဲ့သည်။

ထို့ကြောင့် MFF Max Cement ရှုံးထွက်ဖလားပြိုင်ပွဲတွင် လက်ရှိ MNL အမှတ်ပေးချန်ပီယံ ရတနာပုံအသင်းမှာ ပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရပြီဖြစ်သည်။ မကွေးအသင်းမှာ ကွာတားဖိုင်နယ်အဆင့်သို့တက်ရောက်သွားပြီဖြစ်သည်။ အောင်ဆန်းကွင်းတွင် ကစားခဲ့သည့် အခြားပွဲစဉ်တွင်မူကာကွယ်ရေးအသင်းက ဒဂုံအက်ဖ်စီအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့တက်ရောက်သွားကြောင်းသိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF သည် အဆိုပါရှုံးထွက်ပြိုင်ပွဲအား MNL အသင်း ၁၁ သင်းနှင့် အပျော်တမ်း ပြိုင်ပွဲမှ အဆင့် ၁ မှ ၅ အထိ ရရှိခဲ့သည့် အသင်းငါးသင်းစုစုပေါင်းအသင်း ၁၆ သင်းဖြင့် ဩဂုတ်လ ၂၅ ရက်မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့များတွင် တစ်ရက်လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010



## ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုများစာရင်းထွက်ပေါ်

မိုနာကို၊ ဩဂုတ် – ၂၈

ဥရောပဘောလုံးကလပ်များ၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သော ယူအီးအက်ဖ်အေချန်ပီယံလိဂ်ပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်များစာရင်းကိုထုတ်ပြန်လိုက်ရာ ယမန်နှစ်ချန်ပီယံ အင်တာမီလန်မှာ ဝါဒါဘရီမင်၊ စပါး၊ အက်ဖ်စီတွမ်တီးတို့နှင့်အတူ အုပ်စုအေတွင် ကျရောက်ခဲ့ရာ အုပ်စုအတန်ငယ်ချောင်နေပြီး အေစီမီလန်၊ ရီးရဲမက်ဒရစ်နှင့် အေဂျက်၊ အော်ဇေးတို့၏ အုပ်စုဂျီမှာမူ မရဏအုပ်စုဖြစ်လာနိုင်ဖွယ်ရှိနေသည်။ သောကြာနေ့က မဲနှိုက်ရွေးချယ်ခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုများမှာ တစ်ဖက်ပါအတိုင်းဖြစ်သည်။

—UEFA.com

| | |
|---|---|
| အုပ်စု(A) | အင်တာမီလန်၊ ဝါဒါဘရီမင်၊ စပါး၊ တွမ်တီး |
| အုပ်စု(B) | လီယွန်၊ ဘင်ဖီကာ၊ ရှော်လ်ကေး၊ အိတ်ချ်တဲလ်အဗစ် |
| အုပ်စု(C) | မန်ယူ၊ ဗလင်စီယာ၊ ရိန်းဂျား၊ ဘာဆက်စပေါ |
| အုပ်စု(D) | ဘာစီလိုနာ၊ ပင်နာသီနာကော့စ်၊ ကိုဘင်နဗန်၊ ရူဘင်ကာဇန် |
| အုပ်စု(E) | ဘေယန်မြူးနစ်၊ ရိုးမား၊ ဘေဆယ်လ်၊ စီအက်ဖ်အာကလပ် |
| အုပ်စု(F) | ချယ်လ်ဆီး၊ မာဆေး၊ စပါးတပ်မော် စကို၊ ဇီလီနာ |
| အုပ်စု(G) | အေစီမီလန်၊ ရီးရဲမက်ဒရစ်၊ အေဂျက်၊ အော်ဇေး |
| အုပ်စု(H) | အာဆင်နယ်၊ ရှက်တာဒိုးနတ်စ်၊ ဘရာဂါ၊ ပါတီဇန် |

## လီဗာပူးမှ အာဂျင်တီးနားအသင်းခေါင်းဆောင် မာရှေးယာနိုကို ဘာစီလိုနာက ပေါင် ၁၇ ဒသမ ၂၅ သန်းဖြင့် ခေါ်ယူ

လီဗာပူး၊ ဩဂုတ် – ၂၈

အင်္ဂလန်ပရီးမီးယားလိဂ်ထိပ်သီးကလပ် လီဗာပူးအသင်းသည် အသင်းမှကွင်းလယ်လူ မာရှေးယာနိုအား စပိန်ကလပ် ဘာစီလိုနာသို့ ပေါင် ၁၇ ဒသမ ၂၅ သန်းဖြင့် ရောင်းချသွားရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

လီဗာပူးသည် မူလက ယင်း အာဂျင်တီးနားကွင်းလယ်လူ မာရှေးယာနို (၂၆)နှစ်အား ပေါင် ၂၅ သန်းရမှသာ ရောင်းချရန် ဈေးသတ်မှတ်ထားခဲ့သည်။ ထို့နောက် လီဗာပူးသည် ပြီးခဲ့သည့်အပတ်က ဘာစီလိုနာမှ ပေါင် ၁၆ သန်းဖြင့် ကမ်းလှမ်းမှုကို ပယ်ချခဲ့သော်လည်း ယခု ၁၇ ဒသမ ၂၅ သန်းကြေးကိုမူ သဘောတူညီမှုရရှိခဲ့သဖြင့် ရောင်းချရန် ကြေညာခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း မာရှေးယာနိုနှင့်ပတ်သက်၍ "ကလပ်နှစ်ခုလုံးဟာ မာရှေးယာနိုကို လာမယ့် လေးနှစ်တာကာလအတွက် လွှဲပြောင်းဖို့ အခြေခံအားဖြင့် သဘောတူညီမှု ရခဲ့ပါပြီ။ မာရှေးယာနိုက ဒီတစ်ပတ်အတွင်းမှာပဲ ဘာစီလိုနာကို ရောက်လာမယ်လို့ မျှော်လင့်ရပါတယ်"ဟု တရားဝင် ကြေညာခဲ့သည်။

အာဂျင်တီးနားလက်ရွေးစင်အသင်းခေါင်းဆောင် မာရှေးယာနိုသည် လီဗာပူးသို့မရောက်မီ လွန်ခဲ့သည့် သုံးနှစ်က ဝက်ဟမ်းအသင်းတွင် ကစားခဲ့ပြီး လီဗာပူးသို့ ပေါင် ၁၈ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

—Euro Sports




## ဖီဖာဥက္ကဋ္ဌရာထူးအတွက် ဝင်ပြိုင်မည်မဟုတ်ဟု အေအက်ဖ်စီဥက္ကဋ္ဌ ဘင်ဟာမ်းမန်းအတည်ပြု

စင်ကာပူ၊ ဩဂုတ် – ၂၈

အာရှဘောလုံးအဖွဲ့ချုပ် အေအက်ဖ်စီ၏ဥက္ကဋ္ဌ မိုဟာမက် ဘင်ဟာမ်းမန်းသည် လာမည့်နှစ်တွင်ကျင်းပမည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာ၏ ဥက္ကဋ္ဌနေရာ ရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

အသက် ၆၁ နှစ်အရွယ်ရှိ အဆိုပါ ကာတာနိုင်ငံသား အေအက်ဖ်စီဥက္ကဋ္ဌသည် မူလက ဖီဖာဥက္ကဋ္ဌ ဆွစ်လူမျိုး ဆပ်ဘလတ္တာ၏နေရာကို ဆက်ခံနိုင်ဖွယ်ရှိသည် ဟု သတင်းများ၏ခန့်မှန်းဖော်ပြခြင်းကို ခံခဲ့ရသူဖြစ်သည်။

သို့သော် ဘင်ဟာမ်းမန်းက အေအက်ပီသတင်းသို့ "ကျွန်တော် ရှင်းရှင်းလင်းလင်းပြောပါရစေ။ လာမယ့်နှစ် ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲကို ကျွန်တော်ဝင်ပြိုင်မှာ မဟုတ်ပါဘူး။ နောက်ထပ်ရာထူးသက်တမ်းအသစ်အတွက် ဆပ်ဘလတ္တာ အရွေးခံနိုင်အောင် ထောက်ခံသွားမှာဖြစ်ပါတယ်"ဟု ဆိုသည်။



ယခုနှစ်စောပိုင်းကလည်း ဥရောပဘောလုံးအဖွဲ့ချုပ် ယူအီးအက်ဖ်အေ၏ ဥက္ကဋ္ဌ မစ်ချယ်ပလာတီနီက ၎င်းသည် ယူအီးအက်ဖ်အေဥက္ကဋ္ဌအဖြစ် ဒုတိယသက်တမ်းအရွေးခံရန်သာ ပြင်ဆင်ထားရာ ဘလတ္တာနှင့် ဖီဖာဥက္ကဋ္ဌနေရာ ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောခဲ့ဖူးသည်။ ဘင်ဟာမ်းမန်းသည် လက်ရှိတွင် ဖီဖာ၏ အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်ပြီး လာမည့်နှစ် အေအက်ဖ်စီဥက္ကဋ္ဌ ရွေးကောက်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဟု သိရသည်။ အေအက်ဖ်စီဥက္ကဋ္ဌရွေးကောက်ပွဲကို လာမည့် ၂၀၁၁ နှစ်ဆန်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

—AFP

## ဥရောပ စူပါဖလားကို စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ် ပထမဆုံးအကြိမ် ဆွတ်ခူး



ပါရီ၊ ဩဂုတ် – ၂၈

ဩဂုတ်လ ၂၇ ရက်က ကျင်းပခဲ့သော ဥရောပ စူပါဖလားဘောလုံးပြိုင်ပွဲတွင် စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် အီတလီချန်ပီယံ အင်တာမီလန်အသင်းအား ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရကာ ဥရောပစူပါဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်းသိရသည်။

အက်သလက်တီကိုသည် ပွဲစဉ်ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း ဒုတိယပိုင်း ၁၇ မိနစ်တွင်မူ ဟိုဆေးအန်တိုနီယို ရေးယက်စ်၏သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် အာဂျင်တီးနားလက်ရွေးစင် တိုက်စစ်မှူး အဂူရိုက ၈၃ မိနစ်တွင် အက်သလက်တီကိုအတွက် ဒုတိယအနိုင်ဂိုးကို သွင်းယူပေးခဲ့၍ ပွဲအပြီးတွင် ၂-၀ ရလဒ်ဖြင့်အနိုင်ရရှိခဲ့သည်။

ရှုံးနိမ့်ခဲ့သည့် အင်တာမီလန်အသင်းသည် နည်းပြသစ် ရာဖေးဘင်နီတက်စ်၏ ကိုင်တွယ်မှုဖြင့် ပွဲထွက်လာခဲ့ခြင်းဖြစ်ရာ ယခုအရှုံးမှာ ၎င်းအတွက် အင်တာမီလန်နှင့် ပထမဆုံး ဥရောပရှုံးပွဲ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဥရောပစူပါဖလားဘောလုံးပြိုင်ပွဲသည် ယမန်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ချန်ပီယံအသင်းနှင့် ယူရိုပါလိဂ်ချန်ပီယံအသင်းတို့ ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်သည်။ ရှုံးနိမ့်ခဲ့သည့် အင်တာမီလန်အသင်းသည် ယမန်နှစ်က အီတလီစီးရီးအေချန်ပီယံဆုနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ချန်ပီယံဖြစ်ခဲ့သည်။

—Euro Sports

## ရော်ဘင်ညိုကို မီလန်နှင့် ဘာစီလိုနာတို့က စိတ်ဝင်စားနေဟု မန်ချီနီဆို

မန်ချက်စတာ၊ ဩဂုတ် – ၂၈

မန်ချက်စတာစီးတီးအသင်း မန်နေဂျာ ရော်ဘတ်တို မန်ချီနီက အီတလီကလပ် အေစီမီလန်နှင့် စပိန်ကလပ် ဘာစီလိုနာတို့သည် ၎င်း၏အသင်းမှ ဘရာဇီးကလပ်ဆန်းတို့စ်သို့ အငှားချထားသော တိုက်စစ်မှူးရော်ဘင်ညိုအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ရော်ဘင်ညိုသည် မန်စီးတီးတွင် ခြေစွမ်းမပြနိုင်၍ ဆန်းတို့စ်အသင်းသို့ အငှားချထားခြင်းခံခဲ့ရသော်လည်း ဆန်းတို့စ်သည် ၎င်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် ငွေကြေးမတတ်နိုင်ကြောင်း သိရသည်။

ရော်ဘင်ညိုသည် စပိန်(သို့မဟုတ်) အီတလီကလပ်တစ်သင်းသင်းသို့ ပြောင်းရွှေ့ချင်နေကြောင်း ထုတ်ဖော်ပြောကြားထားသည်။

မန်ချီနီကလည်း "ရော်ဘင်ညိုကိစ္စကို ကျွန်တော်တို့ စောင့်ကြည့်ရမှာပါ။ သူ့ကို မီလန်၊ ဘာစီလိုနာ၊ ဖီနာဘာချီနဲ့ ဘီဆစ်တက်စ်တို့ကလည်း စိတ်ဝင်စားနေပါတယ်။ ဆန်းတို့စ်ကလည်း သူ့ကို ဆက်ငှားချင်နေတယ်ထင်ပါတယ်"ဟု ပြောသည်။

စပိန်သတင်းများ၏အဆိုအရလည်း ဘာစီလိုနာသည် အသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟင်မိုဘစ်ချ်နှင့် ရော်ဘင်ညိုကို အလဲအထပ်လုပ်၍ ဝယ်ယူသွားရန် စိတ်ဝင်စားနေကြောင်း သိရသည်။

—Soccer Way

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010





# အွန်လိုင်းမှ အနိုင်ကျင့်ခြင်းကို အရေးယူနိုင်မည့်နည်းလမ်း ကျွမ်းကျင်သူတစ်ဦးတင်ပြ

**အင်ဒီယာနာ၊ ဩဂုတ် - ၂၄**
အင်တာနက်ပေါ်မှ ခြိမ်းခြောက်အနိုင်ကျင့်ခြင်းများကို အဆုံးသတ်စေရန်မှာ တစ်ဖက်မှ ပေးပို့ထားသောစာတိုများနှင့် အီလက်ထရွန်နစ်ပေးစာ အီးမေးလ်များကို သိမ်းဆည်းထားရန် လိုအပ်ကြောင်း အမေရိကန် ကျွမ်းကျင်ပညာရှင်တစ်ဦးကပြောကြားသည်။

အများအားဖြင့် မိဘများ၏ တုံ့ပြန်မှုမှာ ရောက်ရှိလာသောစာတိုများ၊ အီးမေးလ်များကို လျစ်လျူရှု၍ သားသမီးများကို ဖျက်ပစ်ရန်သာ ပြောကြားတတ်ကြောင်း အမေရိကန်နိုင်ငံ အင်ဒီယာနာပြည်နယ်တက္ကသိုလ်မှ လူမှုရေးအကြံပေးပညာရှင် ရောဘတ်ပစ်မန်းက ပြောကြားသည်။ သို့သော် ၎င်းစာတိုအီးမေးလ်များကို လမ်းကြောင်းရှာ၍ ခြေရာခံနိုင်ကြောင်း လူမှုကွန်ရက်ဝက်ဘ်ဆိုက်များအားဆက်သွယ်၍ သတင်းအချက်အလက်များအား ဖယ်ရှားပစ်နိုင်ကြောင်း မစ္စရောဘတ်ပစ်မန်းက ပြောကြားသည်။ ထို့အပြင် အင်တာနက်ပေါ်မှ ခြိမ်းခြောက်အနိုင်ကျင့်ခြင်း၊ အနှောင့်အယှက်ပေးခြင်းများအား လိုအပ်ပါက ရဲတပ်ဖွဲ့သို့ အသိပေးတိုင်ပင်သင့်ကြောင်း ၎င်းက အကြံပြုသည်။

၎င်းတို့၏ စစ်တမ်းများအရ ၉၃ ရာခိုင်နှုန်းသော မိဘများက သားသမီးများ၏ အင်တာနက်လှုပ်ရှားမှုများကို သိရှိသည်ဟု ဆိုသော်လည်း ၅၂ ရာခိုင်နှုန်းသော သားသမီးများက ၎င်းတို့အွန်လိုင်းတွင်ဘာလုပ်နေသည်ကို မိဘများ မသိရှိကြဟု ဖြေကြားကြောင်း သိရသည်။

ကလေးသူငယ် ၂၅ ရာခိုင်နှုန်းသည် အွန်လိုင်းမှခြိမ်းခြောက်မှုကိုခံကြရကြောင်း စစ်တမ်းများကပြဆိုပြီး ဆယ်ကျော်သက် လူငယ် ၂၀ ရာခိုင်နှုန်းမှာလည်း sexting ဟုခေါ်သော လိင်ပိုင်းဆိုင်ရာ စာသား၊ ဓာတ်ပုံများရေးသားပေးပို့မှုများတွင် ပါဝင်ပတ်သက်ကြကြောင်းလည်း စစ်တမ်းများက တွေ့ရှိထားရာ မိဘများအနေဖြင့် ၎င်းကိစ္စများကို သားသမီးများနှင့် တိုင်ပင်ဆွေးနွေးသင့်ကြောင်း လူမှုရေးပညာရှင်က အကြံပေးထားသည်။

*—Ref: UPI*

## Wikileaks ကအကြမ်းဖက်ဝါဒဆိုင်ရာ စီအိုင်အေ အစီရင်ခံစာတစ်ခု ထပ်မံဖော်ပြ

**ဝါရှင်တန်၊ ဩဂုတ် - ၂၅**
ထိပ်တန်းစစ်ရေးလျှို့ဝှက်ချက်များကို ဖော်ထုတ်ဖွင့်ချရာ ဝက်ဘ်ဆိုက်တစ်ခုဖြစ်လာနေသည့် Wikileaks ဆိုက်သည် အမေရိကန်ထောက်လှမ်းရေးအဖွဲ့ စီအိုင်အေ၏ အကြမ်းဖက်ဝါဒနှိမ်နင်းရေးဆိုင်ရာ အစီရင်ခံစာတစ်ခုကို ထပ်မံဖော်ပြလိုက်ကြောင်းသိရသည်။

ယင်းအစီရင်ခံစာမှာ Red Cell အစီအစဉ်ဟု အမည်ရပြီး ယခုနှစ် ဖေဖော်ဝါရီလ ၂ ရက်၊ နေ့စွဲတပ်စာဖြစ်သည်။ အစီရင်ခံစာတွင် အမေရိကန်အစိုးရသည် အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်ဝါဒီများကို နိုင်ငံတကာသို့တင်ပို့ရာ နိုင်ငံဖြစ်လာနေကြောင်း ရောင်ပြန်ဟပ်ပြထားပြီး အမေရိကန်ကျောထောက် နောက်ခံပြုဂျူး၊ မွတ်ဆလင်နှင့် အိုင်းရစ် အမျိုးသားရေး ဝါဒီများ၏ အကြမ်းဖက်မှုများကိုဖော်ပြထားသည်ဟု ဆို သည်။ ယခုနောက်ဆုံးဖော်ပြခဲ့သည့် မှတ်တမ်းများ၌ ပြီးခဲ့ သည့်လက ဝက်ဘ်ဆိုက်တွင်ဖော်ပြခဲ့သည့် အာဖဂန်စစ်ပွဲဆိုင် ရာကန်စစ်တပ်အထောက်အထားများ ပါဝင်ခြင်းမရှိဟု သိရ သည်။ *—Ref: Xinhua*



## တရုတ်၌ ကိုးရက်ကြာ ယာဉ်ကြောပိတ်ဆို့မှုကြီးဖြစ်ပွားခဲ့

**ဘေဂျင်း၊ ဩဂုတ် - ၂၄**
တရုတ်ပြည် ဘေဂျင်းမြို့တော်မှ အာဏာပိုင်များ၏ အဆိုအရ မြို့တော်အနီး မကြာသေးမီက ဖြစ်ပွားခဲ့သော ယာဉ်ကြောပိတ်ဆို့မှုတစ်ခုသည် ကိုးရက်ကြာအောင် စံချိန်တင်ဖြစ်ပွားခဲ့ကာ ကားများ၊ ဆိုင်ကယ်များသည် ကီလိုမီတာ ၁၀၀ (၆၂ မိုင်) ခန့်အကွာအဝေးအထိ ပိတ်မိစီတန်းနေခဲ့ရကြောင်း သိရသည်။ ယာဉ်ကြောပိတ်ဆို့မှုမှာ လမ်းပိတ်ထားမှုများ၊ ပြင်ဆင်မှုများနှင့် ယာဉ်များ အချင်းချင်းပိတ်ဆို့နေမှုကြောင့် ယခုကဲ့သို့ ကြာမြင့်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပုံမှန်အခြေအနေသို့ ပြန်ရောက်လာပြီဖြစ်ကြောင်း ဆိုသည်။ဂလိုဘယ်တိုင်းမ်သတင်းစာ၏အဆိုအရလည်း ယာဉ်ကြောပိတ်ဆို့မှုမှာ အတွင်းမွန်ဂိုလီးယားပြည်နယ်ကျင်နင်းနှင့် ဘေကျင်းမြို့တော်အနောက်မြောက်ဘက် ဟီပိုင်ပြည်နယ်မှ ဟွာအန်းအထိ စီတန်းပိတ်ဆို့ခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။ ယခုယာဉ်ကြောပိတ်ဆို့ခဲ့ရာ အဝေးပြေးလမ်းမသည် ဘေဂျင်း-တိဗက်အမြန်လမ်းမကြီး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီးအတွင်းမွန်ဂိုလီးယားပြည်နယ်မှ ကျောက်မီးသွေးသယ် ကုန်တင်ကားများ အဓိကအသုံးပြုရာ လမ်းမကြီးတစ်ခုလည်း ဖြစ်သည်။

*—Ref: BBC*



7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# နေစွမ်းအင်နှင့် လေစွမ်းအင်သည် ကမ္ဘာ့အဓိက စွမ်းအင်ရင်းမြစ်များ ဖြစ်လာမည်ဟုဆို



**လော့စ်အိန်ဂျလိစ်၊ ဩဂုတ် – ၂၅**

ရုပ်ကြွင်းလောင်စာ အသုံးပြုမှုကို ဖယ်ရှားနိုင်မည့် အစားထိုးစွမ်းအင်သစ်ပေါ်ထွက်ရေးအတွက် အဆက်မပြတ် သုတေသနပြုမှုများကြောင့် နေရောင်ခြည်စွမ်းအင်နှင့် လေစွမ်းအင်တို့သည် လာမည့်နှစ်များအတွင်း ကမ္ဘာ၏ အဓိကစွမ်းအင်အရင်းအမြစ်များဖြစ်လာတော့မည်ဟု နိုဗယ်ဆုရသိပ္ပံပညာရှင် ဝေါလ်တာကွန်းက ပြောကြားလိုက်သည်။

ၑင်းက လက်ရှိတွင် ကမ္ဘာ့စွမ်းအင်သုံးစွဲမှု၏ ၆၀ ရာခိုင်နှုန်းကို ရေနံနှင့် သဘာဝဓာတ်ငွေ့မှရရှိနေပြီး နောက်ထပ် ၁၀ နှစ်မှ နှစ် ၃၀ အတွင်းအများဆုံးအသုံးပြုနိုင်မည်ဟု ဆိုသည်။

ထို့နောက်တွင်မူ လောင်စာဆီအသုံးပြုမှုများကျဆင်းကာ သန့်ရှင်းသည့် ကာဗွန်ပါဝင်မှုမရှိသည့် စွမ်းအင်အသုံးပြုမှုမြင့်တက်လာမည်ဟုဆိုသည်။ ပညာရှင်ကွန်းသည် အမေရိကန်ဓာတုဗေဒအသင်းကြီး၏ အကြိမ် ၂၄၀ မြောက်အစည်းအဝေးတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခုအခါ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ နေစွမ်းအင်ထုတ်လုပ်မှုမှာ အဆ ၉၀ မြင့်တက်လာခဲ့ပြီး လေစွမ်းအင်ထုတ်လုပ်မှုမှာ ၁၀ ဆမြင့်တက်လာခဲ့ကြောင်းသိရသည်။

*—Ref: Xinhua*

# ဆိုမာလီယာဟိုတယ် တိုက်ခိုက်ခံရမှု ပါလီမန်အမတ် ၆ ဦး အပါအဝင် လူ ၃၀ သေဆုံး

**မိုဂါဒစ်ရှူး၊ ဩဂုတ် – ၂၅**

အစိုးရစစ်သားများအသွင်ဟန်ဆောင်ထားသော အစွန်းရောက်သူပုန်နှစ်ဦးသည် ဆိုမာလီယာနိုင်ငံမြို့တော်မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်လုံးအတွင်းဝင်ရောက်ပစ်ခတ်ခဲ့ရာ ပါလီမန်အမတ် ၆ ဦး အပါအဝင် လူ ၃၀ သေဆုံးသွားကြောင်းသိရသည်။ သေနတ်သမားများသည် နောက်ပိုင်းတွင် ကိုယ့်ကိုယ်ကိုယ်ဗုံးဖောက်ခွဲခဲ့ကြသည်။

သမ္မတအိမ်တော်မှ ခဲတစ်ပစ်ခန့်အကွာတွင်ရှိသော ဟိုတယ်၌ဖြစ်ပေါ်ခဲ့သည့် ရဲတင်းသောတိုက်ခိုက်မှုမှာ အယ်လ်ကိုင်ဒါ အဖွဲ့နှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသောအယ်လ်ရှာဘတ်အဖွဲ့၏ လက်ချက်ဖြစ်သည်။ မိုဂါဒစ်ရှူးမြို့တွင်တိုက်ခိုက်မှုများ အသစ်တစ်ဖန်မြင့်တက်လာရာ နှစ်ရက်အတွင်းအရပ်သား ၂၉ ဦးသေဆုံးခဲ့သည်။

"ဒီအလစ်အငိုက်တိုက်ခိုက်မှုမှာ လူ ၃၀ သေဆုံးခဲ့ပါတယ်။ အဲဒီထဲက ၆ ဦးက ဆိုမာလီပါလီမန်အမတ်တွေပါ။ လေးယောက်ကတော့ အစိုးရဝန်ထမ်းတွေဖြစ်ပါတယ်"ဟု ဆိုမာလီယာ ဒုတိယဝန်ကြီးချုပ် အက်ဒီရာမန်က သတင်းထောက်များအား ပြောကြားသည်။

သေနတ်သမားများသည် အစိုးရစစ်သား ယူနီဖောင်းများဝတ်ဆင်ထားပြီး ဟိုတယ်လုံခြုံရေးများကို ပစ်သတ်၍ ဟိုတယ်အတွင်းသို့ ဝင်ရောက်ကာ တွေ့သမျှလူကို ပစ်ခတ်ခဲ့ကြကြောင်း သိရသည်။ အယ်လ်ရှာဘတ်အဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ရှိက်အလီမိုဟာမက်က ယင်းတိုက်ခိုက်မှုမှာ ၎င်းတို့လက်ချက်ဟု ပြောကြားသည်။ အယ်လ်ရှာဘတ်အဖွဲ့သည် လွန်ခဲ့သော နှစ်ရက်မှစ၍ အစိုးရ စစ်ဘက် အဆောက်အအုံများကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာမှ စစ်ဘက်နှင့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီးအရပ်သား ၂၉ ဦး သေဆုံးခဲ့သည်။

*—Ref: AFP*



7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010



# မြေအောက်၌ပိတ်မိနေသောမိုင်းလုပ်သားများကိုကယ်တင်ရန် လပေါင်းများစွာကြာမြင့်နိုင်ဟုဆို



**ကိုပီယာပို၊ ဩဂုတ် - ၂၆**

အလွန်နက်သော မြေအောက်တွင် ပိတ်မိနေသော ချီလီမိုင်းလုပ်သား ၃၃ ဦးအားကယ်တင်ရန်မှာ လပေါင်းများစွာ ကြာမြင့်နိုင်ကြောင်းနှင့်ယင်းအကြောင်းကိုလည်း လုပ်သားများကို အသိပေးထားကြောင်း ချီလီကျန်းမာရေးဝန်ကြီးကပြောကြားသည်။

ဩဂုတ်လ ၅ ရက်တွင် ဆန်ဟိုဆေးမိုင်းတွင်း ပြိုကျခဲ့ပြီးနောက် မိုင်းလုပ်သား ၃၃ ဦးသည် မြေအောက် မီတာ ၇၀၀ (၄ ဒသမ ၅ မိုင်) တွင်ရှိသော အရေးပေါ်ခိုလှုံရေး အခန်း၌ ပိတ်မိနေခဲ့သည်။ မိုင်းလုပ်သားများသည် ရက်အနည်းငယ်စာသာရှိသော အစားအသောက်များကို ခွဲဝေစားသောက်၍ ၁၇ ရက်ကြာ အသက်ရှင်နေထိုင်ခဲ့ပြီး ၎င်းတို့အားရှာဖွေတူးဖော်သည့် ပိုက်လိုင်းမှတစ်ဆင့် ဩဂုတ်လ ၂၂ ရက်တွင် အဆက်အသွယ်ရခဲ့သည်။ ယခုအခါ ၎င်းပိုက်လိုင်းမှ တစ်ဆင့် အစားအသောက်နှင့် ဆေးဝါးများ ထောက်ပံ့နေကြောင်း သိရသည်။

သို့သော် ၎င်းတို့အား ကယ်တင်ရေးအတွက်အချင်း ၂၆ လက်မရှိ ပိုက်လိုင်းတူးဖော်ရေးမှာ လေးလခန့်ကြာမြင့်နိုင်ကြောင်း သိရသည်။ မိုင်းလုပ်သားများ၏ စိတ်ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်၍ အာဏာပိုင်များက ယင်းအကြောင်းကို ၎င်းတို့အား အသိမပေးခဲ့ပေ။ သို့သော် ယခုအခါ မိုင်းလုပ်သားများကို အသိပေးလိုက်ပြီဖြစ်ရာ လုပ်သားများက အေးဆေးတည် ငြိမ်စွာတုံ့ပြန်ကြကြောင်းအေ အက်ဖ်ပီသတင်းက ဖော်ပြသည်။

ပိတ်မိနေသော မိုင်းလုပ်သားများ ခေါင်းဆောင်က ၎င်းတို့အားငရဲမှ ကယ်တင်ရန် ပန်ကြားခဲ့ကြောင်းသိရပြီး ချီလီသမ္မတဆာဘတ်စတီယန်ပင်နဲရာကလည်း ၎င်းတို့ကို ပစ်ထားမည်မဟုတ်ကြောင်းအာမခံပြောကြားခဲ့သည်။

*—Ref: BBC*

# ခရီးသည်ရှစ်ဦးသေဆုံးပြီးနောက် ဖိလစ်ပိုင်ခရီးစဉ်အားလုံး ဟောင်ကောင်ပိတ်ပင်

**ဟောင်ကောင်၊ ဩဂုတ် - ၂၃**

ဖိလစ်ပိုင်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ခရီးသည်တင်ဘတ်စ်ကား ပြန်ပေးဆွဲခံရမှုအတွင်း ဟောင်ကောင်ကမ္ဘာလှည့်ခရီးသည် ၈ ဦးအထိ သေဆုံးခဲ့ရသည့်အတွက် ဟောင်ကောင်ကျွန်းသားများ၏ ဖိလစ်ပိုင်ခရီးစဉ် အားလုံးကို အာဏာပိုင်များက ပယ်ဖျက်လိုက်ကြောင်းသိရသည်။ ခရီးသည်များ သေဆုံးမှုဖြစ်ပြီးနောက် တရုတ်ပြည်မကြီး အစိုးရကလည်း ဖြစ်စဉ်ကိုတိတိကျကျ စုံစမ်းပေးရန် တောင်းဆိုထားပြီး ဖိလစ်ပိုင်သမ္မတဘန်နစ်နိုအကွီနိုကလည်း တိကျသည့် အဖြေများပေးရန် ကတိပြုထားသည်။

ယင်းပြန်ပေးဆွဲမှုကို ရိုလန်ဒိုမန်ဒိုဇာဆိုသူ ရဲတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့သည် ဘတ်စ်ကားကို စီးနင်းရန် နှောင့်နှေးနေမှုကြောင့် ခရီးသည်များသေဆုံးရခြင်းဖြစ်ကြောင်း ဝေဖန်သူများက ဆိုကြသည်။ ဖြစ်စဉ်ပြီး၍ ဟောင်ကောင်ခရီးသည်များ သေဆုံးရပြီးနောက်ဟောင်ကောင်ကျွန်းတွင် ဖိလစ်ပိုင်သို့ သွားမည့် ခရီးစဉ်များကို ဖျက်သိမ်းရန် တိုက်တွန်းသည့် ခရီးသွားသတိပေးချက်များ ထုတ်ပြန်ခဲ့ပြီး ကျွန်းအနှံ့အပြားတွင်လည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အလံများကို တိုင်တစ်ဝက်လွှင့်ထူခဲ့သည်။ ထို့ပြင် ဟောင်ကောင်စတော့ အိတ်ချိန်းသည်လည်း သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်း အမှတ်အဖြစ် တစ်မိနစ်ခန့် ငြိမ်သက်စွာနေခဲ့ကြောင်းသိရသည်။

*—Ref: BBC*



# တရုတ်နိုင်ငံတွင် သေဒဏ်ပေးခြင်းကို အကန့်အသတ်ဖြင့် ပယ်ဖျက်ပေးဖွယ်ရှိ

**ဘေဂျင်း၊ ဩဂုတ် - ၂၄**

တရုတ်နိုင်ငံတွင် အချို့သော စီးပွားရေးဆိုင်ရာ ပြစ်မှုများအတွက် သေဒဏ်ပေးခြင်းကို ပယ်ဖျက်ပေးသွားဖွယ်ရှိကြောင်း သိရသည်။ တရုတ်အမျိုးသား ပြည်သူ့လွှတ်တော်သည် ယခုရက်သတ္တပတ်အတွင်း မျက်နှာစုံညီအစည်းအဝေးတစ်ရပ်ပြုလုပ်ပြီး ပြစ်မှုဆိုင်ရာဥပဒေကို ပြန်လည်သုံးသပ်ပြီး သေဒဏ်ကျခံထားရသော ပြစ်မှု ၆၈ မှုမှ ၁၃ မှုကို စာရင်းမှဖယ်ရှားပေးဖွယ်ရှိကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

တရုတ်နိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံ အားလုံးပေါင်းထက် သေဒဏ်ပေးခြင်း ပိုမိုပြုလုပ်ကြောင်း နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့က ပြောကြားခဲ့သော်လည်း စာရင်းအတိအကျကိုမူ မသိရပေ။

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံသည် သေဒဏ်အပြစ်ပေးခြင်းများအပေါ် ထိန်းချုပ်ရန် ကြိုးစားနေပြီး သေဒဏ်ပေးခြင်းအမှုအားလုံးကို နိုင်ငံ၏ ဗဟိုတရားရုံးကပြန်လည် သုံးသပ်စစ်ဆေးရန်သတ်မှတ်ထားသည်။ သေဒဏ်ပေးခြင်းအများစုမှာ လူသတ်မှု၊ ဓားပြမှု စသောပြစ်မှုကြီးများအတွက် ချမှတ်ခြင်းဖြစ်ကြောင်း ချိုင်းနားဒေးလ်လီးသတင်းက ဩဂုတ်လတွင်ဖော်ပြခဲ့သည်။ သို့သော်မူးယစ်ဆေးဝါး သယ်ဆောင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် လာဘ်စားမှုများကိုလည်း သေဒဏ်ချမှတ်နိုင်ကြောင်း သိရသည်။

သေဒဏ်မှ ကင်းလွတ်ခွင့်ပြုသောပြစ်မှုများတွင် အခွန်လိမ်လည်ခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများအား ပြင်ဆင်ခြင်း စသည့်ပြစ်မှုများ ပါဝင်ဖွယ်ရှိကြောင်းဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ ယင်းသို့ ပြစ်မှုအချို့အား သေဒဏ်ပေးသည့် စာရင်းမှပယ်ဖျက်ပေးခြင်းသည် လူ့အခွင့်အရေးကို ပိုမိုကာကွယ်ပေးရာ ရောက်ကြောင်း ဆင်ဟွာသတင်းကဖော်ပြသည်။

*—Ref: AFP*

# "ဗူဗူဇီလာ" ဝေါဟာရကို အောက်စဖို့ဒ် အင်္ဂလိပ်အဘိဓာန်ကြီး၌ စတင်ထည့်သွင်း



**လန်ဒန်၊ ဩဂုတ် - ၂၂**

ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တောင်အာဖရိက ဘောလုံးပရိသတ်များ အသုံးပြုရာမှ နာမည်ကျော်ခဲ့သည့် 'ဗူဗူဇီလာ' ခေါ် ပလတ်စတစ်နှဲ၏ အမည်ကို ယခုအခါ ဝေါဟာရတစ်ခုအဖြစ် ကမ္ဘာကျော် အောက်စဖို့ဒ်အင်္ဂလိပ်အဘိဓာန်ကြီး Oxford Dictionary of English တွင် ထည့်သွင်းလိုက်ပြီဟု သိရသည်။

အသစ်ထွက်ရှိလာသည့် အောက်စဖို့ဒ်အဘိဓာန်၏ တတိယအကြိမ်တည်းဖြတ်ပုံနှိပ်မှုတွင် စကားလုံးနှင့် စကားစုအသစ်ပေါင်း ၂,၀၀၀ ကျော်ထပ်မံ ထည့်သွင်းခဲ့ရာ အထက်ပါ "ဗူဗူဇီလာ (Vuvuzela)" ဟူသော စကားလုံးမှာလည်း တစ်လုံးအပါအဝင်ဖြစ်လာသည်။ အဘိဓာန်ပညာရှင်များသည် ယခုတတိယအကြိမ်တည်းဖြတ်မှုတွင် ဝတ္ထုများမှသည်အင်တာနက် မက်ဆေ့ချ်ဘုတ်များအထိ အသုံးပြုနေသော စကားလုံးပေါင်း နှစ်ဘီလီယံ (သန်းနှစ်ထောင်) ခန့်ကို စိစစ်ရွေးချယ်ကာ ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ အဘိဓာန်က ထည့်သွင်းခဲ့သည့် စကားလုံးသစ်များတွင် bargainous ကဲ့သို့သော "သာမန်ထက် ကုန်ကျစရိတ်သက်သာခြင်း" စကားလုံးများ၊ social media ကဲ့သို့သော အင်တာနက်ဝေါဟာရများ ပါဝင်ခဲ့သည်။ အခြားပါဝင်ခဲ့သော စကားလုံးသစ်များမှာ-

(၁) Bromance -အမျိုးသား နှစ်ဦးကြား ရိုးသားစွာ ခင်မင်ရင်းနှီးခြင်း၊

(၂) Buzzkill - စိတ်ဓာတ်ကျစေ၊ စိတ်ပျက်စေသော အရာသို့မဟုတ် လူပုဂ္ဂိုလ်။

(၃) Cheeseball - လက်ရင်းကျမှု သို့မဟုတ် စတိုင် သို့မဟုတ် အရသာမဲ့ခြင်း။

(၄) Chillax - တိတ်ဆိတ်စွာ အနားယူခြင်း။

(၅) Frenemy - အခြေခံအားဖြင့် မနှစ်သက်ခြင်း၊ ပြိုင်ဘက်ဖြစ်နေခြင်းရှိသော်လည်း ယင်းပုဂ္ဂိုလ်ကို ရင်းနှီးစွာ ဆက်ဆံခြင်း၊ ယင်းသို့ ဆက်ဆံခံရသည့် ပုဂ္ဂိုလ်။


(၆) Interweb - အင်တာနက် တို့ ဖြစ်ကြသည်ဟု သိရသည်။

*—Ref: Reuters*

7DAY NEWS JOURNAL

# International

Vol.9, No.24 • SEPTEMBER 2, 2010



## လိပ်ခဲတည်းလည်းဖြစ်နေသော အီရတ်နိုင်ငံရေးအခြေအနေကို ကန်ဗိုလ်ချုပ်ကြီး စိုးရိမ်

ဘဂ္ဂဒက်၊ ဩဂုတ် - ၃၀

အီရတ်နိုင်ငံတွင် အစိုးရသစ်တစ်ရပ်ပေါ်ထွက်လာရေးမှာ နောက်ထပ်နှစ်လခန့် အချိန်ယူရဦးမည်ဖြစ်ကြောင်း၊ သို့သော် ယင်းထက်ပို၍ နိုင်ငံရေးလိပ်ခဲတည်းလည်းအခြေအနေဆက်ရှိနေပါက ရွေးကောက်ပွဲအသစ်ပြုလုပ်ရေးတောင်းဆိုမှုများရှိလာနိုင်ကြောင်း အီရတ်နိုင်ငံမှထွက်ခွာလာသည့် အမေရိကန်တပ်ဖွဲ့များ၏ အကြီးအကဲ ဗိုလ်ချုပ်ကြီး ရေအိုဒီယာနိုးက သတိပေးပြောကြားသည်။

မတ်လတွင် ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲနောက်ပိုင်း အီရတ်၌ ယခုအချိန်ထိ အစိုးရသစ်တစ်ရပ် မဖွဲ့စည်းနိုင်သေးပေ။ ညှိနှိုင်းဆွေးနွေးမှုများ အောင်မြင်မည်ဟု ယုံကြည်ကြောင်း ဗိုလ်ချုပ်ကြီးအိုဒီယာနိုးက ပြောကြားသော်လည်း ထို့အတွက် နိုင်ငံရေးသမားများအနေဖြင့် ရက်သတ္တပတ်ခြောက်ပတ်မှ ရှစ်ပတ်အထိ အချိန်ယူရနိုင်သည်ဟု ပြောသည်။

“ဒါက ခန့်မှန်းကြည့်တာပါ။ အောက်တိုဘာ ၁ ရက်ကျော်သွားရင် ဘယ်လိုလုပ်မလဲ။ ရွေးကောက်ပွဲအသစ်ကျင်းပဖို့ တောင်းဆိုမှုတွေရှိလာနိုင်မလား။ အဲဒီအတွက် ကျွန်တော်နည်းနည်းစိတ်ပူပါတယ်”ဟု အီရတ်နိုင်ငံရှိ ဌာနချုပ်တွင်ပြုလုပ်သည့် အင်တာဗျူး၌ ကန်ဗိုလ်ချုပ်ကြီးက ပြောကြားသည်။ စာ(၄၁)သို့



## အင်ဒိုနီးရှားမီးတောင် ပေါက်ကွဲမှုကြောင့် လူထောင်ပေါင်းများစွာ အိုးအိမ်များစွန့်ခွာထွက်ပြေး

ဂျကာတာ၊ ဩဂုတ် - ၃၀

အင်ဒိုနီးရှားနိုင်ငံ၊ ဆူမတြားကျွန်းပေါ်ရှိ မီးတောင်တစ်တောင်သည် နှစ်ပေါင်း ၄၀၀ အတွင်း ပထမဦးဆုံးအကြိမ်ပေါက်ကွဲခဲ့ရာ မီးတောင်အနီးနေထိုင်သော လူထောင်ပေါင်းများစွာသည် ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်။

ဆီနာဘွန်းမီးတောင်ပေါက်ကွဲ၍ မီးခိုးနှင့်ပြာမှုန့်များမှုတ်ထုတ်ခဲ့သောကြောင့် ၎င်းဒေသတွင် ထူထပ်သောမီးခိုးမည်းများဖြင့် ဖုံးလွှမ်းသွားခဲ့ကြောင်း၊ ထို့အတွက် အမြင့်ဆုံး အနီရောင်အဆင့်သတိပေးချက်ကိုထုတ်ပြန်ထားကြောင်း၊ အင်ဒိုနီးရှားဘေးအန္တရာယ်ကိုင်တွယ်ရေး တာဝန်ရှိသူများက ပြောသည်။ ယခုအချိန်အထိ အသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရမှုသတင်းပေးပို့မှုများမရှိသေးပေ။

“မီးတောင်ကနေ မှုတ်ထုတ်တဲ့ မီးခိုးတွေ၊ မီးတောင်ပြာတွေဟာ ကောင်းကင်ထဲကို ပေပေါင်း ၅၀၀၀ အထိ ရောက်ရှိခဲ့ပါတယ်”ဟု အင်ဒိုနီးရှားမီးတောင်အန္တရာယ် သတိပေးရေးစင်တာ အကြီးအကဲ ဆူရိုနိုက အေအက်ပီသို့ ပြောကြားသည်။ စာ(၄၁)သို့

## တရုတ်သို့ သွယ်တန်းထားသည့် မဟာဗျူဟာ ရေနံပိုက်လိုင်း ရုရှားဝန်ကြီးချုပ် ဖွင့်လှစ်

မော်စကို၊ ဩဂုတ် - ၃၀



ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်သည် ရုရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ သွယ်တန်းထားသည့် ရေနံပိုက်လိုင်း၏ ရုရှားဘက်အခြမ်းပိုက်လိုင်းကို ဩဂုတ်လ ၂၉ ရက်က တရားဝင်ဖွင့်လှစ်ပေးလိုက်ကြောင်းသိရသည်။ ယခုပိုက်လိုင်းသစ်မှာ ဆိုက်ဘေးရီးယားအရှေ့ပိုင်းမှ ပစိဖိတ်သမုဒ္ဒရာအထိ မဟာဗျူဟာမြောက်သွယ်တန်းထားသော ကီလိုမီတာ ၄၈၀၀ အရှည်ရှိ ESPO ပိုက်လိုင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

ရုရှားနိုင်ငံ၏ စွမ်းအင်တင်ပို့မှုများအား ဥရောပမှခွဲထုတ်ရေးကြိုးပမ်းမှုတွင် ၎င်းပိုက်လိုင်းတည်ဆောက်ရေး သည် အရေးကြီးသောအဆင့်ဖြစ်ကြောင်း မစ္စတာပူတင်က ပြောကြားသည်။

၎င်းမဟာဗျူဟာမြောက် ESPO ပိုက်လိုင်း၏ ကီလိုမီတာ ၂၇၀၀ ရှည်သောအပိုင်းကို မစ္စတာပူတင်ကပင် ဒီဇင်ဘာလက ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းပိုက်လိုင်းမှတစ်ဆင့် ရေနံစိမ်းများကို အစပထမ၌ တစ်နှစ်လျှင်တန်ပေါင်း သန်း ၃၀ တင်ပို့ရာမှ နောက်ပိုင်းတွင် တန်သန်း ၅၀ အထိ တင်ပို့နိုင်မည်ဟု ရုရှား နိုင်ငံက မျှော်လင့်ထားသည်။

စာ(၄၁)သို့

## ဂျပန်ဗဟိုဘဏ် အရေးပေါ်အစည်းအဝေးသတင်းကြောင့် အာရှရှယ်ယာဈေးနှုန်းများ မြင့်တက်




တိုကျို၊ ဩဂုတ် - ၃၀

ဂျပန်ဗဟိုဘဏ်က အရေးပေါ်မူဝါဒအစည်းအဝေးတစ်ရပ်ခေါ်ယူလိုက်ပြီးနောက် ဂျပန်စတော့ရှယ်ယာဈေးကွက်အခြေခံညွှန်းကိန်း ၃ ရာခိုင်နှုန်းမြင့်တက်သွားပြီး အခြားအာရှစတော့ရှယ်ယာဈေးကွက်ဈေးနှုန်းများလည်း မြင့်တက်သွားခဲ့ကြောင်းသိရသည်။

ဂျပန်ယန်းငွေတန်ဖိုး သိသိသာသာမြင့်တက်လာမှုအပေါ် တုံ့ပြန်၍ ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကို ဖြေလျှော့ပေးလိမ့်မည်ဟူသောမျှော်လင့်ချက်များကြောင့် Nikkei ၂၂၅ စတော့ ပျမ်းမျှနှုန်းထားသည် ၃ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာကာ ၉၂၇၅ ဒသမ ၄၄ သို့ရောက်ရှိလာသည်။ စာ(၄၁)သို့

